ရွှေ

# လှိုင်းကြာဖြူ (ဝေးရှိုး)

# မုန်းဖို့လွယ်တယ် မေ့ဖို့ခက်တယ်...



## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၆၊ အောက်တိုဘာလ။ |
| ထုတ်ဝေသူ | – ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုတော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုတော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | – ၁၅၀၀ ကျပ် |
| အုပ်ရေ | – ၅၀၀ အုပ် |

၈၉၅.၈၃

လှိုင်းကြာဖြူ (လားရှိုး)

မုန်းဖို့လွယ်တယ် မေ့ဖို့ခက်တယ်/လှိုင်းကြာဖြူ(လားရှိုး) – ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၆။

၃၃၆ – စာ ၊ ၁၂.၇ × ၁၈ စင်တီ။

(၁) မုန်းဖို့လွယ်တယ် မေ့ဖို့ခက်တယ်

# မုန်းဖို့လွယ်တယ် မေ့ဖို့ခက်တယ်

လှိုင်းကြာဖြူ (လားရှိုး)

# အခန်း (၁)

“ယခုအလှည့်ကျတဲ့သူကတော့ 'Two stars' တီးဝိုင်းခေါင်းဆောင်လည်း ဖြစ်၊ အောင်မြင်ကျော်ကြားနေတဲ့ Hip Hop အဆိုတော် ခွန်အားဖြစ်ပါတယ် ခင်ဗျာ”

“ဟေး”

“ခွန်အား ... ခွန်အား”

“ခွန်အား”

“ဖြောင်း ဖြောင်း”

“ရှီး ရှီး”

အစီအစဉ် တင်ဆက်သူရဲ့စကားအဆုံး ပရိသတ်၏ တစ်ခဲနက် အားပေးသံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ လူငယ်များ၏လက်ခေါက်မှုတ်သံတွေ၊ လေချွန်သံတွေနှင့်အတူ လက်ခုပ်သံများကလည်း သံပြိုင်ထွက်ပေါ်လာသည်။ မှောင်ရိပ်ကျသော stage ဝင်အနောက်ဘက်မှ ထွက်လာသောအဆိုတော် ခွန်အား။

လျှာထိုးအပြားခပ်ကြီးကြီး ဦးထုပ်ကို နောက်ပြန်ဆောင်း

ထားကာ ယခုခေတ်လူငယ်များကြားတွင် ရေပန်းစားနေသည့် တီရှပ် ပွပွ၊ ဘောင်းဘီပွပွတို့ကို ဝတ်ဆင်ထားသည်။

အဖြူရောင်တီရှပ်ပွ၏နောက်ဘက်၊ ရှေ့ဘက်တွင် အနောက်တိုင်း Rocker တို့၏ ရုပ်ပုံများ။

အိတ်ကပ်တွေအများကြီးပါသည့် အနက်ရောင်ဘောင်းဘီပွပွကြီးကို ဝတ်ဆင်ထားတဲ့သူက အဆိုတော်ခွန်အား။

အဆိုတော်ခွန်အားသည် 'ပန်းတစ်ပွင့်အကြောင်း' စီးရီးဖြင့် အောင်မြင်လာသူဖြစ်သည်။ ရှင်းရှင်းပြောရလျှင် ဆယ်ကျော်သက် နှုတ်ခမ်းနီမလေးတို့၏ အသည်းစွဲဖြစ်သည်။

"ခွန်အား"

"မင်္ဂလာပါ"

ခွန်အားက ပရိသတ်တွေကို နှုတ်ဆက်ရင်း အားလုံးကို လက်ဝှေ့ယမ်းပြလိုက်သည်။

"ပရိသတ်ကြီး ... ကျွန်တော် ဘာသီချင်းအရင်ဆိုရင် ကောင်းမလဲ"

ပရိသတ်ဘက်သို့ မိုက်ထိုးပေးကာ မေးလိုက်သည်။ ပရိသတ်ကတော့ တစ်ယောက်တစ်ပေါက် ကိုယ်ကြိုက်ရာ ကိုယ်ဖြေကြသည်။

"ပန်းပျိုးသူ၊ ဥယျာဉ်မှူး"

"ကျေးဇူးပဲ ဖေဖေ"

"မမ"

တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းပြီး တောင်းဆိုနေကြတာကတော့ ပန်းပျိုးသူဥယျာဉ်မှူး စီးရီးထဲကသီချင်းတွေ။





"ကဲ ပရိသတ်ကြီး ... ပရိသတ်တောင်းဆိုတဲ့သီချင်းတွေ ကျွန်တော်ဆိုပြမယ်။ ပရိသတ်လည်း လိုက်ဆို"

"ဟေး"

"ရှီး ရှီး"

"ဖြောင်း ဖြောင်း"

လက်ခုပ်သံတွေ တိတ်သွားစဉ် ငြိမ့်ညောင်းသော်သံစဉ် အငြိမ်ကလေး ထွက်ပေါ်လာသည်။

'မိုးကုတ်မြို့က လူတောလေး' ဆိုသည့်သီချင်းကို သူ အရင် ဆုံးဆိုသည်။ လိုက်ဆိုသူဆို၊ လက်ခုပ်တီးသူတီးနှင့် stage show က အသက်ဝင်နေသည်။

♫ မိုးကုတ်မြို့က လူတောလေး ×× သူဟာ ဂေါ်လီလေး တစ်လုံးလည်း ဖြစ်ရဲ့ ×× ဟိုဝင်ဒီထွက် သူ မရောက်တဲ့နေရာရယ် မရှိ ♫

သူ မရောက်တဲ့နေရာမရှိဆိုတဲ့ အဆုံးသတ်နေရာမှာ ပရိသတ်ကို မိုက်ထိုးပေးလိုက်သည်။

"သူ မရောက်တဲ့နေရာမရှိ"

ကိုယ်တွေကို ယိမ်းထိုးနေအောင် ကပြီး လိုက်ဆိုနေကြတဲ့ ပရိသတ်ကို သူက စင်ပေါ်ကနေ လက်ဆွဲနှုတ်ဆက်ရင်း ဆက်ဆိုသည်။

ပန်းစည်းတွေ၊ အရုပ်တွေ အလုအယက်ပေးနေကြသည့် မိန်းကလေးတွေကလည်း ဒုနဲ့ဒေး။ လူငယ်အဆိုတော်ပွဲမို့လည်း လူငယ်တွေ လာကြတာများသည်။

ခွန်အားရဲ့သီချင်းစာသားတွေက လန်းသော်လည်း မကြမ်းပါ။ မရိုင်းသဖြင့် အချို့သောလူကြီးတွေလည်း သဘောကျကြသည်။

တစ်ခုဆိုးတာက လူကြီးတွေမျက်စိထဲ၌ သီချင်းစာသားတွေကို လျှာခလုတ်တိုက် ကမန်းရွတ်သွားခြင်းကတော့ အမြင်စူးစရာဖြစ်နေလေသည်။

သို့သော် တိုးတက်လာသော ခေတ်ကာလတွင် လူကြီးတော်တော်များသည်လည်း ပွင့်လင်းမြင်သာသလို ခေတ်လည်းမီလာကြသဖြင့် ဤအကြောင်းအရာတို့သည် ပြဿနာမဟုတ်တော့ချေ။

ခွန်အားက တစ်ပုဒ်ပြီးတစ်ပုဒ် ဆို၊ ပရိသတ်ကလည်း အနောက်ကနေလိုက်ဆိုဖြင့် အပေးအယူဖြောင့်နေကြသည်။

"ပရိသတ်ကြီး၊ အခု ကျွန်တော် ပန်းပျိုးသူဥယျာဉ်မှူး သီချင်းလေးကို ဟောဒီ ဂစ်တာတစ်လက်တည်းနဲ့ဆိုပါမယ်။ အခု ဒီသီချင်းလေးကို ကျွန်တော်နဲ့အတူ ကူညီဖျော်ဖြေပေးမယ့်သူကတော့ ဝေယံမင်းထင် ဖြစ်ပါတယ်ခင်ဗျာ"

"ဟေး"

ဝေယံမင်းထင်ကလည်း ခွန်အားတို့ရဲ့ Two Stars Band မှ အဖွဲ့ဝင်တစ်ယောက် ဖြစ်သည်။ သူကျတော့ Pop သီချင်းချိုချိုလေးတွေကိုသာ သီဆိုသူမို့ ပရိသတ်ရဲ့ အားပေးမှုကို အနည်းနှင့်အများ ရထားသူဆိုလျှင်လည်း မမှားချေ။

သူတို့ရဲ့ Two Stars Band သည် ယခုခေတ်တွင် အောင်မြင်ကျော်ကြားမှု အရှိန်အဟုန်ကြီးမားနေသည့် Iron Cross Band ကဲ့သို့ပင် ကိုယ်ပိုင် Band ကိုယ်ပိုင်အဆိုတော်တွေနှင့် ဖြစ်သည်။





Two Stars Band ၌ ခွန်အား၊ ဝေယံမင်းထင်၊ စိုးလင်းတို့က ပင်တိုင်ဆို၊ ရေး၊ တီးခတ်သူများ ဖြစ်ပြီး အခြားလိဒ်နှင့် ဒရမ် (Drum) စသည့် တူရိယာများကို တီးခတ်သူတို့သည် ပုံသေဖြစ်သည်။

စင်ပေါ်၌မီးက ဖြတ်ခနဲပိတ်သွားသည်။ မီးပြန်လင်းလာတော့ ခွန်အားနှင့် ဝေယံမင်းထင်တို့ကို ခုံပေါ်တွင် ထိုင်နေလျက်သား တွေ့မြင်ရသည်။

ဟော်လိုဂစ်တာသံက ငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်။

ပန်းပျိုးသူဥယျာဉ်မှူး သီချင်းကို သီဆိုနေပုံက ခံစားချက်အပြည့်နှင့် လိုက်ဆိုတဲ့ လူအနည်းငယ်ရှိပေမယ့် ကျန်တဲ့လူတွေကတော့ သူ့သီချင်းလေးကိုနားထောင်ရင်း သနားကြသည်။

♪ ဆူး ×× ရင်ဝှက်နှင်းဆီဆူး ×× ဆူးစူးတတ်တဲ့နှင်းဆီကိုမှ ×× ပန်းပျိုးသူဥယျာဉ်မှူးက ×× တယုတယ ×× လူမသိ သူမသိ ×× ဒီရင်ကို ကျိတ်ကာစူးတဲ့ဆူး ×× ပန်းပျိုးသူဥယျာဉ်မှူး ×× အို အို ×× ပန်းပျိုးသူဥယျာဉ်မှူး ♪

တိတ်ဆိတ်သွားသည့် သီချင်းသံအဆုံး ပရိသတ်ရဲ့လက်ခုပ်သံက တစ်ခဲနက် ထွက်ပေါ်လာသည်။ ခွန်အားက ထိုင်ခုံထက်မှ ထပြီး ရပ်ကာ –

"ကျွန်တော် ခံစားချက်အပြည့်နဲ့ သီဆိုထားတဲ့ သီချင်းလေးပါ။ အခုလိုအားပေးတဲ့အတွက် အားလုံးကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ဟေး"

"ဖြောင်း ဖြောင်း"

လက်ခုပ်သံတွေနှင့် ကြိတ်ကြိတ်တိုးနေသော လူအုပ်ကြီးကို လက်ဝှေ့ယမ်း နှုတ်ဆက်ကာ စင်အနောက်ဘက်သို့ ဝင်လာခဲ့သည်။ သူကတော့ နောက်ဆုံးပိတ်အိတ်နှင့်လွယ်ဆိုရမည်။

ကိုယ်ပိုင်တီးဝိုင်းမို့ အခြားငြေ့သည်အဆိုတော်တွေကို ဦးစားပေးကာ သူတို့ဝိုင်းက လူတွေကတော့ နောက်ဆုံးမှ ဆိုကြခြင်းဖြစ်သည်။

သူ့နောက်တွင် ကျန်သူဆိုလို့ နံရံပဲရှိတော့သည်။

"ရော့"

စိုးလင်း ကမ်းပေးသည့် မျက်နှာသုတ်ပဝါအဖြူကို လှမ်းယူကာ ချွေးတွေကို မွတ်သုတ်ပစ်လိုက်သည်။ တီးဝိုင်းအဖွဲ့သားများသည် ပစ္စည်းတွေသိမ်းဖို့ ပြင်နေကြသည်။

"ဒီနေ့ တော်တော်ညနက်တယ်နော်"

"ဘယ်နနာရီရှိပြီလဲ"

သူ့စကားကို ဝေယံမင်းထင်က လှမ်းမေးသည်။ စိုးလင်းက—

"ဝေယံတို့ကတော့ ကိုယ့်လက်မှာ ပတ်ထားတဲ့နာရီတောင် ကိုယ် မကြည့်နိုင်တော့ဘူး"

"နှစ်နာရီခွဲနေပြီ၊ ဘာလဲ အိပ်ချင်နေပြီလား"

သူ့မေးခွန်းကြောင့် လျှပ်စစ်ဂီတာကြိုးတွေကို ဂရုတစိုက် ပိပ်ခွေနေရာမှ ခေါင်းယမ်းပြီး –

"မဟုတ်ပါဘူးကွာ၊ စောစောပိုင်းတုန်းကတော့ အိပ်ချင်သလို ။ အခုကျတော့လည်း မျက်လုံးကျယ်သွားပြီ"





"ဝေယံတို့ ခွန်အားတို့ ဒီမှာ အအေးလာသောက်ကြ"

အချိုရည်ကတ်ကိုဖောက်ပြီး ဒရမ်ကိုကြာကြီးက လှမ်းခေါ်သည်။ ပစ္စည်းသိမ်းနေသော သူတို့က မအားသဖြင့် စိုးလင်းက အအေးသုံးဘူးသွားယူကာ သူတို့လက်ထဲ လှမ်းပစ်ပေးသည်။

အနားက ခုံတစ်ခုံမှာဝင်ထိုင်ပြီး အအေးဘူးကို ဖောက်သောက်လိုက်သည်။ အိပ်ချင်စိတ်များ အနည်းငယ်ပြေသွားသည်။

ပစ္စည်းအားလုံးကို ဘူးတွေ၊ သေတ္တာတွေနှင့် သေချာ စနစ်ကျစွာထည့်ပြီး တောက်တိုမယ်ရကောင်လေးတွေက ဒိုင်နာကားပေါ် တင်ကြသည်။

ခွန်အားက လက်ကျန်အချိုရည်ကို တစ်ရှိန်ထိုးမော့ကာ အမှိုက်ပုံးဆီသို့ ချိန်ပြီး ပစ်ထည့်ကာ –

"ဒါဆို ကိုကြာကြီး ကျွန်တော်တို့ပြန်နှင့်မယ်ဗျာ၊ အိုကေတယ် မဟုတ်လား"

"အိုကေပါတယ်၊ ပစ္စည်းတွေ အကုန်သိမ်းပြီးပြီပဲဟာ"

"ဒါဆို ဝေယံ ဒိုးရအောင်"

သူတို့က ကိုယ်ပိုင်ကွန်ဒိုတိုက်ခန်းနှင့် နေကြခြင်းဖြစ်ပြီး ယခု stage show လုပ်သည့်နေရာနှင့် ခွန်အားရဲ့တိုက်ခန်းက အနီးဆုံးမို့ ဝေယံနှင့် စိုးလင်းက သူတို့တိုက်ခန်းမပြန်တော့ဘဲ ခွန်အားရဲ့ တိုက်ခန်းမှာပဲ အိပ်ကြမည်။

ဒီလိုပဲ ထုံးစံမို့ ခေါ်လိုက်ခြင်းဖြစ်သည်။ တီးဝိုင်းအဖွဲ့သားတွေကို နှုတ်ဆက်ပြီး သူတို့ကားရှိရာသို့ လျှောက်လာခဲ့ကြသည်။

Stage show စင်ရှေ့ဘက်၌ ယခုတော့လည်း ခြောက်ကပ်

တိတ်ဆိတ်လျက်။

စောစောတုန်းက လူတွေကြိတ်ကြိတ်တိုး စည်ကားနေပါတယ်ဆိုတာ ကျိန်ပြောလို့ ယုံစရာမရှိ။

ခွန်အားက ကားမောင်းပြီး ဘေးမှာ ဝေယံ၊ စိုးလင်းက နောက်ဘက်မှာထိုင်ပြီး အပီအပြင်အိပ်ဖို့ပြင်နေတော့သည်။

"ဒီကောင် အချိန်ရရင် ဒါပဲ။ ဝတောလည်း မပြောနဲ့၊ အအိပ်နဲ့ အစား အငှားလိုက်သည်တဲ့"

"ဟေ့ စိုးလင်း ... အိပ်ပျော်မနေနဲ့နော်။ တိုက်ခန်းရှေ့ရောက်လို့မှ မင်းမနိုးရင်တော့ ငါတို့ မင်းကိုယ်ကြီး မသယ်နိုင်ဘူး ပြောပြီးသား။ နိုးမရရင်တော့ ကားထဲမှာ အိပ်ရဖို့ပဲပြင်ထား"

"မင်းတို့ ငါ့ကို တော်တော်အထင်သေးတာပဲ၊ စိတ်ချ မင်းတို့တောင် နှိုးစရာမလိုဘူး"

"ပြောတာပဲ၊ ပြီးရင် ဆင်အော်လို့ ဆိတ်မနိုး"

ဘယ်လောက်ပြောပြော စိုးလင်းကတော့ အိပ်ဖြစ်အောင် အိပ်နေပါတော့သည်။

ဝေယံနှင့် သူကတော့ ဒီနေ့ပွဲအကြောင်းပြောဖြစ်ကြသည်။ နေ့ဆိုလျှင် လှည်းတန်းမီးပွိုင့်၌ ကျပ်ညပ်သိပ်နေတတ်သေး။ လှည်းတန်းဆတ်ဝန်းကျင်သည် ယခုကျတော့လည်း တိတ်ဆိတ်ငြိမ်သက်လျက်။

"ဒီ အခုနောက်ထပ်ထွက်မယ့်အခွေအတွက် မင်း ဘယ်နှပုဒ်ပြီးပြီလဲ"

ဝေယံရဲ့မေးခွန်းကြောင့် သူ ခေါင်းယမ်းကာ ကားကို ဂရု





တစိုက်မောင်းနေရင်း –

"တစ်ပုဒ်မှကို ဖြစ်ဖြစ်မြောက်မြောက် မပြီးသေးတာ။ ဟိုတစ်ပုဒ်က တန်းလန်း။ ဒီတစ်ပုဒ်က မပြီးနဲ့၊ နောက်ပြီး မင်းတို့လာမှ တီးမယ်ဆိုပြီး ပစ်ထားတာရှိသေးတယ်"

ဝေယံနှင့်စိုးလင်းက နယ်ရှိုးပွဲမှ ပြန်ရောက်တာမကြာသေး။ သူကိုယ်တိုင်လည်း ကွယ်လွန်သွားပြီဖြစ်တဲ့ နာမည်ကြီးအဆိုတော်တစ်ယောက်ရဲ့ တေးသီချင်းစုစည်းမှုမှာ ပါဝင်သီဆိုရမှာမို့ မအားလပ်ချေ။

ကိုယ်ပိုင်ခွေတော့ တစ်နှစ်တစ်ခွေ ထွက်နိုင်အောင် ကြိုးစားခဲ့ကြသည်။

သီချင်းထွက်ခဲ့သည့်ခွေကတော့ ကြော်ငြာအားနည်းခဲ့၍လား မသိ အောင်မြင်မှုမရလိုက်ပေ။ ဒုတိယတစ်ခွေမှာတော့ ပထမအခွေတုန်းကလို မဖြစ်ရအောင် သူတို့ အထူးကြိုးစားခဲ့ကြသည်။

ဖိတ်ကြားသည့်နယ်ရှိုးပွဲတွေဆီသို့ရောက်အောင် သွားပြီး အားလုံးရသမျှ အနုပညာကြေးတွေ စုစည်းကာ ကြော်ငြာကောင်းကောင်းလုပ်သလို သီချင်းတွေကိုလည်း Hip Hop, Pop, Rock စုံအောင် ထည့်နိုင်ခဲ့သဖြင့် ကြိုးစားသလောက် အောင်မြင်မှုရခဲ့ကြသည်။

"ဒါဆို ဒီနေ့ မင်းဆီမှာအိပ်ပြီး တစ်ပုဒ်လောက် လုပ်လိုက်ကြရအောင်။ လာမယ့် Sunday Treasure ပွဲဆိုဖို့ ရှိသေးတယ်"

"လုပ်လေ"

ထို Treasure ကုမ္ပဏီဖွင့်ပွဲတွင် ဆိုဖို့ သူတို့အားလုံး

ဒိတ်ကြားခြင်း ခံရသည်။

နောက် ပွင့်လင်းရာသီရောက်လာသဖြင့် နယ်ရှိုးတွေ ဆက်တိုက်သွားရတော့မှာမို့ ကိုယ့်ခွေကို ပစ်ထားရသလို ဖြစ်နေသည်။

"ငါတို့ ဒီတစ်ခေါက် ခွေထွက်နောက်ကျမယ်ထင်တယ် ဝေယံ။ မင်းကော ဘယ်လောက်ပြီးပြီလဲ။ စိုးလင်းတော့ နှစ်ပုဒ်ပဲ ပြီးသေးတယ်တဲ့"

"ဒီဝက်ပုတ်ကမှ ဟုတ်သေး။ ငါတောင် ဖြစ်ဖြစ်မြောက်မြောက်ဆိုလို့ တစ်ပုဒ်ပဲပြီးသေးတာ။ မင်းက မပြီးသေးဘူးဆိုပေမယ့် လက်စသတ်လိုက်ရင်တော့ ပြီးပြီ မဟုတ်လား"

"အင်း ... အဲဒါကြောင့် မင်းတို့ကို ဒီနေ့ညပါ ငါ့ဆီမှာ အိပ်လိုက်တော့လို့ ပြောနေတာပေါ့"

သူ့ဆီမှာက အချို့ ဂီတပစ္စည်းတွေရှိသဖြင့် တီးခတ်ဖို့ အဆင်ပြေသည်။ အကြွမ်းထည်ရမှ တီးဝိုင်းမှာ သွား အချော်ပြင်ရခြင်း ဖြစ်သည်။

ဒီဂျေတို့ ဂစ်တာတို့လောက်ဆို သူ့ဆီမှာ အလုပ်ဖြစ်သည်။ သူ့ရဲ့တိုက်ခန်းတွင် အိပ်ခန်းတစ်ခုရလွဲ၍ ကျန်သည့်နေရာလွတ်များမှာ ဂီတ၊ တူရိယာများဖြင့် ရှုပ်ယှက်ခတ်နေသည်။

ဒါတောင် တစ်ခုတလေ အိပ်ခန်းထဲထိ ဂစ်တာကိုဆွဲသွားလျှင် တစ်အိမ်လုံး ဂီတပစ္စည်းတွေနှင့် နေရာမလပ်ဆိုရမည်။

တိုက်ခန်းရှေ့ရောက်တော့ ကားကို ဂိုထောင်ထဲထည့်ဖို့ မီး အချက်ပြလိုက်ရင်း –

"စိုးလင်းကို နှိုး"





ဟု ဝေယံကိုပြောလိုက်သည်။ သူတို့ ကွန်ဒိုတွင် ကားကို ထောင်ထားပေးသဖြင့် အဆင်ပြေသည်။ မြေညီထပ်ကနေဆင်းပြီး မြေအောက်ထပ်လိုနေရာမှာ ကျယ်ကျယ်လွင့်လွင့် ပြုလုပ်ထားသည်။ ထို့နောက် မီးတွေပါ (၂၄) နာရီဖွင့်ထားသဖြင့် မှောင်မည်းမနေပေ။

"စိုးလင်း ... ဟိတ်ကောင် ထ ... ရောက်ပြီ"

"ဟေ ... ဘယ်ရောက်တာလဲ"

"သချိုင်းဟေ့ သချိုင်း"

စိုးလင်းရဲ့မေးခွန်းကို ဝေယံက ခပ်ရွှဲရွှဲ ဖြေသည်။ ပြောတော့ဖြင့် မိုးလား ကဲလား။ ယခုတော့ဖြင့် ဆင်အော်လို့ ဆိတ်မနိုး။

"ဟိတ် စိုးလင်း ... မင်းနေခဲ့မလား"

"ထားခဲ့ကွာ၊ ဒီမှာ သရဲမနဲ့ နှစ်ပါးသွားရအောင်"

ဝေယံက လူပုဂ္ဂိုလ်နှင့်မလိုက် သရဲကြောက်တတ်သော စိုးလင်းကို ထိုသို့ ခြိမ်းခြောက်တော့မှပဲ မောင်မင်းကြီးသားက လူးလဲ ထတော့သည်။

မျက်စိနှစ်ဖက်ကို မနည်းဖွင့်ကာ ကားပေါ်မှ လျင်မြန်စွာ ဆင်းပြီး –

"ဟိတ်ကောင်တွေ ... ငါ့ကို မထားခဲ့နဲ့နော်"

ဟု ဝတာနှင့် မလိုက်ဖက်စွာ သူတို့နောက်ကို သွက်လက်စွာနှင့် ပြေးလိုက်လာသည်။

❁

## အခန်း (၂)

"သားငယ်လေး နိုးပြီလား"

"ဒေါက် ဒေါက်"

'သံယောဇဉ်' အသံပေးရင်း တံခါးခေါက်လိုက်သည်။ သူမရဲ့ နေ့စဉ်လုပ်ငန်းဆောင်တာများတွင် သားငယ်လေးရဲ့အလုပ်တွေက သူမအတွက် ဦးစားပေးပထမဖြစ်သည်။

လုပ်ငန်းတွေကလည်း ကိုယ်ပိုင်လုပ်ငန်းဖြစ်၍ တော်သေးသည်။ ဝန်ထမ်းတွေကိုသာ (၈) နာရီထက် နောက်မကျရစေရဟု ဆိုပေမယ့် သူမကတော့ သားငယ်လေးရဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးတွေ၊ အဆင်သင့်စားသောက်လို့ရအောင် ချက်ရ ပြုတ်ရနှင့် ဆိုင်သို့ရောက်လျှင် အစောဆုံးက ဆယ်နာရီ။

"သားနိုးပြီ မမကြီး။ ဝင်လာလေ"

အထဲမှ ပြန်ဖြေသံကြောင့် ဇဉ် နူးညံ့စွာပြုံးပြီး တံခါးကို အသာတွန်းဖွင့်လိုက်သည်။

သားငယ်လေးက ခုတင်ထက်မှာ ပက်လက်ကလေး။





မျက်လုံးတွေကတော့ ပွင့်နေပြီ။

ယောကျ်ားလေးပေမယ့် သားငယ်လေးက ဇွဲထက်တောင် နုနွဲ့နေသေးသည်။ စိတ်ထဲမှာ ငါ့မောင် ခြောက်များခြောက်နေသလားဟု စိုးရိမ်မိသော်လည်း ထိုသို့တော့ ဟုတ်ပုံမရပေ။

အားလုံး အစစအရာရာ အစ်မဖြစ်သူက ဦးဆောင်လုပ်ပေးနေသလို သူ့ကိုလည်း အစစအရာရာ လိုလေသေးမရှိအောင် လုပ်ပေးနေသောကြောင့် ကိုယ်တိုင်လုပ်ချင်သည့် စွမ်းအားတွေ လျော့သွားခြင်း ဖြစ်မည်။

ပြီးသနားတစ်ခုခုနှင့် ရင်ဆိုင်ရလျှင်တောင် ဖြေရှင်းပေးမယ့် ငါ့အစ်မတစ်ယောက်လုံး ရှိနေတာပဲဟူသော အသိစိတ်က ကိန်းအောင်းနေသဖြင့် အစွမ်းအစတွေ တုံးနေသလို ဖြစ်ရသည်။

သို့သော်လည်း –

ဇဉ်ကတော့ သားငယ်လေး ထိုကဲ့သို့ အစွမ်းအစတုံးကာ အစစအရာရာ အစ်မဖြစ်သူအပေါ် မှီခိုအားထားနေသည့် သီးငယ်လေးပဲ ဖြစ်စေချင်သည်။

ငါမရှိတော့ရင် ငါ့မောင် ဘယ်လိုလုပ်မလဲဆိုတဲ့ စိတ်မျိုး ဇဉ်မှာ နည်းနည်းမှမရှိ။ ဗုဒ္ဓဘာသာဖြစ်လျက်နှင့် သခါရသဘောကို နားမလည်သူဟု ဆိုချင်ဆို ဇဉ် ဘယ်တော့မှ သားငယ်လေးနားက ပျောက်ကွယ်သွားလိမ့်မည်မဟုတ်။

သားငယ်လေးရဲ့ ကိုယ်ကို ထနိုင်အောင် အသာမပေးပြီး ခုတင်ပေါ်က ဆင်းနိုင်အောင် ပြင်ပေးလိုက်သည်။ လက်ထဲသို့လည်း အနီးအနားတွင် ထောင်ထားသည့် တုတ်ကလေးပေးလိုက်ပြီ –

"ရလား သားငယ်လေး။ မမကြီး မျက်နှာသစ်ပေးရမလား"

"ရပါတယ် မမကြီးရဲ့"

သားငယ်လေးက ပြုံးပြုံးရွှင်ရွှင် မတ်တတ်ထရပ်သည်။ တုတ်ချောင်းကို ဟိုစမ်း ဒီစမ်း၊ စမ်းတဝါးဝါးနှင့် ရေချိုးခန်းထဲသို့ ဝင်သွားသော သားငယ်လေးကိုကြည့်ပြီး ဇင် သက်ပြင်းချလိုက်သည်။

မောင်နှမနှစ်ယောက်တည်းသာရှိသည့် ဘဝတွင် မောင်က မျက်မမြင်ဒုက္ခိတ။ ဒီမောင်ငယ်လေးကို ဥပေက္ခာပြုပြီး ဇင် ဘယ်လို ဦးနှောက်နှင့် အိမ်ထောင်ပြုရမည်နည်း။

ဟင့်အင်း။

ဇင် ခေါင်းကို ခပ်သွက်သွက်ခါယမ်းလိုက်သည်။ သံယောဇဉ် ဆိုတဲ့ မိန်းမဘဝမှာ အိမ်ထောင်ပြုခြင်းဆိုတာ ဒေဝဥယျာဉ်ကြီးထဲက မစားကောင်းတဲ့ သစ်သီးတစ်လုံးပါ။ ဇင့်ရဲ့ဘဝမှာ နံပါတ်တစ်က သားငယ်လေး။

နံပါတ်နှစ်က သားငယ်လေး။

နံပါတ်သုံး၊ လေး၊ ငါး အို အရာရာတိုင်းမှာ ဇင် ဦးစားပေးရမည့် သူက သားငယ်လေး။ ဒါက သမိုင်းပေးတာဝန်တစ်ရပ် မဟုတ်ပေမယ့် သွေးသားဆိုတဲ့ အသိနဲ့တင် ကျေနပ်စွာ ထမ်းဆောင်ရမည့် တာဝန်။

ရေချိုးခန်းထဲမှ ရေကျသံကြားမှ ဇင် 'ဟင်းခနဲ' သက်ပြင်း ချကာ သားငယ်လေးရဲ့ အိပ်ရာကို ရှင်းလင်းပေးလိုက်သည်။

လေကောင်းလေသန့်ရစေရန် ပြတင်းတံခါးအားလုံးကို ဖွင့်ပြီး ခန်းဆီးစများကို စုစည်းချည်လိုက်သည်။ စားပွဲပေါ်တွင် အနည်းငယ်





ယိုယွင်းနေသည့် စားပွဲခင်းကို ပြင်ခင်းလိုက်သည်။

သားငယ်လေးထွက်လာတော့ ကူတွဲပြီး ခုတင်ပေါ်မှာ ထိုင်စေလိုက်သည်။ နံရံကပ်ဗီရိုထဲမှ ကွာတားဘောင်းဘီခဲရောင်နှင့် တီရှပ်အဖြူကို ထုတ်လိုက်ပြီး ညဝတ်အင်္ကျီနှင့် လဲစေလိုက်သည်။

မျက်နှာထက် လိုးရှင်းလေးလူးပေးတော့ ကလေး တစ်ယောက်လို ငြိမ်ခံနေရှာသည်။ ဩော် ကလေးဘဝတုန်းကတော့ သနပ်ခါးလေးလူးပေးတိုင်း မျက်လုံးမှိတ် ငြိမ်ခံနေတဲ့ကလေး။ ယခုကျတော့ ထိုမျက်လုံးလေးတွေက မေးမှိတ်တော့ထားပါရဲ့။ သို့သော် ပြန်ဖွင့်လာတဲ့ မျက်လုံးတွေက အမြင်အာရုံချို့တဲ့နေသူတစ်ယောက် ဆိုတော့ ကလေးဘဝတုန်းကလိုတော့ သူ့မျက်နှာကို မုန့်ထဲ ဘယ်လို ပြန်ကြည့်နိုင်ရှာမလဲ။

သနားစရာကောင်းလိုက်တဲ့ ကလေးရယ်။

"မမကြီး"

"______"

"မမကြီး"

"ဟင်"

ငြိမ်သက်နေစဉ် သားငယ်လေးရဲ့ခေါ်သံကို ဂရုမပြုမိ။ လက်ကို ဆုပ်ကိုင်လိုက်ခါမှ အသိဝင်ကာ ပါးပေါ်၌ စွန်းထင်းနေသော မျက်ရည်စများကို လျှင်မြန်စွာ သုတ်လိုက်သည်။

ယခုလိုကျတော့လည်း ကိုယ့်ရဲ့မျက်ရည်တွေကို မြင်တွေ့ခွင့် မရလိုက်ခြင်းအတွက် ကျေးဇူးတင်သလိုတော့ ဖြစ်သွားရသည်လေ။

"သား ခေါ်နေတာကြာပြီ။ မမ ဘာတွေ စဉ်းစားနေတာလဲ"

ညီသစ်က အမှန်တကယ် သိချင်စိတ်နှင့် မေးလိုက်ခြင်းရယ် ပါ။ သူ့ရဲ့ဘဝမှာ သိတတ်စကတည်းက မျက်မမြင်ဒုက္ခိတတစ်ယောက်လို နေခဲ့ရတာပါ။

အဆုံးစွန် ကိုယ့်ကို တယုတယလုပ်ကိုင်ပြုစုပေးနေတဲ့ ကိုယ့်အစ်မ အရင်းခေါက်ခေါက်ကိုတောင် မြင်တွေ့ဖူးခြင်းမရှိခဲ့ပေ။

မမကြီးက အရပ်မြင့်လား။ ချောလား။ ဝလားဆိုတာတွေတောင် သူ့အတွေးထဲမှာသာ မေးခြင်းဖြစ်သည်။ လက်တွေ့ဘဝမှာတော့ မမကြီးရဲ့ လှခြင်း၊ ဝခြင်းတွေက သူ့အတွက် အရေးမကြီးလှပေ။

သူ့ကို ကလေးလေးတစ်ယောက်လို ပြုစုလုပ်ကိုင်ပေးနေသည်ကိုက မမကြီးရဲ့ မေတ္တာတရား ကြီးမားမှုတွေရဲ့ သက်သေပေါ့။

မမကြီး အသံတိတ်ငြိမ်သက်သွားလျှင် သူ မနေတတ်။

မမကြီး သူ့ကိုကြည့်ပြီး သနားနေမလား၊ ငိုနေမလား သူ မတွေးချင်။ မငိုပါနဲ့ မမကြီးရယ်လို့ မပြောရက်သဖြင့် အသံတိတ်နေခဲ့ရတဲ့ ရက်တွေများစွာ။

ဒုက္ခိတမောင်တစ်ယောက်ကို မငြူမအောင့် မညည်းမညူနှင့် ပြုစုပေးသော မမကြီးရဲ့ကျေးဇူးတွေကို သူ မျက်စိပြန်မြင်လာရင် ဆပ်ရမည်။

ကျေးဇူးတရားဆိုတာ ဆပ်တတ်မှကျေတယ်ဆိုပေမယ့် အတုံ့အလှည့်သဘောနဲ့ ဆပ်မှာမဟုတ်ပါ။ သူသာ မျက်စိပြန်မြင်လာခဲ့လျှင် မမကို တစ်လှည့်နားစေပြီး သူလည်း မမကိုပြုစုရမည်။ ရှေ့ရေအေးလိုရာပေး၍ဆိုသည့်အတိုင်း ပြုစုမည်။





သို့သော် ဒါတွေဟာ စိတ်ကူးယဉ်အိပ်မက်တွေပါပဲလေ။ သူ့လိုလူက ဘယ်နေ့ မျက်လုံးကောင်းမလဲမသိ။ မနက်ဖြန် သို့မဟုတ် ဘယ်သောအခါ၊ ဟင်း။

သူ သက်ပြင်းချလိုက်တော့ –

“ဘာဖြစ်လို့လဲ သားငယ်လေး။ ဘာဖြစ်လို့လဲ”

မမကြီးက သူ့မျက်နှာကို အရိပ်တကြည့်ကြည့်နှင့် ရှိနေပုံရသည်။ ပျာပျာသလဲ မေးရှာသည်။ သူ ခေါင်းယမ်းကာပြုံးပြီး –

“ဘာမှမဟုတ်ပါဘူး မမကြီးရဲ့။ သား ဗိုက်ဆာပြီ မမကြီးက တွဲမှမတွဲသေးတာ”

“ဪ … ဆောရီးကွယ် လာ ထ”

မမကြီးက သူ ဗိုက်ဆာတယ်ဟု ပြောလိုက်သဖြင့် ကရုဏာသက်သွားဟန်တူသည်။ သူ့ကို တယုတယတွဲကာ အခန်းပြင်သို့ ထွက်ခဲ့သည်။

“ညက စောစောအိပ်ရာဝင်ရဲ့လား သားငယ်လေး”

“ဝင်ပါတယ် မမကြီးရဲ့၊ သား အိပ်ရာထဲရောက်တော့ မမကြီးကိုသာထူးကို ဈေးစောစောသွားဖို့ မှာနေသံကြားတယ်လေ”

“ဟင်း ဟင်း”

မှတ်မှတ်ရရ ပြန်ပြောနေသော သားငယ်လေးရဲ့ ခေါင်းက ဆံပင်တွေကို အသာဖွကာ ဖဉ် သဘောကျစွာ ရယ်လိုက်ပါသည်။

သိပ်ပြီး ကလေးဆန်တဲ့ကောင်ကလေး။ အသက်ကသာ နှစ်ဆယ်ကျော်လာသည်။ ပတ်ဝန်းကျင်နှင့် အထိအတွေ့မရှိ၍လား မသိ ကလေးဆန်ခြင်းတွေက မပျောက်ချေ။

သားငယ်လေးကို ထိုင်ခုံစွဲထုတ်ကာ ထိုင်လို့ရအောင် ပြင်ပေးလိုက်သည်။

ဖဲ့ သားငယ်လေးနှင့် ကပ်လျက် ထိုင်ခုံတွင် ထိုင်လိုက်တော့ –

"မမကြီး"

"ရှင်"

"ကြက်ဥပြုတ်နဲ့ နွားနို့မှတ်လား"

"ဩော်"

"လူလည်း ကြက်ဥရုပ်ထွက်နေပြီဆိုတာ မမြင်ရပေမယ့် သတိထားမိပြီသိလား။ နောက်ပြီး နွားနို့သာ မရောင်းတယ်၊ နွားနို့ ရောင်းတဲ့ကုလားလို တစ်ကိုယ်လုံး နွားနို့စော်ကို နံနေပြီ"

"ဩော် . . . အဟင်း ဟင်း"

စူအောင့်အောင့်ပြောလိုက်သော သားငယ်လေးကြောင့် ဖဲ့ စိတ်မဆိုးနိုင်ဘဲ သဘောကျစွာ ရယ်လိုက်သည်။ ကလေးလေး တစ်ယောက်လို ပါးနှစ်ဖက်ဖောင်းအောင် စူပုတ်နေသော သားငယ်လေးရဲ့ ပါးတစ်ဖက်ကို ချစ်စနိုးနှင့် ခပ်ဖွဖွဆွဲလိမ်ကာ –

"ဟုတ်တယ်လေ သားငယ်လေးရဲ့ ဆရာဝန်က ပြောထားတယ်မဟုတ်လား။ အားရှိမယ့်အစားအစာတွေ များများစားရမယ်တဲ့။ နွားနို့က အလျှင်အမြန် အားဖြစ်စေတယ်တဲ့"

သားငယ်လေးက စူပုတ်တာကို မလျှော့ဘဲ ခေါင်းယမ်းကာ နွားနို့ပန်းကန်ကို မှန်းပြီးတွန်းကာ –

"သား ဒီနေ့တော့ ကြက်ဥနဲ့နွားနို့ဆိုရင်တော့ တကယ်





ဘာမှမစားတော့ဘူး။ နေ့တိုင်း ဒီဟာတွေပဲစားနေရတဲ့သားကို နည်းနည်းလေး စာနာပါဦး။ ချက်လိုက်ရင်လည်း ချို၊ ချဉ်၊ ငန်၊ စပ် ဘာအရသာမှမရှိတဲ့ အဖြူထည်တွေပဲ အမြဲ စားနေရတဲ့ဟာ မစားချင်တော့ဘူးဗျ"

သားငယ်လေးက ခေါင်းမာမာနှင့် တဖွတ်ဖွတ်ပြောနေသဖြင့် သံယောဇဉ် သားငယ် မကြားအောင် သက်ပြင်းချရင်း –

"သားငယ် ဘာစားချင်လဲပြောလေ၊ မတည့်တာကို မပြောနဲ့နော်။ မနက်ပိုင်းနဲ့ နေ့လယ်စာကို သားငယ်လေး စားချင်တာပြော၊ မမကြီး စီစဉ်ပေးခဲ့မယ်"

"ဟေး"

ကလေးတစ်ယောက်လို အော်လိုက်တာလေးကိုကြည့်ပြီး ပီတိဖြစ်ရသည်။

ဩော် . . . သားငယ်လေးရယ်။

"မမကြီး ဘာစားနေတာလဲဟင်"

"မမကြီး ထမင်းကြော်စားတာလေ။ သားငယ်နဲ့ မတည့်ဘူး ရင်ပြည့်လိမ့်မယ်"

သားငယ်လေးက အကြာကြီး ငြိမ်သက်သွားကာ –

"ထမင်းပူပူနဲ့ လက်ဖက်သုပ်စားရရင် ကောင်းမယ်။ ငါးပိထုပ်ပါးပါးလေးနဲ့ စပ်စပ်လေးလေ"

"ဘာ"

သံယောဇဉ် အလန့်တကြားနှင့် သားငယ်လေးကို လှည့်ကြည့်လိုက်မိသည်။

"သားစိတ်ထဲမှာ လက်ဖက်သုပ်နဲ့ ထမင်းပူပူလေး စားချင်တာ တော်တော်ကြာပြီ။ အရင်တုန်းက သားအရမ်းကြိုက်ခဲ့တယ်ထင်တယ်"

သားငယ်လေးက တတွတ်တွတ်ပြောနေသည်။

ဒါဟာ မဖြစ်နိုင်ဘူး။ အရာရာကို မေ့သွားတဲ့ လူတစ်ယောက်က ဘာလို့ ဒီလိုအသေးအမွှားတွေကို သတိရနေရတာတဲ့လဲ။

ဟင့်အင်း . . . သားငယ်လေး မင်းအတိတ်ကို ဘာဆို ဘာမှ သတိပြန်မရ ရဘူး။ မမကြီးနဲ့ အခုလို အေးအေးချမ်းချမ်းပဲ နေရမယ်။ ခါးသီးခဲ့တဲ့ အတိတ်ကို မင်း သတိမရသင့်ဘူးနော်။

ငါတို့မောင်နှမတွေ အလူးအလဲ ဒုက္ခရောက်ခဲ့တဲ့ အတိတ်ကို ဘာအတွက်နဲ့မှ မင်း သတိမရရဘူး။

❁



## အခန်း (၃)

ခွန်အား မနက်အိပ်ရာထစောသဖြင့် ပြန့်မှိန်းရင်း တစ်နေ့တာ ချိန်းဆိုထားသည်များကို စဉ်းစားလိုက်သည်။

ဒီနေ့နေ့လယ် (၁) နာရီတွင် City FM မှာ သူ့ရဲ့ စုပေါင်းအခွေဖြန့်မည်။ လက်မှတ်ထိုးပွဲဖြစ်သည်။

ညနေဘက်တွင် စိုးလင်းက သူ့တိုက်ခန်းသို့လာပြီး သူတို့ရဲ့ ကိုယ်ပိုင်ခွေအတွက် ပြင်စရာရှိတာတွေပြင်မည်။ ဝေယံကတော့ City FM ပွဲပဲ ဆိုနိုင်မှာဖြစ်ပြီး အဲဒါပြီးလျှင် နယ်ရှိုးတောက်လျှောက်ပိုးမည်။

ခွန်အား အိပ်ရာထဲမှထပြီး ခြေလက်မျက်နှာသေးရင်း ရေပါ တစ်ခါတည်း ချိုးပစ်လိုက်သည်။

ဆံပင်ကို ရေပြောင်အောင်သုတ်ရင်း မှန်ထဲမှာ ပေါ်နေသည့် သူ့ပုံရိပ်ကို ငေးကြည့်မိသည်။

အသက်နှစ်ဆယ့်သုံးနှစ်သာရှိသေးသော်လည်း လူက အရွယ်နှင့်မမျှအောင် ထွားလွန်းသည်။ မြင့်မားသောအရပ်နှင့် တောင့်တင်းသော Body structure ကြောင့် လူက ပို၍ ခံ့ညား

နေသည်။ Hip Hop အဆိုတော် တော်တော်များများသည် ဆံပင်အရှည်ထားတတ်ကြသော်လည်း သူကတော့ ဆံပင်ကို တိုတိုထောင်ထောင် ညှပ်ထားသည်။

နားထင်တို့က စိမ်းလျက် နားရွှပန်ထားသော စိန်နားကပ်တစ်ဖက်ကတော့ အရောင်တဖျတ်ဖျတ်လက်နေသည်။

ဆံပင်မဖြီးခင် မျက်နှာထက် အရင်ဆုံး နို့ရည်လိမ်းလိုက်သည်။ Body lotion လူးပြီးမှ ချိုင်းမှာ Roll on လိမ်းပြီး အသင့်ထုတ်ထားသော အနက်ရောင်တီရှပ်ပွပွကို ဝတ်ဆင်လိုက်သည်။ အောက်ဘက်ကတော့ ထုံးစံအတိုင်း အိတ်ခပ်များများပါသည့် မြင်းချေးရောင်ကွာတားဘောင်းဘီကို ဝတ်ဆင်လိုက်သည်။

ဆံပင်က တိုသဖြင့် တကူးတက ဖြီးစရာမလိုပေ။ ဆံပင်ရှည်ရှည်၊ အကျီ ဘောင်းဘီပွပွနှင့် လူက မပေါ်လွင်သဖြင့် ဆံပင်ကို ခပ်တိုတို ညှပ်ထားခြင်းဖြစ်သည်။

အကောင်းစား Gel ကို လက်နှစ်ဖက်တွင်ပွတ်ကာ ဆံပင်ထဲ ထိုးဖွလိုက်သည်။ တိုသောဆံပင်တို့က အချောင်းချောင်းတွေဖြစ်ကာ ဦးရေစိမ်းစိမ်းကိုတောင် မြင်နေရသည်။

ပြင်ဆင်ခြင်းအားလုံးပြီးမှ မီးဖိုချောင်ဘက်သို့ လျှောက်လာကာ မနက်စာစားဖို့ပြင်သည်။

တစ်ယောက်တည်းသမားဖြစ်သဖြင့် ကိုယ်တိုင်ချက်ပြုတ်စားတာမျိုးမရှိသော်လည်း အဆင်သင့် လွယ်လင့်တကူစား၍ရသော ခေါက်ဆွဲခြောက်၊ ပေါင်မုန့်၊ ကိတ်မုန့် အစရှိသည့် အခြောက်အခြမ်းများတော့ ဆောင်ထားတတ်သည်။





ဆိုင်မှာ သွားမစားချင်သည့်အခါမျိုး၊ တီးလက်စသီချင်းစာသားတွေ ပျောက်သွားမှာစိုးသည့်အခါမျိုးမှာတော့ အပြင်ထွက်မစားတော့ဘဲ အလွယ်တကူ ခေါက်ဆွဲပြုတ်စားတာမျိုး၊ လက်ဖက်ရည်ဖျော်သောက်တာမျိုးနှင့် ပြီးသွားတတ်သည်။

ယခုလည်း ဆိုင်ထိုင်ဖို့ အချိန်မပေးနိုင်သဖြင့် ရေနွေး တစ်ခွက်စာလောက် တည်ပြီး ပေါင်မုန့်တွေကို ထောပတ်သုတ်ပြီး မီးကင်လိုက်သည်။

ပန်းကန်တွေ ဘာတွေနှင့် လုပ်မနေတော့ဘဲ လက်ဖက်ရည်ဖျော်ပြီးတာနှင့် တစ်ခါတည်း မတ်တတ်ရပ်ရင်း သောက်စားလိုက်သည်။ ပန်းကန်ဆေးပြီးထွက်လာတော့ အချိန်ကိုက်စွာ ဖုန်းက ထမြည်လာသည်။

အင်္ဂလိပ်သီချင်းကို Ringtone လုပ်ထားသဖြင့် သီချင်းသံက အဆက်မပြတ် မြည်နေသည်။ သူ့လက်တစ်ဖက်က ဂစ်တာကို ကိုင်ထားတာမို့ ဖုန်းကိုမကိုင်သေးပါ။

ဖုန်းကတော့ ဖွဲ့ရှိရှိမြည်နေသည်။ ပုံမှန်အားဖြင့်ဆိုလျှင် သီချင်းရေးဖို့ စဉ်းစားထားသည့်အချိန်တွင် သူ ဖုန်းမကိုင်တတ်ပါ။ သို့သော် ဖွဲ့ရှိရှိမြည်နေသည့်ဖုန်းကြောင့် ကြည့်လိုက်တော့ unknown။

ဘယ်သူလဲမသိသဖြင့် -

"ဟယ်လို"

"ကိုခွန်အား ရှိပါသလားရှင်"

မိန်းကလေးတစ်ယောက်၏ ခပ်ချိုချိုအသံကြောင့် သူ သက်ပြင်းချလိုက်သည်။ မကြားဖူးသည့်အသံမို့ သူ့ကို မိတ်ဆက်လာသည့်

ပရိသတ်ပဲ ဖြစ်ရမည်။

သူ သက်ပြင်းချကာ ကိုင်ထားသောဂစ်တာကို ဘေးသို့ လှဲချကာ –

"ဟုတ်ပါတယ် ... ကျွန်တော် ခွန်အားပါ"

"ဟိုလေ ... ညီမက အစ်ကို့ရဲ့ ပရိသတ်ဆိုပေမယ့် အစ်ကိုရဲ့သီချင်းတွေကို နားထောင်မိတာ မကြာသေးပါဘူး"

"ကျွန်တော်ရဲ့ပရိသတ်ဆိုတဲ့အတွက် ဝမ်းသာပါတယ်"

"ညီမနာမည် နန်းငွေယုံပါ အစ်ကို။ ရှမ်းပြည်တောင်ပိုင်း ကပါ"

"သြော် ... ဟုတ်ကဲ့"

သူက တောင်ကြီးသားမို့ တချို့ တောင်ကြီးကပရိသတ်များ သည် ကိုယ့်မြို့က အဆိုတော်မို့ တစ်ခဲနက် အားပေးကြလေသည်။ သို့အတွက်ကြောင့်လည်း သူတို့မှာ အားရှိရသည်။

ယခုလည်း နန်းငွေယုံဆိုသည့် မိန်းကလေးက တောင်ကြီးက ဟုဆိုလာသဖြင့် ဘာပဲဖြစ်ဖြစ် ကိုယ့်နယ်သူ ကိုယ့်နယ်သားမို့ စိမ်း သက်မနေပါ။

"ညီမ အစ်ကို့ရဲ့ ပန်းပျိုးသူဥယျာဉ်မှူးသီချင်းကို နားထောင် ပြီး ကြိုက်လည်းကြိုက်တယ် မကြိုက်လည်းမကြိုက်ဘူး။ ဟို ... ...တ်မဆိုးပါနဲ့နော် အစ်ကို"

မိန်းမပျိုလေးက မကြိုက်ဘူးဟုပြောမိသည့်အတွက် အားနာ ...သလို တောင်းပန်သည်။

"ဟာ ... ရပါတယ် ညီမရဲ့"





ကြိုက်ခွင့်၊ မကြိုက်ခွင့်ဆိုသည်မှာ လူတိုင်း၌ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိသည့်အတွက် no problem ပါ။

ကိုယ်က ကောင်းတယ်ထင်၍ ပရိသတ်ကို ဒီသီချင်း ကျွန်တော် စိတ်နှစ်ပြီး ဘယ်လိုဆိုတာပါဟု ကြော်ငြာပါစေ ကောင်း ခြင်း မကောင်းခြင်းဆိုသည်မှာ ပရိသတ်ရဲ့ ပါးစပ်ထဲတွင်သာ ရှိပါ သည်။

တချို့ မိတ်ဆက်လာသူများဆိုလျှင် မကောင်းတာကို ကောင်းပါတယ်ဟု ဆိုလာသဖြင့် စိတ်တိုင်းမကျသူ ကာယကံရှင်က ရယ်ချင်ပါသည်။ ယခုလို မကြိုက်လျှင် မကြိုက်သည့်အကြောင်း ပြောလာတာကိုပင် ဝမ်းသာလှပါသည်။

"ဒီလိုပါ အစ်ကို ... သံစဉ်နဲ့စာသားက ကောင်းပါတယ်။ လိုက်ဆိုလို့လည်းကောင်းတယ်။ အဓိပ္ပာယ်ရှိတယ်လို့လည်း ထင်ရပါ တယ်။ ဒါပေမဲ့ ... ကျောင်းဆရာမတစ်ယောက်ဖြစ်နေတဲ့ ညီ အတွက်တော့ ဆူးဆိုတာ အပွရိကာပါပဲ"

"ဒါပေါ့ ... ဒါပေါ့"

"အဲဒါလေး ပြောချင်တာတစ်ခုပါ။ ဥယျာဉ်မှူးတွေရဲ့စိတ် ထဲမှာ ဘယ်လောက်ပဲ ဆိုးတဲ့ကလေးဖြစ်ဖြစ် ဆူးလို သဘောမထား တာကို သိစေချင်လို့ပါ"

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ"

အချို့မိန်းကလေးတွေလို သူနှင့် ပုဂ္ဂိုလ်ရေးအရ ခင်ချင်သူ မဟုတ်တဲ့အတွက်ကြောင့်မို့လည်း ဒီလောက်ကြာကြာကြီး စကားပြော မိတာပါ။

မဟုတ်လျှင် ခွန်အားဆိုတဲ့သူက မိန်းကလေးတွေနှင့် ခပ်ကင်းကင်းသာနေခဲ့သည်။ တက်သစ်စမော်ဒယ်လေးတွေနှင့်လည်း မတွဲ၊ လုပ်ဖော်ကိုင်ဘက် အနုပညာရှင်တွေကြားမှာတောင် သူ့ကို သဘောကျနေသူများရှိသော်လည်း သူ့ဘက်က မီးစိမ်းမပြပါ။

"ဒေါက် ဒေါက်"

တံခါးခေါက်သံကြောင့် နာရီကို တစ်ချက်လှမ်းကြည့်သည်။ (၁၀) နာရီတောင်ထိုးတော့မှာပဲ။

သူ ထိုင်ရာမှထပြီး တံခါးဖွင့်လိုက်တော့ ဝေယံမင်းထင်ဖြစ်နေသည်။

"မင်းသားကတော့ ကျောလို့ပါလား"

"ဘာမင်းသားလဲ စောလှချည်လား"

"ဘာစောတာလဲ၊ နေ့လယ်စာ တစ်ခုခုဖြည့်ပြီး ငါတို့ ဒိုးရအောင်လေ"

"စိုးလင်းကော"

"ဟိုမှာပဲ ဆုံမယ်တဲ့"

"ဘယ်မှာလဲ"

"စီးတီးမတ်မှာတဲ့"

တဲ့ တဲ့နှင့် ပြောနေသော ဝေယံ့ပုံစံက ရွှဲသလား ထင်မှတ်ရသည်။ သူတို့သုံးယောက်ထဲတွင် ဝေယံကလည်း သူနှင့်သူ့ဟန်နှင့်ချောသည်။

ဒီကောင်ချောပုံကျတော့ ကိုးရီးယားအနည်းငယ်ဆန်သည်။ Pop သီချင်းတွေဆိုတာမို့လည်း ဒီကောင်ရဲ့ ဝတ်စားဆင်ယင်မှုနှင့်





လိုက်ဖက်ခြင်းဖြစ်သည်။

ယခုလည်းကြည့် အဖြူရောင် ဖစ်ဖြစ်သည့်ဘောင်းဘီကျပ်ကျပ်နှင့် အပေါ်က ပန်းနုရောင် ရှပ်လက်စကအကျပ်ကို နီညိုနှင့်အဖြူစပ်ထားသော ရောင်ပြေးနက်တိုင်လ်ကို တပ်ဆင်ထားသည်။

သူကျတော့ ပွပွရွရွ အဝတ်အစားများကို ဝတ်ဆင်နေကျဖြစ်နေပြီးမို့လားမသိ ခပ်ကျပ်ကျပ်ဝတ်ဆင်ထားတာမြင်လျှင် အသက်ရှူလည်း ကျပ်၊ အမြင်လည်း ကပ်ပါသည်။

သူတို့အုပ်စုထဲမှာတော့ ကိုယ့်စတိုင်လ်နှင့်ကိုယ် ဝတ်ကြသည်။ ကိုးရီးယား Band တွေလို ဆင်တူဝတ်စုံတွေ ဘာတွေနှင့် ကိုယ့်ကိုယ်ကိုယ် ဘောင်မခတ်ထားပါ။

ဟုတ်တယ်လေ၊ ပွပွရွရွကြိုက်သည့် သူက ဝေယံပုံစံ လိုက်ဝတ်ပါဆိုရင် အတော် ဂွတီးဂွကျနိုင်ပြီး ဝေယံကို သူ့ပုံစံအတိုင်း ဝတ်ခိုင်းလျှင် အတော်ကြည့်ရဆိုးမည်။ ဝေယံက သေးသေးနွဲ့နွဲ့ဖြစ်သည်။

"ဒါနဲ့ မဒီသော်က မင်းဆီ သီချင်းလာအပ်တယ်ဆို"

"မင်း ဘယ်လိုသိတာလဲ"

သူ့မေးခွန်းကြောင့် ဝေယံက တဟဲဟဲနှင့် ရယ်နေလေသည်။ မဒီသော် မဒီသော်ဆိုတဲ့ မိန်းကလေး၊ ခေတ်နှင့်အညီ ဝတ်စားတတ်တာ ခေတ်ရှေ့တောင် ပြေးနေသေးသည်။

သူကတော့ online ပေါ်မှာ မကောင်းသတင်းတွေနှင့် နာမည်ကြီးနေသော မဒီသော်ကို လုပ်ငန်းချင်းနီးစပ်၍သာ ခေါ်ပြောနေရသည်။ သိပ်မပတ်သက်ချင်။

သူတို့လောကမှာက အတွဲများပြီဆိုလျှင် ဟုတ်ဟုတ် မဟုတ်ဟုတ် နာမည်ထွက်တော့တာ။ ဘယ်တုန်းက ကြိုက်ခဲ့ကြတာ၊ ဘယ်တော့ လက်ထပ်ကြတော့မှာဆိုတာ ကိုယ်က မပြောရပါဘဲ လူမှုစာမျက်နှာထက် ပလူပျံနေပြီ။

ထို့ကြောင့် နေတတ် ထိုင်တတ်ကာမှ တော်ကာကျမည်။ မိန်းကလေးတွေပဲ အနေအထိုင်တတ်ရမည်မဟုတ်၊ သူတို့ယောကျ်ားလေးတွေကိုတောင် ကျားအချင်းချင်း ဘယ်သူ့ကို sponser ထားတာ၊ ဘယ်သူကတော့ ဘယ်တုန်းက ပြတ်သွားနှင့် မစားရ ဝခမန်း ပြောတတ်ကြသည်။

ဝေယံတို့လို နုနုနွဲ့နွဲ့ကိုကျတော့ ဂျီပုန်းဟု နာမည်တပ်ကာ အမျိုးမျိုး ပြောဆိုတတ်ကြသည်။ တကယ်ဆို ဝေယံက အနုပညာရှင်တစ်ယောက်မို့ ဝတ်စားခြင်းဖြစ်သည်။

သို့သော် အနုပညာရှင်အားလုံးကတော့ ပရိသတ်အချို့၏ ပါးစပ်ထဲမှာ ရစရာကိုမရှိ။ ဟိုလူက ဘာ၊ ဒီလူက ဘာနှင့် သူတို့မှာ ပြောလည်း ပြောနိုင်ကြသည်။

သူကိုယ်တိုင်လည်း ပရိသတ်အပြောလွှတ်အောင် ဆိပ်မရှောင်ပေမယ့် အခုလို မကောင်းသတင်းနဲ့ ကျော်စောနေသူကိုတော့ အထူးသတိထားပါသည်။

“ဒီလိုပဲ သူလိုက်ပြောနေတာလေ”

“ငါ မရေးပေးနိုင်ဘူးလို့ ပြောတာကျတော့ကော ပြန်မပြောဘူးလား”

“အဲဒီလိုတော့ မပြောဘူး။ မင်းက စဉ်းစားဦးမယ်လို့





ပြောတယ်တဲ့။ ခွန်အား ဘာမှ စဉ်းစားစရာမလိုဘူးနော်။ အလကားငွင်လိုက်ရှာနေတာ။ သူစားကျက်အပေါင်း ပျောက်သွားပြီနဲ့တူတယ်”

“မင်းကလည်း အဲဒီလိုမပြောစမ်းပါနဲ့”

“ဟုတ်ပါပြီ ... မပြောတော့ပါဘူး။ ဗိုက်ဆာလှပြီ လုပ်”

“ဘာလုပ်ရမှာလဲ ပြင်ပြီးပြီ”

ဝေယံက သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ခေါင်းညိတ်၍ မျက်နှာမဲ့သည်။ နောက်တော့ အပြင်ဘက်သို့ ထွက်သွားကာ ဖုန်းခေါ်နေသဖြင့် သူ ဦးထုပ်ဆောင်းကာ ပိုက်ဆံအိတ်ကို ခါးကြားညှပ်ပြီး ဖုန်းကို ဘောင်းဘီအိတ်ကပ်ထဲသို့ထည့်ပြီး သော့ခတ်လိုက်သည်။

“စိုးလင်း စောင့်နေပြီတဲ့”

ဟိုရောက်တော့ စိုးလင်းတစ်ယောက် သူတို့ကို မစောင့်နိုင်ဘဲ မှာစားနှင့်နေပြီ။

“စောင့်နေရင် မိုးကြိုးပစ်မှာစိုးလို့ စားနှင့်တယ်ပေါ့လေ။ ဘော်ဒါစိတ်ကို မရှိဘူး”

သူ့စကားကြောင့် စိုးလင်းက ပါးစပ်ထဲမှာရှိသည့် အစားအစာကို အတင်းမျိုချရင်း နင်နေသောအသံနှင့်။

“စားနှင့်တာနဲ့ ဘော်ဒါစိတ်မရှိတာ ဘာမှမဆိုင်ပါဘူး။ ဝမ်းချင်းဆုံတာမှတ်လို့။ မင်းတို့ပြဿနာဖြစ်တိုင်း ငါ မကူဘဲနေခဲ့တာရှိလို့လား”

“ဘာလဲ ကူပြေးပေးတာလား”

ဝေယံက ခပ်ရွှဲ့ရွှဲ့ပြောတာ စိုးလင်းက မျက်စောင်းခဲလိုက်သေးသည်။ နောက်တော့ သူတို့လည်း စားသောက်စရာများမှာပြီး

ခပ်သွက်သွက် စားလိုက်သည်။ ပွဲနောက်ကျမှာစိုး၍ ဖြစ်သည်။

"ကဲ စိုးလင်း ... စားအနောက်၊ သွားအနောက် သေသူများ အရင်ဆိုတာ မင်းကိုပြောတာနေမှာ။ ဘယ့်နှယ် စားနေသောက်နေလိုက်တာ မပြီးတော့ဘူး"

"မပြီးလည်း ထားခဲ့လိုက်တော့၊ ကိုကြာကြီး ဖုန်းဆက်နေပြီ ငါတို့တော့ ဒိုးပြီစိုးလင်း"

"ဟာ ... ဟိတ်ကောင်တွေ အဲဒီလိုမသွားနဲ့။ စောင့်ဦး၊ ဘော်ဒါစိတ်မရှိတာကမှ မင်းတို့။ ခွဲခြား ... ခွဲခြားနဲ့"

စိုးလင်းက ပိုက်ဆံကို ခပ်မြန်မြန်ရှင်းပြီး သူတို့နောက်ကို အလျှင်စလို ပြေးလိုက်လာသည်။

ဟိုရောက်တော့ လူအတော်စုံနေပြီ။ သူတို့ (၃) ယောက်ခုံမှာ ဝင်ထိုင်ပြီး ခဏနားကြသည်။ အခြားသော နာမည်ကြီးအဆိုတော်တွေလည်း ရောက်နေပြီ။

နောက် အစီအစဉ်စတော့ ပရိသတ်တွေက တဖြည်းဖြည်း ကြိတ်ကြိတ်တိုးအောင် များပြားလာသည်။

အချို့ ဖျော်ဖြေဖို့ဖိတ်ကြားခံရသူတွေကလည်း စင်ပေါ်တက်ပြီး သီချင်းနှင့် ဖျော်ဖြေကြသည်။ သူတို့လည်း ဖျော်ဖြေကြပါသည်။

ပရိသတ်ကတော့ တစ်ခဲနက် အားပေးကြသည်။ ညနေပွဲသိမ်းတော့ (၅) နာရီ။ ဝေယံက နယ်ရှိုးရှိုလို့ အရင်ပြန်နှင့်ပြီး သူနှင့်စိုးလင်းကတော့ စားသောက်ပြီး အိမ်သို့ပြန်ခဲ့ကြသည်။

အဆုံးမသတ်သေးသည့် သီချင်းအတွက် စိုးလင်းက ကူပေးသည်။





"မင်းရဲ့ 'မ' သီချင်းတော့ ကောင်းပါတယ်။ အဲလက်စ်ရဲ့ 'မ' သီချင်းကို ပြန်ဆိုတဲ့သူထက် အပြတ်အသတ်သာတယ်"

"ကိုယ်လည်း မလိုက်နိုင်ဘဲ အသံခွဲခွဲနှင့် ပြန်ဆိုတာ နားထဲမှာ ထောင့်တယ်ကွ။ မူရင်းသီချင်းတောင် ပျက်သလိုပဲ"

"ကြားရင်တော့"

"ကြားပါလေ့စေလေ၊ အနုပညာရှင်ဆိုတာ ဝေဖန်ခံနိုင်တဲ့ သတ္တိ ရှိရတယ်ကွ။ ပြီးတော့ သူနဲ့ငါကြားမှာ ပုဂ္ဂိုလ်ရေးအရ ထိခိုက်စရာ ဘာမှမရှိဘူး။ သူ့ကိုယ်ပိုင်သီချင်းတွေ ငါလည်းကြိုက်ပါတယ်။ အသံလည်းကောင်းပါတယ်။ ဒါပေမဲ့ copy နဲ့ အောင်မြင်အောင်လုပ်ဖို့ဆိုတာ ဘယ်တာရှည်လွယ်မလဲ"

"ဟုတ်ပါပြီ၊ ကဲ ... ဒီနားလေးတစ်ချက် ပြန်တီးရအောင်"

စိုးလင်းက လက်ထောက်ပြရာသို့ ကြည့်ပြီး –

♫ မ xx မရဲ့ အပြုံးထက်မှာ xx ကျွန်တော် သေပျော်ပြီ ♫

"နေဦးကွ၊ အပြုံးထက်မှာဆိုတာကို ဆွဲဆိုကွာ"

♫ မ xx မရဲ့အပြုံး xx ထက်မှာ အဲဒီလိုလား ♫

"အင်း ... ဟုတ်ပြီ ဆက်ဆို။ အသံကို မနှိမ့်ပစ်လိုက်နဲ့၊ ပေါ့သွားမယ်"

နှစ်ယောက်သား အလုပ်အကြောင်း စိတ်ရောက်သွားတော့ အချိန်ကုန်လို့ကုန်မှန်းမသိ။

သူ့ရဲ့သီချင်းသံနှင့် စိုးလင်းရဲ့ ဂစ်တာတီးခတ်သံက တစ်ထပ်တည်း ထွက်ပေါ်လာသည်။

❁

## အခန်း (၄)

"ဩော် . . . သားငယ်လေးက ဒီမှာထိုင်နေတာကိုး"

အိမ်ဘေးပိတောက်ပင်ကြီးအောက်၌ ပိုင်းပတ်ရိုက်ထားသော ကွပ်ပျစ်ထက်တွင် ထိုင်နေသော သားငယ်လေးကို မြင်ရသည်။

ဇင့်ရဲ့အသံကြောင့် သားငယ်လေး အသံရှိရာသို့ မျက်နှာလေး လှည့်၍ ပြုံးပြသည်။ မျက်နှာလေးက အနည်းငယ်နွမ်းနေသည်။ တစ်ယောက်တည်း တစ်နေကုန် တစ်နေခမ်း မမြင်မစမ်းနှင့် ထိုင်နေရရှာတော့ သူ့ခမျာ ပျင်းပေလိမ့်မည်။

ကိုယ့်မှာသာ တစ်နေ့တစ်နေ့ ချက်ရေးပြုတ်ရေးက တစ်ဖက် အလုပ်က တစ်ဖက်ဆိုတော့ ပျင်းဖို့အချိန်တောင်မရှိ။ (၂၄) နာရီအပြင် အချိန်ခိုး၍ ရမည်ဆိုလျှင် တစ်ဖက်ရက်ကနေ ခိုးယူချင်သည်။

ပြီးမှ ကလေးကလားနိုင်သော ကိုယ့်အတွေးကို သဘောကျစွာ ပြုံးမိသည်။

သားငယ်လေးရဲ့ဘေးမှာ ကပ်ထိုင်လိုက်ရင်း –

"ဒီနေ့ သားငယ်လေးအတွက် မမကြီး ဝိုင်ဝိုင်းရဲ့ခွေသစ်





တစ်ခွေ ဝယ်ခဲ့တယ်။ နောက်ပြီး သားငယ်လေးကြိုက်တဲ့ ကြေးအိုးဆီချက်လည်း ပါတယ်"

"သား . . . ဒီနေ့ အသားကုန်ပျင်းနေတာ"

ပျင်းနေတာတောင် အသားကုန်ဟု ပြောနေသဖြင့် ဇင့် မချိုမချဉ်ပြုံးပြီး သားငယ်လေးရဲ့လက်ကို လှမ်းကိုင်လိုက်သည်။ သူမကို ပြန်၍ ဆုပ်ကိုင်ထားသော လက်တွေမှာ အားကိုးမှုတွေပါနေသည်။

"မမကြီးပြန်ရောက်နေတာတောင် သတိမထားမိဘူးလား"

"ဟိုတွေး ဒီတွေးနဲ့ဆိုတော့ . . . အဟဲ"

အပြစ်ရှိသူတစ်ယောက်လို မျက်နှာချိုသွေး ရယ်ပြနေသော သားငယ်လေးကို ခုံထက်မှထစေပြီး –

"လာ အိမ်ထဲသွားရအောင်၊ မမကြီးရဲ့ညီသည်ပါလာတယ်။ သားငယ်လေးကတော့ သူ့ကို ဘယ်မှတ်မိတော့မလဲ။ သူကတော့ သားငယ်လေးကို သိတယ်"

ခါတိုင်းဆိုလျှင် မမကြီးက သူ့ကို ဘယ်သူနှင့်မှ မိတ်ဆက်ပေးဖို့ မပြောတတ်ပေ။ လူတွေ သူတွေရှေ့မှာ မမြင်မစမ်းနှင့် သွားလာနေသည့် သူ့အဖြစ်ကို လူအများက စုတ်တသပ်သပ်နှင့် သနားသလိုလို ပြောလာမှာကို မမကြီး လုံးဝမကြိုက်ခဲ့ပေ။

သူကိုယ်တိုင်ကလည်း မတွေ့မမြင်ဖူးတဲ့ လူတွေကို ဟန်ဆောင်မပြုံးပြချင်ပါ။ ပါးစပ်က တစ်မျိုးပြောပြီး မျက်လုံးတွေနှင့် ကဲ့ရဲ့မှာကိုလည်း မခံနိုင်ပေ။

ယခုကျတော့ မမကြီးက မိတ်ဆက်ပေးမည်ဟုဆိုလာသဖြင့် သူ အသာငြိမ်ပြီး မမကြီးနောက် လိုက်ပါလာခဲ့သည်။

"ထိုင်ပါ ကိုအောင်ရဲ့ လာ သားငယ်လေး။ ဪ . . . မိတ်ဆက်ပေးရဦးမယ်။ ကိုအောင်က သားငယ်လေးကို တွေ့ဖူးတယ် ဆိုပေမယ့် တော့တော့ဆိုင်ဆိုင်မှ မဆုံဖူးပဲနော်။ ကိုအောင် . . . ဒါ ဇော်ရဲ့မောင်လေး ညီညီသစ်တဲ့"

သားငယ်လေးရဲ့မျက်နှာက ကိုအောင်ရှိမည်ထင်သောဘက် သို့ မျက်နှာလေး လှည့်ရှာသည်။

ကိုအောင်က ပြုံးပြီး ခေါင်းညိတ်ပြီးမှ –

"ဪ . . . ကောင်လေးက မျက်မမြင်လေးပါလား" ဆို သည်အသံနှင့်။

"တွေ့ရတာ ဝမ်းသာပါတယ် ငါ့ညီ"

သူ့ရဲ့လက်မောင်းကို အသာဆုပ်ကိုင်လိုက်သည့် လက်ရဲ့ အထိအတွေ့ကတော့ ကြင်နာသလိုလို။ မျက်နှာတော့ ဘယ်လိုရှိနေ မလဲ သူ မသိပေ။

"သားငယ်လေး . . . ကိုအောင်က မမကြီးတို့နဲ့ လုပ် ဖော်ကိုင်ဖက် လုပ်ငန်းတူမိတ်ဆွေ ကိုအောင်သိမ်းတဲ့"

မမကြီးက သူတို့နှစ်ယောက်ကို အသာကြည့်ပြီးမှ သူ့ကို ပြန်မိတ်ဆက်ပေးမိရသည်။ လူမမြင်ရသဖြင့် သူ့လက်ကို ဆုပ်ကိုင်ထား သောလက်ကို ထပ်ဆုပ်ကိုင်ပြီး –

"ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ် အစ်ကို"

"ဪ . . . စကားပြောကြဦးနော်"

ဇော်က အဆင်ပြေသွားသူနှစ်ယောက်ကိုကြည့်ပြီး မီးဖို ဆောင်မှ မရီကို ညွှန်သည်အတွက် အအေးချမိုင်းလိုက်သည်။





အလုပ်တစ်ဖက်နှင့်မို့ အဝတ်အစားပင် မလဲနိုင်ဘဲ ကိုအောင့် ကိုပြရန် ပစ္စည်းတွေ အရင်ယူလိုက်သည်။

ထွက်သွားသော ဇော်ကိုကြည့်ပြီး ကိုအောင်သိမ်း၊ ညီသစ် ဘေးမှာ အသာထိုင်လိုက်သည်။ မိန်းကလေးလို နုနုနွဲ့နွဲ့ ချောသော ညီသစ်သည် ဇော်နှင့်ရုပ် သိပ်မတူပေ။

ပါးလျသော ဆံပင်တွေက ခပ်ပျော့ပျော့နှင့် နားရွက်ကို ဖုံးနေလေသည်။ မျက်ခုံးက သိပ်မကောင်းသော်လည်း မျက်တောင်တို့ က ကော့ရော့နေသည်။ နှုတ်ခမ်းတို့သည် ဆေးမကူဘဲ ရဲနေသည်။

ညီသစ်ပုံစံက အိမ်တွင်းပုန်းသည့် အပျိုစင်တစ်ယောက်နှယ်။ လူလည်းကြောက်တတ်ပုံရသည်။ ယခုတောင် ဘာစကားမှမဆိုဘဲ ခေါင်းကြီးပဲ ငုံ့နေသည်။ သူ သဘောကျစွာ ပြုံးလိုက်ပြီးမှ –

"ညီလေး . . . ဘာမှအားမငယ်နဲ့နော်"

သူ့စကားကြောင့် ကောင်လေးက ခေါင်းထောင်သွားပြီး မျက်နှာလှည့်လာသည်။ ပြီးမှ သက်ပြင်းအသာချကာ –

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော် ကျေးဇူးတင်ပါတယ်။ ကျွန်တော် အားမလျှော့ပါဘူး။ ပထမတစ်ခေါက် ခွဲစိတ်ပြီးသွားပြီ၊ မအောင်မြင်ဘူး။ ဘာဖြစ်လဲ ဆိုရိုးတောင်ရှိသေး။ အကြိမ်တစ်ရာ ကြိုးစားလို့ မအောင်မြင်ရင် တစ်ရာ့တစ်ကြိမ် ကြိုးစားလိုက်ပါတဲ့"

"ဒါပေါ့ကွ၊ ဒါမှ ယောကျ်ားကောင်းတို့ရဲ့ဖွဲ့။ ဘေးမှာ အမြဲ တမ်း ဖေးမနေတဲ့ အစ်မတစ်ယောက် ရှိနေတာပဲ"

"ဒါပေမဲ့ . . . တစ်ခုတော့ရှိတယ်။ ဒီလို မမြင်မစမ်းဘဝကြီး နှစ်ကြာလာလေလေ မမကြီးကို ကျွန်တော် အားနာလေလေပဲ"

"ဟော. . . . ဘာလို့လဲကွ"

ထူးဆန်းသောစကားကြောင့် ကိုအောင်သိမ်း အံ့ဩသလို မေးတော့ ညီသစ်က ခေါင်းအသာယမ်းလိုက်သည်။

သိနေတာတစ်ခုကတော့ မမကြီးရဲ့ဘဝမှာ သူမရဲ့ဆန္ဒဆိုတာ အမြဲတမ်း နောက်တန်းမှာရှိနေတတ်ပြီး သူ့ကိုသာ ထာဝရ နံပါတ်တစ် ဦးစားပေးတတ်သည်။

အပူအအေး လိုရာပေးသလို နွေမိုးဆောင်း ဥတုသုံးလီ ပြောင်းသည့်အတိုင်း အဝတ်အစားတွေကို နွေဆိုနွေ၊ ဆောင်းဆို ဆောင်း ဂရုစိုက်သည်။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေး။ အားလပ်ချိန် အမြဲတမ်း သူ့ဘေးမှာ အဖော်လုပ်ပေးပြီး တီဗွီစာတ်လမ်း အတူကြည့်ပေးသည်။ စာတွေဖတ်ပြသည်။ ခေတ်နှင့် မျက်ခြည်မပြတ်စေရန် သတင်းစာ၊ ဂျာနယ်တွေလည်း ဖတ်ပြသည်။

တစ်ခါတလေ ညနေစောင်းမှ ပြန်လာတတ်တာတောင် သူ့အတွက် တာဝန်တွေ မပျက်ကွက်ဖို့ ကြိုးစားသည်။

"မမကြီး ဒီနေ့ တစ်နေကုန်အလုပ်မှာ ပင်ပန်းလာပြီနေမှာ။ ဒီနေ့ ဂျာနယ်မဖတ်ပြနဲ့တော့။ စားပြီးအိပ်တော့နော်"

"ဘာလဲ သားငယ်လေးက မမကြီးကို အနားမှာမရှိစေချင်လို့လား"

ဟုမေးလျှင် သူ့မှာ ဗျာဗျာသလဲ။

"မဟုတ်တာ မမကြီးရယ်။ မမကြီး ပင်ပန်းနေတာကို သားက သနားလို့ပါ။ ပြီးတော့ သားက မမကြီးရဲ့အလုပ်ဆို ဘာမှမကူနိုင်တဲ့





လူပိုကြီးလေ။ တစ်နေ့တစ်နေ့ မမကြီး ရှာကျွေးတာ ထိုင်စားနေရတဲ့ လူပိုကြီး။ မမကြီးပင်ပန်းနေတာ သား ဘယ်လို စိတ်ကောင်းနိုင်မှာလဲ"

"တော် တော် . . . နောက်တစ်ခါ လူပိုကြီးလို့ပြောကြည့်။ မမကြီး တကယ်စိတ်ဆိုးမှာ။ တုတ်နဲ့ကို ရိုက်ဦးမှာ"

ပြောသာပြောသည်။ မမကြီး သူ့ကို လက်နှင့်တောင်မရွယ်တာ ရိုက်ဖို့ဆိုတာ ဝေလာဝေး။

ထိုသို့ မမကြီး ပင်ပန်းနေရတာ သူ့မျက်လုံးကွယ်သွားလို့။ သူသာ မျက်စိပြန်မြင်လျှင် မမကြီးရဲ့အလုပ်တွေကို အများကြီးကူပေးမည်။

"အောင်မြင်မှာပါကွာ။ ဘာဖြစ်လဲ အားတင်းထားပေါ့"

"တကယ်လို့ မအောင်မြင်ရင်လည်း ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်နိုင်အောင် ကြိုးစားထားပါတယ် အစ်ကို။ မုန်းတော့ မုန်းတာပေါ့ဗျာ။ သူများတွေပြောကြသလိုပေါ့ ရင်လောက်မုန်းမှ ဒူးလောက်ကျတယ်ဆိုတာ"

"မဟုတ်တာပဲကွာ၊ အောင်မြင်မှာပါ"

ကိုအောင်သိမ်းက ညီသစ်အားလျော့စကားတွေ ပြောနေသဖြင့် အားပေးစကားပြောလိုက်ခြင်းဖြစ်ပြီး ညီသစ်ကတော့ –

"ကျွန်တော် အားလျော့တာမဟုတ်ဘူး အစ်ကို။ ဖြစ်လာခဲ့ရင် ရင်ဆိုင်နိုင်အောင်လို့ပါ။ ကျွန်တော်တို့ ဆယ်တန်းကျောင်းသားဘဝက သင်ခဲ့ရတဲ့ ဟယ်လန်ကဲလားက ငယ်ငယ်ကလေးတည်းက မျက်စိကွယ်ခဲ့တာ။ သူတောင် ကျွှာကျော် စာရေးဆရာ တစ်ယောက်

ဖြစ်ခဲ့သေးတာပဲ ကျွန်တော်က သူလိုမဖြစ်နိုင်ရင်တောင် ကိုယ့်ဝန်းကျင်
နဲ့တော့ လိုက်လျောညီထွေ နေတတ်ရမှာပေါ့၊ မဟုတ်ဘူးလား''

ညီသစ်ရဲ့စကားတွေမှာ အားမာန်ပါလှသည်။ ကိုအောင်သိမ်း
သဘောကျစွာ ညီသစ်ရဲ့ပခုံးကို ပုတ်ကာ –

''ဒါပေါ့ကွာ . . . ဒီလိုစိတ်ထားစမ်းပါ။ သံယောဇဉ်ရဲ့မောင်
ပဲဟာ''

''ဘာတွေ စကားကောင်းနေကြတာလဲ၊ ဇဉ်ရဲ့မောင်လေးကို
ဘာတွေ မြှောက်နေတာလဲ ကိုအောင်''

''ဇဉ်''

ဇဉ်က ပစ္စည်းတွေကို စားပွဲပေါ်ချပြီး ခပ်ပြုံးပြုံးမေးတော့
ကိုအောင်သိမ်းက မလုံမလဲ ရယ်လိုက်သည်။ ဇဉ်က ငြိမ်သက်နေ
သည့် သားငယ်လေးရဲ့မျက်နှာကို လှမ်းကြည့်လိုက်ပြီး –

''ကိုအောင် ပစ္စည်းတွေ သေချာကြည့်ပါဦး''

''ရပါတယ် ဇဉ်ရဲ့''

''ရပါတယ် မလုပ်ပါနဲ့။ လူချင်းခင်တာက ခင်တာပဲ။ လုပ်
ငန်းဆိုင်းမှာတော့ လုပ်ငန်းအတိုင်း သွားကြရအောင် ကိုအောင်၊ ဟော
ဒါက ဘိုးဘွားပိုင် စိန်စစ်စစ်။ ကိုအောင်ကို ဇဉ် ပြမယ်ဆိုတာလေ''

ဇဉ် ကမ်းပေးသည့် လက်သန်းလက်သည်းခွံလောက်ရှိသော
စိန်ကို ကိုအောင်က မှန်ဘီလူးနှင့် သေချာကြည့်သည်။ ဟိုဟိုဒီဒီ
လှည့်ပတ်ကြည့်ပြီး ကတ္တီပါအခင်းပေါ်သို့ ပြန်ချကာ –

''အနာအဆာနည်းရင်တော့ အတော်ဈေးကောင်းရမယ့်
ပစ္စည်းပဲ ဇဉ်။ အရည်အသွေးကတော့ မှတ်ကျောက်တင်ခံနိုင်တယ်။





ဒါတွေက''

ကိုအောင်သိမ်းက အခြားသော ကျောက်မွှင့်တွေကိုလည်း
မှန်ဘီလူးနှင့် သာမန်ကာလျှံကာကြည့်ပြီး –

''ပြောနေရမယ့်လူတွေမှ မဟုတ်တာ။ ဇဉ်က ကြည့်ဆိုလို့
သာ ကြည့်ရတယ်''

ဇဉ်က ဘာမှမပြောဘဲ ပြုံးသည်။ ကိုအောင်သိမ်းက ပစ္စည်း
ဘူးကို သေချာပိတ်ပြီး အတက်ချိုကော့စ်ထဲ ထည့်လိုက်သည်။

''ကဲ . . . ရောက်နေတာလည်းကြာပြီဆိုတော့ ပြန်ဦးမယ်
ဇဉ်ရေ၊ ဆိုင်ကို ပြန်သွားရဦးမယ်လေ''

''ဒါဆိုလည်း ဖြည်းဖြည်းနော်''

ဇဉ်က သားငယ်လေးရဲ့လက်ကိုတွဲပြီး ကိုအောင်သိမ်းကို
ကားနားထိ လိုက်ပို့လိုက်သည်။ ကားထွက်သွားသံကြားမှ သားငယ်
လေးရဲ့မျက်နှာက လှည့်လာသည်။

''သားငယ်လေး . . . ခြံထဲသွားဦးမလား''

''သွားလေ''

သားငယ်လေး ခေါင်းညိတ်သဖြင့် ဒန်းဆီသို့တွဲ၍ ခေါ်လာခဲ့
သည်။ အတန်ကြာအောင် ငြိမ်သက်နေပြီးမှ –

''မမကြီး''

''ရှင်''

သားငယ်လေးရဲ့ခေါ်သံကို 'ရှင်' ဟုထူးတော့ သားငယ်လေး
က သဘောကျစွာ မျက်နှာမော့ရယ်ပြီး –

''အဲဒီလူက တော်တော် သဘောကောင်းမယ့်ပုံပဲနော်။

စကားပြောတာလည်း အေးဆေးပဲ"

"သားငယ်လေးက သူ့အပေါ် ဘယ်လိုသဘောရသလဲ"

ဖြုန်းခနဲ မေးလိုက်သောမေးခွန်းကြောင့် ညီသစ် ငြိမ်သက်သွားသည်။ မမကြီး ဘာအဓိပ္ပာယ်နှင့် မေးသလဲ သူ မစဉ်းစားတတ်ပေ။ သူ ခေါင်းမသိမသာယမ်းပြီး –

"သားမသိဘူး မမကြီး"

"အင်း"

မမကြီးဆီမှ သံရှည်ဆွဲသံတစ်ချက် ကြားရပြီး မောင်နှမနှစ်ယောက်ကြား ပြောစရာစကားတွေ ပျောက်ဆုံးနေသည်။ ဇင်ကတော့ ကိုအောင်နှင့်မဆိုင်သည့် သူတို့မောင်နှမနှစ်ယောက်ရဲ့ အကြောင်းကို တွေးမိတာပါ။ လွန်ခဲ့တဲ့နှစ်နှစ်က သားငယ်လေး မျက်လုံးကွယ်တာကို လက်မခံနိုင်ဘဲ –

"သားငယ်လေး ဟိုမှာ လိပ်ပြာရောင်စုံလေးတွေ တွေ့လား"

ဟု မေးခဲ့မိသည်။ နောက် သားငယ်လေး စိတ်ထိခိုက်စွာ သူမရဲ့ရင်ခွင်ထဲမှာ ငိုခဲ့တာ အိပ်မက်မှ မဟုတ်ဘဲကွယ်။ အခုတော့ သားငယ်လေးက အနည်ထိုင်သွားသလိုနှင့် တစ်ယောက်တည်း ရှိသည့်အခါ ငေးငေးငိုင် ငိုင်နှင့် ရှိနေတတ်ခဲ့သည်။

"သားငယ်လေး ...အေးလာပြီး အပေါ်တက်ရအောင်နော်"

သားငယ်က ဘာမှမပြောတော့ဘဲ ခေါင်းအသာညိတ်ပြသည်။



## အခန်း (၅)

ဇင် ကိုယ့်အတွေးနှင့်ကိုယ် ဘုရားပန်းလဲနေသဖြင့် အောက်ထပ်က သီချင်းသံတွေကို သတိမထားမိပေ။ သတိထားမိတဲ့အချိန်မှာ သီချင်းသံက တိတ်သွားလေသည်။ ဇင် မျက်မှောင်ကြုတ်မိသည်။

စောစောတုန်းက သားငယ်လေးဖွင့်တဲ့သီချင်းခွေက သူမ ဝယ်ပေးထားတဲ့ခွေ မဟုတ်ပေ။

အတွေးမဆုံးခင် သီချင်းသံက နောက်တစ်ပုဒ်သို့ ညွှန်ပြနေသည်။ ထိုစဉ် အဆိုတော်ရဲ့စကားသံကို ကြားရသည်။ ဇင် ပန်းခက်တွေကို ကိုင်ထားရင်းမှ အာရုံစိုက်နားထောင်မိသည်။

"ကျွန်တော် အခုထပ်ပြီး သီဆိုမယ့်သီချင်းကတော့ 'လွှမ်းခြင်းနိဒါန်း' ဖြစ်ပါတယ်။ 'လွှမ်းခြင်းနိဒါန်း' မဆိုခင်မှာ ကျွန်တော် စကားနည်းနည်းလောက် ပြောချင်ပါတယ်"

"ကျွန်တော်တို့ စာတစ်ပုဒ် ရေးကြမယ်ဆိုပါတော့။ ဒီစာထဲမှာ နိဒါန်း၊ စာကိုယ်၊ နိဂုံးဆိုပြီး အပိုင်းသုံးပိုင်း ပါဝင်ပါတယ်။ နိဂုံးဆိုတာ နိဋ္ဌိတံလို့ ဆိုရမှာပေါ့။ အခု လွှမ်းခြင်းနိဒါန်းဆိုတာ

ကျတော့ ကျွန်တော် လွမ်းမယ်။ ဒီရဲ့အလွမ်းတွေကို ကျွန်တော် အဆုံးမသတ်ချင်ဘူး။ အမြဲတမ်း လွမ်းချင်တယ်။ ဒါကြောင့် နိဒါန်း လို့ဆိုတာကို သက်ဆိုင်သူ မမသိပါစေ''

ဇင်ဦ တစ်ကိုယ်လုံး တုန်ယင်လာကာ ခေါင်းကို သွက်သွက် လည်အောင်ခါရင်း အိမ်အောက်ထပ်သို့ အတင်းပြေးဆင်းလာခဲ့သည်။

''သားငယ်လေး ... သားငယ်လေး''

''ဒုန်း ဒုန်း ဒုန်း''

အလောတကြီးခေါ်လည်းခေါ် တံခါးကိုလည်း တဒုန်းဒုန်းနှင့် ထုရိုက်ကာ အော်ခေါ်နေမိသည်။

''သားငယ်လေး''

ဇင်ဦရဲ့ပုံစံက ပင်ပန်းလှသော ခရီးရှည်ကြီးမှလာသူ တစ် ယောက်လို မောကြီးပန်းကြီးနိုင်လှသည်။ နံရံတစ်ဖက်ခြားမှာ ထွက် ပေါ်နေသော သီချင်းသံကို မကြားချင်စွာ နားကိုလည်း ပိတ်ထားမိ ပါသေးသည်။

ခါးခါးသီးသီးနှင့် ထိုအသံရှင်ကို ထိခိုက်နာကျင်အောင် လုပ်ပစ်ချင်သော်လည်း တကယ်တမ်း လက်တွေ့မှာတော့ မကြားချင် ဘူး။ မကြားချင်ဘူးလို့ အော်နေယုံကလွဲ၍ ဇင်ဦ ဘာမှမတတ်နိုင်။

အော်နေရင်လည်း လိပ်ခေါင်းသာ ထွက်လာမည်။

''ညီညီသစ်''

တစ်ခါမှ နာမည်သော်ကိုမှမခေါ်ခဲ့ဖူးသည့် မောင်ငယ်လေးကို ဇင်ဦ နာမည်တဆုံး တစ်စအော်ကာ တစ်တစ်ခွခွ အော်လိုက်သည်။

''ဗျာ ... မမကြီး ခဏလေးနော်''





ခါတိုင်း အစ်မဖြစ်သူ အိမ်မှာရှိနေသည့်ရက်များတွင် တံခါးကို ဂျက်မချထားသည့်ကလေး။ ယခုကျတော့ နိုးကြောင်နိုးဝှက်လုပ်စရာ ရှိလို့ တံခါးဂျက် ချထားသည်ဟု ဇင်ဦကတော့ သတ်မှတ်လိုက်သည်။

အခန်းထဲမှ လှုပ်ရှားသံများကို ဖုံးလွှမ်းလျက် သီချင်းသံက ထွက်ပေါ်နေသည်။ ပုံစံကတော့ နင့်ဘာသာနင် အော်ချင်သလောက် အော် ဂရုမစိုက်ဘူးဆိုသည့်ပုံစံ။

♪ အမြဲတမ်း ×× အမြဲတမ်း ×× ပြုံးတတ်တဲ့မျက်နှာ ×× နူးညံ့တဲ့နှလုံးသားပိုင်ရှင်မရယ် ×× လွမ်းတယ် ×× လွမ်းတယ် ×× လွမ်းတယ် ♪

ဇင်ဦ အိခြေမဆည်နိုင်လောက်အောင် တုန်လှုပ်ကာ –

''ညီညီသစ် ... ငါ ခေါ်နေတယ်၊ တံခါးဖွင့်ဆိုတာ မင်း မကြားဘူးလား''

''လာပြီ မမကြီး။ ဒီမှာ လက်ကိုင်တုတ်စမ်းမရလို့။ ရပြီ လာပြီ မမကြီး''

သူမရဲ့အော်သံကို မကြားဖူးသည့် သားငယ်လေးအတွက် တော့ ထူးဆန်းနေပေမည်။

''ကလစ်''

တံခါးဖွင့်သံနှင့်အတူ ဇင်ဦ သားငယ်လေးကို တွန်းတိုက်ကာ ကက်ဆက်ကို ပိတ်ပစ်လိုက်သည်။ ဒီတော့မှ စိတ်ကလေး အနည်း ငယ် ငြိမ်သွားသည်။ သားငယ်လေးကတော့ တံခါးဝမှာပဲ ရပ်နေရင်း ဘာမှမသိတတ်တဲ့လူတစ်ယောက်လို။

''မမကြီး ဘာဖြစ်လို့လဲ၊ ဘာလို့ ကက်ဆက်ကို ပိတ်လိုက်

ာလဲ။ သားက နားထောင်ကောင်းလို့ နားထောင်နေတဲ့ဟာကို''

ဇွဲက သားငယ်လေးမေးတာကို မဖြေနိုင်သေးဘဲ သားငယ်
ားသို့ကပ်သွားကာ ခြေတစ်လှမ်းချင်း လှမ်း၍ စူးစိုက်ကြည့်ပြီး—

''မင်းကို ဒီသီချင်းခွေ ဘယ်သူဝယ်ပေးတာလဲ သားငယ်
လေး။ မမကြီးဝယ်ပေးတဲ့ခွေကလွဲရင် မင်းမှာ တခြားပစ္စည်း မရှိရဘူး။
ါ ဘယ်သူဝယ်ပေးတာလဲ ပြော''

ဟု အမေးလာတကြီးမေးတော့ သားငယ်လေးက ဘာမှမဟုတ်
သလိုနှင့် ပေါ့ပေါ့ပါးပါးရယ်ကာ –

''အပေဟာ ဒါလား မမကြီးရယ်။ အဲဒါများ ဒေါသတကြီးနဲ့
အဟဲ''

''ငါမေးတာကိုပဲ ဖြေစမ်းပါ''

တစ်ခါမှ ခက်ထန်ကြမ်းတမ်းခဲ့ခြင်းမရှိသည့် ကိုယ့်ကိုယ်တွင်း
ည်သည့် ဝိညာဉ်ဆိုးတွေက ဝင်ရောက်နှောင့်ယှက်လာရတာလဲ။

ကြမ်းတမ်းခြင်းဆိုလျှင် ကိုယ်ကလည်း မပြောခဲ့သလို ပြော
သံကြားလျှင်တော့ နှာခေါင်းရှုံ့တတ်သည့် ဇွဲက လူကြမ်းမကြီး
ဖြစ်မှန်းမသိ ဖြစ်နေခဲ့သည်။

ကိုယ့်ဘဝမှာ ထိုအသံ မကြားနိုင်ရာ ကမ္ဘာတစ်ခုရှိလျှင်
ထိုကမ္ဘာထိ သွားရောက်နေထိုင်ပစ်လိုက်ချင်သည်။ အဲဒါက ရှောင်
ပုန်းချင်၍ မဟုတ်ပေ။

ထိုမျက်နှာကိုမြင်မိလျှင် ကိုယ့်ကိုယ်ကိုယ် အော့နလုံးနာ၍
ဖြစ်သည်။ အသံကြားလျှင်တောင် ဒီလောက်ထိ ခါးသီးနေလျှင် ရုပ်
မြင်လိုက်ရလျှင် –





''ဟိုတစ်နေ့က ဟိုတက်အိမ်က ချာတိတ်လေးတွေ ဒီသီချင်း
ဖွင့် နားထောင်တာ သားနားထောင်ပြီး တော်တော်ကြိုက်သွားတာ။
အဲဒါကြောင့် ကိုသာထူးကို ဈေးဘက်ရောက်ရင် ဝယ်ခဲ့လို့ မှာလိုက်
တာလေ''

ဇွဲကတော့ သားငယ်လေးပြောနေတာတွေကို ဆက်နား
မထောင်တော့ဘဲ ကက်ဆက်ကိုသာ စူးစိုက်ကြည့်ရင်း ခွေ cover
ကို ယူကြည့်လိုက်သည်။

''နောက်တစ်ခါ ဒီခွေကိုနားမထောင်နဲ့၊ ပြီးတော့ မှာထားဦး
မယ်။ သားငယ်လေးမှာ မမကြီးတစ်ယောက်လုံးရှိတယ်၊ ဘယ်သူ့ကိုမှ
မှာစရာမလိုဘူး''

''ဘာဖြစ်လို့လဲ မမကြီးရယ်။ တစ်ခါမှ မချုပ်နှောင်တတ်ခဲ့တဲ့
မမကြီးက ဘာလို့ အခုမှ သားကို လှောင်အိမ်ထဲ ထည့်ပိတ်သော့ခတ်
ချင်ရတာလဲ''

''----''

''သားရဲ့ဘဝမှာ မမကြီးက အပြင်ထွက်လည်ပါလားဆိုရင်
တောင် မလည်နိုင်တဲ့ အခြေအနေပါ။ အိမ်ထဲမှာနေပြီး သီချင်း နား
ထောင်တာလောက်ကိုတော့ မမကြီး မတားမြစ်သင့်ပါဘူး''

''သားငယ်လေး''

ဇွဲ သားငယ်လေးရဲ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်တော့
သားငယ်လေးက တွန့်ခနဲနေအောင် ရုန်းထွက်သွားသည်။ ဇွဲ မယုံ
နိုင်စွာ သားငယ်လေးကိုကြည့်ပြီး –

''မမကြီးက သားငယ်လေးကို ဘယ်တုန်းက ချုပ်ချယ်ခဲ့ဖူး

လို့လဲ။ ဘာလို့ ဘာမဟုတ်တဲ့ကိစ္စတစ်ခုနဲ့ မမကြီးကို"

"ဘာမဟုတ်တဲ့ကိစ္စနဲ့ အရင်စတာ မမကြီးလေ။ ရှိုးရှိုးတမ်းတမ်း နားမထောင်နဲ့ဆိုရင် သား ဘာမှ ပြောမှာမဟုတ်ဘူး။ အခု မမကြီးက ယမမင်းခေါ်သံကြားတဲ့ ငရဲသားတစ်ယောက်လို ပျာပျာသလဲဖြစ်နေတာ သား လုံးဝ နားမလည်နိုင်ဘူး။ သီချင်းတောင် သားမှာ လွတ်လပ်စွာ နားထောင်ခွင့်မရှိတော့ဘူးလား"

သားငယ်လေးပုံစံက တကယ် စိတ်ထိခိုက်သွားသူ တစ်ယောက်လို စိတ်လိုက်မာန်ပါ ပြောနေခြင်းဖြစ်သည်။ ဇင် တံတွေး တစ်ချက် မျိုလိုက်သည်။

ကိုယ့်ရဲ့ အကြီးမားဆုံးသော အမှားတစ်ခုကတော့ အမူအရာ ပျက်ကာ စိတ်လိုက်မာန်ပါနှင့် သားငယ်လေးကို ပြောခဲ့မိခြင်း။ ယခု ဇင် အကိုင်အတွယ် ညင်သာရမည်။ ပညာသားပါရမည်။

မှသားမသုံးချင်သော်လည်း အဖြူရောင်မှသားပါဟု ကိုယ့်ကိုယ်ကိုယ် အားပေးပြီး -

"ဩော် သားငယ်လေးရယ် ... မမကြီးက ဘုရားရှိခိုးနေတာလေ။ သားငယ်လေးကကော မနက် ဘယ်တုန်းက သီချင်းဖွင့် နားထောင်နေလို့လဲ။ အဲဒါကြောင့်"

သားငယ်လေးက မျက်နှာပျက်ကာ အကြာကြီး ငြိမ်နေပြီးမှ ဇင့်စကားကြောင့် ခေါင်းမညိတ်ချင် ညိတ်ချင်နှင့် ညိတ်ကာ -

"ဒါဆိုလည်း ပြီးတာပါပဲ"

"ကဲ ကဲ မမကြီး ... ဘုရားဆက်ရှိခိုးလိုက်ဦးမယ်။ ဘုရားရှိခိုးပြီးရင် ထမင်းစားကြရအောင်နော်။ သားငယ်လေး ကြိုက်တတ်





တာတွေ မမကြီး ချက်ပြီးသား"

ဇင် သားငယ်လေးကို ချော့ပြောပြောပြီး ခွေကာဟာနှင့်ခွေကို တော့ ယူလာခဲ့သည်။ အောက်ထပ်သို့ရောက်တော့ -

"မရီ"

"----"

"မရီ"

"ရှင် လာပါပြီ မမဇင်"

"ရှင်ကိုနောက်ထား လူအရင်လာခဲ့"

မရီ အနားသို့ရောက်တော့ အပေါ်ထပ်ကို တစ်ချက်ကြည့်ပြီး လေသံလျှော့ကာ -

"ကိုသာထူးကော"

"ခြံထဲမှာ အပင်တွေရေလောင်းနေတယ် မမဇင်။ ကျွန်မ သွားခေါ်ပေးရမလား"

"နေ နေ ကျွန်မ သွားခေါ်လိုက်မယ်။ ထမင်းပွဲပြင်ထားလိုက်တော့"

"ဟုတ်ကဲ့ပါ မမဇင်"

မရီက ဇင့်ကို နားမလည်သလိုကြည့်ပြီး ကျိန်ခဲ့သည်။ ဇင် အိမ်ရှေ့သို့ ထွက်ခဲ့ပြီး ခြံထဲသို့ ဆင်းလာခဲ့သည်။ ကိုသာထူးကတော့ ဇင့်မှာထားသည့်အတိုင်း မနက်ဆိုလျှင် ပန်းပင်တွေကို တစ်ရက်မပြတ် ရေလောင်းပေးပါသည်။

နိုင်ငံခြားသစ်ခွအချို့၊ ပိန်းပန်းတွေစိုက်ထားသဖြင့် ကိုယ့်အိမ်အတွက် ဘုရားပန်းမရှားသလို ရောင်းတောင်ရောင်းနိုင်သည့် အခင့်

ဖြစ်သည်။

ကိုသာထူးကတော့ စိတ်အေးလက်အေးနှင့် ပန်းပင်တွေကို ရေလောင်းနေသည်။

"ကိုသာထူး"

"ဗျာ . . . မမဇင်"

ကိုသာထူးက ဇင့်ထက် အသက်ကြီးသော်လည်း နာမည် ခေါ်လျှင် မကောင်းသဖြင့် မရှိခေါ်သလို မမဇင်ဟုသာခေါ်သည်။ ဇင် လှည့်ကြည့်လာသော ကိုသာထူးကို ဘာမှမပြောသေးဘဲ လက်ထဲက ခွေနှင့် ခွေကာဘာကို ထောင်ပြလိုက်သည်။ ကိုသာထူးက နားမလည်သလိုကြည့်သည်။ ဇင် မျက်နှာမလွှဲဘဲ –

"ဟောဒီခွေတွေ တွေ့လား"

"ဟုတ်ကဲ့"

"နောက်တစ်ခါ ဒီအဆိုတော်ပါတဲ့ ဘယ်သီချင်းခွေကိုမှ ကိုသာထူး မောင်လေးကို မဝယ်ပေးပါနဲ့။ သူတောင်းရင်လည်း မထွက်သေးလို့ဆိုတာပြောပါ"

"ဟို . . . အဲဒါကလည်း ဟိုဘက်ခြံက ကောင်လေးတွေ နားထောင်တာကြားပြီး"

"ကိုသာထူး"

"------"

"ဇင် ပြောနေတာတွေကို ဟုတ်ကဲ့လို့ပြောရင် ပြီးတယ် မဟုတ်လား။ ဘာလို့ ဆင်ခြေပေးနေရတာလဲ။ ဇင် နောက်တစ်ခေါက် ဒီအဆိုတော်ရဲ့သီချင်းတွေ ဒီအိမ်မှာ မကြားချင်ဘူး ဒါပဲ"





ဇင် ပြောပြီး ချာခနဲလှည့်ထွက်ခဲ့သည်။

နောက်ဘက်မှာ ကိုသာထူးကတော့ နားမလည်နိုင်စွာ ကျန်ခဲ့လေသည်။

ဘယ်သူမှ နားမလည်ချင်နေပါ၊ ဇင်ကတော့ ကိုယ့်ကိုယ်ကိုယ် နားလည်သည်။

သူ့အကြောင်းတွေးမိလျှင်တောင် တစ်ရေးနိုးသည့် ညသန်းခေါင်ဖြစ်လင့်ကစား တရော်ကင်ပွန်းနှင့် ခေါင်းထဲလျှော်ပစ်မည်။

သူပါလားလို့ ကြည့်မိသည့် မျက်လုံးတွေကို ထိုးဖောက်ခွင့်ရလျှင် ထိုးဖောက်ချင်သည်။ သံယောဇဉ်ရဲ့ဘဝမှာ 'သူ' ဆိုတဲ့ လူတစ်ယောက်ကို အတွေးထဲ၊ အသားထဲကနေ မုန်းနေခဲ့တာ ဖြစ်သည်။

ဘာကြောင့်လဲ။

ဘာကြောင့်လဲဆိုတော့။

## အခန်း (၆)

အဝတ်အစားတွေကို ခရီးဆောင်အိတ်ထဲထည့်ရင်း –

"အတိအကျတော့ ကျွန်တော်မပြောနိုင်ဘူးအစ်ကို။ တစ်လ ဖြစ်ချင်လည်းဖြစ်မယ်၊ နှစ်လဖြစ်ချင်လည်းဖြစ်မယ်။ ကျွန်တော် ရန်ကုန်ရောက်ကတည်းက နယ်မပြန်ခဲ့တာ ကြာပြီလေ။ အိမ်ကလည်း မျှော်နေမှာ"

ထုတ်လုပ်သူက ခေါင်းယမ်းရင်း –

"အစ်ကိုပြောချင်တာက အောင်မြင်မှုအရှိန်တက်လာတုန်း ဒါကိုပဲ တစိုက်မတ်မတ်လုပ်စေချင်လို့၊ တစ်ရှိန်ထိုး အောင်မြင်ပြီးမှ ဝုန်းခနဲ ပြန်ကျသွားမှာ မလိုလားဘူး"

"အစ်ကို့စေတနာကို ကျွန်တော် နားလည်ပါတယ် အစ်ကို။ ဒုတိယစီးရီးပြန်တာလည်း မကြာသေးဘူး။ နောက်ပြီး ဧဝယံနဲ့စိုးလင်း လည်း မရှိဘူးဆိုတော့ ကျွန်တော်တစ်ယောက်တည်း လုပ်ချင်နေရုံနဲ့ မရဘူး အစ်ကို"

ပရိုဂျူဆာက ဘာမှမပြောတော့ဘဲ သူလုပ်သမျှတို့ကိုသာ





လိုက်ကြည့်နေသည်။

'ငွေပန်းဆိုင်' တေးသံသွင်းလုပ်ငန်းမှ ယခုထွက်မည့် စီးရီး အသစ်တွင် သူ့ကို ဝင်ဆိုဖို့ကမ်းလှမ်းလာခြင်းဖြစ်သည်။ သူကတော့ မိန်းကလေးတွေအများကြီးပါမှာမို့ သိပ်မဆိုချင်။ နောက်ပြီး ဧဝယံနှင့် လုပ်နေသည့်အခွေကလည်း မပြတ်သေးတော့ တခြားခွေလည်း မကိုင် ချင်ပေ။

"အစ်ကို . . . ကော်ဖီသောက်ဦးဗျာ။ ကျွန်တော်က ဒီနေ့ ညနေ ထွက်မှာဆိုတော့ အချိန်မရလို့"

"ရတယ် . . . ရတယ်၊ ညီ့ရဲ့အလုပ်သာဆက်လုပ်"

သူ shoe ဖိနပ်ကြိုးချည်နေတော့ ပရိုဂျူဆာလည်း အလိုက် တသိနှင့်ပင် –

"အေးလေ၊ ခရီးဖြောင့်ဖြောင့်သွားပါ။ ပြန်ရောက်ရင်သာ အစ်ကို့ကို ဖုန်းတစ်ချက် ဆက်လိုက် ဟုတ်ပြီလား"

ခွန်အား နှုတ်ဆက်၍ထွက်သွားသော ပရိုဂျူဆာကို အကြာ ကြီးရပ်ကြည့်မနေနိုင်ဘဲ မတ်တတ်ထရပ်ကာ ခရီးဆောင်အိတ်ကို တံခါးအပြင်ဘက်သို့ ထုတ်ပြီး တိုက်ခန်းတံခါး သော့ခတ်လိုက်သည်။

သူ့ရဲ့ငွေမင်ရောင်လင့်ခရူဆာကားပေါ် ခရီးဆောင်အိတ် တင်ပြီး ကားမောင်းထွက်လိုက်သည်။

ရန်ကုန်–သာစည်–တောင်ကြီး ပြည်ထောင်စုလမ်းမကြီးက ဖြောင့်ဖြူးနေသည်။

သာစည်မြို့နယ်အတွင်းက 'ယင်းမာပင်' ကျေးရွာကို ကျော်လွန်လာသည်နှင့် ရှမ်းရိုးမတောင်တန်းကြီး၏အလှ၊ ချယ်ရီ

ထင်းရှူးပန်းရဲ့အလှတွေကို တွေ့မြင်လာရသည်။

တောနံ့၊ တောင်နံ့တို့၏ လတ်ဆတ်သော လေကို ရှူရှိုက်လိုက်မိသည်နှင့် စိတ်က လန်းဆန်းသွားသည်။ သဘာဝရှုခင်းရဲ့ အလှအပကို ခံစားချင်၍ သီချင်းတောင် ဖွင့်နားမထောင်ပေ။

သာစည်မြို့မှ လေးနာရီခန့် မောင်းနှင်လာခဲ့ရာ သာယာအေးချမ်းလှသည့် ပင်လယ်ရေမျက်နှာပြင်အထက် (၃၈၁၅) ပေ အမြင့်တွင်ရှိသည့် ကလောသို့ရောက်ခဲ့သည်။

ညကြီးမင်းကြီး ကားမမောင်းချင်သဖြင့် ကလောဟိုတယ်၌သာ တည်းခိုလိုက်သည်။ ကိုယ်က ဤတောင်ပေါ်သို့ မရောက်တာကြာပြီမို့ လမ်းအထာတွေကို မသိတော့ပေ။

တစ်ညလေးနားလိုက်ရုံနှင့် ဘာမှမဖြစ်တာမို့ အပြည့်အဝအနားယူလိုက်သည်။ ဟိုတယ်က အစားအသောက်ကိုပဲ မှာစားလိုက်သည်။ အပြင်မှာ တကူးတကထွက်ပြီး ဝယ်မစားဖြစ်တော့ပေ။

ကလောဟိုတယ်အတွင်းမှာ ကလောမြို့၏အလှကို တဝိုမ့်ဝိုမ့်ကြည့်ရှုမိပါသည်။ မနက်စောစောရောက်တော့ ခရီးဆက်ထွက်ဖြစ်သည်။

တောင်ပေါ်သို့ရောက်စကတည်းက အချမ်းဓာတ်က လွှမ်းကဲလာပြီမို့ သားရေ ဂျာကင်အညိုရောင်ကို ထပ်ဝတ်ခဲ့ပြီးသား။

အအေးဓာတ်တွေ တိုးမဝင်နိုင်စေရန် ကားမှန်တံခါးတွေ အကုန်လုံး တင်ခဲ့ပြီးသား။

ကလောမှ ဆက်ထွက်ခဲ့ရာ မြောက်ပိုင်းခန့်အကွာတွင်ရှိသော အောင်ပန်းမြို့သို့ရောက်သည်။ လမ်းတစ်လျှောက် ဝင်းဝါသော





နေကြာရိုင်းပွင့်ဖါဖါတို့၏အလှနှင့် လမ်းနှစ်ဖက်ကို တန်ဆာဆင်ထားခြင်းဖြစ်သည်။

အောင်ပန်းမြို့လွန်လျှင် ပင်းတယမြို့သို့ရောက်သည်။ 'ပင်းတယ'မြို့သည် ရွှေဥမင်လိုဏ်ဂူနှင့် ပတ်သက်၍ နာမည်ကြီးသဖြင့် မသိသူမရှိပါ။

ပင်းတယမြို့၏ မြောက်ဘက်သုံးမိုင်အကွာတွင် ဇော်ဂျီမြစ်၏ ရေထွက်ရှိပြီး ဇော်ဂျီမြစ်စီးဆင်းရာ တစ်ဖက်တစ်ချက် မြစ်ဝှမ်းဒေသတွင် ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်နှင့် လိမ္မော်ပင်များ စိုက်ပျိုးထားပါသည်။

ဇော်ဂျီမြစ်သည် ရပ်စောက်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့ကို ဖြတ်၍ ဧရာဝတီမြစ်ထဲသို့ စီးဝင်သွားသည်။

သူကတော့ ဘုရားဖူးလာသူမဟုတ်။ အိမ်လွမ်း၍ အိမ်ပြန်လာသူမို့ ဟိုဝင် ဒီထွက် လုပ်မနေတော့ပါ။ ကားကိုသာ လမ်းကြောင်းအတိုင်း မှန်မှန်မောင်းလာခဲ့သည်။

သူတို့တောင်ကြီးမြို့သည် ရာဇဝင်ကောင်းသော မြို့ကြီးဖြစ်သည်။ တောင်ကြီးမှ ထွက်သည့် အနုပညာရှင်များမှာ ဒုနှင့်ဒေး။ လတ်တလော ခွဲထုတ်ပြရလျှင် ကိုလေးဖြူ၊ ကိုငဲတို့တွေက ရှမ်းပြည်တောင်ပိုင်းကထွက်သည့် အဆိုတော်စစ်စစ်တွေ။

ကားကို မရပ်မနားဘဲ တောင်ကြီးသို့ ဘောက်လျှောက်မောင်းလာခဲ့သည်။ မြို့အဝင် မုဒ်ဦးနားသို့အရောက် သူ့အကြည့်က ကားလမ်းတစ်ဖက်ဆီသို့ ရောက်သွားသည်။

"ကျွီ"

ကားဘီရိုတ်ကို အလျှင်စလို နင်းမိသည်။ အရှိန်နှင့်ပြေးလွှားနေသည့် ကားက ရုတ်တရက် ဘရိတ်နင်းခံလိုက်ရသဖြင့် ရပ်သွားတာတောင် ခုန်ဆွ ခုန်ဆွ ရပ်သွားခြင်းဖြစ်သည်။

သူ့အတွက်ကတော့ ဘဝစာမျက်နှာထက်မှာ ဒါတွေက မလိုလို့ပါဆိုပြီး စုတ်ဖြဲလို့ရရိုးမှန်လျှင် စုတ်ဖြဲချင်သည့်စာမျက်နှာများကို အကြွင်းအကျန် မရှိအောင် စုတ်ဖြဲချင်ပါသည်။

အမှားဆိုတာ မှားမှန်းသိမှ အမှားပါလို့ နာမည်တပ်လျှင် အမှားသိသူတစ်ယောက်အတွက် အမှန်ပြင်ခွင့်လေးတော့ရှိသင့်သည်။ ဒါကို လက်မခံဘဲ ဘာကြောင့် ရှုဥသုဘဒ္ဒါရဲ့အငြိုးတွေလို မုန်းမပြယ်နိုင်အောင်ရှိရတာလဲ မရယ်ဟု မေးမေးစ်ချင်သည်။

မ သိပ်ရက်စက်တယ်ဟု။

ဘယ်ဆီဘယ်ဝယ်မှာ ထွက်ပြေးတိမ်းရှောင်နေသလဲ မသိတဲ့ 'မ' ကြားအောင် အော်ပြောချင်သည်။

ခွင့်လွှတ်ရင် မင်းပြန်ခဲ့လို့ ဆိုချင်ပေမယ့် မမက ဘယ်သောအခါမှ ခွင့်မလွှတ်နိုင်ကြောင်း သူက သိနေသည်လေ။ မမပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းကြောင့် သေချာနေတာပေါ့။

''မမကြီးတို့ မြတ်စွာဘုရားရှင်က ဟောထားတာရှိတယ်။ လောကမှာ လူသုံးမျိုးသုံးစားရှိတယ်တဲ့။ ပထမအမျိုးအစားကတော့ . စာလုံးတွေကို ကျောက်ပေါ်မှာ ထွင်းထားသလို အစွဲအလမ်းကြီးတဲ့ လူမျိုးပဲ။ သူတို့က ဒေါသထွက်လွယ်တယ်။ အဲဒီဒေါသတွေကို ကြာရှည် သိမ်းထားလေ့ရှိတယ်။ ဒုတိယအမျိုးအစားကတော့ စာလုံးတွေကို သဲပေါ်မှာရေးထားသလို ထင်ထင်ရှားရှားမရှိလှဘူး။ သူတို့ကလည်း





ဒေါသထွက်လွယ်တယ်။ စိတ်ဆိုးတတ်ကြတယ်။ ဒါပေမဲ့ သူတို့ဟာ သူတို့ရဲ့ စိတ်ဆိုးမာန်ဆိုး ဖြစ်မှုတွေဟာ သဲပေါ်မှာရေးထားတဲ့ စာလုံးတွေလိုပဲ မကြာခင် ပျောက်ကွယ်သွားတယ်''

''နောက်ဆုံး အမျိုးအစားကတော့ စီးနေတဲ့ရေပေါ်မှာ ရေးထားသလိုပဲ။ ဒေါသတွေ စိတ်ဆိုးစရာတွေကို မှတ်ထားတာလည်း မရှိဘူး။ ဒေါသစိတ်လည်းမရှိဘူး။ သူတကာပြောကြတဲ့ အတင်းအဖျင်းတွေကိုလည်း သတိမမူကြဘူး။ သူတို့နှလုံးသားတွေက အစဉ် သန့်စင်ပြီး စိတ်အနှောင့်အယှက် ဖြစ်မှုတွေကို မခံစားကြရဘူးတဲ့''

ထိုစဉ်က မမကော ဘယ်အမျိုးအစားထဲမှာ ပါသလဲဟု မေးခဲ့ဖူးပေမယ့် မမက မဖြေဘဲ ပြုံးနေခဲ့သည်။ သူသိနေတာကတော့ မမသည် 'စာလုံးတွေကို ကျောက်ပေါ်မှာ ထွင်းထားသလို အစွဲအလန်းကြီးသော လူတစ်ယောက်၊ အမှတ်သည်းခြေကြီးသော လူတစ်ယောက် ဖြစ်သည်။

ထို့ကြောင့်လည်း မမက သူ့ကိုမုန်းမပြယ်နိုင်အောင် ရှိနေခဲ့ခြင်း ဖြစ်မည်။ သူ ကားစတီယာရင်ပေါ် မျက်နှာအပ်ရင်း အတိတ်က အရိပ်တို့၏ခြောက်လန့်မှုကို ချောက်ချားစွာ ခံစားရသည်။

''မမရယ် ...ကျွန်တော့်ကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့ဘူးလား။ အမှားဆိုရင်တောင် မရည်ရွယ်ဘဲ မှားတဲ့အမှားပါ''

ဟု တရားခံတစ်ယောက်လို ဖြောင့်ချက်ပေးချင်ပေမယ့် ခုံရုံးတရားသူကြီးဖြစ်သူ မမကတော့ သေစားသေစေ အမိန့်ကလွဲ၍ အယူခံယူခွင့် လုံးဝမရှိတဲ့။

သုံးနှစ်တိတိ မရောက်ဖြစ်တော့သည့် ကိုယ့်ရဲ့ဇာတိချက်ကြွေ

မွေးရပ်မြေထဲကိုရောက်ပြီဆိုသောအသိနှင့် လူက နွေးထွေးသွားကာ လုံခြုံသလို ခံစားလိုက်ရသည်။

အမြဲတစေ ပြစ်တင် ကြိမ်းမောင်းခြင်းတွေ ပြုလုပ်ခဲ့တဲ့ ဖခင်ရဲ့ရှေ့မှာ နေခဲ့ရသူပီပီ သူဟာ တစ်လောကလုံးကို အရွဲ့တိုက်ဖို့ အဆင်သင့်ရှိနေခဲ့သည်။ ထိုအတွက်ကြောင့်လည်း သူ့တွင် ထိုက်သင့်သော နောင်တတွေလည်းရခဲ့ပါသည်။

တကယ်ဆိုရင် ဖေဖေနှင့်မေမေသည် တစ်ဦးနှင့်တစ်ဦး ချစ်၍ ကြိုက်၍ လက်ထပ်ခဲ့ကြခြင်း မဟုတ်ပါ။ ဖေဖေနှင့် လက်မထပ်ခင်က မေမေ၌ ချစ်ဦးသူရှိခဲ့ဖူးသည်တဲ့။ ထိုလူကို မေမေက သိပ်ချစ်ခဲ့သည်။

နောက် ထိုလူက ဆေးစွဲနေသူဖြစ်တယ်လို့ သိရသည်နှင့် တစ်ပြိုင်နက် မေမေ့မိဘတို့သည် မေမေနှင့် ငယ်သူငယ်ချင်းလည်းဖြစ် မေမေ့ကိုလည်း တစ်ဖက်သတ်ဖြစ်နေသော ဖေဖေနှင့် လက်ထပ်ပေးခဲ့သည်။

ဖေဖေ့အဖြစ်က တစ်ဖက်သတ်ဖြစ်ရသူမို့ မေမေနှင့် ရွှေလက်တွဲခွင့်ရတာ ပျော်ရွှင်စရာဖြစ်ပြီး နေသည့်အိမ်ကိုတောင် 'ရတနာမြိုင်' ဟု အမည်ပေးခဲ့သည်။ မေမေ့နာမည်က 'ရတနာ' ဖြစ်သည်။

"ဖေဖေက မင်းရဲ့အမေကို တစ်ကမ္ဘာလောက်ချစ်တာ။ ဒီမိန်းမကလွဲရင် ကျန်တာ မိန်းမတွေ မဟုတ်သလိုကို ခံယူထားတဲ့ အထိ ချစ်တာ။ မင်းအမေကတော့ ဖေဖေ့ကို နည်းနည်းလေးမှတောင် ချစ်တာ မဟုတ်ဘူး"

လို့ မေမေမခံချင်အောင်လည်း ပြောတတ်သေးသည်။ သူကျတော့ တစ်ဦးတည်းသောသားပီပီ အခြားအဖော်မရှိသဖြင့် မေမေတို့နှင့်





သူငယ်ချင်းလို ဖြစ်နေသည်။

ဖေဖေတို့ကလည်း သူ့အပေါ် ငါအဖေပဲဆိုသည့် အမိန့်အာဏာသုံးတာမျိုး လုံးဝမရှိသလို သူကလည်း မိဘမကြိုက်သည့် အလုပ်ဆို အလိုလိုရှောင်ပြီးသားဖြစ်သွားသည်။

ဖေဖေက မေမေ မခံချင်အောင်စတိုင်း မေမေ့ခမျာ စတာပဲ လေဟု စိတ်ထဲမထားနိုင်ရှာဘဲ –

"ကလေးရှေ့မှာ ဘာလို့ မဟုတ်မဟပ်တွေ ပြောနေတာလဲ ကိုနောင်၊ ရတနာမကြိုက်ဘူး။ ဒီအသက်အရွယ်ရောက်မှ ဒီစကားတွေ ပြောစရာလိုသေးလို့လား"

"ဟာ ... သိပ်လိုတာပေါ့ မေမေရဲ့။ အချစ်ဆိုတာ ဘဝရဲ့ နုပျိုဆေးလို့ ဝတ္ထုတွေထဲမှာ ဖွဲ့ထားတယ်လေ"

"သားနော် ... လူကြီးစကားပြောနေတာကို အရွှန်းလာ မဖောက်နဲ့"

မေမေ့ပုံစံက ကလေးဆန်ကာ ချစ်စရာကောင်းသည်။

နောက်တော့ သူ မသိသေးတာတစ်ခု။ အဆုံးစွန် သူလိုက် မမီနိုင်တာတစ်ခုကတော့ မေမေ နောက်ဆုံးထွက်သက်ရောက်ခါနီးမှ သိခဲ့ရသည်။ အချစ်ဟာ အဲဒီလောက်ထိ ဘဝမှာအရေးပါသလား ဆိုတာ သူ အဲဒီတုန်းက မစဉ်းစားတတ်ခဲ့သေးပါ။

နောက်ဆုံးတော့ သူတို့တွေရဲ့ ပျော်ရွှင်စရာကောင်းလှသော မိသားစုကမ္ဘာလေးထဲသို့ မကောင်းတဲ့ မိစ္ဆာကောင်က ဝင်နှောက်ပါတော့သည်။

ကိုယ့်ကျန်းမာရေးကို အမြဲ ဂရုစိုက်တတ်တဲ့ မေမေ့မှာ

'သားအိမ်ကင်ဆာ' ရှိနေပြီဆိုကတည်းက သူတို့အိမ်မှာ ပျော်ရွှင်မှုတွေ ပျောက်ဆုံးသွားခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာတုန်းက ကင်ဆာကို ပျောက်ကင်းနိုင်သည့်ဆေးဆိုတာ ရှိမှမရှိသေးပဲလေ။

မေမေ့ကို သိပ်ချစ်သော ဖေဖေကတော့ ရှိသမျှစည်းစိမ်တွေ ကုန်ချင်ကုန်သွားပလေ့စေ ရအောင်ကုမည်ဟု ပြောခဲ့သော်လည်း တကယ်ပျောက်နိုင်သည့်ဆေး မရှိလေတော့ ဆေးရုံပေါ်မှာ ပက်လက်ဖြစ်နေသော မေမေ့ကို ဒီတိုင်းသာ ကြည့်နေခဲ့ရသည်။

(၆) လခံမည်ဟုဆိုခဲ့သော်လည်း အိပ်ရာထက်မှာ ပက်လက်ဖြစ်နေသောမေမေ့ကို ဘယ်တော့ ရှင်သေမင်းက လာခေါ်တော့မလဲ။ သူတို့အိပ်နေတဲ့အချိန်မှာ လာခေါ်လေမလား စိုးရိမ်စိတ်တွေ အားလုံး စိတ်ချမ်းသာခွင့်မရှိခဲ့ကြပါ။

ခုနစ်တန်းဆိုတဲ့အရွယ်ဟာ ခံစားနားလည်တတ်နိုင်ပြီမို့ မေမေ ဒီလောကထဲက အပြီးအပိုင် ထွက်သွားရမှာလို့ သိနေခဲ့သည်။

"မေမေရယ် . . . သားတို့ကို သနားရင် အားတင်းထားပါနော်"

"သားရယ်"

မေမေ့လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်၍ ပြောမိသည်။ မေမေက အိပ်ရာပေါ်မှာ ဖြူဖျော့စွာနှင့် ပက်လက်လှဲရင်း သူ့ကို မျက်ရည်တွေနှင့် ကြည့်နေခဲ့သည်။

"မေမေ . . . မေမေ၊ ဒီမိသားစုကို ခွဲပြီး ဘယ်ထွက်သွားချင်ပါ့မလဲ သားရယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်တဲ့ သားက သခါရသဘောကို နားလည်ရမယ်လေ"





ဆေးရုံမှ (၆) လပဲခံမည်ဟုပြောပြီး ဆင်းနိုင်းလိုက်ကတည်းက မေမေသည် သူတို့အားလုံးရဲ့ ဝေယျာဝစ္စအားလုံးကို လျစ်လျူရှုပစ်ကာ တရားမမ္မဘာက်၌သာ မွေ့လျော်တော့သည်။

တကယ်ဆို အသက် (၃၂) ဆိုသည်မှာ လူ့လောကတွင် နေပျော်ဆုံးကာလဖြစ်သော်လည်း မမြင်ရသည့်သေမင်း၏ ချောင်းရိုက်မှုကို ခံခဲ့ရသည့် မေမေကတော့ သတ်လိုက သတ်စေတော့ဟု လက်မြှောက်ပေးနေလေပြီ။

ယခုအချိန်ကျတော့ ဘုရားခန်းထဲမှာတောင် တရားမထိုင်နိုင်တော့တဲ့ မေမေ့ရဲ့အဖြစ်က ရင်နာစရာကောင်းလာသည်။ မကြာခဏ အမော်ဖောက်လာသဖြင့် ပုတီးတောင် ကောင်းစွာမစိပ်နိုင်တော့ပေ။

ဖေဖေကတော့ ဝေဒနာတွေနှင့် မရှုမလှ ခံစားနေရသည့် မေမေ့ကို မကြည့်ရက်စွာ မေမေ့ကွယ်ရာ၌ ခံစားပေါက်ကွဲ ခဲ့ရရှာသည်။ ယောကျ်ားတန်မဲ့လည်း မျက်ရည်ကျခဲ့ပါသည်။

"သားရယ် မေမေ မနေရတော့ဘူး" လို့ မေမေ အားလျော့စကား ပြောခဲ့သည်။

ဖေဖေက မေမေ့ကို ပွေ့ပိုက်ထားပြီး ငိုသံဖြင့် –

"အဲဒါတွေ မပြောပါနဲ့ ကိုယ်မကြားရဲလို့ပါ။ မင်းရဲ့ကျန်းမာရေးကိုသာ မင်း တတ်နိုင်သလောက်"

တတ်နိုင်သလောက် ဂရုစိုက်ပါဟု ဖေဖေပြောထွက်ခဲ့ပုံမရပေ။ ထိုနေ့သည်ပင် မေမေက အားလျော့လိုက်၍လားမသိ ဖေဖေ့ရဲ့ရင်ခွင်ထဲမှာပင် မေမေ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားခဲ့သည်။

"ရတနာ"

"မေမေ မေမေ ...သားတို့ကို တကယ်ထားခဲ့ပြီလား မေမေ"

လင်နှင့်သားရဲ့မျက်ရည်တွေကို ဥပေက္ခာပြုပြီး မေမေက တော့ ငြိမ်းချမ်းရာဘုံဘဝသို့ ပြောင်းရွှေ့သွားခဲ့လေပြီ။



## အခန်း (၇)

ခွန်အား ဘယ်လောက်တောင် စဉ်းစားနေမိမှန်းမသိ မျက်ဝန်းတွေ ပူနွေးလာသည်ဟု ခံစားရသဖြင့် မျက်လုံးတွေကို စမ်းကြည့်လိုက်တော့ မျက်ရည်တွေကျနေလို့ပါလား။

သူ့ကို သိပ်ချစ်ခဲ့တဲ့ မေမေနှင့် မေမေ့ကို သိပ်ချစ်ခဲ့တဲ့ ဖေဖေ။ ဤမိသားစုထဲတွင် မေမေမရှိကတည်းက ရယ်သံတွေ၊ စကားသံတွေ တိတ်ဆိတ်ပြီး အေးစက်ခြင်းတွေ လွှမ်းခြုံနေခဲ့သည်။

မေမေရှိတုန်းက မိသားစုအံပေါ် အလွန်ဂရုစိုက်ခဲ့သော ဖေဖေကလည်း မေမေမရှိတော့တဲ့နောက်ပိုင်း အလုပ်မှာပဲ မြှုပ်နှံထားခဲ့ကာ သူ့အပေါ် လိုလေသေးမရှိအောင် ထားဖို့ဟုဆို၏။

တကယ်တမ်း သူ ဘာကိုလိုချင်မက်မောသလဲဆိုတာ ဖေဖေ သိရဲ့သားနှင့် မသိချင်ယောင်ဆောင်နေခဲ့တာလား။ သူလိုချင်တာ ဒီလို ရုပ်ဝတ္ထုတွေ မဟုတ်ပေ။

ဖေဖေ့ဆီက မေတ္တာတရားတွေကိုသာ အလိုရှိရာ တောင့်တနေပါတယ်ဆိုလျှင် ပိုရာကျနေပြီလား။

ယုတ်စွအဆုံး သူ့ရဲ့အရည်အချင်းစစ်ဆေးသည့် အောင်လက်မှတ်ကိုပင် လက်မှတ်ထိုး၍ ပေးဖို့ ဖေဖေတွင် အချိန်မရှိခဲ့။

ကျောင်းသားရေးရာကိစ္စအတွက် မိဘခေါ်ခိုင်းလည်း ဖေဖေ မလိုက်နိုင်။ ထူးချွန်ဆုရလို့ ဆုတက်ယူရင်လည်း ဖေဖေမလိုက်နိုင်။

လူတကာတွေက မိနှင့်ဖနှင့် ရောက်နေချိန်မှာ သူ့မှာ သွေးသားအနည်းငယ်သာ တော်စပ်သော ဘွားအေးကသာ အမြဲတစေ အနောက်က လိုက်ပေးနေရသည်။

အဆင့်တစ်ရတဲ့အခါ ငါ့သားက တော်လိုက်တာဆိုတဲ့ ချီးကျူးမှုကို ရချင်သလို၊ အဆင့်ကျတဲ့အခါ မင်း နောက်တစ်ခါ အဆင့်ကျကြည့် ဖေဖေနဲ့တွေ့မယ်ဆိုတဲ့ ဆူပူကြိမ်းမောင်းခံရမှုကိုလည်း လိုချင်ပါသည်။

ကြာလာတော့ သူ လောကကြီးကို အရွဲ့တိုက်ချင်လာသည်။ ကိုးတန်းကျောင်းသားဘဝတွင် သူသာ စာမကြိုးစားသော ကောင်လေး၊ ဆိုးသွမ်းသောကောင်လေး တစ်ယောက်အနေနှင့် ဆရာဆရာမတို့၏ ပါးစပ်ဖျား၌ ရေပမ်းစားနေလေပြီ။

သူငယ်ချင်းတွေနှင့် ပေါင်းသင်းဆက်ဆံရေးတွင်လည်း သူက ငွကျသူ၊ ဘုကလန့်နိုင်သူဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။ သူ့ကို အကြောက်ဆုံးက အတန်းပိုင်ဆရာမပင် ဖြစ်သည်။

စာမှာဆိုလျှင် အပတ်စဉ်၊ လစဉ် စာမေးပွဲတိုင်းတွင် ဘဲဥမကျွဲသည့် ဘာသာရပ် ရှိကိုရှိနေတတ်သည်။ ထိုဘဲဥကိုပင် သူများ ဝင်လုမှာကြောက်နေသေး။





နောက်ဆုံး ဖေဖေ့ကို ဆရာမကိုယ်တိုင် အိမ်မှာလာတိုင်တော့မှပဲ သူ ဖေဖေနှင့် မျက်နှာချင်းဆိုင်ခွင့်ရတော့သည်။

ခွန်အား ဖန်တီးနေသောအကွက်အတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်ရောက်လာခဲ့သည်။ သူ့ရဲ့ ရှုတ်ဖွဲ့ ဖွဲ့စိတ်ကိုသိသော ဘွားအေးကတော့ ဘယ်အချိန်များ ဖေဖေဒေါသနှင့် ထပေါက်ကွဲပြီး သူ့ကို ထိုးနှက်လိမ့်မလဲဟု ရင်တထိတ်ထိတ်နှင့်ပေါ့။

"ဟိတ်ကောင် ခွန်အား"

"ခင်ဗျား"

ခွန်အားက တမင်ပင် အသံရှည်ဆွဲနှင့် ထူးလိုက်သည်။ ရိုက်ခံရမှာသေချာသလောက် ဖြစ်နေသော်လည်း ရင်းတွင်း၌ ကျလိကျလိနှင့် ရယ်ချင်စိတ်က တားမရ ဆီးမရ။

သူ့လှည့်ကွက်ထဲသို့ ဝင်ရောက်လာသော ဖေဖေကတော့ သူ့ရဲ့လုပ်ဇာတ်ကိုမသိ။

"မင်း ဘာလေသံနဲ့ ထူးနေတာလဲ။ မင်း ယောကျ်ားလား မိန်းမလား"

"ယောကျ်ားပါ ဖေဖေ"

"ယောကျ်ား ယောကျ်ားလို ပီပီသသထူး။ နေပါဦး ဒီမှာ မင်းဆရာမက ငါ့ကို Report card နဲ့တကွ ငါ့ကိုလာတိုင်ထားပါလား။ ဘာတဲ့ မင်း လစဉ်လတိုင်း သုညမကျွဲလို့ဆိုပါလား"

"ကျွဲပါတယ် ဖေဖေရဲ့၊ ပြီးခဲ့တဲ့လက မြန်မာတစ်ဘာသာ လေးဆယ်နဲ့ အောင်တယ်လေ"

"ဘာကွ ...မြန်မာစာ လေးဆယ်လောက်လေးနဲ့ မင်း

ကိုးတန်းစာမေးပွဲကို အောင်မယ်လို့ ထင်နေသလား''

ခွန်အားရဲ့အတွန့်တက်စကားကြောင့် ဖေဖေ ဒေါသယမ်းပုံ မီးကျသွား၏။

''ကျောင်းကို နေ့စဉ်နေ့တိုင်းတော့ သွားနေတာပဲ။ မင်း စာကော စိတ်ဝင်စားသေးရဲ့လား ခွန်အား။ ဒီအရွယ်ဟာ ရည်းစား သနာ ထားရမယ့်အရွယ်လည်း မဟုတ်သေးဘူး။ ဘာလဲ မင်း စိတ် ကစားနေသလား''

''ဟာ . . . ဖေဖေ''

ကိုယ်ဆင်ထားတဲ့ဂွင်ထဲသို့ ဝင်တော့လာပါရဲ့။ ချော်တောင်ချော် သွားသည့်အတွေးကြောင့် ခွန်အား အလန့်တကြား ထအော်မိသည်။ ဖေဖေကတော့ ဒါကို ဂရုမစိုက်နိုင်ဘဲ –

''ငါကတော့ ငါ့သားအတွက် ငါ့သားအတွက်ဆိုပြီး အလုပ် တွေ နေ့မအား ညမနားလုပ်ခဲ့ရတာ။ ငွေနဲ့မျှောလို့ ငွေရပေမယ့် လူ့ရဲ့ စိုက်ထုတ်မှုစွမ်းအား မပါရင် ဘာမှမဖြစ်ဘူးကွ။ ဒါတွေ မင်း ဘယ်နားလည်မလဲ''

''မလုပ်ပါနဲ့တော့ ဖေဖေ''

''ဘာ . . . ဘာမလုပ်ပါနဲ့တော့လဲ။ ငါ အလုပ်မလုပ်ပဲ မင်း နောက် တကောက်ကောက်လိုက်နေရင် မင်း ဘာနဲ့ ထမင်းသွား စားမလဲ''

''ဖေဖေနဲ့သား ထမင်းရည်ပဲ အတူတူလျက်ကြတာပေါ့''

''မင်း . . . တောက်''

ဖေဖေ သူ့ကို ထထိုးဖို့ပြင်တော့ သူ မျက်စိမှိတ်လိုက်မိသည်။





သူ ဖေဖေကို စနောက်တာ လွန်သွားပြီလား။

သို့သော် ကံကြမ္မာက သူ့ဘက်မှာ ရှိနေသည်လေ။

''ကလင် . . . ကလင်''

ဖုန်းမြည်သံကြောင့် သူ မျက်လုံးဖွင့်ကြည့်တော့ ဖေဖေက သူ့ကို မျက်ထောက်နီကြီးနှင့် ကြည့်ပြီး လက်သီးကို အောက်သို့ ပြန်ချလိုက်သည်။

''ငါပြန်လာရင် မင်း သတိထား ခွန်အား''

ဒါပဲ သတိပေးနိုင်ခဲ့သည်။

နောက်တော့လည်း ဒုံရင်း ဒုံရင်း။ သူလည်း ဇီးရိုးကိုပဲယူရင်း ယူရင်း။။

ဩော် ဖေဖေရယ်။

ကျွန်တော့်ရဲ့ ဆိုးသွမ်းမိုက်မဲမှုတွေကို ခွင့်လွှတ်ပေးပါဗျာ။

သူ မျက်ဝန်းတစ်ပိုက်၌ စို့စွတ်လာသော မျက်ရည်စတို့ ကို မျက်တောင်အား ပုတ်ခတ် ပုတ်ခတ်လုပ်၍ သိမ်းဆည်းလိုက် သည်။

နောက် သူတို့အိမ်ရှိရာသို့ ကားမောင်းထွက်လာခဲ့သည်။

နှစ်ပေါင်းများစွာ အဆက်အသွယ် မလုပ်ဘဲ ပျောက်သွားခဲ့ တဲ့ သားတစ်ယောက်အတွက် ဖေဖေ ယခင်လိုပဲ ဥပေက္ခာတွေ ပြုနိုင်ဆဲပဲလား။ သတိကောရရဲ့လားဆိုတာ အပြင်းအထန် သိချင်နေမိ ပါသည်။

မိဘမေတ္တာတရားနှင့် ပတ်သက်လျှင် သိပ်ပြီး ထိလွယ် ရှလွယ်ဖြစ်သော သူ့ရဲစိတ်ကို သူ့မိတ်ဆွေ ကဗျာဆရာ ကိုစောခက်

(တနိုင်း) က ကောင်းစွာသိပါသည်။

သူထက် ငါရင့်သော ကိုစောခက်တို့လို ကဗျာဆရာရှေ့တွင် သူက ဝီဘိကလေးငယ်တစ်ယောက်လိုပါပဲ။

နှစ်ယောက်သားဆုံကြပြီဆိုလျှင် သူက သူ့ရဲ့ ခံစားချက်များ ကို ကိုစောခက်အား အမြဲတမ်း ရင်ဖွင့်နေကြပါ။

ထိုကဲ့သို့ ရင်တွင်းခံစားချက်ကို ရင်ဖွင့်မိသူတောင် ကိုစော ခက်တစ်ယောက်တည်းပဲ ရှိပါသည်။ ကိုစောခက်သည် အသက်သုံး ဆယ့်ငါးနှစ်အရွယ် ကဗျာဆရာတစ်ယောက် မော်ဒန်ကဗျာလောက တွင်လည်း ဆရာတစ်ဆူလို ဖြစ်နေသည်။

သူ့အပေါ်တွင် ညီငယ်လေးတစ်ယောက်လို ဖြစ်နေသော ကိုစောခက်က –

"မိဘမေတ္တာဆိုတာ သံသယမရှိကောင်းပါဘူး ကိုယ့်ညီ ရယ်" ဆိုပြီး ကဗျာတစ်ပုဒ် လက်ဆောင်ပေးရင်း ဆိုခဲ့ပါသည်။

ထိုကဗျာက ဖခင်ရဲ့မေတ္တာတရားကို ဖော်ကျူးထားသည့် ကဗျာတစ်ပုဒ်ပါ။

*** အဖေဆိုတာ ***

* အဖေဆိုတာ
ဖနိုးအတွက် အိမ်ဦးနတ်
သမီးရဲ့ လမ်းပြကြယ်
သားတွက်မှ စံပြသူ။





* အဖေဆိုတာ
စကားတစ်လုံး အပိုမဆို
အပြုံးမရှိ တည်သောမျက်နှာ
ဒါပေမဲ့လေ မိသားစုရဲ့
ခေါင်းဆောင်ကကောင်း ဩဇာလည်းညောင်း။
* အဖေဆိုတာ
မညည်းညူဘဲ ရရာလုပ်ရဲ့
ချွေးပြိုက်ပြိုက်ကျ အလုပ်မချ
လက်ရုံးကိုကူ ရှာကျွေးသူ
မမှားဖို့ရေး ပဲ့ကိုင်ထိန်းပေး။
* အဖေဆိုတာ
မိမိအရေး မျက်ကွယ်ပြုပေး
သားသမီးရေး အသက်ပင်ပေး
မျက်ရည်တစ်စက် မမြင်စေခဲ့။

"ကောင်းလိုက်တာ အစ်ကိုရယ်။ အစ်ကို့ကဗျာကလေ ကျွန်တော် ခံစားချက်နဲ့ ထပ်တူကျလိုက်တာဗျာ။ ဒီတစ်ခေါက် ကျွန်တော် နယ်ပြန်ဖြစ်ရင် ဖေဖေ့ကို ဝန်ချကန်တော့ပြီး တောင်းပန် ရမယ်ဗျ"

"ကောင်းတာပေါ့ကွ"

"တစ်ခုတော့ ရှိတယ်ဗျာ။ ကျွန်တော် နယ်ကထွက်လာတာ လေးငါးနှစ်မကတော့ဘူး။ ဒါပေမဲ့ . . . ဖေဖေ့ဆီ ကျွန်တော် တစ်ခေါက် တောင် မပြန်ဖြစ်သေးဘူးဗျာ"

"ကိုယ့်ညီက မိဘနဲ့အပြိုင် မာနထားနေတာကိုး"

"မဟုတ်ဘူး အစ်ကို။ အဲဒီလိုတော့ လုံးဝမဟုတ်ဘူး"

ကိုစောခက်ရဲ့စကားကို လက်တကားကာ ခေါင်းတယမ်းယမ်းနှင့် တားဆီးမိသည်။

တကယ်တော့ ရန်ကုန်ကိုထွက်လာခဲ့ရတာကလည်း ကိုယ့်အကြောင်းနှင့်ကိုယ်။

ဆရာဝန်တစ်ဦးရဲ့ –

"ရန်ကုန်မှာ ကုမှပဲရတော့မှာမို့ ရန်ကုန်ကို လွှဲလိုက်ပြီ"

ဆိုသော မသေချာမရေရာသည့် စကားကို အသည်း၌ စွဲနေအောင်မှတ်ပြီး ရောက်သွားခဲ့ကာ ရှာနေခဲ့တာကလည်း ယနေ့ထိ။

ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူ ကြာရင်မေ့ ဆိုတဲ့ စကားလေး ရှိနေပေမယ့် ပျောက်သောသူက ရှာမတွေ့အောင် ပုန်းနေလေတော့ သူ အဲဒီပျောက်နေသူကို ဘယ်မှာသွားရှာရမည်နည်း။

"ရောက်ရာအရပ်က အမြန်ဆုံးပြန်လာပါ" လို့ သတင်းစာထဲလည်း ထည့်မရ၊ "သခင်စေလိုရာ စေပါတော့" ဟု လည်စင်းပေးလည်း လက်မခံ။

ဩော် မရယ် ... သိပ်ရက်စက်တယ်ဗျာ။

❁



## အခန်း (၈)

"တီ တီ တီ"

ခြံရှေ့ရောက်တော့ 'သော့ခပ်လျက်သား မဖြစ်ပါစေနဲ့' ဟု သူ ဆုတောင်းမှုတို့သည် ပြီးပြည့်စုံသွားခဲ့သည်။ ဟွန်းတီးသံနှင့် မရှေးမနှောင်း တံခါးအပြေးလာဖွင့်သူကိုတော့ သူ မသိပါ။

"ဘယ်သူနဲ့ တွေ့ချင်ပါသလဲ ခင်ဗျာ"

အော်ဗျာ ... အိမ်ရှင်ကို အိမ်ငှည့်က ပြန်မေးနေတဲ့အဖြစ်ပါလားနော်။

"ဒီအိမ်ပိုင်ရှင် ဦးခွန်နောင်ရဲ့သား ခွန်အားပဲ။ တံခါးဖွင့်ပေးလို့ ရမလား"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့ပါ ခင်ဗျာ"

ခြံတံခါးဖွင့်ပေးရင်း ယောင်ချာချာပုံစံနှင့်ကြည့်နေသော ခြံစောင့်ကို ရယ်၍ကြည့်ပြီး သူ ကားကို ခြံထဲသို့ မောင်းဝင်လာခဲ့သည်။ ရင်တွင်း၌ သွေးလည်ပတ်စီးဆင်းမှုတို့သည် မြန်ဆန်လာခဲ့သည်။ ဖေဖေသည် သူ့ကို မည်ကဲ့သို့သောပုံစံနှင့် ဆီးကြိုနေမည်နည်း။

သူ မရှိသည့် ငါးနှစ်ကျော် (၆) နှစ်နီးပါးတွင် ဤအိမ်၌ အိမ်ရှင်မအသစ်တစ်ဦး မင်းမူနေပြီလား။ အတွေးနှင့်အတူ ရင်ဘတ်ထဲတွင် ဒိုင်းခနဲဖြစ်သွား၏။

သို့သော် ချက်ချင်းပင် ကိုယ့်ရဲ့အတွေးကို ခေါင်းထဲမှ လျင်မြန်စွာ မောင်းထုတ်ပစ်လိုက်သည်။

ရှိနေတော့ကော ဘာဖြစ်သလဲ။ ဒီအသက်အရွယ်ကြီးရောက်ခါမှ ဖေဖေ အဲဒီမိန်းမကို ကျွန်တော့်ထက် ပိုပြီးချစ်ရဲချစ်ကြည့်ဆိုကာ ခြေဆင်းငိုပြ၍ ဖြစ်မည်လား။

နောက်နောင် သူလည်း ဖေဖေ့အနားမှာ အမြဲတမ်း တကပ်ကပ်နှင့် ပြုစုလုပ်ကျွေးဖို့ဆိုတာ မသေချာ။ ဖေဖေ့အနားမှာ ဆေးပေးမီးယူ အမျိုးသမီးတစ်ဦးတော့ ရှိသင့်ပါသည်။

အံ့မယ် တယ်ဟုတ်တဲ့ငါပါလား။

ခွန်အား အရမ်းကြီးသဘောထားကြီးပြနေသော ကိုယ့်ရဲ့အတွေးကိုတောင် ရယ်ချင်ပက်ကျိ ဖြစ်မိပါ၏။

ပေါ်တီကိုအောက် ကားရပ်လိုက်တော့ အိမ်ထဲမှ ဘယ်သူမှ ထွက်မလာသေးပါ။ သူ ခရီးဆောင်အိတ်ကို ဆွဲယူပြီး ကားတံခါး ပိတ်လိုက်သည်။

ပြောင်းလဲခြင်းမရှိသည့် အိမ်လေးကတော့ အထီးကျန်ဆန်စွာ ငြိမ်သက်တိတ်ဆိတ်နေ၏။ ဧည့်ခန်းထဲသို့ ဝင်လာရင်း ယခင်အတိုင်း လက်ရာမပျက်ရှိနေသော အထားအသိုများကို လွမ်းမပြေယ်စွာ ကြည့်မိ၏။

"ဟင်"





"ဘွားအေး"

အာမေဍိတ်သံကြောင့် သူ မော့ကြည့်လိုက်တော့ မယုံနိုင်ကြည့်နေသော ဘွားအေးကို မြင်လိုက်ရသည်။ ဘွားအေးသည် မေမေရှိကတည်းက ဒီအိမ်တွင် ထမင်းဟင်းချက်သည့်သူ။ ဖေဖေနှင့် ဆွေရိပ် မျိုးရိပ် မကင်းသူရယ်ပါ။

"ခွန်အား ... ကလေး"

အခုထက်ထိ ခွန်အားကို မယုံနိုင်သလိုကြည့်ကာ တအံ့တဩကြီးဖြစ်နေသော ဘွားအေးကို သူ ပြုံးပြလိုက်၏။ ဘွားအေးက သူ့ဆီ အပြေးတစ်ပိုင်းလျှောက်လာပြီး –

"သား လူလေး ... ကြည့်စမ်း မင်း မင်း ပြန်လာသေးတယ်နော်။ မောင်စိမ်းကားကြီးရယ်"

လို့ပြောလည်းပြော ငိုလည်းငိုနေသဖြင့် သူ ဘွားအေးကို နှစ်သိမ့်ရင်း ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ဘွားအေးကလည်း ထိုင်ပါသည်။

"ပြန်လာမှာပေါ့ ဘွားရယ်။ ဒီအိမ်ဟာ ကျွန်တော့်ရဲ့အသိုက်အမြုံပဲဟာ။ ငှက်ငယ်ဟာ ဘယ်လောက် မိုင်တွေဝေးဝေး ပျံသန်းနိုင်ပါစေ အချိန်တန်တော့လည်း အသိုက်မြုံဟောင်းကိုတော့ ရောက်အောင် ပြန်ခဲ့တာဟာ သဘာဝပါပဲ ဘွား"

"အမယ်လေးတော် ... စကားတွေ သိပ်တတ်နေပါပေါ့လား။ သိပ်တတ်နေပါပေါ့လား သားရယ်။ ဒီလို စကားတတ်နေပုံနဲ့ မင်းအဖေကတော့ ချစ်မဝဖြစ်မှာ မြင်ယောင်သေးတော့"

"ဒါနဲ့ ... ဘွား"

သူ အိမ်ရဲ့ဟိုနေရာ ဒီနေရာ အခန်းတွေကို ထိုင်ရာမထ မျက်လုံးနှင့်ကြည့်ရင်း –

"ကျွန်တော် မရှိတဲ့နှစ်အတွင်း ဒီအိမ်မှာ ဘာတွေပြောင်းလဲသွားပြီလဲ။ ဟို ဖေဖေ ဖေဖေကော နောက်အိမ်ထောင်သစ် ထူလိုက်ပြီလား။ ဘာမပြော ညာမပြောနဲ့ ပျောက်သွားတဲ့ ကျွန်တော့်ကို မတွေ့ချင် မမြင်ချင်လောက်အောင် မုန်းတီးသွားပြီလားဗျာ"

"မင်း တော်တော်ဆိုးပါလား ကလေးရယ်။ ခုထက်ထိ မင်းရဲ့အဖေ့အပေါ် မင်း အထင်အမြင်တွေ မှားနေတုန်းပါလား။ ဒီအိမ်မှာ မင်းကို မလိုလားတဲ့လူဆိုတာ ဘယ်သူမှမရှိပါဘူး။ မင်းအဖေက ဘာလို့ နောက်အိမ်ထောင်သစ် ထူရမှာလဲ။ ဘာလို့ အဲဒီအတွေးတွေ ရှိနေရတာလဲ"

ဘွားအေးက သူ့ကို ကလေးဆိုးတစ်ယောက်အား နားဝင်အောင် ဖျောင်းဖျောင်းဖျဖျလေသံနှင့် ပြောလေသည်။ သူ ဘာမှ မပြောဖြစ်ဘဲ ငူငူငေါင်ငေါင် ထိုင်နေတော့ –

"ကဲ ကဲ သွား . . . မင်း ပင်ပန်းလာပြီ မဟုတ်လား။ မင်း အခန်းကိုသွားပြီး ရေချိုးအနားယူ ဟုတ်လား။ ညစာစားတဲ့အချိန် လာခေါ်မယ်။ မင်းအဖေလည်း လာတော့မှာပါ"

ခွန်အား ဘာမှမပြောဘဲ ပခုံးတွန့်ပြီး မတ်တတ်ထရပ်တော့ ဘွားအေးက –

"မင်းတော့ အရင်အတိုင်းပဲ ခွန်အားရယ်။ ဂျစ်တစ်တစ်နဲ့ ဆိုးတုန်းပဲလား"

သူ ပြုံးစိစိနှင့် ခေါင်းညိတ်ပြတော့ ဘွားအေးက အပြုံးနှင့်





မျက်စောင်းထိုးပြီး –

"ဒါဆိုရင် မင်းတော့ မင်းအဖေရဲ့လက်သီးနဲ့ မိတ်ဆက်ရဦးမှာ မြင်ယောင်သေးဟေ့"

သူ တဟားဟားအော်ရယ်ပြီး အပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။ နှစ်များစွာ ပျောက်ဆုံးနေခဲ့သော်လည်း သူ့ရဲ့အိပ်ခန်းလေးကတော့ သန့်ရှင်းပြီး အရာရာ ဘာမှမပြောင်းလဲခဲ့ချေ။

သူ ခရီးဆောင်အိတ်ကိုချပြီး ရေတွေ တဝုန်းဝုန်းနှင့် ချိုးပစ်လိုက်သည်။ နွေရာသီပင်ဖြစ်သော်လည်း ရေတို့သည် အပူအအေး ရောစပ်စရာမလိုဘဲ အလိုလို အေးစိမ့်စိမ့်နေပါသည်။

ရေချိုး အဝတ်အစားလဲပြီး အိပ်ရာပေါ်လှဲနေစဉ် အောက်ဘက်မှ ကားရပ်လိုက်သံကြောင့် သူ ခေါင်းထောင်သွားသည်။ ကားစက်ရပ်သံ၊ ကားတံခါးပိတ်သံနှင့် အိမ်ထဲဝင်လာသံ နောက် ခေါ်သံတစ်ခု။

"ဒေါ်အေး . . . ဒေါ်အေး"

ငါးနှစ်ကျော်ကွဲကွာနေတဲ့ ဖေဖေ့ရဲ့အသံတွေက ခုထက်ထိ မပြောင်းလဲသေး။ မာန်နှင့်ထန်တုန်း။

"ဟော မောင်ခွန်နောင် . . . မင်း ဒီနေ့ စောတယ်နော်"

"ဟုတ်တယ် ဒေါ်အေး။ ဒါနဲ့ ဂိုထောင်ထဲက ကားက ဘယ်သူ့ကားလဲ၊ အိမ်မှာ ဧည့်သည်ရောက်နေတာလား"

သူ ဘွားအေးရဲ့အဖြေကို ရင်တဒိတ်ဒိတ်နှင့် အားစိုက် နားထောင်နေမိသည်။

ဘွားအေး ဘယ်လိုဖြေမလဲ။

"ဟင်း ဟင်း ဟင်း . . . ဘာညှိသည့်မှ မဟုတ်ပါဘူးကွယ်။ ဒီအိမ်သားပဲဟာ"

"ဗျာ"

"ခွန် . . . ခွန်အား။ ကျွန်တော့်သား ရောက်နေတာလား။ ဒေါ်အေး နောက်နေတာလား"

ဖေဖေ့ရဲ့ထစ်ထစ်ငေါ့ငေါ့အသံ။

"ဟုတ်ပါ့၊ နေ့စောင်းခါနီးက ရောက်တာဟေ့။ သူ့ခမျာ ရန်ကုန်ကနေ ဒီထိ ကားမောင်းလာရတာ ပင်ပန်းရှာပေါ့။ အဲဒါ ကျုပ် ရေချိုးပြီး အနားယူခိုင်းထားတယ်"

ဘွားအေးရဲ့စကားသံကြောင့် သူ ကျေးဇူးတင်သွားသည်။ ယခုချက်ချင်း ဖေဖေနှင့်တွေ့ရဖို့ သူ စိုးထိတ်နေပါသည်။

"အခု သွားနှိုးလိုက်ဗျာ၊ ကျွန်တော် သူ့ကို တွေ့ချင်တယ်"

"ဟဲ့ . . . သူ ပင်ပန်း"

"ဟာ . . . . နောက်မှ အနားယူပါလေ့စေ၊ အခု သွားနှိုးပေးဗျာ"

ဖေဖေ့အမိန့်ကို မလွန်ဆန်နိုင်သော ဘွားအေး မကြာခင် သူ့ကို လာနှိုးတော့မယ်ဆိုတာ သိသဖြင့် ခွန်အား မျက်လုံးမှိတ်ကာ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

ဖေဖေ့ရဲ့ တဖွတ်ထိုးအမူ သူက ရထားသည်။ သူ့ကို ဘာတွေပြောပြီး ဘယ်လိုဆူပူကြိမ်းမောင်းမလဲ မသိသဖြင့် စိတ်ညစ်ရသော်လည်း ဒီစိတ်ညစ်ရခြင်းကိုပင် သူ ပျော်ရွှင်မိပါသည်။

"သား . . . လူလေး"





သူ့ပခုံးကို အသာပုတ်၍ ခေါ်လိုက်သော ဘွားအေးကြောင့် သူ ယခုမှနိုးလာဟန်နှင့် –

"ဟင် . . . ဘွားအေး။ ထမင်းစားတော့မလား"

"မဟုတ်ဘူး။ မင်းအဖေ ပြန်ရောက်နေပြီ မင်းကို ခေါ်ခိုင်းလိုက်လို့"

ခွန်အား ခေါင်းကုတ်၍ –

"ဟာ . . . ကျွန်တော် အိပ်နေတယ်၊ နိုးလို့မရဘူးလို့ ပြောလိုက်ပါလား ဘွားအေးရဲ့"

ပြန်အိပ်ဖို့ပြင်နေသော သူ့ကို ဘွားအေးက မျက်လုံးကြီး ပြူး၍ ကြည့်ပြီး အတင်းဆွဲထူ၏။ ပါးစပ်ကလည်း –

"ဟဲ့ . . . မရဘူး ဆရာ၊ တော့်အဖေက ကျုပ် အဲဒီလိုပြောတာ အတင်းခေါ်ခိုင်းနေတယ်။ ကျုပ် အဆစ်ပါနေလိမ့်မယ် ကိုတော်လေးရယ်။ ထပြီး သွားတွေ့လိုက်စမ်းပါ။ ဆူလည်း ခဏပေါ့"

"ခဏပဲ ဆူမှာသေချာလား"

ရစ်နေသော သူ့ကို ဘွားအေးက အတင်းဆွဲထူပြီး –

"တော်စမ်းပါ ခွန်အားရယ်၊ ထ . . . ကဲ ကျုပ်တော့ မီးဖိုချောင်ကပဲ တော်တို့သားအဖကို ချောင်းကြည့်တော့မယ် လန့်လွန်းလို့"

ဖျစ်တောက် ဖျစ်တောက်ပြော၍ ထွက်သွားသော ဘွားအေးကိုကြည့်ပြီး ခွန်အား ပြုံးလိုက်သည်။ ပြီးတော့ အိပ်ယာပေါ်မှ သွက်လက်စွာ ထလိုက်သည်။

သူ အိပ်ခန်းထဲကနေ နေးနေးကွေးကွေးဟန်နှင့် ထွက်လာခဲ့သည်။

အောက်ထပ်၌ရှိနေသော ဖေဖေ့ကို သူ မကြည့်ရဲ၊ ခေါင်းငုံ့၍ ဖြည်းညင်းစွာ ဆင်းလာစဉ် –

"ဟိတ်ကောင် ခွန်အား"

ဖေဖေ့အသံတွင် ဒေါသသံတွေ စွက်နေမလားဟု စိုးရိမ်လိုက်သော်လည်း။

"သား"

ဟူသော နောက်ဆက်တွဲခေါ်သံကြောင့် သူ ဖေဖေ့ကို လှမ်းကြည့်မိသောအခါ ပြုံးနေသော ဖေဖေ့မျက်နှာသည်။

❁



## အခန်း (၉)

သားငယ်လေးက အာလူးကတ်သလိပ်ကြော် စားချင်တယ် ပြောသဖြင့် ဇင့်မှာ မီးဖိုဆောင်ထဲ၌ မမောနိုင် မပမ်းနိုင်။

သူ့လေးပြောသကဲ့သို့ပင် နေ့စဉ်နှင့်အမျှ နွားနို့နှင့် ကြက်ဥနှင့်သာ နှစ်ပါးသွားနေသဖြင့် အသစ်အဆန်းလေးတော့ စားချင်ပေလိမ့်မည်။ တစ်ပတ်လုံးမှာ တနင်္ဂနွေတစ်ရက်တည်းသာ ဆိုင်ပိတ်ရက်ရှိသော်လည်း ထိုရက်မှာတောင် ဇင့်အတွက် နားချိန်မရှိပါ။

ဇင့် မနားရတာတော့အကြောင်းမဟုတ်ပါ။ သံယောဇဉ်ဆိုတဲ့ မိန်းမရဲ့ဘဝမှာ အလုပ်နှင့်လက် မပြတ်ရှိနေတာက ခပ်ကောင်းကောင်းပဲလေ။

ဦးနောက်ကို အနားပေးလိုက်တာနှင့် အတိတ်ဆီသို့ စိတ်က ဖျတ်ခနဲ ရောက်သွားမည့်အဖြစ်ကို ဇင့် လုံးဝမလိုလားပါ။

သားငယ်လေးကတော့ ဇင့် ချက်ပြုတ်နေရတာ မပျင်းရလေအောင် ထမင်းစားစားပွဲဝိုင်းဘေးမှာထိုင်၍ စကားတွေ တတွတ်တွတ်ဆိုနေလေသည်။ ဝိယဂ်စာ တီတီတာတာ စကားသံလေးတွေ

နားထောင်ရင်း ဖဲ့မှာ ဘာလုပ်လုပ် မမောနိုင်မပမ်းနိုင်။

"မမကြီး"

"ရှင်"

"အခု ဘာလုပ်နေတာလဲ"

"အာလူးပြုတ်တွေကို အခွံခွာနေတာလေ။ ဘာလဲ စားချင်နေပြီလား။ ငါးမိနစ်စောင့်"

"ငါးမိနစ်တော့ မကာပါဘူး"

"ကောင်စုတ်လေး"

အာမခံပေးတာ လွယ်လှချည်လားပုံစံနှင့် ဖြေတော့ ဖဲ့ သဘောကျစွာ ရယ်လိုက်လေသည်။

ယခုကဲ့သို့ သားငယ်လေးနှင့် ပြောလိုက်ဆိုလိုက်၊ ရယ်လိုက်မောလိုက်ရှိနေသောဘဝမှာ ဖဲ့ပျော်ပါသည်။ သားငယ်လေးကိုယ်တိုင်လည်း သူ့ကိုယ်သူ မျက်မမြင်ဒုက္ခိတဆိုတဲ့အဖြစ်ကို ခဏတာ မေ့ထားစေချင်ပါသည်။

"သား မမကြီးကို ပြောစရာရှိလို့"

"ဪ . . . ပြောစရာရှိတာကိုများ စကားပလ္လင်ခံနေရသေး။ သားငယ်လေးရယ် . . . ပြောပါလား"

ဖဲ့ အာလူးပြုတ်တွေကို အခွံသေချာခွာရင်း သားငယ်လေးကို မော့မကြည့်ဘဲ မေးလိုက်၏။

"မမကြီး သားကို စိတ်မဆိုးရဘူးနော်"

"ဘာပြောမှာမို့လို့ ဒီလောက်ထိ ကတိအထပ်ထပ် တောင်းနေရတာလဲ။ မမကြီးက ဘာအတွက်စိတ်ဆိုးရမှာလဲကွဲ့"





တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေသော သားငယ်လေးရဲ့မျက်နှာကို အပြုံးနှင့် လှမ်းကြည့်ပြီး စကားလမ်းခင်းပေးလိုက်သည်။

သားငယ်လေးက ဖဲ့နှင့် မျက်နှာချင်းဆိုင် အနေအထားတွင် ထိုင်နေသော်လည်း သူ့မျက်နှာပေါ်က စာတွေကို ဖဲ့ ရိပ်မိသိရှိသွားမည့်ဟန်နှင့် မျက်နှာကို ခပ်လွှဲလွှဲ ပြုနေလေသည်။

"မမကြီး စိတ်မဆိုးဘူးလို့ ကတိပေး"

"ဪကွယ်"

"ကဲ ကဲ . . . ပေးပါပြီတဲ့ရှင်၊ ဘာလဲ ပြောတော့"

"ဟိုးတစ်နေ့က သားဖွင့်တဲ့သီချင်းခွေလေ"

"ဘာလဲ ပြန်တောင်းမလို့လား"

ဟိုးတစ်နေ့က သီချင်းခွေလို့ဆိုလိုက်သည်နှင့် ဖဲ့ မျက်နှာထားကော အသံပါ မာထန်သွားရသည်။ ဒါကိုပဲ မမေ့မလျော့နှင့် မှတ်မှတ်ရရ ပြန်ပြောနေသော သားငယ်လေးကိုလည်း သဘောမကျနိုင်အောင် ရှိနေပါသည်။

"ပြောတော့ စိတ်မဆိုးပါဘူးတဲ့၊ အခု စိတ်ဆိုးနေပြီ"

"ဘယ်မှာစိတ်ဆိုးလို့လဲ"

သားငယ်လေး ပြောမှပဲ ကိုယ့်လေသံကို ကိုယ် ဂရုပြုမိကာ လေသံလျှော့၍ မေးလိုက်သည်။

"သားက မျက်စိမမြင်ပေမယ့် သူများတွေလိုတော့ အကြားအာရုံကောင်းတယ် မမကြီးရဲ့။ ဒီလူ ကိုယ့်ကို လိုလားနေတဲ့အသံလား။ မလိုလားတဲ့အသံလား ကောင်းကောင်းကြီး ခွဲခြားတတ်ပါတယ်"

"ဩော် . . . မိကျောင်းသားလေး တယ်လည်း လျှာရှည်ပါ လားနော်"

"မမကြီးကို ပြောတာနဲ့ စောစောက စကား ဘယ်ရောက် သွားပြီလဲ မသိဘူး။ ပြန်တောင်းမလို့ မဟုတ်ပါဘူး မမကြီးရဲ့"

"ဒါဆို ဘာလဲ"

"သူရေးထားတဲ့သံစဉ်တွေကို သား စိတ်ထဲမှာ တော်တော် လေး ရင်းနှီးနေတာများ။ အခု သားတီးနေတဲ့ သံစဉ်လေး၊ မမကြီး တောင် ပြောပါပကော သားငယ်လေးမှာ ဒီသံစဉ်ကလွဲရင် တီးစရာ သံစဉ်တွေ မရှိတော့ဘူးလားဆိုတာလေ။ အဲဒီသံစဉ်နဲ့ ဟိုအဆိုတော် ဆိုတဲ့သီချင်းတစ်ပုဒ်တည်းက သံစဉ်လေး၊ လုံးဝနီးပါး တူနေတာ အံ့ဩစရာ မကောင်းဘူးလား"

"သားငယ်လေးကလည်း စိတ်ထင်လို့ဖြစ်ပါလိမ့်မယ်။ ကဲ ကဲ . . . မိုက်ဆာတာနဲ့ လေတွေစွတ်ပေါမနေနဲ့။ အာလူးထောင်းပြီး ရင် ကျော်လို့ရပြီ။ တကယ် ငါးမိနစ်စောင့်"

သားငယ်လေးစကား ရှေ့ဆက်၍ မရစေရန် ဇော် စကားစ ဖြတ်ချပစ်လိုက်သည်။ နောက်ထပ် ဘာစကားမှ မဆိုတော့ဘဲ အာလူး ထောင်းနေလိုက်တော့ သားငယ်လေးက ဆက်မပြောတော့ချေ။

သို့သော် ဇော့်ရဲ့အတွေးတွေကတော့ ငြိမ်သက်မနေတော့ပေ။

ဒီကလေးရဲ့ဦးနှောက်က တစ်ခါတစ်ရံ အတိတ်ကို သတိရ လိုက်၊ မရလိုက်နှင့်။ ဇော်ကတော့ ကိုယ်ချင်းစာတရားမရှိဘူးပဲပြော ပြော၊ အတ္တကြီးတယ်ပဲပြောပြော သားငယ်လေးအား အတိတ်ကို သတိမရစေချင်တော့ပါ။





ယခုကဲ့သို့ပင် ယခုဘဝ၌ ဇော်နှင့် မောင်နှမနှစ်ယောက် အပူ အပင်ကင်းကင်းနှင့် ငြိမ်းငြိမ်းချမ်းချမ်း နေချင်ပါပြီ။

ဒီအတွက် ဇော်ဟာ ဘီလူးဆိုင်းပဲတီးရတီးရ နတ်သံ ဒိုးပဲ တီးရတီးရ တီးရပေလိမ့်မည်။

"မမကြီး"

"ဟင်"

သားငယ်လေးရဲ့ခေါ်သံကိုပင် အလိုလို ကြောက်ရွံ့နေမိတော့ သည်။ သားငယ်လေးရယ် . . . မမကြီးကို ဘာမေးခွန်းတွေနဲ့ ချောင် မပိတ်လိုက်ပါနဲ့လား။ မင်းရဲ့မေးခွန်းတွေဟာ မမကြီးကို အသက်ရှူ မဝစေသလိုပါပဲကွယ်။

"ဘာလဲ သားငယ်လေးရယ်။ စားတော့မလို့လား မရသေး ဘူးလေ။ ခဏစောင့်ဦး။ ဒီကောင်လေး စားချင်ရင်ဖွတ်၊ ပြောချင်ရင် ဖွတ်နဲ့ ဟင်းနော်"

"မဟုတ်ပါဘူး မမကြီးရဲ့။ အခုပြောမှာက သားရဲ့မျက်စိကိစ္စ နဲ့ ပတ်သက်ပြီးပြောချင်လို့။ ဟိုးတစ်နေ့က ဆရာဝန်ကြီးပြောခဲ့တာ လေ။ နောက်တစ်ပတ် ဗုဒ္ဓဟူးနေ့မှာ သားရဲ့မျက်လုံး ခွဲရမယ်ဆိုတာ အဲဒါ အတည်လား"

"အတည်ပေါ့ သားငယ်လေးရဲ့။ သားငယ်လေးမျက်စိ ပြန် မြင်ရတော့မယ် မပျော်ဘူးလား"

"သားမျက်စိ ပြန်မြင်ရင်လေ ပထမဆုံး မြင်ချင်တဲ့မျက်နှာ က မမကြီးရဲ့မျက်နှာပဲ။ သားစိတ်ကူးထဲက မမကြီးက ကြင်လည်း ကြင်နာတတ်တယ်၊ စိတ်သဘောထားလည်း ကောင်းတယ်၊ ရုပ်လည်း

ချောမှာဗျာ့"

သားငယ်လေးရဲ့အပြောကြောင့် ဇဉ် သဘောကျစွာ အသံထွက်ရယ်လိုက်မိသည်။

အဝတ်စုတ်နှင့် လက်ကိုသုတ်ပြီး သားငယ်လေးရဲ့ဘေးမှာ ဝင်ထိုင်ရင်း –

"တကယ်လို့ သားငယ်ရဲ့အတွေးတွေနဲ့ လွဲချော်နေရင်ကော။ ဥပမာ–မမကြီးက ရုပ်ဆိုးဆိုးနဲ့ဆိုရင်လေ"

"လွဲလည်း ဘာဖြစ်လဲ မမကြီးရဲ့။ ရုပ်ချောတာ ရုပ်ဆိုးတာက အဓိကမကျပါဘူးလေ"

မျှော်လင့်ချက်တွေနှင့် ပြုံးနေသော သားငယ်လေးရဲ့ မျက်နှာလေးကို ငေးရင်း ဇဉ် မျက်ရည်ဝဲလာရပြန်သည်။ ဒီရဲ့မျက်ရည်တွေသည် ဘယ်တော့မှ မခမ်းနိုင်တော့ဘူးတဲ့လားကွယ်။

အရှင်ဘုရား ... တပည့်တော်တို့ မောင်နှမနှစ်ယောက်အပေါ်မှာ ကျရောက်နေတဲ့ ကံကြမ္မာဆိုးကို အမြန်ဆုံး ပြေပျောက်အောင် ဖြေဖျောက်တော်မူပေးပါ အရှင်ဘုရား။

တကယ်တော့ သားငယ်လေးမျက်လုံးခွဲရမှာ ယခုသည် ပထမဆုံးအကြိမ်တော့ မဟုတ်ပေ။

လွန်ခဲ့တဲ့နှစ်နှစ်က ပထမအကြိမ် ခွဲစိတ်ခဲ့ပြီးပါပြီ။ ခွဲစိတ်မှု မအောင်မြင်သဖြင့် သားငယ်လေး စိတ်ဓာတ်တွေကျကာ တစ်လနီးပါး တမှိုင်မှိုင် တတွေတွေနှင့်။

တကယ်လို့သာ မပြောကောင်းမဆိုကောင်း ဒီ ဒုတိယအခေါက်သာ မအောင်မြင်ခဲ့လျှင်။ ဘုရား ဘုရား။





သားငယ်လေး အဆုံးစွန် စိတ်ဓာတ်တွေကျကာ လောကကြီးကို စိတ်နာပေလိမ့်မည်။

ဇဉ်နှင့် သားငယ်လေးတို့အကြားက ဒုက္ခဆိုးကြီး နေ့စဉ်နှင့်အမျှ မျက်ရည်ကျအောင် ခံစားနေခဲ့ရသည့် ဒုက္ခဆိုးကြီး။ ထိုဒုက္ခဆိုးကြီးသည် သားငယ်လေးရဲ့ ဘဝတစ်လျှောက်လုံး ဘယ်အချိန် လိုက်လံ နှောင့်ယှက်နေဦးမှာလဲ။

ဆရာဝန်ကြီးကတော့ ပထမအကြိမ် ခွဲစိတ်ကတည်းက ပြောခဲ့ပါသည်။

"တကယ်တော့ မသံယောဇဉ်ကို စိတ်ဓာတ်ကျသွားအောင် ပြောမယ့်စကားတော့ မဟုတ်ပါဘူး။ ဖြစ်လာတဲ့အခြေအနေ အကောင်းအဆိုးကို အမှန်အတိုင်း လက်ခံနိုင်အောင်လို့ပါ။ ဒီရဲ့အောင်မြင်မှုဟာ တစ်ထစ်ချ အောင်မြင်မယ်လို့ တွက်ထားလို့မရပါဘူး"

"ဘာ ... ဘာကြောင့်ပါလဲ ဆရာ"

"ဒီလိုအောင်မြင်ဖို့ဆိုတာ လှူမယ့် အလှူရှင်ပေါ်လည်း မူတည်ပါတယ်။ တစ်ယောက်လိုအပ်ချက် တစ်ယောက်နဲ့ကိုက်ညီမှသာ ... ဒီကြားထဲမှာ ဝေဒနာရှင်ကို စိတ်ဓာတ်မကျသွားအောင်၊ အားမငယ်အောင် ဂရုစိုက်ပေးရပါလိမ့်မယ်"

ဇဉ် ဆရာဝန်ကြီးရဲ့စကားကို ပြန်လည်ကြားယောင်ရင်း–

"အေးလေ ... မျှော်လင့်တယ်ဆိုတာကလည်း အကောင်းဘက် တစ်ခုတည်းကိုပဲ မျှော်လင့်ထားလို့ ဘယ်ရမလဲ။ အဆိုးဘက်ကလည်း ခံနိုင်ရည်ရှိအောင် ကြိုတွေးထားရမှာပေါ့လေ"

"မမကြီး မမကြီး"

"ဟင် ... ဘာလဲ ... ဘာလဲ သားငယ်လေး"

ဇင့်အတွေးတွေနှင့် ငူငူငိုင်ငိုင်ဖြစ်နေရာမှ သားငယ်လေးရဲ့ ခေါ်သံကြောင့် ကမျာကယာ ထူးလိုက်မိသည်။ သားငယ်လေးက ဇင့်ရဲ့ လက်တစ်ဖက်ကို အားပေးသလိုဆုပ်ကိုင်ပြီး –

"မမကြီး ဘာတွေတွေးနေသလဲဆိုတာ သားသိပါတယ်"

ဇင့် လက်ကို ဆုပ်ကိုင်ထားသော သားငယ်လေးရဲ့လက်ကို ဇင့် ပြန်လည်ဆုပ်ကိုင်လိုက်သည်က မောင်နှမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် အားပေးလိုက်ခြင်းနည်းရယ်ပါ။

"စိတ်မလျှော့ပါနဲ့ သားငယ်လေးရယ်"

❁



## အခန်း (၁၀)

ဇင့် ဝယ်သူတွေနှင့် စကားပြောနေစဉ် ကိုအောင်က ဆိုင်ထဲသို့ဝင်လာသည်။ ဇင့်က ခဏဆိုသည့်ဟန်ဖြင့် လက်ကာပြတော့ ကိုအောင်က ရပါတယ်ဆိုသည့်ပုံစံနှင့် ခေါင်းဆတ်ပြပြီး ထိုင်ခုံမှာ ဝင်ထိုင်လေသည်။

ဇင့် ရွှေဆိုင်လေးဖွင့်ထားသည်ဆိုသော်လည်း ဟီးဟိုးထနေသော ရွှေဆိုင်တော့မဟုတ်ပါ။

မောင်နှမနှစ်ယောက်အတွက်တော့ စားလောက်ရုံ၊ သောက်လောက်ရုံတော့ ဖူလုံပါသည်။

ထို့ပြင် ရင်းနှီးလွန်းသူတွေအတွက် ကျောက်တွေ၊ စိန်တွေ သီးသန့်ပြဖြစ်၏။

ကိုအောင်တို့ကတော့ စိန်တိုက်မို့ ဇင့်တို့လို ဆိုင်သေးသေးလေးတွေက မျှော်ကြည့်နေရသည့် အခြေအနေပါ။

ဇင့်က ဝယ်သူတွေပြန်သွားတော့ ကိုအောင်ကို ပြုံးပြပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"ဘာတွေအရေးကြီးလို့ ကိုအောင်ကိုယ်တိုင် ရောက်လာရတာလဲ၊ အားနာလိုက်တာနော်"

"ဘာအားနာစရာရှိလို့လဲ ဇင်ရယ်။ ဒီလူနဲ့ ဒီလူ အားနာရမယ့်လူတွေလား။ ကိစ္စကတော့ အရေးကြီးတယ်လို့ဆိုရင် ကြီးတယ်ပေါ့။ မကြီးဘူးဆိုရင်လည်း ရပါတယ်"

ဇင် ကိုယ်တိုင် ကိုအောင့်အတွက် ကော်ဖီဖျော်ပေးရင်း–

"သောက်ပါဦး၊ သောက်ပြီးမှ ပြောပေါ့။ ကိုအောင်ကိုယ်တိုင်လာတယ်ဆိုရင်တော့ အရေးကြီးတဲ့ကိစ္စပါလို့ ဇင်တော့ ယူဆတယ်ရှင့်"

ကိုအောင်သိမ်းဆိုတဲ့လူက ခေတ်ပညာလည်းတတ်၊ ချမ်းလည်းချမ်းသာပါသည်။ သို့သော် ရုပ်ရည်ကတော့ ရွက်ကြမ်းရေကျိုဟု ဆိုရမည်လား။ လူတွေပြောသကဲ့သို့ ရုပ်ရည်ကအဓိကမကျ၊ စိတ်ဓာတ်က အဓိကဆိုသလို ကိုအောင်သည် ရုပ်ဆိုးသော်လည်း စိတ်မဆိုးပါ။

စကားနည်းကာ ခပ်အေးအေးနေတတ်ပြီး စိတ်နှလုံးဖြူသူ ရယ်ပါ။

ဇင့်ကို စိတ်ဝင်စားနေသော်လည်း ဇင့်ဘက်က မည်သည့်အရိပ်အယောင်မှမပြခဲ့သဖြင့် ပညာတတ်လူပီပီ အသာလေးငြိမ်နေသူ၊ အခင်အမင်မပျက်စွာ နေသူဖြစ်သည်။

ပြီးတော့ ပတ်ဝန်းကျင်က ဇင့်အပေါ် ကဲ့ရဲ့ပြစ်တင်ခြင်းမပြုစေရန် အသွားအလာလည်း ဆင်ခြင်ပါသည်။ ယခုတောင် အရေးကြီးကိစ္စဖြစ်၍သာ ကိုယ်တိုင်လာခြင်းဖြစ်မည်။

"ပြောလေ ကိုအောင်"





ဇင်က ငြိမ်နေသော ကိုအောင့်ကို စကားစပေးလိုက်သည်။

"ဩော် ... အေး အေး။ နောက်တစ်ပတ်ကျရင် နေပြည်တော်မှာ ပြပွဲရှိတယ်ဆိုတာ သိပြီးပြီလား"

"ဟင် ... ဟုတ်လား၊ ဘယ်သူပြောတာလဲ၊ မကြားသေးဘူး ကိုအောင်"

"ကို့သူငယ်ချင်းတစ်ယောက် လာပြောတာ။ ကိုယ်ကတော့ သွားပြီး လေ့လာချင်တယ်။ ဝယ်ဖြစ်တာ မဖြစ်တာ အပထားလေ"

"ဟယ် ... ဇင်လည်း လိုက်ချင်လိုက်တာ ကိုအောင်။ ပြပွဲဆိုတော့ ဇင်တို့လိုချင်တဲ့ ပုံစံတွေကိုလည်း အစုံတွေ့နိုင်တယ်နော်။ အခု ဇင့်ကို အသိမိတ်ဆွေတစ်ယောက်က ရှားပါးပြီး ထူးဆန်းတဲ့ ဒီဇိုင်းပုံ လိုချင်တယ်ဆိုပြီး ရှာခိုင်းထားတာလေ။ ဒါဆို ကိုအောင်လည်း သွားမှာပေါ့"

"ဒါပေါ့ ... ဒါကြောင့် ဇင်လည်း ပြင်လို့ဆင်လို့ရအောင် ကြိုပြီးလာပြောတာလေ"

"အဲဒါဆို ဇင်တို့သွားရအောင်လေ။ ဒါနဲ့ပြပွဲက ဘယ်နေ့က နေ စမှာလဲ"

စမည့်နေ့ရက်ကို ဇင် မမေ့မလျော့ မေးလိုက်သည်။ ကိုအောင်က စဉ်းစားသလိုလုပ်ပြီး –

"အင်း ... နောက်တစ်ပတ် ဗုဒ္ဓဟူးနေ့ စမယ် ဇင်"

"ရှင် ... ဗုဒ္ဓဟူးနေ့ ဟုတ်လား ကိုအောင်"

ကိုအောင်က ခေါင်းညိတ်ပြသဖြင့် ဇင့်မှာ စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။

ထိုနေ့က သားငယ်လေး မျက်လုံးခွဲမည့်နေ့ ဖြစ်နေလေသည်။ ဘယ်လိုလုပ်ပြီး သွား၍ရနိုင်မည်နည်း။

ကိုယ့်မောင်လေးက ဆေးရုံပေါ်မှာ ခွဲစိတ်ခံနေရချိန် ကိုယ်က ပြပွဲခန်းမထဲမှာဆိုလျှင် သားငယ်လည်း ဘယ်လောက်ထိ ဝမ်းနည်းနေရှာမလဲ။ မတော်တဆ ခွဲစိတ်တာ မအောင်မြင်ခဲ့လျှင် သားငယ်လေးကို အကောင်းဆုံး ဖေးမဖို့အတွက် ဇဦ သားငယ်လေးအနီးမှာ ရှိနေရမည်။

ဇဦ ဟိုတွေး ဒီတွေးဖြင့် ငြိမ်နေစဉ် –

"ဘာကိုစဉ်းစားနေတာလဲ ဇဦ"

ဇဦ ကိုအောင့်ရဲ့မျက်နှာကို မော့ကြည့်ပြီး စိတ်ပျက်လက်ပျက်နှင့် ခေါင်းယမ်းပြလိုက်၏။

"ဗုဒ္ဓဟူးနေ့ဆိုရင်တော့ ဇဦ လိုက်နိုင်မယ်မထင်ဘူး ကိုအောင်"

ကိုအောင်က မျက်ခုံးမြင့်တက်သွားကာ ဇဦကို စိုက်ကြည့်လေသည်။

"ဟင် . . . ဘာလို့လဲဇဦရဲ့။ ဘာလို့ မလိုက်နိုင်ရမှာလဲ။ ဇဦ ဘာတွေအရေးကြီးနေလို့လဲ"

"အဲဒီနေ့က သားငယ်လေးရဲ့မျက်လုံး ခွဲစိတ်မယ့်နေ့ဖြစ်နေလို့ပဲ ကိုအောင်"

"ဟာ"

ကိုအောင်က ဟာခနဲဖြစ်သွားလေသည်။ ဇဦ ခေါင်းညိတ်ပြပြီး –





"ဟုတ်တယ် ကိုအောင်ရယ်။ တိုက်လည်း တိုက်ဆိုင်တတ်တဲ့ ကံကြမ္မာပဲ၊ ရှိပါစေတော့လေ"

ဇဦ မျက်နှာမကောင်းစွာ အကြာကြီး ငြိမ်နေတော့ ကိုအောင်က အားပေးသလိုပြုံးပြသည်။

"ဒါဆို ဒီလိုလုပ်လေ ဇဦ"

ဇဦက ဘယ်လိုလုပ်ရမလဲဆိုသည့်အကြည့်နှင့် ကြည့်လိုက်သည်။

"ကိုယ်မသွားဘူးဆိုရင်တော့ တစ်မျိုးပေါ့။ အခု ကိုယ်လည်း သွားမှာဆိုတော့ ဇဦ ဘာမှ သောကမရောက်ပါနဲ့။ ကိုယ်ဟိုမှာ သဘောကျသမျှ ယူခဲ့မယ်။ ဒီရောက်တော့ ဇဦ လိုချင်တဲ့ပစ္စည်း ပြန်ရွေးယူပေါ့"

"အဲဒီလိုပဲ လုပ်ရတော့မှာပဲ ကိုအောင်ရယ်။ အမှန်တော့ အဲဒီလို မလုပ်ချင်ပါဘူးလေ။ တကယ်တော့ ကိုအောင် သဘောကျလို့ ရွေးယူခဲ့မယ့်ပစ္စည်းတွေကို ဇဦက ပြန်ပြီးရွေးယူရမှာဆိုတော့လေ။ နောက်ပြီး ဇဦ ကိုယ့်ကိုယ်ကိုယ်လည်း အားမရပါဘူးလေ"

"ဘာလို့လဲ ဇဦရဲ့"

ထူးဆန်းသောစကားကြောင့် ကိုအောင်က အံ့သြစွာ ပြန်မေးလေသည်။

"ဟုတ်တယ်လေ ကိုအောင်ရဲ့၊ ဇဦမှာ ဒီလုပ်ငန်းစလုပ်ကတည်းက ကိုအောင်မကူညီခဲ့တာရယ်လို့ ရှိခဲ့လို့လား"

"ဪ ဒါများ ဇဦရယ်၊ တိုက်ဆိုင်လို့ ကူညီရတာပဲ။ ဇဦ ဘာမှအားမငယ်ပါနဲ့။ ညီ ဒီတစ်ခေါက် ခွဲစိတ်တာ အောင်မြင်မှာပါ"

ကိုအောင်က စကားလမ်းကြောင်းပြောင်းရင် သားငယ်လေး အကြောင်း ပြောနေသည်။

''ဇွဲလည်း မြင်ရပါစေလို့ ဆုတောင်းနေတာပဲ ကိုအောင် ရယ်။ ဒါပေမဲ့ အာမခံမထားရဲဘူး။ အရမ်းကြီးမျှော်လင့်ထားရင် အရမ်း ကြီး ပင်ပန်းရတတ်တယ်လို့ ဇွဲလည်း ကြားဖူးထားတော့''

''အားမလျော့ပစ်လိုက်နဲ့လေ ဇွဲ၊ ညီက ဇွဲ့အပေါ်ပဲ အားကိုးစရာရှိတာ။ ဇွဲလဲလို့ မဖြစ်ဘူးနော်။ ကိုယ်လည်း ပြပွဲကိစ္စ သာမရှိရင် ညီ့ကိုလိုက်ပြီး အားပေးချင်ပါတယ်''

ကိုအောင် စားကောင်း၊ သောက်ကောင်း ပြောနေတာ မဟုတ်ကြောင်း ဇွဲလည်း သိပါသည်။

ကိုအောင်သည် ဇွဲ့ဘက်က ဟင့်အင်းဆိုတော့လည်း မရိုး သားသည့် အရိပ်အယောင်များ မပေါ်လွင်စေရန် ထိန်းသိမ်းရင်း ဇွဲ့ကိုလည်း ညီမလေးတစ်ယောက်လို သဘောထားရှာပါသည်။

ဇွဲကိုယ်တိုင်လည်း ကိုအောင်ဟာ ရွေးချယ်သင့်သော လူ တစ်ယောက်မှန်း သိသိနှင့် ရှေ့တိုး၍ မရခဲ့ချေ။ လောကကြီးတွင် ယောကျ်ားပေါသော်လည်း လင်ကောင်းရှားသတဲ့။

ကိုအောင့်ကိုသာ ဇွဲ လက်ခံလိုက်လျှင် ကိုအောင်သည် ဇွဲ့အတွက် အိမ်ထောင်ဖက်ကောင်းဖြစ်မှာ သေချာပါသည်။

သို့သော် နှလုံးသားက လှုပ်ခတ်သံလေးတောင် ထွက်မလာ တော့။

''ဇွဲ နားလည်ပါတယ် ကိုအောင်။ ဇွဲ့ကို ခုလိုအားပေး စကားပြောပေးတဲ့အတွက်လည်း ဇွဲ အရမ်းဝမ်းသာပါတယ်''





''မလိုပါဘူး ဇွဲ၊ ကိုယ်က ကျေးဇူးတင်ခံချင်လို့ ကူညီတာ မဟုတ်ဘူးလေ။ ဇွဲ့ကို ကိုယ့်ရဲ့ညီမလေးတစ်ယောက်လို သဘောထား ပြီး အကျိုးလိုလို့ ညောင်ရေသွန်းနေတာလည်း မဟုတ်ဘူး။ ရယူတာ တွေ ပေးဆပ်တာတွေကအစ ပြန်မဖော်ပါနဲ့။ ညီ့အတွက်လည်း အရမ်းကြီး အပင်ပန်းခံမနေနဲ့။ ကိုယ့်ကျန်းမာရေးကိုလည်း ကိုယ် ဂရုစိုက်ဦး။ ကဲ . . . ကိုယ်သွားမယ် ဟုတ်လား''

ဇွဲ ခေါင်းညိတ်ပြရင်း ကိုအောင် ထွက်သွားတာကို ငေး ကြည့်နေမိသည်။

ကိုအောင်သာ ဇွဲ့ရဲ့အစ်ကိုရင်းခေါက်ခေါက်သာ ဖြစ်လိုက် ပါလား။ ဘယ်လောက်ကောင်းလိမ့်မလဲ။

## အခန်း (၁၁)

သူတို့သားအဖနှစ်ယောက် ဤဝရန်တာထက်၌ ထိုင်နေသည်မှာ အတော်ကြာပြီ။ ထိုင်နေသည်မှာ အတော်ကြာပြီဖြစ်သော်လည်း ဝရန်တာမီးကိုဖွင့်ဖို့ သားအဖနှစ်ယောက်စလုံး သတိမထားမိကြပါ။

အိပ်ခန်းထဲမှမီးသည် ဝရန်တာသို့ လျှံထွက်လာသော်လည်း ဝရန်တာတစ်ခုလုံးကို လင်းထိန်မနေချေ။ ပတ်ဝန်းကျင်တွင် မည်းမှောင်တိတ်ဆိတ်နေသည်။

သို့သော် လကွေးကွေးနှင့် ကြယ်တို့၏ လင်းလက်နေပုံမှာ ထူးဆန်းဖွယ်ကောင်းလေသည်။

နက္ခတ်တာရာကြည့်တတ်သူများကတော့ ကြယ်တို့၏ဖြစ်တည်မှုပုံသဏ္ဌာန်ကိုကြည့်၍ ရာသီဥတု၊ သဘာဝအနေအထားကို ဟောပြောတတ်သည်တဲ့။

ယခုတောင် ကြယ်အချို့၏ ပုံသဏ္ဌာန်မှာ ချိန်ခွင်လိုလို၊ လိပ်လိုလိုနှင့် သူကတော့ ကောင်းစွာမကြည့်တတ်ပါ။





ဖေဖေ့ဘက်သို့ မျက်လုံးရွှေကြည့်တော့ ဖေဖေက မိုးကောင်းကင်သို့ မော့ကြည့်ငြိမ်သက်နေသဖြင့် သူ ဘာမှ မပြောဘဲ အသာလေး ငြိမ်နေမိသည်။

သူ့ကိုမြင်လျှင် ဖေဖေ စိတ်ဆိုးမည်။ ဒါမှမဟုတ် ထတောင်ထိုးနိုင်သည်ဟု သူ အဆုံးစွန်တွေးထားခဲ့ပါသည်။ သို့သော် ဖေဖေသည် သူ့ထင်မြင်ယူဆချက်နှင့် ဆန့်ကျင်စွာ သူ့ကို ဖက်လှဲတကင်း ပွေ့ဖက်ခဲ့သည်။

ဖေဖေ မျက်ဝန်းထက်၌ ခိုတွဲနေသော မျက်ရည်စတို့ကို ကြည့်ပြီး သူ ဖေဖေ့အပေါ် တာဝန်မျက်ကွက်မှု များစွာဖြင့် သားတစ်ယောက်အဖြစ် တာဝန်မကျေပွန်မှုများ။ ထို့အတွက် သူ ဖေဖေ့ကို ပေးဆပ်ရမည်။

ကျေးဇူးဆိုတာ ဆပ်တတ်မှ ကျေမည်ဆိုပေမယ့် မြင်းမိုရ်တောင်မက ကြီးမားလှသော မိဘရဲ့ကျေးဇူးကိုတော့ မည်သို့ဆပ်ဆပ် ကျေပွယ်ရာမရှိပါ။ သူတို့ရဲ့ကိုးကွယ်ရာ ဗုဒ္ဓဘုရားတောင် မိဘရဲ့ကျေးဇူးနို့တစ်လုံးဖိုးသာ ကျေအောင် ဆပ်နိုင်ခဲ့သည်ဆိုလျှင် သူတို့လို သာမန်ပုထုဇဉ်လူသားတို့အတွက်မူ ဆိုဖွယ်ရာမရှိပေ။

ဖေဖေ့ရဲ့ ကြည်နူးပီတိနှင့် ရယ်မောသံတို့သည် ယခုချိန်မှာ သူနှစ်သက်သော သံစဉ်အားလုံးထက် သာလွန်နေသည်။

သူတို့သားအဖတွေ ဝုန်းဒိုင်းကျဲလေမလားဟု စိုးထိတ်မှုနှင့် ချောင်းကြည့်နေသော ဘွားအေးတစ်ယောက်လည်း သူတို့သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်နေတာမြင်ရတော့ ကြည်နူးပီတိ ဖြစ်ရ၊ မျက်ရည်ဝဲရရှိနေလေသည်။

"သား . . . ဟိုး . . . မိုးပေါ်ကို မော့ကြည့်စမ်း"

ဖေဖေ အလိုအတိုင်း အလိုက်တသိဖြင့် ငြိမ်သက်နေစဉ် ဖေဖေ့ထံမှ ထွက်ပေါ်လာသော စကားသံကြောင့် သူ ကောင်းကင်ပေါ်သို့ ယောင်ယမ်း၍ မော့ကြည့်လိုက်သည်။

"လသာနေသားပဲ ဖေဖေ၊ ဘာလို့လဲ"

"လပဲ တွေ့တာလား။ လအပြင် ဘာတွေ့သေးလဲ"

ထူးဆန်းသောစကားကြောင့် သူ ကောင်းကင်ဆီမှ ဖေဖေ့ထံသို့ မျက်လုံးရွှေ့ကြည့်သည်။ ဖေဖေကတော့ သူ့ကို လုံးဝကြည့်ခြင်း မရှိသလို ကောင်းကင်ထံမှလည်း အကြည့်မခွာချေ။

သူ ကောင်းကင်သို့ ပြန်လည်ကြည့်ရင်း –

"တဖျပ်ဖျပ်နဲ့ လင်းလက်နေတဲ့ ကြယ်လေးတွေကို တွေ့ရပါတယ် ဖေဖေ"

ထိုအခါမှ ဖေဖေသည် သူ့အား လှည့်ကြည့်ပြန်ဖြစ်သည်။ တဖျတ်ဖျတ်လက်နေသော ဖေဖေ့ရဲ့မျက်လုံးတို့သည် ကြယ်ပွင့်တို့နှင့် အပြိုင် လင်းလက်နေသည်။

"သား မင်းကို ဖေဖေ ဒီဝရန်တာမှာထွက်ပြီး စောင့်မျှော်နေခဲ့တာ ရက်ပေါင်း '၁၄၄၀ ရက်'၊ လပြည့်ပေါင်း ၄၈–ရက်၊ လကွယ်ပေါင်း ၄၈–ရက် ကြာခဲ့ပြီ။ အဲဒီအချိန်မှာ လမင်းကြီးက လင်းရောင်၊ မှောင်ရောင်လင်းနဲ့ ဖေဖေ ဖြတ်သန်းခဲ့ရတဲ့ နေ့ရက်တွေဟာ အထီးကျန်ဆန်ပါတယ်လေ"

"ဖေဖေရယ်"

ဖေဖေနှင့်အတူ ယခုကဲ့သို့ နှစ်ဦးသားစကားတွေဆိုရင်ခဲ့တာ။





ထို့ကြောင့် ဖေဖေ ဂရုစိုက်လာအောင် နည်းမျိုးစုံနှင့် လုပ်ခဲ့သော်လည်း နောက်ဆုံးတော့ သူသာ အဝေးကိုလွင့်ခဲ့ရ။

ဖေဖေကတော့ နောင်တတွေနှင့် အိမ်အိုကြီးထဲမှာ အထီးကျန်ဆန်စွာ ပစ်ခွာသွားခဲ့သော သားတစ်ယောက်ကို တမ်းတလျက်။

ဒီလိုတွေသာဖြစ်ခဲ့မယ်မှန်းသိရင် ကျွန်တော် နောက်မဟိုက်တော့ပါဘူး ဖေဖေ။ ကျွန်တော့်ရဲ့ မိုက်မဲမှုတွေကြောင့် 'မ' ဆိုတဲ့ အမျိုးသမီးကလည်း ကျွန်တော် မတွေ့မမြင်နိုင်တဲ့ အရပ်မှာ ရှောင်ပုန်းနေခဲ့တာပါ။

သူ ဖေဖေ့ကို ဥပေက္ခာပြုခဲ့မိ၏။ စဉ်းစားကြည့်လျှင် သူ ဖေဖေ့ကို ကိုယ်ချင်းစာတတ်ပါပြီ။ မိသားစု (၂) စုလောက် ကျယ်ကျယ်ပြန့်ပြန့် နေလို့ရသည့် အိမ်ကြီးထဲတွင် ဖေဖေ တစ်ယောက်တည်း အထီးကျန်ဆန်စွာ နေခဲ့ရ။ ဘာမပြော ညာမပြောနှင့် ထွက်ခွာသွားသော သားကို တမ်းတနေတဲ့ ဖခင်တစ်ယောက်ရဲ့ ရင်ထဲမှာ ဘယ်လောက်ထိ ပူဆွေးသောကတွေ ရောက်နေရှာမလဲ။

"မင်း ဘာမပြော၊ ညာမပြောနဲ့ ထွက်သွားတော့ ဖေဖေလေ ဝမ်းနည်းကြေကွဲမိတယ်။ ဒေါသလည်း ဖြစ်မိတယ်။ ငါ မင်းကို လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်းမှာ မျက်နှာမငယ်အောင် စည်းစိမ်ဥစ္စာတွေ ရှာပေးခဲ့တယ်။ အဲဒါကို မင်း ဘာလို့ အလွယ်တကူ မျက်ကွယ်ပြုသွားနိုင်သလဲ ဖေဖေ စဉ်းစားလို့မရဘူး"

သူ ဘာမှမပြောဘဲ ငြိမ်သက်နေမိသည်။ ဖေဖေက အတိတ်ကို ရည်ရော်မှန်းကာ တမ်းတမ်းတတ ပြောနေခဲ့သည်။ ဟိုးအရင်တုန်းက ဖေဖေ့ထံတွင် ဤသို့ တွေဝေငေးမှိုင်ခြင်းကို သူ လုံးဝ

မတွေ့မမြင်ခဲ့ရဖူးချေ။ မေမေ ရှိစဉ်တုန်းက ဖေဖေသည် အမြဲတမ်း Active ဖြစ်နေခဲ့သည်။ မေမေမရှိတော့တဲ့နောက်ပိုင်းတွင်လည်း ဖေဖေသည် စီးပွားရေးထဲတွင်ပဲ စိတ်နှစ်ထားကာ သားဖြစ်သော သူနှင့်ပင် စကားပြောဖို့ အချိန်ဖဲ့မပေးနိုင်ခဲ့ပေ။

ယခု ဖေဖေ့ကို ဘယ်လိုအရာက ပြောင်းလဲပေးခဲ့တာပါလိမ့်။

ယခုအချိန်မှာ သူဝင်ပြောလိုက်တာထက် ဖေဖေ ခံစားနေရသမျှ ဖေဖေပြောချင်သမျှ ရင်ဖွင့်ပြောပြလိုက်လျှင်တော့ သက်သာကောင်း သက်သာနိုင်ပါသည်။

"ဖေဖေထင်နေတာ မင်း လပိုင်းတောင် မခံဘူး။ မကြာခင် အိမ်ပေါ်ပြန်တက်လာဦးမှာပဲပေါ့။ အခုလို နှစ်နဲ့ချီပြီး ကြာလိမ့်မယ်လို့ ဖေဖေ စိတ်ကူးတောင်မရှိခဲ့ဘူး"

"ဒါပေမဲ့ သားရယ် ... ရက်တွေကြာလာလေလေ ဖေဖေ တစ်ယောက်တည်း နေရတဲ့အထီးကျန်ခံစားချက်တွေက သိသာလေလေပဲလေ။ နေရတာလည်း တစ်မျိုးကြီးပဲ မင်းအခန်းထဲ ဝင်ပြီး သတိရစရာတွေ ကြည့်မယ်လို့ စဉ်းစားပေမယ့်လည်း မင်းတီးနေကျ ဂစ်တာလေးတောင် မထားခဲ့ဘဲ ယူသွားတယ်။ ဒီဂစ်တာလေးနဲ့ ဒီအိမ်ကို သာယာစိုပြေအောင် မင်းလုပ်ခဲ့တာပဲ မဟုတ်လား"

ထိုစကားကြောင့် ခွန်အား အနည်းငယ်လှုပ်လှုပ်ရှရှ ဖြစ်သွားသည်။ ဟိုးယခင်တုန်းက သူ့ကို ဖေဖေပြောခဲ့သည်များကို ပြန်လည်ကြားယောင်နေမိ၏။

"မင်း ခွေးဖြစ်မယ့်ကောင်၊ ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ဘူး။ အချိန်ပြည့် ထမင်းမစားရတဲ့ ဒီဂစ်တာပဲ တီးနေ။ ဟိတ်ကောင်





သွား အိမ်နောက်ဘက်က ခွက်တစ်လုံးသွားယူခဲ့။ မင်းကို ငါ ဈေးထိပ်မှာ ချပေးခဲ့မယ်။ မင်းဘာသာ အဲဒီဂစ်တာကိုတီးပြီး တောင်းစားကြားလား။ နောက်နေ့တွေမှာ မင်းရဲ့ဂစ်တာသံကို ငါ မကြားချင်ဘူး။ ကြားလို့ကတော့ မင်းရဲ့ဂစ်တာကို ငါ ရိုက်ချိုးပြမယ်"

ထိုစဉ်တုန်းက ဖေဖေ သူ့ကို အတော်လေး နင့်နင့်သီးသီး ပြောခဲ့ပါသည်။

ထို့ပြင် သူ့ရဲ့အနုပညာကိုလည်း ကောင်းကောင်းကြီး စော်ကားခဲ့ပါသည်။

ထိုအရာသည်ပင် သူ့အနုပညာခရီးပြေးလမ်းထက်သို့ ရောက်အောင် တွန်းအားသဖွယ် ဖြစ်စေခဲ့ခြင်းဖြစ်မည်။

"မင်းနဲ့ဖေဖေကြားမှာ ကွာဟမှုရှိတာကို ဖေဖေ သတိမထားမိခဲ့ဘူး။ နောက်တော့မှ တဖြည်းဖြည်းနဲ့ အဲဒီကွာဟမှုကို ဖေဖေ သတိထားမိလာတယ်၊ ငါ မင်းကို ဘာမှမပေးနိုင်တာမရှိအောင် လိုလေသေးမရှိအောင်ထားခဲ့တယ်။ ဘာ့ကြောင့်လဲ၊ ဘာကြောင့်လဲဆိုတဲ့ မေးခွန်းကို ဖေဖေ့ရဲ့လုပ်ဖော်ကိုင်ဖက် မိတ်ဆွေက ပြသခဲ့တယ်။ အဲဒီမိတ်ဆွေရဲ့သမီးဟာ သူသဘောမတူတဲ့ သာမန်အညတရကောင်လေးတစ်ယောက်နဲ့ လိုက်ပြေးသွားတယ်တဲ့၊ သူ ဒေါသဖြစ်ပြီး ဖေဖေ့ကို ရင်ဖွင့်တယ်"

"ကျွန်တော့်သမီး မိုက်တယ်ဗျာ၊ တော်တော် ကိုမိုက်တွင်းနက်တယ်။ တွင်းတူးပြီးကိုမိုက်တာ၊ ဖအေကတော့ သူ စိတ်ချမ်းသာပါစေတော့ဆိုပြီး သူဝါသနာပါတဲ့ ကျောင်းဆရာမ လုပ်ခိုင်းတယ်။ ရွာမှာသွားလုပ်တာ တစ်နှစ်မပြည့်သေးဘူး ခိုးပြေးသတဲ့ဗျာ"

မိဘကတော့ ဆင်စီးပြီးမြင်းရံ မြင်ချင်လွန်းလို့။ အခုတော့ ခွေးဖြစ်အောင် ပြုပူတိုးနေတာ မိဘက သူတို့အပေါ်ထားတဲ့ မေတ္တာတရားကို နားမလည်ဘူးဗျာ''

''အဲဒီအချိန်မှာပဲ ဖေဖေ့ခေါင်းထဲ ဖေဖေ့မိတ်ဆွေပြောတဲ့ တခြားစကားတွေကို နားမဝင်တော့ဘူး။ သူပြောတဲ့ 'မေတ္တာတရား' ဆိုတဲ့စကားကပဲ ပဲ့တင်ထပ်နေတယ်။ ဟုတ်တယ်၊ မေတ္တာတရား။ ဖေဖေက သားအပေါ်မှာထားတဲ့ မေတ္တာတရား၊ သားက ဖခင်အပေါ်မှာထားတဲ့ မေတ္တာတရား။ ဒီမေတ္တာတရားကို ပေးသူနဲ့ယူသူ လွဲနေပြီး ပေးသော်ကာပေး၏မရဆိုသလို ဖြစ်နေခဲ့တာ''

''ဘယ်လောက်ပဲ စည်းစိမ်ဥစ္စာ ရှာနိုင်ပါစေ မေတ္တာတရားသာမပါရင် အလကားဆိုတာ ဖေဖေ သဘောပေါက်လိုက်တဲ့နေ့ကစပြီး ဖေဖေ ဗောဓိဝရန်တာနားမှာထိုင်ပြီး ဆုတောင်းနေခဲ့တယ်။ ဘာဆုတောင်းလဲဆိုတော့ ဖေဖေ့ရဲ့ မေတ္တာတွေနားလည်ပြီး သားတစ်နေ့ ဖေဖေ့ဆီ ပြန်လာပါစေဆိုတာလေ။ အခု ဖေဖေ့ရဲ့မေတ္တာတွေ မှန်လို့ထင်ရဲ့ သားရောက်လာပြီလေ''

''ဖေဖေရယ်''

ဖေဖေက ပြုံးပြီး သူ့ဘက်လှည့်လိုက်စဉ် ဖေဖေ့ရဲ့မျက်ဝန်းတွေဟာ လိုချင်တာကိုရတဲ့ ကလေးငယ်ပမာ ပြုံးပျော်လျက်။ သူ့ကိုလည်း ပျောက်ကွယ်သွားတော့မည့်သူပမာ လက်ကိုလည်း လှမ်းဆုပ်ကိုင်လိုက်သည်။

နွေးထွေးသော ဖေဖေ့ရဲ့ လက်ဖဝါးမှတစ်ဆင့် အနွေးဓာတ်တို့သည် သူ့နှလုံးသားထိတိုင်အောင် နွေးထွေးသွားလေ၏။





''ဖေဖေ . . . ကျွန်တော့်ကို ခွင့်လွှတ်ပါ ဖေဖေရယ်၊ ဟိုးအရင်တုန်းက ဖေဖေ့ကို သား အထင်အမြင်မှားစိတ်တွေနဲ့ မချေမငံ ပြောဆိုမိခဲ့တဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ ဖေဖေ။ ရှေ့လျှောက် ကျွန်တော် လိမ္မာပါတော့မယ်''

''အခုလည်း ဖေဖေနဲ့သာ ဝေးနေရတာ၊ ငါ့သား ဘယ်မှာ မိုက်လို့လဲ။ တစ်ယောက်တည်းရှိနေတာတောင် မပျက်မစီးနဲ့ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်တာ ငါ့သား လိမ္မာလို့ပေါ့ကွာ''

''ဒါဟာ ဖေဖေ ဆုတောင်းခဲ့သလို ဖေဖေ့ရဲ့မေတ္တာတရားကြောင့်မို့ နေမှာပါ ဖေဖေ''

ဖေဖေက ခေါင်းညိတ်ပြီး ပြုံးကာ မျက်ရည်ဝဲနေလေသည်။ မျက်ရည်ကျနေသည်ဆိုလျှင်တောင် ပီတိမျက်ရည်ပဲ ဖြစ်ရပေမည်။

ဒီချိန်မှာ မေမေ့ကို သူတို့သားအဖနှစ်ယောက်အနီးမှာ ရှိနေစေချင်လိုက်တာ။

မေမေရယ် . . . အခုချိန်လောက်ဆို မေမေ ဘဝတစ်ပါးမှာ လူဝင်စားဘဝရောက်လို့ သားတို့တစ်တွေကို မေ့နေလောက်ပြီနော်။

''ဖေဖေ့ကို ကျွန်တော် တစ်ခုလောက် ပြောချင်တယ် ဖေဖေ''

''ဘာများလည်း သားရဲ့၊ တစ်ခုမကဘူး ပြော . . . အများကြီးပြော။ မင်းပြောသမျှအားလုံး ဖေဖေ နားထောင်ပေးမယ်''

''ပြောမယ်ဆိုတာကလည်း သားအတွက် မဟုတ်ပါဘူး ဖေဖေ။ ဖေဖေ့အတွက်ပါ''

"အံမယ် . . . တယ်ထူးဆန်းပါလားကွ။ လုပ်စမ်းပါဦး ဖေဖေ အတွက်ဆိုတာ ဘာလဲကွ"

သူ့ရဲ့စကားကို ထူးဆန်းအံ့ဩသလိုနှင့် ဖေဖေက မျက်ခုံး ပင့်ကာ ပြောခွင့်ပေးလေသည်။

အခုချိန်မှာ သူဟာ ငယ်ရွယ်သူတစ်ယောက်မဟုတ်တော့ သည့်အတွက် အရာရာပေါ်မှာ သဘောတရားအတိုင်း စဉ်းစားတတ်ပါ ပြီ။

"ဖေဖေ ကျွန်တော့်ကိုငဲ့နေလို့ အိမ်ထောင်သစ်မထူတာလား။ ဒါဆိုရင် မငဲ့ပါနဲ့တော့ ဖေဖေ။ ခုချိန်မှာ ဖေဖေ့အတွက် ဆေးပေးမီးယူ ရှိရမယ့်အမျိုးသမီး တစ်ယောက်ယောက်တော့ ဖေဖေ့နားမှာ ရှိသင့်ပါ ပြီ ဖေဖေ။ ယူမယ်ဆိုရင်"

"သား"

"ဖေဖေ . . . ကျွန်တော်"

"နေဦး သား"

ဖြတ်ခေါ်လိုက်သောသူ့ကို ဖေဖေက လက်ကာပြပြီး ကိုယ်က မတ်ခနဲ ဖြစ်သွားကာ –

"ဖေဖေ့မှာ ဆေးပေးမီးယူ အမျိုးသမီးတစ်ယောက် လိုအပ် နေပါတယ်လို့ ဘာကြောင့် သားပြောရတာလဲ"

"ဘာကြောင့်ရယ်လို့တော့ မဟုတ်ပါဘူး ဖေဖေ။ ဒါပေမဲ့ ကျွန်တော်ဟာ မသိတတ်စဉ်အရွယ်က အတွေ့ကြုံခဲ့ကောင်း ကြုံခဲ့ပါ လိမ့်မယ်။ ဒါပေမဲ့ အခုတော့ ကျွန်တော် နားလည်ပါပြီ။ အထီးကျန် ဆန်နေတဲ့ ဖေဖေ့ဘဝကို ဖေးမပေးမယ့် အဖော်ကောင်းတွေ့ခဲ့ရင်





ဖေဖေ အိမ်ထောင်သစ်ပြုန်ထူပါ။ သား ခွင့်ပြုပါတယ်။ သား ခွင့်ပြု သလို မေမေလည်း ခွင့်ပြုမှာပါ ဖေဖေ။ ဖေဖေက မေမေ့အပေါ်မှာ သာမက သားအပေါ်မှာလည်း တာဝန်ကျေတဲ့ ဖခင်ကောင်း တစ် ယောက်ပါ"

"ဟား ဟား ဟား . . . . ငါ့သားကတော့ ပွင့်လင်းတော့ လည်း ဖွတ်ကြီးပါလားကွ"

ဖေဖေက သူ့ရဲ့စကားကို ရယ်စရာလို သဘောထားပေးမယ့် သူလိုက်မရယ်ပါ။

အထီးကျန်ဆန်နေသော ဖေဖေဘေးက ကွက်လပ်ငယ် လေးကို သူ ဖြေဆည်းပေးချင်ပါသည်။

ဖေဖေက သဘောကျစွာ ရယ်နေပြီးမှ မျက်နှာတဖြည်း ဖြည်းတည်သွားကာ –

"ခုချိန်၊ ခုအရွယ်ကြီးရောက်မှ ကလေးဆန်တယ်ပဲ ပြော ပြော ဘာပဲပြောပြော ပြောချင်တာပြောပါစေ သား ဖေဖေ့ဘေးမှာ ရတနာမရှိတော့ပေမယ့် ရတနာရှိနေသလို ဖေဖေ ခံစားရတယ်။ ရတနာနေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်သလို သားလည်း သား ရဲ့မေမေနေရာမှာ ဘယ်အမျိုးသမီးကိုမှ အစားထိုးချင်မှာမဟုတ်ဘူးလို့ ဖေဖေပြောရင် မှားမလား သား"

"ဖေဖေ"

## အခန်း (၁၂)

ဇင်ဦ ဒီနေ့ ဘာပဲလုပ်လုပ် အယောင်ယောင်အမှားမှား ဖြစ်နေသည်။ ရင်ထဲမှာလည်း စိုးထိတ်မှုများဖြင့် ကတုန်ကယင်ဖြစ်နေလေသည်။ သားငယ်လေးဆိုလျှင် ပိုဆိုး။ အစားအသောက်တောင် ဖြောင့်ဖြောင့်မစားနိုင်ပေ။

"သားငယ်လေး အစားအသောက်တော့ ဝင်အောင်စားထားနော်။ မေ့ဆေးမပေးခင် နှစ်ဆယ့်လေးနာရီ ဘာမှမစားရဘူးတဲ့"

"သားသိပါတယ် မမကြီးရဲ့"

ပထမအကြိမ် အတွေ့အကြုံရှိဖူးထားသဖြင့် သားငယ်လေးကတောင် ဇင်ဦကို ကဲ့ရန်ကောလေသံနှင့် ပြောလေသည်။

ကဲ့တယ်ဟုထင်လည်း မတတ်နိုင်ချေ။ မိန်းမသဘာဝဆိုတာက စိုးရိမ်ပူပန်တတ်ခြင်း အလိုလိုပါလာခဲ့ပြီးသား မဟုတ်လား။

ထိုစဉ်တုန်းကဆိုလျှင်လည်း သူ့ခမျာ မဆာသေးလို့ မစားထားသော်လည်း ခွဲခါနီးမှာ ဗိုက်ဆာလို့၊ ရေဆာလို့နှင့် ဂျီကျမဆုံး ရှိနေခဲ့တာ ကိုယ်က မျက်မြင်။





ထို့ကြောင့် ထိုကဲ့သို့ မဖြစ်ရလေအောင် ယခုတော့ ဆာလည်းစားထား၊ မဆာလည်းဝင်အောင်စားဟု ချော့တစ်ခါ ခြောက်တစ်လှည့်နှင့် ပြောရတော့သည်။

သားငယ်လေးကတော့ ခွဲခန်းဝင်ရမှာ စိုးထိတ်နေသည်။ စိတ်ကိုပြောင်းသွားအောင် ဇင်ဦကို ဂျီကျ၍မဆုံး ရှိနေလေသည်။

"လာပြန်ပလား။ မကြာခင် လူကောင်းဖြစ်တော့မှာများ စွပ်ပြုတ်၊ စွပ်ပြုတ်နဲ့ ဆေးရုံကဆင်းလို့ကတော့ မြို့ထဲမှာရှိသမျှ စွပ်ပြုတ်ဆိုင်တွေကို မဖွင့်ရင် ဘယ်လောက်ပေးရမလဲ လိုက်ပြောမယ်"

"အံမလေးတော် ... တော်လေးက သူဌေးလေးလား။ သူဌေးလေးတောင် ရိုးရိုးသူဌေးလေးဖြစ်လို့မရဘူးနော်၊ မီလီယံနဲ့ကို ချမ်းသာမှ"

"ဘာဖြစ်လဲ သား မမကြီးရှိတာပဲ"

"ဟုတ်တယ်၊ ကျုပ်က သူဌေးဆိုတော့ တော်လေး မဖွင့်ရင် ဘယ်လောက်ပေးမလဲလိုက်မေး။ ဟိုက မင်းပေးမယ်ထက် အဆပေါင်းများစွာ ပြန်အမ်းပေးမယ်ဆိုလာဦးမယ်နော်"

"မမကြီးကလည်း သားပြောနေတာကို အလိုက်သင့်လိုက် မပြောပေးဘူးချာ။ အေး ပြောလိုက်၊ နောက်မှ မမကြီး တစ်ယောက်လုံး ရှိတယ်ပြောမှ တိုင်ပင်ကိုက်တော့မှာပေါ့ချာ"

ဇင်ဦကို အလိုမကျသလိုနှင့် ပြန်သင်ပေးနေသော သားငယ်လေးကိုကြည့်ပြီး ဇင်ဦ သဘောကျစွာ ရယ်မိပါသည်။ တကယ်တော့ သားငယ်လေးသည် အသက်နှစ်ဆယ်သာ ကျော်လာသည်။ ပြင်ပလောကနှင့် ထိတွေ့မှု လုံးဝမရှိခဲ့သဖြင့် ဝိဘိကလေးငယ်လေး

တစ်ယောက်နှင့်ပင် တူနေသေး၏။

"သားငယ်လေး ဘာမှမစိုးရိမ်နဲ့နော်။ ဆရာဝန်က အားလုံး အဆင်ပြေသွားမယ်လို့ အားပေးထားတယ် မဟုတ်လား"

သားငယ်လေးက ခေါင်းညိတ်ပြရင်း —

"သားနားလည်ပါတယ် မမကြီး။ ဒါပေမဲ့ သားစိတ်ထဲမှာ ကြောက်နေသလိုလိုပဲ"

"ဘာမှမကြောက်နဲ့၊ ခွဲစိတ်တာ အောင်မြင်မှာပါ"

ကာယကံရှင်စိတ်ဓာတ်မကျအောင် အားပေးလိုက်ရပေမယ့် ဇွဲကိုယ်တိုင်တော့ ရင်တွင်းမှ စိုးထိတ်မှုများကို သားငယ်လေးမရိပ်မိအောင် ထိန်းချုပ်ထားရတာက ပင်ပန်းလွန်းလှပါသည်။

'အောင်မြင်ရင်' လို့မတွေးထားရဲဘဲ 'မအောင်မြင်ခဲ့ရင်' နောက် ဇွဲ သားငယ်လေးအတွက် ဘာတွေလုပ်ပေးနိုင်မလဲ စဉ်းစားကြည့်သည်။

မအောင်မြင်ခဲ့လျှင်တော့ သားငယ်လေးကို အိမ်ထဲမှာပဲ ဤကဲ့သို့ တစ်သက်လုံး အချိန်ကုန်ခံထားနိုင်း၍တော့ မဖြစ်နိုင်ပေ။

သားငယ်လေးရဲ့ဘဝ တိုးတက်ဖို့ မျက်မမြင်တို့တတ်အပ်သော အတတ်ပညာတစ်ခုခုကိုပဲ သင်နိုင်းရကောင်းမလား။ ဒါမှမဟုတ် လူ့ဘောင်လောကဆိုတာ ရှုပ်ထွေးလွန်းသဖြင့် သားငယ်လေးကို လူတွေနှင့် အထိအတွေ့ ပတ်သက်မှု မရှိစေဘဲ အိမ်ထဲမှာပဲ သိုးငယ်လေးလို ရှိနေစေရမှာလား ဇွဲ ကောင်းစွာ မစဉ်းစားတတ်တော့ချေ။

သားငယ်လေးအတွက် စီစဉ်ရ တွေးရနှင့် ဆိုင်တောင်





မဖွင့်နိုင်ပေ။

ဆေးရုံသို့ရောက်တော့ သားငယ်လေးကဲ့သို့ပင် ခွဲခန်းဝင်ရမည့်သူများ ခွဲစိတ်ဆရာဝန်ကြီးကို စောင့်နေကြသည်။ ဆေးရုံမှာရှိနေသော ဝန်ထမ်းများက လူတို့၏ ကျန်းမာရေးအခြေအနေကို ဦးစွာစစ်ဆေးပါသည်။

ဇွဲကတော့ သားငယ်လေးကို ဘာမှ စိတ်မလှုပ်ရှားဘဲ ဘုရားတရားကိုသာ အာရုံပြုနိုင်းထားလိုက်သည်။

တချို့လူနာတွေက စိတ်တွေအရမ်းလှုပ်ရှားသဖြင့် သွေးပေါင်ချိန်တက်တာ၊ သွေးအားနည်းတာတွေနှင့် နောက်တစ်ပတ်သို့ ပြောင်းလိုက်ရတာတွေလည်း တွေ့ရပါသည်။

ခွဲစိတ်ဆရာဝန်ကြီးရောက်တော့ လူနာတွေ အလှည့်ကျ ခေါ်ပါသည်။

သားငယ်လေးအလှည့်သို့ရောက်တော့ ဇွဲ လုပ်စရာရှိတာများကို စိတ်ဖြောင့်ဖြောင့်ဖြင့်လုပ်နိုင်တော့သည်။ ခွဲစိတ်ပြီးလူနာကို ဆေးရုံမှာသာ တင်ထားပြီး တစ်ပတ်နေမှ ပတ်တီးဖြည်မည်ဆိုတော့ သားငယ်လေး ဆေးရုံတက်ဖို့အတွက် ပြင်ရပြန်သည်။

"ည ဆေးရုံမှာ ကိုသာထူး စောင့်ရမလား မမကြီး"

ဓာတ်ဘူးတို့၊ ရေခွက်တို့ကို ခြင်းတောင်းထဲ ထည့်နေစဉ် ခင်ရီရဲ့စကားကြောင့် ဇွဲ့လက်တွေ တန့်သွားသည်။

"ဟုတ်တယ် မမကြီး။ ညီသစ်ကို ကျွန်တော်ပဲ စောင့်လိုက်ပါ့မယ်။ မမကြီး စိတ်မချမှန်းသိပေမယ့် အမျိုးသားလူနာဆိုတော့"

အနားတွင် ကူညီလုပ်ကိုင်ပေးနေသော ကိုသာထူးရဲ့စကား

က အကျိုးသင့်အကြောင်းသင့် ညီညွတ်ပါသည်။ ဇင်ကသာ ဇင့် မောင်ငယ်လေးကို ဘယ်သူတွေနှင့်မှ စိတ်မချစွာ အာခံတွင်းထဲ ငုံထားချင်သော်လည်း အခြေအနေနှင့် အချိန်အခါဆိုတာက ရှိသေးသည် မဟုတ်လား။

"ဟုတ်ကဲ့ပါ ကိုသာထူးရယ်။ အဲဒီလိုပဲ လုပ်ရတော့မှာပေါ့"

ဇင်တို့ဆေးရုံသို့ရောက်တော့ ခွဲစိတ်မပြီးသေးချေ။ ခွဲစိတ်ခန်းတံခါးဝမှာ စောင့်ရင်း ဘုရားစာရွတ်ရင်း ဇင့်ရဲ့အတွေးတွေက ဟိုရောက် ဒီရောက်။

မအောင်မြင်ခဲ့ရင်လို့ ဘယ်လောက်တွေးထားထား ဒီတစ်ကြိမ်သာ မအောင်မြင်ခဲ့လျှင် ဇင်တော့ မခံစားနိုင်၍ပဲ သေတော့မလား။

အို ဘွာ လွဲပါစေ ပယ်ပါစေ။ ဇင်သေလို့ ဘယ်ဖြစ်မလဲ။ ဇင်သာသေသွားလျှင် သားငယ် လေး လူ့လောကထဲမှာ မမြင်မစမ်းနှင့် တစ်ယောက်တည်း ဒုက္ခ ပင်လယ်ဝေနေတော့မှာပေါ့။

ဟုတ်တယ်၊ ဇင် ဘာမှဖြစ်၍မဖြစ်။ ဇင်သာ တစ်ခုခုဖြစ်လျှင် ဇင့်နောက်မှာရှိနေသော သားငယ်လေး ဒုက္ခရောက်ပြီအမှတ်နှင့် ဇင် ကိုယ့်ကိုယ်ကိုယ် မယိုင်လဲအောင် ကာကွယ်ရမည်။

"ဒီး ဒီး"

လက်ထဲတွင်ကိုင်ထားသော ဖုန်း၏ vibration ကြောင့် ဇင် ဖုန်းကို ငုံ့ကြည့်လိုက်သည်။ ကိုအောင်။ ဒီချိန်ဆို ကိုအောင် ပြုပွဲခန်းမထဲတွင်ရှိနေ လောက်ပြီ။ သို့သော် ဒီနေ့သည် သားငယ်လေး ခွဲခန်းဝင်ရမယ့်နေ့ဆိုတာ မမေ့မလျော့ဖြင့် ဇင့်ဆီ ဖုန်းခေါ်ခြင်း ဖြစ်မည်။





ကိုအောင် ဖုန်းခေါ်လျှင် ဇင့်ကို အားပေးစကားပြောခြင်းမှ လွဲ၍ အခြားမဖြစ်နိုင်ချေ။ ဇင်ကိုယ်တိုင်ကလည်း တစ်ယောက်တည်း ယောက်ယက်ခတ်နေရတာနှင့်စာလျှင် တစ်ယောက်ယောက်နှင့် စကားပြောလိုက်လျှင် ပေါ့သွားပေမည်။

"ဟယ်လို"

"ဇင် ... ကိုယ်ပါ"

"ဟုတ် ... ကိုအောင်၊ အခု ခန်းမထဲမှာလား ကိုအောင်"

နားထဲသို့ ဆူညံသောသီချင်းသံတွေ၊ စကားသံတွေ အလုအယက်တိုးဝင်လာသဖြင့် ဇင် မေးလိုက်သည်။

"ဟုတ်တယ် ဇင်၊ စောစောက ဖုန်းခေါ်သေးတယ်။ ကိုင်မယ့်လူမရှိလို့"

"ဪ ... ဟုတ်တယ် ကိုအောင်။ ဇင် သားငယ်လေး ဆေးရုံတက်ဖို့အတွက် ပစ္စည်းတွေ ပြန်ယူနေတာလေ။ ဒီရောက်တော့လည်း ဘုရားစာရွတ်နေတော့ ဖုန်းဖွင့်မကြည့်ဖြစ်ဘူး"

"ကဲ ... ဒါ ထားပါ၊ ညီသစ်က"

"အခု ခွဲခန်းထဲက မထွက်သေးဘူးကိုအောင်။ အဖြေ ကောင်း မကောင်းဆိုတာကတော့ နောက်တစ်ပတ် ပတ်တီးဖြေမှ သိရမှာလေ"

"အဆင်ပြေသွားမှာပါ ဇင်ရဲ့။ ဘာမှစိတ်ထဲ စိုးရိမ်စိတ်တွေ များမနေနဲ့ဟုတ်လား။ ဇင်တစ်ယောက်တည်း တောင်တွေးမြောက်တွေး တွေးပြီး စိုးရိမ်နေမှာစိုးလို့ အစ်ကိုက ဖုန်းလှမ်းဆက်လိုက်တာလေ"

အကျိုးလို၍ ညောင်ရေသွန်းခြင်းမဟုတ်သော ကိုအောင့်ရဲ့ စိတ်ကို ဇွဲ နားလည်စွာ ကျေးဇူးတင်စွာ။

"အခုလို ဖုန်းဆက်လို့ ဇွဲ အရမ်းဝမ်းသာပါတယ် ကိုအောင်၊ ပစ္စည်းတွေကော စုံရဲ့လား"

"အင်း ... မဆိုးပါဘူး စုံသားပဲ"

အလုပ်အကြောင်း ဟိုအကြောင်း ဒီအကြောင်းတွေပြောပြီး နေစဉ် ခွဲခန်းတံခါးပွင့်လာသဖြင့် ဇွဲ ကိုအောင်ကို နှုတ်ဆက်ပြီး ဖုန်းချလိုက်သည်။

သားငယ်လေး၏မျက်လုံးကို ပတ်တီးတို့ဖြင့် ဖုံးအုပ်ထား၏။ မေ့ဆေးအရှိန်ကြောင့် သတိမရသေးချေ။ ရင်းနှီးနေသော စစ္စတာက တော့ ဘာမှ စိုးရိမ်စရာမရှိကြောင်း ပြောပါသည်။ ကိုယ့်မှာလည်း မောင်လေး လူနာဖြစ်ကတည်းက ဆေးရုံဝန်ထမ်းတွေနှင့် အသိ အကျွမ်းတွေလိုဖြစ်နေတော့သည်။



# အခန်း (၁၃)

"မမကြီး"

"ရှင်"

"မမကြီးက မမေးနဲ့တော့ဆိုပေမယ့် သားကလည်း ခဏ ခဏ သိချင်တော့ ခဏခဏ မေးနေရတာယ်ဗျာ"

သားငယ်လေးက ဆေးရုံခုတင်ထက်မှာ ခေါင်းအုံးလေးကို ရင်ခွင်ထဲပွေ့ပိုက်ကာ ပြောတော့ ဇွဲ့ရဲ့ လှုပ်ရှားမှုများ ရပ်တန့်ကုန် သည်။ ရေနွေးဓာတ်ဘူးတွေ ခွက်တွေ တင်ထားသော ဗီဒိုကို အကြောင်းမဲ့ ရှင်းနေရင်း ဇွဲ သားငယ်လေးဆီ အကြည့်ရောက်မိ သည်။

နိုး၍ရှိုက်ငင်လိုက်သော သက်ပြင်းရှည်အချို့ကိုတော့ သား ငယ်လေးက ကြားလိုက်ရမည်မဟုတ်။ ကြားလိုက်လျှင်လည်း ကမ္ဘာ လောကကြီးထဲက ဖြစ်ပျက်မှုအလုံးစုံကို သိချင်နေတဲ့ သားငယ်လေးက ဘာဖြစ်လဲလို့ သက်ပြင်းချတာလဲဟင်ဟု မသိနားမလည်သူလို မေးပေ ဦးမည်။

"နော် ... ဒီတစ်ခေါက်တည်း"

နော်လို့ပြောပြီး လက်တစ်ချောင်းထောင်ပြနေသော သားငယ်လေးရဲ့လက်ကို ဆုပ်ကိုင်ကာ –

"ကဲ ... မေး မေး"

"ဆရာဝန်ကြီး လာတော့မလား မမကြီး"

သူမေးချင်သည့်မေးခွန်းကို ဘာလဲဆိုတော့ ဇော် သိသော်လည်း သားငယ်လေးက မေးခွန်းနှင့် မသက်ဆိုင်သော အခြားမေးခွန်းတစ်ခုကို မေးလေသည်။

မျက်လုံးတွေ ပတ်တီးအုပ်ထားသည့် မျက်နှာလေးက ဟိုစောင်း ဒီစောင်း။

ခဏနေ ဆရာဝန်ကြီး round မည်။ ဆရာဝန်ကြီး round ပြီးလျှင်တော့ ပတ်တီးဖြည့်ရမည့်လူနာများ ပတ်တီးဖြည်ရတော့မည်။

ထို့အတွက် စိတ်လှုပ်ရှား၍လည်း သားငယ်လေးက သူ့ကိုယ်သူ အာရုံလွှဲနေခြင်း ဖြစ်မည်။

"အချိန်လိုပါသေးတယ် သားငယ်လေးရဲ့။ ဘာမေးမလို့လဲ မေးလေ"

"တကယ်ဆိုရင်လေ မျက်လုံးကွယ်သွားရုံ တစ်ခုတည်းနဲ့ အရင်တုန်းကအကြောင်းတွေကို မသိစရာမရှိဘူး မဟုတ်လား။ သားက မွေးရာပါမျက်လုံးကွယ်တဲ့သူ မဟုတ်ဘူးဆိုတာတော့ အလိုလို သိတယ်။ ဘာလို့လဲဆိုတော့ ဆရာဝန်ကြီးက မကြာခဏ ပြောတယ် မဟုတ်လား။ မွေးရာပါ မျက်လုံးကွယ်ရင် ကုလို့မရဘူးဆိုတာလေ"

"သားငယ်လေး"





ဇော် ထိတ်လန့်စွာ ခေါ်လိုက်သည်။

ကိုယ်မေ့ပျောက်ထားသည့် အတိတ်၊ သူ မေ့လျော့နေသည့် အတိတ်အကြောင်း ခြေရာခံဖို့ ကြိုးစားနေပြီလား။ မဖြစ်သင့်ဘူးနော် သားငယ်လေး။ မင်းဟာ မမကြီးရဲ့ရင်ခွင်ထဲကနေ ရုန်းထွက်၊ အတိတ်ကို နောက်ကြောင်းပြန်လျှောက်၊ နောက်ထပ် မမကြီးကို နာကြည်းကြေကွဲစေမယ့် သားငယ်လေး လုံးဝ လုံးဝ မဖြစ်သင့်ဘူးနော်။

ဘဝဆိုတဲ့ စာမျက်နှာထက်မှာ အတိတ်ဆိုတာ ကိုယ်လိုသလို ဖြတ်ညှပ်ကပ်ရရိုး ထုံးစံရှိခဲ့ရင် မပတ်သက်ချင်တဲ့သူနဲ့ ပတ်သက်ခဲ့မိတဲ့ တို့ရဲ့အတိတ်စာမျက်နှာတချို့ကို အစအနမကျန်အောင် ဆွဲထုတ်၊ မီးရှို့ဖျက်ဆီးပစ်ခဲ့ပါတယ်။ အခုတော့ မီးရှို့ဖျက်ဆီး၊ ထားပစ်ခဲ့လို့ မရတဲ့ အတိတ်ခြေရာကို မင်းက လိုက်ပြီး ခြေရာခံဦးမလို့လား။

မမကြီးကို ဒီထက်ခံစားရအောင် မလုပ်ပါနဲ့တော့လား သားငယ်လေးရယ်။ ဖေဖေ မေမေတို့မရှိကတည်းက မမကြီးက မင်းကို စောင့်ရှောက်ခဲ့တာဆိုတော့ အစ်မကြီးတော့အမိအရာတဲ့။ မမကြီးက မင်းရဲ့ ဒုတိယမိခင်ဆိုရင်လည်းမမှားပါဘူး။

"မမကြီး"

"----"

"မမကြီး"

"ဟင်"

"သြော် ... မမကြီးကလည်း သားက မမကြီးအနားမှာ မရှိတော့ ဘူးလားဆိုပြီး လန့်သွားတာပျာ။ မမကြီးသာ အနားမှာမရှိရင် သားတစ်ယောက်တည်း ကြောက်တယ်"

"သားငယ်လေးရယ်"

ကိုယ့်အတွေးနဲ့ကိုယ် တစ်ယောက်တည်း ငြိမ်သက်နေစဉ် သားငယ်လေး၏ စိုးရိမ်တကြီး ခေါ်သံနှင့်အတူ အားကိုးတကြီး ပြောလိုက်သော စကားသံတွေကြောင့် ဇွဲ မျက်ရည်ဝဲမတတ် ပီတိဖြစ်သွားသည်။

မကြီး မရှိရင် သားတစ်ယောက်တည်း ကြောက်တယ်ဆိုတဲ့ စကားကို ရှေ့ချောက် တစ်သက်လုံး ကြားပါရစေ မောင်လေးရယ်။

အတိတ်စာမျက်နှာအချို့မှာတော့ မင်းက အပျံသင်စ ငှက်ကလေး။ မိခင်ဝပ်ကျင်းထဲကနေ တိုးထွက်ပြီး လောကကြီးရဲ့ အကောင်းအဆိုးတွေကို လေ့လာစမ်းသပ်ဖို့ အဆင်သင့်ရှိနေတဲ့သူ။ အဲဒီလိုလူကို အတောင်တပ်ပေးဖို့ အဆင်သင့်ရှိနေခဲ့လို့လည်း။

အို မတွေးရဘူး။

ဇွဲ ခေါင်းကို ခပ်ပြင်းပြင်း ယမ်းခါလိုက်သည်။ ကိုယ် ခေါင်းယမ်းနေတာကို မောင်ငယ်လေးမမြင်ရတာကိုပဲ တဆိတ် ကျေးဇူးတင်မိသလို ရှိသွားသည်။

ဘာကြောင့်လဲ၊ ဘာလို့လဲမေးခွန်းတွေကို ကိုယ် ထိတ်လန့်တုန်လှုပ်နေတတ်ပြီလေ။

"မနေ့တစ်နေ့က အကြောင်းတွေကိုသိပေမယ့် ဟိုးကာလေး ဘဝတုန်းက သား ဖြတ်သန်းခဲ့ရတဲ့ ဘဝအကြောင်းကို သိချင်တယ်။ ဥပမာ–သားက အိမ်မှာဆိုရင် သိပ်ဆိုးတဲ့ကလေးလား"

"ဘယ်ကလာ ဆိုးရမှာလဲ၊ သားငယ်လေးက သိုးငယ်လေးလို လိမ္မာတယ်။ သူများတွေ ရန်စရင်လည်း ပြန်မလုပ်တတ်ဘူး။





ကလေးလေးလို အော်ငိုပြီး မမကြီးကိုပဲ တခဲ့တာလေ"

"ဒါဆို သားက ခုမျက်လုံးမမြင်ရကတည်းက မဟုတ်ဘဲ ကလေးဘဝကတည်းက မမကြီးကိုပဲ အမြဲတမ်း အားကိုးနေခဲ့တယ် ပေါ့ ဟုတ်လား မမကြီး"

သားငယ်လေးက တွင်တွင်ငေးငေးလေသံနှင့် မေးလာသဖြင့် ဇွဲ ဘယ်လိုဖြေရမှန်းမသိ ဖြစ်သွားသည်။

သားငယ်လေးဟာ သူ့ကိုယ်သူ အစွမ်းအစမရှိသူအဖြစ် သတ်မှတ်ပစ်လိုက်မှာကိုတော့ ဇွဲ လက်မခံရဲပေ။

ယောကျ်ားဆိုတဲ့အတိုင်း သားငယ်လေးကို ကျားသာဖြစ်စေချင်သည်။ ကြောင်တော့မဖြစ်စေချင်။ ကြောင်ဆိုတာက လူအားလုံးရဲ့ ချစ်ခင်ခြင်းကိုတော့ ခံရပါရဲ့ ဘယ်မှာ လူတွေကို အကျိုးပြုပြီး အသုံးကျလို့လဲ။

အင်း ... ကျားနဲ့ကြောင် ကွဲပြားသွားခြင်းဟာလည်း သူတို့ ကျင်လည်ရာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် လုံးလုံးလျားလျား သက်ဆိုင်ပေလိမ့်မည်။

'သူ' ဆိုလျှင် ကျားတောင် ရိုးရိုးကျားမဟုတ် မြင်မြင်ရာ တွေ့သမျှကို ဖမ်းကိုက်ချင်တဲ့ ရန်လိုတတ်သော ကျားဆိုးလေး တစ်ကောင် ဖြစ်ခဲ့သည်လေ။

အဲဒီကျားဆိုးလေးကို ပြုပြင်ဖို့ ကြိုးစားခဲ့မိသည့် ကိုယ်က အမှား။

"သားငယ်လေးရယ် ... ကျားဆိုရင်တောင် လူတွေကို အကျိုးပြုစေတဲ့ ကျားဖြစ်မှ ကောင်းမှာပေါ့ကွယ်"

"ဟင် . . . မမကြီး မမကြီး ဘာပြောလိုက်တာလဲ"

"ဟင်"

'သူ့' အကြောင်း စိတ်ရောက်သွားစဉ် နှုတ်မှ သတိလက်လွတ်ထွက်သွားသည့် စကားလုံးကို လိုက်မသိမ်းနိုင်တော့ချေ။ သားငယ်လေးက တအံ့တသြ။ ဖဋ်ိ ကိုယ့်ကိုယ်ကိုယ် လျင်မြန်စွာ ထိန်းချုပ်လိုက်ပြီး –

"ဒီလို သားငယ်လေးရဲ့၊ သားငယ်လေးက မမကြီးကိုပဲ အမြဲတမ်း အားကိုးနေတာတော့ မဟုတ်ဘူး။ ကျားလေးလို ရဲရင့်တယ်လို့။ ဒါပေမဲ့ အဲဒီရဲရင့်မှုဟာလည်း လူတွေအတွက် အကျိုးရှိတဲ့ ရဲရင့်တဲ့ ကျားလေးဖြစ်သင့်တာပေါ့လို့ မမကြီးကပြောတာ"

"ဩော် . . . ဒီလိုလည်း"

"ကဲ . . . ဟိုမှာ ဆရာဝန်ကြီးတွေ round နေပြီ သားငယ်လေး"

နောက်ထပ်မေးခွန်းတွေ ထပ်မလာနိုင်စေရန် ဖဋ်ိ စကားလမ်းကြောင်းလွှဲပစ်လိုက်သည်။ တကယ်လည်း ဆရာဝန်ကြီးတွေက round နေပြီ မဟုတ်လား။

"သား ကြောက်သလိုလိုပဲ မမကြီး"

"မကြောက်ပါနဲ့ကွယ်"

တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်အားပေးလိုက်သည်။ ဆရာဝန်ကြီးကလည်း ရင်းနှီးနေပြီမို့ အလာပ သလ္လာပ ပြောရင်း သားငယ်လေးကို နေထိုင်ကောင်းရဲ့လား။ ဘာညာမေးခြင်းမျိုး ဖြစ်သည်။





"ဒီနေ့ ဖြည်ရတော့မှာနော်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အားလုံးအဆင်ပြေသွားမှာပါ"

"ဖြည်ပြီးရင် ဆေးရုံဆင်းလို့ရပြီလား ဆရာကြီးရှင့်"

ဖဋ်ိရဲ့မေးခွန်းကြောင့် ဆရာဝန်ကြီးက မျက်လုံးဖြည်ပေးမည့် ဆရာဝန်ကြီးထံ အကြည့်ပို့ပြီး –

"ဆရာတော ပြောပါလိမ့်မယ် သမီး။ ဘာမှ စိတ်မပူပါနဲ့ အားလုံး အဆင်ပြေသွားမှာပါ"

ဆရာဝန်ကြီးက အားပေးစကားပြောပြီး အခြားလူနာတွေဆီ ဆက် round လေပြီ။

မျက်လုံးဖြည်ပေးမည့် ဆရာဝန်ကြီးနှင့် သူနာပြုဆရာမလေးသာ ကျန်ခဲ့တော့သည်။

"ဆရာဝန်ကြီး round ပြီးအောင် စောင့်နေတာ မမကြီးရဲ့။ ဘယ်လိုလဲ မျက်လုံးဖြည်ပြီးပြီလား။ မမကြီးတစ်ယောက်တည်း ဖြစ်နေမှာစိုးလို့ မရီကို ပြန်သွားခေါ်ခဲ့ပေးတာ"

"ကျေးဇူးတင်လိုက်တာ ကိုသာထူးရယ်"

ကိုသာထူးနှင့် မရီက အခန်းထဲသို့ ဝင်လာသည်။ ဖဋ်ိ မရီရဲ့လက်ကို အားကိုးတကြီး လှမ်းဆုပ်ကိုင်တော့ –

"ဟယ်တော် . . . မမကြီးရဲ့လက်တွေ အေးစက်နေပါလား"

"ဟုတ်တယ် . . . ကြောက်သလိုလိုပဲ မရီရယ်"

"မမကြီး . . . သားရဲ့လက်ကို ကိုင်ထားပေးပါ"

"အေး အေး . . . သားငယ်လေး"

ဇဉ် သားငယ်လေးရဲ့လက်နှစ်ဖက်ကို လှမ်းဆုပ်ကိုင်လိုက်သည်။ သားငယ်လေးရဲ့လက်ချောင်းပျော့ဖတ်ဖတ်လေးတွေက ချွေးစေးတွေထန်ကာ ဇဉ့်လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားလေသည်။

ဆရာမလေးက ပတ်တီးစကို တဖြေးဖြေးချင်း မတင်ခွာနေလေပြီ။ ဇဉ် သားငယ်လေးရဲ့မျက်နှာကို မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေမိသည်။ ဘုရား ဘုရား ... ဒီတစ်ခေါက်မှတော့ ကံကောင်းခြင်းတွေသာ ဇဉ်တို့မောင်နှမနှစ်ယောက်ထံ ရောက်လာပါစေတော့ အရှင်ဘုရား။ ဇဉ့်ရဲ့ရင်ခုန်သံတွေ မြန်သထက် မြန်လာခဲ့သည်။ ဆရာဝန်ကြီးရဲ့အသံက တည်ငြိမ်စွာ။

"ကဲ ... ဖြည်းဖြည်းချင်း ဖွင့်မယ်၊ ဟုတ်ပြီလား။ စိတ်ကို အရမ်းကြီးတင်းမထားနဲ့။ စိတ်တည်ငြိမ်အောင်ထား။ ဆရာက ဖွင့်ဆိုမှ ဖွင့်မယ်။ ဟုတ်ပြီ ... ဖြည်းဖြည်းချင်း ဖွင့်မယ်၊ ဖြည်းဖြည်းချင်း ဖွင့်မယ်"

လူအားလုံးရဲ့ အကြည့်တွေက ပတ်တီးအားလုံး ကွာကျသွားသည့် သားငယ်လေး၏မျက်လုံးတွေထက်မှာသာ ရှိနေကြသည်။

သားငယ်လေးရဲ့မျက်လုံးတွေက တဖြည်းဖြည်းချင်း ဖွင့်လာသည်။ သားငယ်လေးနှင့် မျက်နှာချင်းဆိုင်တွင် ရပ်နေသောဇဉ်နှင့် အကြည့်ချင်းဆုံသွားသည်။

ဇဉ် ရင်တွေ ဒိတ်ခနဲခုန်သွားလေသည်။

"ဆ ဆရာ ... ကျွန်တော့် ကျွန်တော် မျက်လုံးတွေ မြင်ရပြီ မမကြီး ... သား သားရဲ့မျက်လုံးတွေ"

"ဟုတ်ပါပြီ၊ မောင်ညီညီသစ် စိတ်ကိုမလောပါနဲ့။ ဟိုး





ရှေ့မှာရပ်နေတဲ့သူကိုကော မြင်ပါသလား"

ဆရာဝန်ကြီးက ဆရာမလေးကို တံခါးနားမှာ သွားရပ်ခိုင်းပြီး သားငယ်လေးအား လှမ်းကြည့်ခိုင်းပါသည်။

သားငယ်လေးက ပျော်ရွှင်စွာခေါင်းညိတ်ရင်း –

"ဆရာမကို ကျွန်တော်မြင်ပါတယ် ဆရာ"

"ဒါဆိုရင် မသံယောဇဉ် ... ခင်ဗျား ပျော်လိုက်လို့ရပြီ"

"ရှင် ... တကယ် ... တကယ်လား ဆရာ"

ဆရာဝန်ကြီးက သားငယ်လေးရဲ့ Family Doctor နီးနီး ဖြစ်နေတော့ ဇဉ့်ရဲ့သောကတွေကို ကိုယ်ချင်းစာနိုင်ခဲ့သည်။

"ဝမ်းသာလိုက်တာ ဆရာ၊ ဆရာ့ကို ဘယ်လိုကျေးဇူးတင်ရမလဲ မသိတော့ဘူး။ အခု ... အခု ... ဇဉ်တို့ ဘာဆက်လုပ်ရမလဲ ဆရာ"

ဇဉ် ဝမ်းသာသံနှင့် ကတုန်ကယင်ပြောတော့ ဆရာဝန်ကြီးက အပြုံးနှင့် ခေါင်းယမ်းပြီး ...

"ဘာမှဆက်လုပ်စရာမလိုတော့ပါဘူး မသံယောဇဉ်၊ ဆေးရုံက ဆင်းလို့ရပါပြီ။ စောစောက ဆရာကြီးမပြောခဲ့တာက result ဘယ်လိုထွက်လာမလဲ မသိသေးလို့ပါ"

"ဟုတ် ဟုတ်ကဲ့ပါဆရာ"

❁

## အခန်း (၁၄)

"–––– အဲဒါပဲ ဖေဖေ။ ကျွန်တော် သိချင်လို့ ဆရာဝန်ကြီး ဆီ အခုဝင်ခဲ့ပါသေးတယ်။ ဆရာဝန်ကြီးက ခရီးထွက်သွားတယ်တဲ့"

"ဟ ... ငါ့သားက တယ်ဟုတ်ပါလား။ ဒီလိုဇာတ်လမ်း တွေ ဘာတွေတောင် ရှိနေခဲ့ပါလား။ ဒါဆို ... မင်း ဖေဖေကို သတိရရုံသက်သက်နဲ့ တောင်ကြီးကို ပြန်လာတာ မဟုတ်ဘူးလား"

"ဖေဖေ"

ထိရိုက်သွားသော ဖေဖေရဲ့အသံကြောင့် သူ အလောတကြီး ခေါ်လိုက်မိသည်။

"မဟုတ်ဘူး ဖေဖေ၊ သူ ဒီမြို့မှာ မရှိတော့တာ ကျွန်တော် သိပါတယ်။ အဓိက,က ငါးနှစ်ကျော်ကျော် ကွဲကွာနေတဲ့ ဖခင်ကို တွေ့ချင်ရုံသက်သက်ပါ။ ဒီငါးနှစ်အတွင်းမှာ ကျွန်တော် သားတစ် ယောက်ရဲ့တာဝန် မကျေပွန်ခဲ့ဘူးထင်လို့ ဖေဖေပေးတဲ့အပြစ်ကို ခံယူဖို့ အသင့်ရှိခဲ့ပြီးမှ ပြန်လာတာပါ"

"ဖအေအပေါ် မာနထားတာပေါ့"





"မဟုတ်ပါဘူး ဖေဖေ၊ ဖေဖေ အထင်ကြီးလောက်တဲ့ပုံစံနဲ့ ပြန်လာရင် သူများအထင်သေးရင်တောင် ကျွန်တော် ဘာမှ ဂရုစိုက် မှာ မဟုတ်ဘူး။ ဒါပေမဲ့ ဖေဖေရှေ့မှာတော့ ကျွန်တော်"

"မင်းကို အဆိုတော်ခွန်အားအနေနဲ့ ဖေဖေက လက်ခံခဲ့ တယ်လို့ မင်းကထင်တာလား သား"

"မဟုတ်ဘူး ဖေဖေ"

ဖေဖေ့ရဲ့စွပ်စွဲချက်တွေထဲမှာ သူ ချောင်ပိတ်မမိစေဖို့ အသည်း အသန် ကြိုးစားလိုက်မိသည်။

မဟုတ်ဘူး ငြင်းခဲ့ပေမယ့် အဓိပ္ပာယ်က ဤသို့ သက်ရောက် ကောင်း သက်ရောက်သွားလိမ့်မည်။ ဖေဖေ ထင်သလို သားအဖ မာနထားတယ်ဆိုရင်တောင် အနုပညာသမားတစ်ယောက်၏ မာနမျိုး သာ ဖြစ်ပေလိမ့်မည်။

ဖေဖေက ကျွန်တော့်ကို ဒီလိုပြောခဲ့ပေမယ့် ကျွန်တော်က ဒီလိုဖြစ်အောင် လုပ်နိုင်ခဲ့တယ်ဆိုတဲ့ ဝံ့ကြွားမှုမျိုး။ နောက်ပြီး ဖေဖေ ထံမှ တယ်တော်တဲ့ငါ့သားဟူသော ဂုဏ်ယူချီးကျူးမှုမျိုးကို ခံချင် သည်။

ဒါဟာ ကလေးဆန်ကောင်းဆန်နိုင်ပေမယ့် ခွန်အား ဘယ် အရွယ်ထိ ရောက်သွားသွား ဖေဖေရဲ့ အလေးထားချီးကျူးမှုများကို မက်မက်စက်စက် ရှိနေဆဲပါ။

"မဟုတ်ဘူးဆိုတာ အမှန်တရားပဲ သား။ မိဘဆိုတာ မြင့်မားသွားတဲ့ သားသမီးကိုမှ ချစ်တာမဟုတ်ဘူး။ ဘယ်လို အခြေ အနေရောက်ရောက် ချစ်တာပဲ။ မအေတွေလို ဖွင့်နှဲ့မပြောတတ်ပေမယ့်

ခင်ဆိုတာလည်း မိခင်လိုပဲ ကိုယ့်သားသမီးကိုတော့ ချစ်ကြတာပဲ။ ထုတ်ဖော်ပြသတာချင်းသာ မတူတာလေ"

"သား နားလည်ပါတယ် ဖေဖေ"

ည တဖြည်းဖြည်းနက်လာပြီဖြစ်သော်လည်း သူတို့သားအဖ နှစ်ယောက်စလုံး အိပ်ချင်စိတ် လုံးဝမရှိကြချေ။

"ဖေဖေ အိပ်ထဲဝင်တော့မလား၊ အေးနေပြီ"

"မဝင်ချင်သေးပါဘူးကွာ။ ဖေဖေ့အတွက် အားလုံး အသား ကျနေပြီ။ သားသာ ဒါနဲ့ ဟိုကိစ္စက"

"ဘယ်ကိစ္စကလဲ ဖေဖေ"

"ဟို မိန်းကလေးကိစ္စလေ။ သူ့ကြောင့်သာ သား လမ်းမှား မရောက်ခဲ့တာလို့ဆိုရင်လည်း မမှားဘူး။ လူကြီးမိဘကို အရွဲ့တိုက်ပြီး ထင်ရာစိုင်းတဲ့ ငါ့သားကို ထိန်းမတ်ပေးနိုင်ခဲ့တဲ့ အဲဒီမိန်းကလေးကို ဖေဖေ ကျေးဇူးတင်တယ်ကွ"

မရယ် –

မမြင်ရသေးတဲ့ ဖေဖေကတောင် မကို ဒီလောက်ချီးကျူးနေ ခဲ့ရင် မရဲ့မေတ္တာရိပ်အောက်မှာ အိပ်စက်ခဲ့ဖူးတဲ့ ကျွန်တော့်အတွက် တော့ ပြောစရာမရှိတော့ဘူး။

လူ့ဘဝဟာ ဇာတ်လမ်းတစ်ပုဒ်လို့ဆိုရင် ကျွန်တော်ဖြစ်ချင် တဲ့ အခြေအနေတစ်ခုထိ ရစ်ပြီး မ,စေလိုရာစေ ထွက်မသွားပါနဲ့။ သတ်လိုက သတ်စေဆိုပြီး ကျွန်တော် လည်စင်းပေးချင်ပါတယ်။

အသက်ပဲလိုချင်ချင် အသေပဲသတ်ချင်ချင် မုန်းတယ် ဆိုတဲ့ စကားကလွဲရင် မ,ကြိုက်ရာအပြစ်ပေးပါ မရယ်။





"သားပြောပုံအရဆိုရင်တော့ အဲဒီတုန်းက အခြေအနေဟာ တော်တော်ဆိုးရွားပုံရတယ် သား"

သတိမလစ်ခင် စပ်ကြား သွေးအိုင်ထဲတွင် လဲနေသော အသွင်သဏ္ဌာန်ကို မြင်ယောင်တိုင်း ဆောင်းတွင်းမဟုတ်ဘဲ သွေးလေ ခြောက်ခြားခဲ့ရတဲ့ အိပ်ပျက်ညများစွာ။

ဒီအတွက် ဘာနဲ့မှ အစားထိုးပေးဆပ်လို့ မရမှန်း သိပေမယ့် ကျွန်တော်လည်း ခံစားခဲ့ရပါတယ်ဆိုတာ မ,သိစေချင်ပါတယ်။

လူနာချင်းအတူတူ ဆေးရုံပေါ်မှာ ကျွန်တော့်ကို ပိုင်ရှင်မဲ့ အဖြစ် ထားပစ်ပျောက်ကွယ်သွားခဲ့တဲ့ မကို ကျွန်တော် ဘယ်နည်းနဲ့မှ အပြစ်မတင်ပါဘူး။

ဘာကြောင့်နဲ့မှ အပြစ်မတင်ပါဘူး။ အဲဒီအတွက် နာကျည်းစွာ မခံစားခဲ့ရပေမယ့် ကျွန်တော်ကို ခြေရာပျောက်သွားခြင်းအတွက်တော့ ကျွန်တော် သေလုအောင်နာကျဉ်ရတယ် မ။

မက ဖုတ်ဖတ်ခါပြီးထွက်သွားနိုင်ပေမယ့် ကျွန်တော်က ဗိုင် တွေ ကျန်မနေခဲ့ချင်ဘူးလေ။ ဒါပေမဲ့ ဒါပေမဲ့ပေါ့ မရယ်။

"ဖြစ်နိုင်ချေတစ်ခုခုကို ဖေဖေတို့ စဉ်းစားကြည့်ကြရအောင် လား"

ဖေဖေ့ထံ သူ့အကြည့်တွေ ရောက်သွားသည်။

မိန်းမတစ်ယောက်အတွက်နဲ့ တယ်ပျော့ညံ့တဲ့ကောင်ပါလား လို့ ပြစ်တင်ခြင်းမရှိဘဲ ပြဿနာတစ်ခုရဲ့အဖြေကို ကူညီဖြေရှင်းပေးဖို့ ကြိုးစားနေသော ဖေဖေ့ကို သူ ကျေးဇူးလည်းတင်ရပါသည်။

ဖေဖေက စကားကိုရပ်ထားပြီး ရေနွေးကြမ်းကို ငုံ့သောက်

လေသည်။ အငွေ့တထောင်းထောင်းထနေသော ရေနွေးကြမ်းကို တဖူးဖူးမှုတ်သောက်နေသည့် ဖေဖေထံမှ သူ အကြည့်မလွှဲမိပါ။

"သားက ဟိုကောင်လေး ဘယ်အခြေအနေအထိ ရောက်သွားနိုင်သလဲလို့ ခန့်မှန်းထားသလဲ"

"ကျွန်တော် မခန့်မှန်းရဲဘူး ဖေဖေ။ သူ တစ်ခုခု"

"အဲဒီတစ်ခုခု ဖြစ်သွားမလားဆိုတာ ကာယကံရှင်သူတို့က လွဲရင် ဘယ်သူသိနိုင်မှာမို့လဲ။ အကယ်၍များပေါ့၊ ဖြစ်နိုင်ချေတစ်ခု ဆိုပါတော့ကွာ။ အဲဒီကောင်လေးသာ အသက်ဆုံးရှုံးသွားရင်"

"ဖေဖေ"

သူ ဆက်မကြားရဲသလိုနှင့် ဖေဖေ့ကို ဟန့်တားခေါ်လိုက်သော်လည်း ဖေဖေက သူ့ကို လက်ကာပြ၏။ သိနေသော်လည်း ကျွန်တော့်အတွေးထဲက လက်မခံရဲတဲ့အရာကို ဖေဖေ ဘာလို့ နှုတ်က ထွက်ရက်တာလဲဗျာ။

"နေပါဦး သားရယ် ... ဖေဖေ ပြောပါဦးမယ်။ သားပြောတဲ့ အခြေအနေအရဆိုရင် တော်တော်ဆိုးဆိုးရွားရွားကြီး ဖြစ်ခဲ့လိမ့်မယ်။ ကောင်လေးသာ မတော်တဆ အသက်ဆုံးရှုံးခဲ့ရသည်ရှိသော် သူ့ရင်ထဲမှာ ငါ့မောင်ကတော့ ဆုံးပါးပြီး သင်းကတော့ စင်ပေါ်မှာ ပျော်လို့မော်လို့။ နောက်တစ်နည်းနဲ့စဉ်းစားရင် လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲ တိုးမဝင်တော့ဘူးဆိုရင် အဲဒီခံစားချက်က ပိုနာကြည်းစရာ ဖြစ်နေလိမ့်မယ်။ ဘာလို့လဲဆိုတော့ ဒီဝေဒနာဆိုးကို တစိမ့်စိမ့်နဲ့ သူ ခံစားနေရတာကိုး"

သူ ခေါင်းညိတ်လိုက်ရင်း –





"ကျွန်တော်လည်း အဲဒီလိုတွေးမိပါတယ် ဖေဖေ။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် မကျေနပ်တာ။ ညီသစ်နေရာမှာ သားသာ ဖြစ်လိုက်သင့်တယ်လို့"

သူ့စကားကြောင့် ဖေဖေက မျက်လုံးပြူးပြီး –

"ဟော ... ဘာလို့လဲ သားရဲ့"

"မရဲ့အမုန်းကို မခံချင်လို့ပါ ဖေဖေ"

သူ့ရဲ့မျက်နှာနီစွေးနေမလား။ သူနှင့်ဖေဖေ စကားလက်ဆုံ မကျဖြစ်တာ နှစ်ပေါင်းများစွာ။ ဟော ပြောမယ့်ပြောတော့လည်း သူ့ရဲ့ နှလုံးသားရေးကိစ္စ။ နှလုံးသားရေးကိစ္စမှာတောင် သာယာတဲ့ နှလုံးသားကိစ္စ မဟုတ်ဘဲ ကွဲကြေနေတဲ့ နှလုံးသားကိစ္စ။

ဖေဖေကတော့ ငယ်ရာမှကြီးလာသူပီပီ ခေါင်းတဆတ်ဆတ် ညိတ်လျက်။

ဆိုင်တော့မဆိုင်ပေမယ့် သူ ဝဋ်လည်နေပြီလား။ ဖခင်တစ်ယောက်ရဲ့မေတ္တာကို လျစ်လျူရှုခဲ့၍ သူ့ရဲ့မေတ္တာရေးလမ်းကြောင်းမှာ ကျွန်းခံနေတာလား။

"ဒါနဲ့ သားပြောတဲ့ ဒေါက်တာက ဘယ်သူ"

"ဒေါက်တာထွန်းဦးပါ ဖေဖေ"

"ဒေါက်တာ ထွန်းဦး။ ဒီတောင်ကြီးက ဒေါက်တာထွန်းဦးလား"

"ဟုတ်ပါတယ် ဖေဖေ"

"ဖေဖေတို့ state တုန်းက သူငယ်ချင်း ဒေါက်တာထွန်းဦးလားမသိဘူး။ ဒီလိုလုပ် သား ... သားမေးရင် ဖြေချင်မှဖြေလိမ့်မယ်။

ဘာလို့လဲဆိုတော့ သားတစ်ယောက်တည်းကိုသာ မပြောဖို့နှုတ်ပိတ်ခဲ့တာမို့လား။ ဖေဖေ ဖုန်းဆက်ပေးမယ်ကွာ၊ ဖုန်းဆက်လို့ အဆင်မပြေရင် လူကိုယ်တိုင် သွားပေးပေးမယ်။ ပြီးမှ သားဆီလှမ်းအကြောင်းပြန်တာပေါ့"

"ကျေးဇူးပါ ဖေဖေ"

"သားအဖချင်း ကျေးဇူးတင်စရာလိုလို့လားကွ"

သားအဖချင်း ကျေးဇူးတင်ဖို့လိုမလို မသိပေမယ့် ဖေဖေ့ကိုတော့ အမှန်အကန် ကျေးဇူးတင်ပါသည်။ ဖေဖေပြောသကဲ့သို့ပင် ဒေါက်တာ ခရီးက ပြန်ရောက်လာလည်း 'မ' တို့ ဘယ်ရောက်နေသလဲ၊ ဟိုစဉ်က ဘယ်အခြေအနေထိ ဖြစ်သွားသလဲဆိုတာ သိခွင့်ရလိမ့်မည်မဟုတ်။ 'မ' ထိပ်ဆုံးက မသိစေချင်သူမှာ သူမဟုတ်လား။

"ဖေဖေ အိပ်ချင်အိပ်တော့လေ၊ (၂) နာရီထိုးတော့မယ်"

ညက တဖြည်းဖြည်းနက်လာသလို အချမ်းဓာတ်ကလည်း ပိုကဲလာသည်။ ဒီချိန်မှာ ကိုယ့်ခံစားချက်တွေနှင့်ကိုယ်မို့ အေးခြင်းပူခြင်း အပေါ်မှာတောင် အာရုံမခံစားမိတော့ချေ။

"မအိပ်သေးပါဘူးကွာ၊ မင်းက မကြာခင် ပြန်ရတော့မှာမဟုတ်လား။ ပြည်သူ့အချစ်တော် အနုပညာရှင်တစ်ယောက်အနေနဲ့ ဒီမှာ ကြာကြာမနေနိုင်တာ ဖေဖေသဘောပေါက်ပါတယ်"

"ဟုတ်ကဲ့ပါ ဖေဖေ၊ ဖေဖေလည်း အသက်ကြီးနေပြီ။ အလုပ်တက်ပဲ အရမ်းအာရုံစူးစိုက်မနေနဲ့ဦး"

"ဟာ ... တိုးတိုးကွ၊ ယမမင်း ကြားသွားဦးမယ်။ ဘယ်ကလာ အသက်ကြီးရဦးမှာလဲ။ အသက်လေးဆယ်နဲ့ ဘဝစတယ်





ဆိုတာ မကြားဖူးဘူးလား။ ခုအရွယ်က လုပ်နိုင်ကိုင်နိုင်တုန်းအရွယ်ကွ။ အလုပ်ကတော့ မလုပ်လို့မရဘူး။ အလုပ်ထဲ စိတ်နှစ်ထားရင် တောင်တွေးမြောက်တွေး မတွေးမိတော့ဘူးပေါ့ကွာ"

မီးရောင်တချို့ ထင်ဟပ်နေသော ဖေဖေ့မျက်နှာကို လှမ်းကြည့်ပြီး သူ့စိတ်ထဲ မကောင်းနိုင်ရှိသွားရလေသည်။ မိဘတို့၏ မေတ္တာကို နားလည်ဖို့အတွက် ကိုယ်တိုင် မိဘဖြစ်ကြည့်စရာမလိုပေမယ့် ပေးသူနှင့်ယူသူ အချင်းချင်း မျှတလျှင် တစ်ယောက်ခံစားချက်တစ်ယောက် အလိုလို သိနေမည်သာ။

ဖေဖေ့ရဲ့ကျေးဇူးကို သူ ဘယ်တော့မှ မမေ့ပါ။ ဆပ်၍မကုန်သော မိဘရဲ့ကျေးဇူးကို အောက်မေ့ကန်တော့ရင်း။

❀

## အခန်း (၁၅)

ညီညီသစ် ခြံထဲမှာထိုင်နေစဉ် ကားတစ်စီးမောင်းဝင်လာသဖြင့် လှမ်းကြည့်လိုက်မိသည်။ နောက်ဆုံးပေါ် ကားမြင့်ကြီးက တဖိတ်ဖိတ်တောက်ပလျက် ရှိသည်။

ခေတ်စကားနှင့်ပြောရလျှင် တော်တော်လန်းပါသည်။ ဝင်လာသောကားကို ညီသစ် ကြည့်ကောင်းကောင်းနှင့် ကြည့်နေခြင်း ရယ်ပါ။

ယခုတော့ ကမ္ဘာလောကကြီးတစ်ခုလုံးတွင် မြင်မြင်သမျှအရာတို့သည် သူ့အတွက် ထူးဆန်းအံ့ဩဖွယ်ရာများသာ ဖြစ်နေတတ်ခဲ့သည်။

လူတို့၏ ဝတ်စားဆင်ယင်မှုများ၊ သွားလာလှုပ်ရှားမှုများအစ ရှိသည်တို့သည် သူနှင့်ရင်းနှီးနေရမည့်အစား စိမ်းသက်နေသည်။

ရှင်းရှင်းပြောရလျှင် သူသည် တခြားဂြိုဟ်ကမ္ဘာက ရောက်လာသည့် လူသားတစ်ယောက်နှင့်ပင် တူနေသေးသည်။

မမကြီးနှင့်အတူ တစ်ပတ်လောက် ဆိုင်သို့လိုက်သွားခဲ့ခြင်း





မှစ၍ လူအားလုံး၏ ထူးဆန်းမှုများကို အပြောနှင့်မဟုတ် မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရ၏။

မိန်းကလေးတို့၏ အတို၊ အဟိုက်၊ အကျပ် ဝတ်စုံများ။ ယောကျ်ားလေးတို့၏အထီးလိုလို၊ အမလိုလို ပြင်ဆင်မှုများကိုကြည့်ပြီး သူကိုယ်သူတောင် ပြန်ငုံ့ကြည့်မိသည်။

အမှန်ဆိုလျှင် သူဟာလည်း လူထဲကလူပဲလေ။ မျက်စိမမြင်တာ တစ်ခုတည်းနဲ့ ဒီလောက်ထိ ခေတ်နှင့်မျက်ခြေပြတ်သွားစရာ မရှိပေ။

ဘယ်သူကိုပဲကြည့်ကြည့်၊ ဟိုကလည်း ဖုန်းနှင့် ဒီကလည်း ဖုန်းနှင့်။ ဖုန်းပြောလျှင် ပြောနေကြ၊ သို့တည်းမဟုတ် ဖုန်းကို ငုံ့ကြည့်၍ ပွတ်ပြီး ဘာတွေလုပ်နေကြသည်မသိ။ သူ့ရဲ့ ပိုးတဝါးအသိထဲမှာ ကြိုးတန်းလန်းနှင့် အထိုင်ဖုန်းနီနီရဲရဲလေ။ ဟုတ်တယ်၊ အဲဒီ အထိုင်ဖုန်းလေးနှင့်တော့ သူ အရမ်းကြီးကို ရင်းနှီးနေခဲ့သည်။

သို့သော် ယခုကျတော့ သူများတွေဆီမှာ မပြောနှင့် သူတို့အိမ်မှာတောင် အထိုင်ဖုန်းနီနီရဲရဲမပြောနှင့် အမြူရောင်တောင်ရှိမနေ။

"မမကြီးဆိုင်ရောက်နေတုန်း သားငယ်လေး မှာစရာ ပြောစရာရှိရင် ဆက်ပြောလို့ရအောင် ရော့ သားငယ်လေးအတွက် ဖုန်း"

မမကြီး ကမ်းပေးလာသောဖုန်းကို လှမ်းမယူရဲသေးဘဲ မြူးကြောင်ကြည့်နေတော့ မမကြီးက သူ့ပုံစံကို သဘောကျစွာ ရယ်နေခဲ့သည်။

"အမယ်လေး သားငယ်လေးရယ် ... ယူပါ။ တတ်မလိုက်တတ်ဘူး မကိုက်တတ်ဘူး။ ဖုန်းပေးတာကို သရဲတစ္ဆေတွေ့တဲ့

အတိုင်းပဲ''

မမကြီးကတော့ သူ့ရဲ့ခံစားချက်ကို မရိပ်မိမသိရှိဘဲ ရယ်ရယ် မောမောနှင့် ဖုန်းအသုံးပြုတတ်စေရန် သင်ပေးလေသည်။

စိတ်ပါလက်ပါနှင့် သင်ပေးနေသော မမကြီးကို သူ ခိုးကြည့် မိသည်။ ဒီမျက်နှာကိုတော့ တော်တော်လေး ရင်းနှီးပါသည်။

အံမာ ညီသစ် မင်းမျက်စိမမြင်ခဲ့ရုံသက်သက်လေ။ ကိုယ့် ကိုယ်ကိုယ် ရှုးနေတယ်များ ထင်နေသလား။

ကိုယ့်အစ်မကိုတောင် ကောင်းကောင်းကြီး ရင်းနှီးနေပါတယ် လေ၊ ဘာလေးနဲ့။

မမကြီးက တင်ပါးဖုံးသော ဆံပင်ရှည်များကို ကုပ်ပိုး နောက်ဘက်၌ စုစည်းထားသည်။

ရယ်ဒီမိတ်အင်္ကျီလက်တို အသားရောင်ကို အပွင့်အခက်တွေ ရှုပ်ယှက်ခတ်နေသည့် လုံချည်နှင့် တွဲဝတ်ထားသည်။ ဆိုင်မှာဆို အမြဲတမ်း တည်တည်တင်းတင်း ဖြစ်နေတတ်သည့် မျက်နှာက သူ့ကို ဆိုလျှင် ဆူဖို့ငေါက်ဖို့ နေနေသာသာ မျက်နှာတောင် တစ်ချက် မပျက်ဖူးစေ။

မမကြီးရဲ့စေတနာ၊ မေတ္တာများကို သူ အကြွင်းမရှိယုံကြည် သော်လည်း လူတွေနှင့် ပတ်သက်လျှင် ဖလေဖလံဖြစ်နေသော သူ့ရဲ့ အတွေးကို မမကြီးအား ဖွင့်မပြောဖြစ်တော့ပါ။

မျက်စိမမြင်ရခင်တုန်းကလည်း မမကြီး သူ့ကြောင့် ပင်ပန်း ခဲ့ရပြီးပြီ။ ယခုလည်း နောက်ထပ်ဒုက္ခတွေ မပေးရက်တော့ပါ။

''ဟင်''





ကိုယ့်အတွေးနှင့်ကိုယ် ကားကိုငေးကြည့်နေစဉ် ကားက အိမ်ရှေ့တွင် ရပ်သွားသည်။ ကားပေါ်မှ ဆင်းလာသော ပုဂ္ဂိုလ်ကြောင့် ညီညီသစ် ဟင်ခနဲတောင် ဖြစ်သွားရသည်။ ထို့အတူ ဟီးခနဲ ရယ်ချ လိုက်ချင်သည်။

အတွေးထဲ ကားကလည်း လန့်ထွက်၊ ကားပေါ်ကဆင်းလာ သူလည်း လန့်ထွက်နေမှာပဲဟု တွေးထားလေသမျှ ရယ်ချင်စရာအတိ လေ။ ရှပ်လက်တိုအဖြူကို ပုဆိုးကွက်စိပ်နှင့် တွဲဝတ်ထားပြီး မန္တလေး ထုတ် ကတ္တီပါဖိနပ် အကောင်းစားကို စီးထားသည့်လူ။ မြန်မာအမျိုး သားဝတ်စုံကို ဝတ်ဆင်ထား၍ ရုပ်ကို ထိန်းလိုက်သော်လည်း ရုပ် ရည်ကတော့ ရှက်ကြမ်းရော။ ဒီလူ ဘယ်သူပါလိမ့်။

သူ ထသွားရကောင်းနိုးနိုး၊ ထိုင်နေရကောင်းနိုးနိုးရှိနေဆဲ အချိန်တွင် တိုက်ထဲမှ မမကြီး ထွက်လာသည်။ ကားသံကြား၍ထင် မမကြီးကတော့ အစိမ်းရောင်ရယ်ဒီမိတ်အင်္ကျီနှင့် လုံခြည်ကို Mix ဖြစ်အောင် တွဲဝတ်ထားပါသည်။

ထိုလူနှင့်မမကြီး ရယ်ရယ်မောမော စကားပြောနေကြပါ သည်။ ထိုလူကြီးက သူ့ဘက်လှမ်းကြည့်လာသဖြင့် မမကြီး တစ်ခုခု ပြောလိုက်လေသလား။ မမကြီးက ခေါင်းညိတ်ပြပြီး ထိုလူကြီးကိုခေါ် ကာ သူ့အနီးသို့ လျှောက်လာလေသည်။

''သားငယ်လေး ပျင်းနေပြီလား''

''မပျင်းပါဘူး မမကြီးရဲ့။ မမကြီး ဆိုင်မသွားသေးဘူးလား''

''သွားမှာပေါ့၊ သားငယ်လေးလည်း လိုက်ခဲ့ရမှာလေ။ အဝတ်အစား သွားလဲဦးနော်။ ဪ . . . မိတ်ဆက်ပေးရဦးမယ်။

သားငယ်လေး ဒီအစ်ကိုကို သိလား''

မမကြီးရဲ့မေးခွန်းကြောင့် ထိုလူကြီးကို သူ နောက်တစ်ကျော့ ကြည့်မိပြန်သည်။ ဖဝေဖဝါအတွေးနှင့် ခပ်ကြာကြာ ကြည့်မိ၏။ ထိုလူကြီးက သဘောကျစွာရယ်ပြီး –

''ကဲ … တွေ့လား ဖွေ၊ ညီက ကိုယ့်ကိုမမှတ်မိတော့ပါဘူး လို့၊ ဖွေ့ ရှုံးပြီနော်''

ရုပ်ရည်နှင့်မလိုက်ဖက်သော ခပ်အေးအေးအသံကြောင့် ညီသစ်ရဲ့မျက်နှာ လက်ခနဲဖြစ်သွားပြီး –

''ဟာ … ကျွန်တော် မှတ်မိပြီ။ အစ်ကိုက ကိုအောင်သိမ်း မဟုတ်လား။ ဟိုတစ်ခါ ကျွန်တော်တို့အိမ်လာသေးတယ်လေ''

''ဟုတ်ပါတယ် ညီလေး။ ကိုယ် ဝမ်းသာတယ်ကွာ။ အခုဆို ညီရဲ့ဘဝမှာ ဘာမှ ဝမ်းနည်းအားငယ်စရာမရှိတော့ဘူး။ လောကကြီးမှာ သူ့သူ့ကိုယ်ကိုယ် ဖြစ်သွားပြီ။ နောက်ဆိုရင် ဖွေ့ကိုတောင် ကူညီနိုင်ပြီပေါ့''

''ဟုတ်ပါတယ် အစ်ကို၊ ကျွန်တော်လည်း မမကြီးရဲ့အလုပ်တွေကို ကူညီပေးနိုင်တော့မှာမို့ ဝမ်းသာပါတယ်''

''ဒါပေါ့ကွ''

''လာလေ … ကိုအောင် အိမ်ပေါ်တက်ပါဦး။ ပစ္စည်းတွေ ကြည့်ရအောင်''

''ညီလိုက်ခဲ့ပါလား''

ညီသစ် အပြုံးနှင့် ခေါင်းယမ်းပြလိုက်သည်။ လုပ်ငန်းကိစ္စ ဆွေးနွေးကြမှာမို့ သူ မလိုက်ချင်ပါ။





အတူတူယှဉ်တွဲထွက်သွားသည့် ကိုအောင်သိမ်းနှင့် မမကြီးကိုသာ ငေးကြည့်နေမိသည်။

''ဘာတွေ တွေးနေတာလဲ ညီသစ်''

''ဪ … ကိုသာထူး''

ကျောနောက်ဘက်မှ ထွက်လာသောအသံကြောင့် ညီသစ် လှည့်ကြည့်လိုက်သည်။ ကိုသာထူးသည် မြေပွခရင်းကို လက်တစ်ဖက်က ကိုင်ထားသည်။ ခရင်းကို ဘေးသို့ချပြီး ခုံတန်းထက်၌ ဝင်ထိုင်လေသည်။

''ဒီလူက တော်တော်သဘောကောင်းပြီး စိတ်ရင်းကောင်းတယ်ကွ။ တချို့ဆို ပြောတယ်မလား။ စိတ်ကလေးနဲ့ စိတ်နဲ့မလိုက်ဘူးဆိုတာလေ။ အမှန်တော့ အဲဒါ ရုပ်ချောတဲ့သူတွေအတွက် ပြောတာကွ။ တချို့က ရုပ်ကလေးကတော့ မှုန်နေအောင်ချောပါရဲ့။ စိတ်ဓာတ်က ကျီးအာသီးလို့ပဲ ပုတ်စပ်နေတာကွ။ ကိုအောင်သိမ်းကတော့ အဲဒီလိုမဟုတ်ဘူး။ ရုပ်ရည်ကသာ ဘဝပေးကုသိုလ်အရ ကံခေနေပေမယ့် စိတ်ရင်းစေတနာ အင်မတန်ကောင်းတာ''

''ဘာလို့ အဲဒီလိုပြောနိုင်ရတာလဲ''

''ဟ … ကောင်လေးရ''

သူ့ရဲ့မေးခွန်းကိုပင် ကိုသာထူးက အံ့ဩသလို ဖြစ်လိုက်သေးသည်။ သူကတော့ အာရုံထဲတွင် အတူတွဲထွက်သွားသည့် မမကြီးနှင့် ကိုအောင်သိမ်းကို မျက်စိထဲမှ မထွက်။

''မင်းရဲ့အစ်မဆီမှာ ငါ အခုမှ အလုပ်ဝင်လာတာမဟုတ်ပါဘူးကွ။ မင်းအစ်မကို အကူအညီပေးရင်း အခွင့်အရေးကို ကျားချောင်း

သလို ချောင်းနေတာလည်း မဟုတ်ဘူး။ ငါတို့အပေါ်လည်း အလုပ်သမားရယ်လို့ သဘောထားတာမဟုတ်ဘူး"

"အင်း ... အဲဒါကို ကျွန်တော်လည်း အကဲခတ်မိပါတယ်။ နေပါဦး ကျွန်တော်က ဘာပြောနေလို့ ကိုသာထူးက ကျွန်တော့်ကို အဲဒီအကြောင်းတွေ လာပြောနေရတာလဲဗျ"

ကိုသာထူးက မင်း ဘာတွေတွေးနေသလဲဆိုတာကို ငါသိပါတယ်ဆိုသည့်ဟန်နှင့် ပြုံးပြီး –

"ဒီလူက မင်းအစ်မကို ကြိုတ်ပိုးနေပါလားလို့ကော မတွေးမိဘူးလား"

"ဟာဗျာ ... ခင်ဗျားကလည်း"

ဘာမှလည်းမဆိုင်ဘဲ ညီသစ်ပုံစံက ရှက်ကိုးရှက်ကန်းဟန်ပေါက်သွားသည်။ ထိုပုံစံကို ကြည့်ပြီး ကိုသာထူးက သဘောကျစွာ တဟားဟား အော်ရယ်လေသည်။

ဒီတော့လည်း ညီသစ် အလန့်တကြားဖြစ်ကာ–

"ဟိတ်လူ ဘာဖြစ်လို့ ဒီလောက်အော်ရယ်နေတာလဲဗျ။ တော်ကြာ ကြားသွားရင် မကောင်းပါဘူး"

"ကြားစရာလား ကိုယ့်လူရာ"

ကြားနိုင်သည်ဖြစ်စေ၊ မကြားနိုင်သည်ဖြစ်စေ မောင်တစ်ယောက်အနေနှင့် အစ်မ၏အိမ်ထောင်ရေးကိစ္စအကြောင်း ပြောနေရတာတော့ မျက်နှာပူစရာကောင်းလှပါသည်။

တကယ်တော့ မမကြီးရဲ့အသက်အရွယ်ဟာ အပျိုကြီးပေါက်စဟု ပြော၍ရနေပြီ။ အိမ်ထောင်ပြုသင့်ပါလျက်နဲ့ မပြုသေး





သည်မှာ သူ့ကြောင့်ဆိုတာ နားလည်သဘောပေါက်သလိုလို ရှိသော်လည်း အိမ်ထောင်ရေးကိစ္စဘက် မမကြီး အာရုံရှိမနေတာလည်း သဘောပေါက်သလိုလို ရှိနေပါသည်။

ကိုအောင်သိမ်းကို ယောက်ဖလောင်းအနေနှင့် စဉ်းစားကြည့်သောအခါ ကျောတွန့်သွားသည်။ ဖြူဖြူနုနု ဖြိုးဖြိုးချောချော မမကြီးနှင့် ကိုအောင်သိမ်းရဲ့ပုံစံမှာ ဆီနှင့်ရေလို ကွာနေသည်။

လူတွေပြောပြောနေသည့် ကျီးကန်းဘဲဥချိုထားတယ်ဆိုတာမျိုး ဖြစ်နေမလား။ ဤကိစ္စမျိုးမှာ ရုပ်ရည်က အဓိကမကျဘူးဆိုပေမယ့် သူ သဘောကောင်းသော ကိုအောင်သိမ်းကို ခင်တော့ခင်ပါသည်။ အစ်မပေးလိုက်ရမည့် ခင်မင်မှုမျိုးနှင့်တော့ မခင်ချင်ပါ။

"ကောင်လေး ... ကောင်လေး"

"ဘာလဲဗျ"

ကိုသာထူးက သူ ဘာတွေးနေသလဲသိနေပုံနှင့် ရေရွတ်တော့ ညီသစ် ဘုဘောက်အော်တော့ ကိုသာထူးက စိတ်မဆိုးဘဲ–

"မင်း ဘာတွေလျှောက်စဉ်းစားနေတာလဲ ညီသစ်ရာ။ အိမ်ထောင်ရေးမှာ ရုပ်ချောတာ၊ စည်းစိမ်ဥစ္စာရှိတာနဲ့ ဘာမှ မသက်ဆိုင်ဘူး။ အဓိက,က တစ်ယောက်အပေါ်တစ်ယောက် နားလည်မှုထားနိုင်ဖို့ပဲ"

"––––"

"ရုပ်ရည်ဆိုတာက မမြဲတဲ့အနိစ္စသဘော၊ ပျက်စီးမယ့်သဘောကွ။ အဓိက,က အဲဒီလူရဲ့အရည်အချင်းပဲ။ မိန်းကလေးတွေက ရုပ်ချောတဲ့လူအပေါ် သာယာပေမယ့် တကယ့်အိမ်ထောင်ဘက်

စဉ်းစားရင် အရည်အချင်းကိုပဲ ကြည့်တာကွ။ အဲဒါကြောင့်လည်း ရှေးလူကြီးတွေက လှတာမက်ရင် ညစာခက်တယ်လို့ ပြောကြတာပေါ့။ အဲဒါက တို့ယောက်ျားလေးတွေကော မိန်းကလေးတွေအတွက်ပါ ဆုံးမပေးထားတာ”

“ဒါပေမဲ့”

“မင်း ကလေးမဆန်ချင်စမ်းပါနဲ့ကွာ။ ဒါကြောင့်လည်း မမကြီးက မင်းကို စိတ်မချနိုင်တာနဲ့ သူ့ရဲ့အိမ်ထောင်ရေးကို မစဉ်းစားသေးတာ။ မင်း အသက်နှစ်ဆယ်ကျော်ပြီ ညီသစ်။ ရင့်ကျက်သင့်ပြီ”

“မရင့်ကျက်တော့ ... အခု ကျွန်တော် ဘာဖြစ်နေလို့လဲဗျ”

မရင့်ကျက်သေးသူတစ်ယောက်အဖြစ် ပြောခံလိုက်ရတော့ ညီသစ်က စိတ်ဆိုးဆိုးနှင့် ထအော်သည်။ ကိုသာထူးကတော့ မိန်းမချောချော၍ မျက်နှာရှုပုတ်ပုတ်ဖြစ်နေသော ညီညီသစ်ရဲ့ မျက်နှာကိုကြည့်၍ ခေါင်းတယမ်းယမ်း ရှိနေလေသည်။

ဩော် ... ညီသစ် ညီသစ်။ မမကြီး မင်းအပေါ်မှာ စိတ်မချနိုင်တာလည်း မပြောနဲ့လေ။ မင်းပုံစံက ခုချိန်ထိ ဝပ်ကျင်းထဲက မထွက်ရသေးတဲ့ ကလေးသူငယ်လို ရှိနေတုန်းပါလား။

❁



## အခန်း (၁၆)

ခွန်အား တောင်ကြီးကပြန်လာကတည်းက နားချိန်ရယ်လို့ မရှိတော့ချေ။ အလုပ်ကြွေးတွေပိကာ သီချင်းတွေကြားက မထွက်နိုင်ချေ။

ကိုယ်က မအား။ သူတို့ကမအားနှင့် ကုန်ခဲ့သောအချိန်တွေကလည်း မနည်းတော့ချေ။ ယခု ထိုအချိန်များအတွက် အတိုးချကာ (၃) ယောက်သား အလုပ်ကြွေးဆပ်နေကြရသည်။

ဒါတောင် ထုတ်လုပ်သူက ဘာမှမဆော်ဩ။ သူငယ်ချင်းတွေနှင့် သံစဉ်ညှိ၊ စာသားရှာ၊ title ရွေးဖို့စဉ်းစား။ ဘာမှန်းမသိဘဲ တစ်နေ့ဝင်တစ်နေ့ထွက် အလုပ်ရှုပ်နေသဖြင့် အလုပ်လုပ်ချိန်ဆို ဖုန်းကို power off ထားလိုက်သည်။

ပထမတစ်ရက်တုန်းကဆိုလျှင် ကိုယ်က ဖုန်းပြောလို့မပြီးသေး စိုးလင်းရဲ့ဖုန်းက ဝင်လာလိုလာ၊ ဂစ်တာကောက်ကိုင်တုန်းရှိသေး ဝေယံဆီက ဖုန်းဝင်လာလိုလာနှင့် နောက်ဆုံး သုံးယောက်သား အလုပ်လုပ်နေချိန်မှာ ဖုန်းပိတ်ထားကြေးဟု ကတိခံလိုက်ရသည်။

ဒီလိုမှ အလုပ်က တွင်သလိုရှိသွားသည်။ တစ်ခါတလေ စိုးလင်းဆိုတဲ့ကောင်က –

"အား ... မရတော့ဘူးကွ၊ ခွန်အား ငါ့ကို အပေါ့သွားခွင့်ပြုကွာ"

"သေပါလား။ ပြောပုံက ငါကပဲ ကြိုးချည်ထားသလိုလိုနဲ့"

"အစုတ်မဲ့လေး"

ဒီလိုကျတော့လည်း ရုက်ဖို့သတိရသေး။ သူငယ်ချင်း သုံးယောက် တဝါးဝါး တဟားဟားနှင့် အချိန်တွေက ကုန်လို့ကုန်မှန်းပင် မသိလိုက်။

သူက Rap အပိုင်းကို တာဝန်ယူထားသဖြင့် အချိတ်အဆက်မိသော ကာရံနှင့် စာသားကို တာဝန်ယူထားသည်။ ဝေယံက Pop အပိုင်းမို့ သူ့ တာဝန်လည်းမသေးလှ။ စိုးလင်းက Pop ကော Rap ပါ အဆင်ပြေသည်။

အလုပ်ထဲ စိတ်ရောက်နေလျှင် စားဖို့သောက်ဖို့ သတိမရကြပါ။ များသောအားဖြင့် သုံးယောက်စုံပြီး လုပ်ဖြစ်ကြပြီဆိုလျှင် သူ့တိုက်ခန်းမှာပဲ လုပ်ဖြစ်ကြသည်။ သူ့တိုက်ခန်းက ကျယ်လည်းကျယ်၊ သူတစ်ယောက်တည်းပဲဆိုတော့ ပြဿနာမရှိ။

စိုးလင်းနှင့်ဝေယံတို့အိမ်မှာကျတော့ စကားတောင် ကျယ်ကျယ်ပြော၍မရသည့်အနေအထား။ အဆိုးဆုံးက စိုးလင်းပင် ဖြစ်သည်။ သူက သူ့အိမ်ခွင့်မပြုသည့်ကြားမှ တိုးထွက်လာသူကို။

ဝေယံမင်းထင်နှင့်စိုးလင်းက ဒီခွေထဲတွင် Ownue တစ်ယောက် (၂) ပုဒ်စီ ဆိုပါသည်။ ဒီခွေထွက်ပြီးလျှင် သူတို့တွေက





လိုင်းခွဲဖို့ စီစဉ်ထားကြသည်။

ဒီရဲ့ Band ကို ဖျက်လိုက်မှာမျိုးတော့ မဟုတ်ပေ။ သူခွေလုပ်မည်ဆိုလျှင်တော့ ဒီကောင်တွေ ဝင်ကျဲပေးလိမ့်မည်။ ဝေယံမင်းထင်က ယခု ကြော်ငြာဘက် လိုင်းကူးနေပြီ။ နောက်ဆို သရုပ်ဆောင်တစ်ယောက်ဖြစ်လာနိုင်သည်။

စိုးလင်းကတော့ ဆရာဝန်လောင်းဖြစ်သည့်အတွက် သူတို့ထဲမှာ အပင်ပန်းဆုံး။ ပင်ပန်းလွန်း၍လည်း ဝနေသလားမသိ။ ယခု ကိုယ့်ခွေဖို့ အချိန်မနည်းလုပေးထားရခြင်းမျိုး။ နောက်ဆုံးနှစ်လည်းဖြစ် စာတွေကလည်းခက်နှင့် ညည်း၍မဆုံး။

အံ့မယ် ဒီကောင်က ယခု ခွေထဲမှာ သူ့ကိုယ်သူ ဇာတ်လိုက်နေရာကထားပြီး ရေးထားတဲ့သီချင်းက အလန်းဇယား။ ဘာတဲ့ ... လူဖြစ်ရတဲ့ဘဝ မလွယ်သေးဆိုပါလား။

ရည်မှန်းချက်နှင့် ဝါသနာကြားမှာ အသက်တောင် မနည်းရှူနေရတဲ့ နေ့စဉ်ဘဝအကြောင်းကို ဖွဲ့ထားခြင်းဖြစ်သည်။ ဝေယံက–

"လူဖြစ်ရတဲ့ဘဝ တယ်မလွယ်ဘူးဆိုတော့ ဘာဖြစ်ရတဲ့ဘဝက လွယ်လို့လဲကွ။ ဥပမာလေး"

"ဘာလဲ ... မင်းသွားမို့လား"

"မင်းဥပမာပြရင် သွားသင့် သွားရမှာပေါ့"

"မင့်မေကြီးဒေါ်ပဲ"

"ဩော် ... ငါ့အမေ ကြီးဒေါ်ဖြစ်ရတဲ့ဘဝက လွယ်လို့လား"

"သေနာ"

စိုးလင်းနှင့် ဝေယံက လုံးထွေးသွားသည်။ ဝေယံက ရှုံ့မဲ့ ရှုံ့မဲ့ဖြစ်နေသော စိုးလင်းကိုကြည့်ပြီး သဘောကျစွာ တဟားဟား ရယ်နေလေသည်။

စိုးလင်းရဲ့ သီချင်းထဲကလို ဝါသနာနှင့် ရည်မှန်းချက်ကြားမှာ အသက်ရှူဖို့တောင် မနည်းဆိုပေမယ့် ယခုလို ပျော်ရွှင်စရာများကြောင့်လည်း တခါတော့ အပန်းဖြေ အမောပြေရပါသည်။

"ခွန်အား"

ခွန်အား စာသားအလန်းလေးတွေ ဘယ်လိုထည့်ရင် ကောင်းမလဲ စဉ်းစားနေစဉ် ဝေယံရဲ့ခေါ်သံကြောင့် လှည့်ကြည့်လိုက်သည်။ ဝေယံက စာရွက်ပေါ် ဘောလ်ပင်အဖျားနှင့် ရိုက်ခတ် ဆော့ကစားရင်း –

"ဒီတစ်ခေါက် မင်းခရီးက ပြန်လာတာ ပျော်နေပုံရတယ်"

"ဟုတ်တယ် ဆရာ၊ ခါတိုင်းဆိုရင် မဖြစ်မနေဖို့သာ နယ်ရှိုးပွဲတွေလိုက်တာ။ ပြီးရင် ... မင်း အခန်းပိတ်ငြိမ်နေတာလေ"

"အေးလေ ... အခုကော ငါက ဘာတွေလုပ်နေလို့ ဘာတွေဖြစ်နေလို့လဲ"

"ဒါတော့ မင်းကိုယ်မင်း သိမှာပေါ့ကွ။ နေပါဦး ... ဖောင်ကြီးပြန်မယ့်ကိစ္စ ငါတို့တောင်မသိလိုက်ရဘူး။ စိုးလင်းတော့ မသိဘူး ငါတောင် နယ်ရှိုးပွဲက ရောက်မဆိုက် မင်းဆီ ဝင်လာတော့ မလို့လေ။ ကိုစောနိုင်က မင်း ခရီးထွက်သွားတယ်တဲ့"

ဝေယံရဲ့စကားကြောင့် ခွန်အား သဘောကျစွာပြုံးရယ်လေသည်။ ပြီးမှ –





"မင်းတို့က ဘာကိုကြည့်ပြီး ငါ့ကိုထူးဆန်းတယ်လို့ မှတ်ချက်ချကြတာလဲ"

"ဪ ... ဒါတော့ ကာယကံရှင်မင်းကလွဲရင် ဘယ်သူသိမှာလဲကွ"

"ဒါပေမဲ့ ... အရင်ခွန်အားနဲ့ အခုခွန်အား opposite ဖြစ်နေတယ်လို့တော့ ငါထင်တယ်"

ဝေယံက ပခုံးတွန့်၍ပြောပြီး စိုးလင်းကတော့ သူ့ကိုကြည့်ပြီး တွေးဆဆနှင့် ပြောလေသည်။

"သိလှချည်လားကွ"

"ဘာလဲ ... မှန်သွားတာလား"

"ဟုတ်ပါ့၊ ရမ်းပစ်ရင်တောင် တန်းထိတယ်ဆိုတာ မင်းကိုပြောတာနေမှာ"

"ဟေ့ရောင် ... စကားလမ်းကြောင်း မလွှဲနဲ့"

ဝေယံတို့ ဘယ်လောက်ပဲ စကားအစ်အောက်အောက် သူ့ရဲ့ အတိတ်အကြောင်းကို သူ ဘယ်သူ့ကိုမှ မပြောပြခဲ့ဖူးပါ။ မပြောပြချင်ပါ။

ပြောပြပြီးလျှင် လူအားလုံးရဲ့ "ဟုတ်မှာပေါ့။ အဖြစ်ကလည်း နာကြည်းစရာကြီးကိုး" ဆိုတဲ့ တူညီသော မှတ်ချက်ကို သူ အကြားအာရုံက လက်ခံနိုင်စွမ်း မရှိပါ။

ကိုယ့်ကိုယ်ကိုယ်တောင် မနည်းထောင်မတ်အောင် ထူထားရ၏။ ဘယ်သူ့စကားအတွက်ကြောင့်နှင့်မှ မလဲပြိုချင်ပါ။ ဝေယံက သူ မပြောချင်မှန်းသိသဖြင့် –

"ခွန်အား ... ဒီခွေပြီးရင် ငါတို့ တောင်ကြီးလိုက်လည်မယ်"

"အေး ... လာလည်ချင်လည်ပေါ့။ မင်းတို့ အသိရှိလား"

"အံမာ ... အမူးသမားလေသံနင်းနေ၊ မင်းရှိနေတာပဲ။ အသိကြီးကလည်းသိ သိသိနဲ့ ခက်နေတာ"

စိုးလင်းက တစ်မျိုး။

"ငါသတိထားမိတယ် ခွန်အား"

"ဆို"

"ဒေါက် ဒေါက် ဒေါက်"

ခွန်အားက စိုးလင်းရဲ့စကားကို အလေးအနက်ထားသလိုနှင့် ဂစ်တာကို တဒေါင်ဒေါင် ခေါက်ရင်း မေးဆတ်ပြလိုက်သည်။ စိုးလင်းက သူ့လက်ထဲက ဂစ်တာကို အတင်းဆွဲယူပြီး –

"ငါ စကားအကောင်းပြောမလို့ဟာကို။ အဲဒီဂစ်တာ ဘေးခဏချလိုက်စမ်းပါ"

"ဘေးချထားလိုက်ရင် အလုပ်ပျက်သွားမှာပေါ့။ ပြော တီးရင်း နားထောင်မယ်"

ဝေယံက ရှုံ့မဲ့ပြပြီး အခုမှကြိုးစားပြနေလိုက်တာဟု အော်လေသည်။ သူ အနည်းငယ်ပြုံးပြီး စိုးလင်းထံ လှမ်းကြည့်တော့ –

"မင်းရဲ့သီချင်းစာသားတွေက ဆိုကောင်းရုံသက်သက်ဖွဲ့ထားတာမဟုတ်ဘူး။ မင်းကိုယ်တိုင် ဖြစ်ပျက်ဖူးတဲ့အဖြစ်အပျက်တွေကို အခြေခံပြီး ရေးထားသလိုလိုပဲ"

နီးစပ်သွားသလိုလိုရှိသော စိုးလင်းရဲ့စကားကြောင့် ခွန်အား





ကပျာကယာ ရှင်းပြမိသည်။

မုန်သွားပြီဆိုပြီး ချော်လဲရောထိုင်၍မဖြစ်ပေ။ စိုးလင်းနှင့် ဝေယံက ပါးစပ်မဖွာတတ်ပေမယ့် နံရံမှာ နားတွေရှိတာတွေကိုတော့ မေ့ထား၍မဖြစ်။

သူတို့ကို celebrity တွေအတွက် ခံစားချက်အစစ်အမှန်ကိုတောင် media တွေကို ယုံစားပြီး ဖွင့်ပြ၍မရ။ Media တွေက ပုံကြီးချဲ့ချဲ့ကာ ရေးလိုက်လျှင် အဓိပ္ပာယ်တွေ တစ်လွဲဖြစ်ကာ ဆိုလိုရင်းပျောက်သွားနိုင်သည်။

'မ' ကို ပြန်မတွေ့ရမချင်း သူ့အကြောင်းတွေကို ဘယ်သူ့ကိုမှ မသိစေချင်ပါ။

"မဟုတ်ပါဘူးကွာ၊ ငါက အသည်းကွဲသီချင်းတွေကို crazy ဖြစ်လို့ ဆိုဖြစ်တာပါ။ ရင်တွင်းကိစ္စက အရှင်း"

"ဒါဆို အသည်းမကွဲသေးဘူးပေါ့"

"ဟော့ စိုးလင်း ... မင်းက ခွန်အားကို အသည်းမကွဲသေးဘူးလား မေးတာနဲ့ ငါတောင် မင်းကိုမေးဖို့ သတိရတယ်"

"ဘာများလဲ"

"မင်းက ဆရာဝန်လောင်းဆိုတော့ ဆေးပညာရှထောင့်က နေ နှစ်ပေါက်ကျွမ်းကျင်မှာပေါ့။ ငါက သီချင်ရုံသက်သက်မေးမှာနော်"

"မေးပါဆို ... ဘာတွေရှည်လျားဝေ့ဝြားပြီး စကားပလ္လင်ခံနေရတာလဲ"

စိုးလင်းက ဝေယံရဲ့ကျောပြင်ကို ဖြောင်းခနဲမြည်အောင် ရိုက်ပြီးပြောလိုက်သည်။

"ဆေးပညာရှုထောင့်ဆိုရင် အသည်းကြီးတယ်ဆိုတာ ရှိလား"

"ရှိတယ်လေ ... ဘာလဲ မင်းကြီးဒေါ် အသည်းကြီးနေလို့လား"

"အသာနေစမ်းကွာ။ ထောင်တန်တဲ့စကား ရယ်ရင်ပေါ့တယ်တဲ့။ အသည်းယောင်တယ်ဆိုတာကော"

"ရှိပါတယ်ဆိုကွာ"

"ဒါဆို အသည်းကွဲတယ်ဆိုတာကော ဆေးပညာရှုထောင့်က မေးတာနော်"

"အင့်"

ကတ်ဖွဲဖွဲနိုင်လှသော ဝေယံက မေးခွန်းကြောင့် စိုးလင်းပုံစံက ခရမ်းချဉ်သီးပုတ် လှည်းနင်းခံလိုက်ရသလို 'အင့်ခနဲ' ဖြစ်သွားလေသည်။ သူ သဘောကျစွာ ကျိတ်ရယ်တော့ စိုးလင်းက မျက်စောင်းထိုးသဖြင့် လှမ်းကြည့်ပြီး ဝေယံကို ဆောင့်ဆောင့်အောင့်အောင့်နှင့် ဖြေသည်။

"မရှိဘူးကွာ"

ဝေယံက သူဆင်ထားသော ဂွင်ထဲ ရောက်လာသဖြင့် လက်ဖျောက်တီးကာ –

"ဒါပဲလေ၊ အဲဒါပဲပေါ့"

"ဘာ ... ဒါပဲလေ၊ အဲဒါပဲပေါ့လဲ"

သူပါ စိတ်ဝင်စားသွားပြီး လှမ်းမေးတော့ ဝေယံက မိန့်မိန့်ကြီး ပြုံးလေသည်။ စိုးလင်းပုံစံက ဒီတစ်ချီတော့ ခံလိုက်ရပြီ နေနှင့်ဦးပေါ့





ဆိုသည့်ဟန်။

"လောကမှာ အသည်းကွဲတယ်၊ အသည်းကွဲတယ် လူတွေ ပြောနေကြတာ။ အဲဒါ အလကားပြောတာ"

"လာပြီ ... မတည့်ရာမဆည့်ကြောင်းက"

"ဩော် .... အကောင်းပြောတာကို သေသေချာချာ နားထောင်စမ်းပါ ယောက်ဖရာ"

"မင်းမကြီးဒေါ် ယောက်ဖလား။ အမွေးနုတ် ဂုတ်သွေးစုတ်ပစ်မယ်"

"စုန်းကားတွေ အရမ်းကြည့်ပြီး သွေးစုပ်ချင်နေတာလား။ အမယ်လေး ငါ့အဖြစ်ကလည်း သွေးစုပ်ခံရမှာတောင် သက်သက်ညှာညှာမရှိ။ အမွေးပါ နုတ်ခံရဦးမတဲ့ အရပ်ကတို့တို့ရေ"

"ဟာ ... ဒီကောင် လျှာရှည်တာ၊ ပြောစမ်းပါဦး။ အသည်းကွဲတယ်ဆိုတာ အလကားဆိုတာ"

စိုးလင်းက ဝေယံကို ခြေထောက်နှင့် လှမ်းခတ်ကာ မေးလိုက်သည်။ ကောင်းကောင်းဖြေလျှင်ဖြေ မဖြေလျှင် အနာပဲဆိုသည့်ဟန်။

"ပထမတစ်ယောက်နဲ့ ကွဲတော့ အသည်းနှလုံးသားက ထိခိုက်ခံစားရတယ်ကွ။ အသည်းဆိုတာမျိုးက အထိခံတာမဟုတ်ဘူး။ ထိတာနဲ့ယောင်ပြီ။ ယောင်တော့ အသည်းကြီးတာပေါ့။ အသည်းကြီးတော့ နောက်တော့ ကောင်မလေးအများကြီးကို ချစ်လို့ရအောင် နေရာတွေက ကျယ်ကျယ်လာတာပေါ့။ ဒါ့ကြောင့် အသည်းကွဲတယ်ဆိုတာ အလကား"

"သေပါလား၊ သေပါလား"

"အမယ်လေး၊ တကယ်အမွှေးနုတ်ပြီး ကုပ်သွေးစုပ်တော့ မလို့လား၊ ယောက်ဖရာ။ မင်းကိုင်ထားတဲ့ အမွှေးက ကုပ်မွှေးမဟုတ်ဘူးကွ။ အောက်မွှေး"

"ဟာ ... မင်း တယ်ရိုင်းပါလား။ ဘာအောက်မွှေးလဲ"

"မင်းမမြင်ဘူးလား။ ဒီကောင့် ငါ့ခြေသလုံးမွှေးတွေ စုဆွဲထားတာ။ အား ... ဟော့ရောင် ... စိုးလင်း ယောက်ဖကြီး ငါသေတော့မယ်ကွ"

စိုးလင်းက သူ့ရဲ့ဗိတ်ပေါ်ခန္ဓာကိုယ်ကြီးနှင့် သေးသေးသွယ်သွယ် ဝေယံပေါ် တက်ခွကာ ခြေသားလုံးမွှေးတွေ တကယ်စုဆွဲထားခြင်းရယ်ပါ။

သူ့ဆီကနေ အားလုံး အာရုံပြောင်းသွားသဖြင့် ခွန်အားဂစ်တာကို ဘေးသို့ချကာ မတ်တတ်ထရပ်လိုက်သည်။

"ကိုယ့်ဆရာ ဘယ်လစ်မို့လဲ"

"ဘယ်မှမလစ်ဘူး။ အောက်ဘက်ခဏဆင်းပြီး လက်ဖက်ရည် သွားသောက်မလို့"

"ဟာ ... မင်းကလည်း ခွဲခြား ခွဲခြားနဲ့၊ ငါတို့နှစ်ယောက်လည်း လိုက်မှာပေါ့ကွ"

စိုးလင်းနှင့် ဝေယံက အလူးအလဲထကြသည်။ ခွန်အား လက်ကာပြထားပြီး –

"မင်းတို့ လိုက်မှာစိုးလို့ အောက်မှာ သွားသောက်မှာပေါ့။ သောက်ချင်ရင် ပါဆယ်ဆွဲခဲ့မယ် ... ပြန်လာရင် လုပ်ငန်းစကြမယ်





စကားမများကြနဲ့"

"ကျိမ်း"

ခွန်အားက ပြောပြီး တံခါးကိုဆွဲပိတ်ပစ်လိုက်တော့ ဟိုနှစ်ယောက်ထွက်လာ၍ မရတော့ပေ။

❁

## အခန်း (၁၇)

"ဟာ ... ကျွတ်"

"အံ့မယ် ဟော့ရောင် ... ဖြစ်နေလိုက်တာ"

ကိုယ်တောင် လက်ဖက်ရည်မှာထားတာ မရောက်သေး။ ဒင်းတို့နှစ်ယောက်က ဆင်းလာပြီမို့ ခွန်အား ကျွတ်ခနဲ ဖြစ်တော့ နှစ်ယောက်သား သူ့ကိုကြည့်၍ မျက်စပစ်ပြကြသည်။

"ဟဲ ဟဲ"

"ဘာ ... ဟဲဟဲလဲ၊ မင်းတို့ကွာ ငါ ခဏလာဆင်းလာတာ တောင်မှ"

"ဖြစ်နေပုံက လိုမ့်လိုမ့်ပြီး ကန်ပစ်ချင်စရာ။ ဟော့ရောင်တို့လည်း လက်ဖက်ရည်တစ်ခွက်လောက်နဲ့များ အပင်ပန်းခံ ဆင်းလာ စရာလား"

"နည်းလို့လား"

"အေး ... ဟုတ်တယ်"

"ဟာ ... ဒီကောင် နောက်စရာလား။ ထောင်တန်တဲ့





စကား ရယ်ရင်ပေါ့တယ်တဲ့"

"မင်း ဖုန်းဝင်လာလို့ဟ"

"ဟော့ ညီလေး ... ကျစိမ့်နှစ်ခွက်၊ မုန့်ပါချပေး"

ဝေယံက ထိုင်ခုံမှာဝင်ထိုင်ပြီး သတင်းပေးသည်။ သူ မျက်မှောင်ကုတ်သွားကာ –

"ဟာ ... ဒီရက်အတောအတွင်း ငါ ဖုန်းမပြောချင်ပါဘူး ဆို၊ ဘယ်ကတဲ့လဲ။ မရှိဘူးသာ ပြောလိုက်"

"အေး ... ငါ တကယ်သွားပြောမယ်နော်။ မင်းနဲ့ လုံးလုံးကြီး ပတ်သက်နေတယ်"

"ဟော့ရောင် ... နိုင်ငံရေးတွေ ပါကုန်ပြီ။ ဘယ်က လုံးလုံးကြီးလဲ"

"ဒီကောင် ပြောင်ဖို့ နောက်ဖို့ပဲ သိပါလားဟ။ တယ် ငါ ကန်လိုက်ရ သေတော့မယ်။ ယောက်ဖမို့ သက်သာသွားတယ်မှတ်"

"ဟော့ရောင် ... ဝေယံ ဘယ်သူတဲ့လဲ"

ကြောင်ချီးကြွက်လို ကိုက်နေကြသူနှစ်ယောက်အား အတင်းဆွဲရင်း ဝေယံကို မေးလိုက်သည်။

"သိချင်သွားမေးပေါ့"

"ဟာ ... ငါ အတည်မေးနေတာနော်"

ဝေယံက အသာစီးရသွားသည့်ပုံစံနှင့် သူ့ကို ဘုဘောက်ပြောနေလေသည်။ သူ မျက်နှာတည်ကြီးနှင့် အော်တော့မှ –

"တောင်ကြီးက ဦးခွန်နောင်တဲ့"

"ဘာ ... အဲဒါ ငါ့အဖေကွ"

"ဟင်"

"ဟာ"

အနောက်ဘက်မှာ နှစ်ယောက်သား ဘယ်လိုအနေအထား နှင့် ကျန်ခဲ့သလဲ ခွန်အား ဂရုမစိုက်နိုင်တော့ပေ။ သူတိုက်ခန်းရှိရာသို့ အပြေးတက်ခဲ့သည်။

သူကောင်တွေ လိုက်လာပြောပုံထောက် ဟန်းဖုန်းက ဆက် ခြင်းမဖြစ်နိုင်။ ဖုန်းကို သူ power off ထားသည်လေ။ တိုက်ခန်းထဲ ရောက်တော့ သူ ဖုန်းကို ကောက်ကိုင်လိုက်လေသည်။

"ဟယ်လို . . . ဖေဖေ"

"သားလား"

ကိစ္စမထူးဘဲနဲ့တော့ ဖေဖေ သူ့ဆီ ဖုန်းဆက်လိမ့်မည် မဟုတ်ပေ။ 'မ' နှင့်ပတ်သက်သည့်ကိစ္စ ထူးလေပြီလား။ 'မ' ရယ်၊ ဘယ်ထိနှိပ်စက်ဦးမှာလဲ။

"အရေးကြီးလို့လား ဖေဖေ"

"အရေးမကြီးရင် မဆက်ရတော့ဘူးလားကွ"

"မဟုတ်ပါဘူး . . . ဖေဖေရ"

"အေးကွာ . . . ဒီနေ့ မင်းကို တော်တော်လေး သတိရတာနဲ့ ဆက်လိုက်တာ။ ဒီမှာတော့ မိုးတွေရွာတာ ရက်ဆက်နေပြီ"

သူ တိုက်ခန်းအပြင်ဘက်သို့ လှမ်းကြည့်ပြီး –

"ဒီမှာတော့ တော်တော်ပူတယ် ဖေဖေ။ မိုးရွာရင်လည်း သည်းသည်းမည်းမည်း ရွာမယ်ထင်တယ်"

"မင်း . . . အခု ဘာလုပ်နေတာလဲ"





"ကျွန်တော် . . . အခု တတိယအခွေအတွက် ပြင်ဆင်နေ တာပါ ဖေဖေ"

"ကောင်းတယ် . . . လူငယ်ဆိုတာ အမြဲတမ်း လုပ်စရာတစ်ခု မဟုတ်တစ်ခု အမြဲရှိနေရတယ်ကွ။ ဒါမှလည်း ဘဝက တိုးတက်မှာ"

"ဖေဖေ သားကို တစ်ခုခုပြောစရာရှိတယ်မလား။ ဟိုကိစ္စ နဲ့ပတ်သက်လား ဖေဖေ"

ဒီလို တိုက်ရိုက်မေးလိုက်တော့လည်း ဖေဖေထံမှ စကားသံ တိတ်ခနဲ တိတ်သွားသည်။ သူ ထိတ်ခနဲဖြစ်သွားသည်။ တကယ်ပဲ သူ ကြားရတော့မှာလား။

ဖေဖေ့ထံမှ သက်ပြင်းချသံနှင့်အတူ။

"ဟုတ်တယ် သား။ ဖေဖေ ထွန်းဦးဆီ ဖုန်းဆက်ပြီးပြီ"

"ဟုတ်လား ဖေဖေ . . . ဆရာဝန် ဆရာဝန်ကြီးက ဘာပြော လဲ"

ခွန်အား စိတ်လှုပ်ရှားစွာမေးမိသည်။

သေချာပါပြီ။ ထူးခြားလို့သာ ဖေဖေ သူ့ဆီ ဖုန်းဆက်တာ ပေါ့။

"ဆက်ပြီးပြီ သား။ အစကတော့ သူ ဖေဖေ့ကိုမပြောဘူး။ လူနာရှင်ကို ကတိပေးထားလို့ မပြောပါရစေနဲ့။ တစ်ဖက်လူကလည်း ဘယ်သူ့ကိုမှ မပြောခိုင်းလို့ပါတဲ့။ ဖေဖေကလည်း လူနာရှင်ကို အကျိုး ယုတ်လိုတဲ့ဆန္ဒနဲ့မေးတာ မဟုတ်ဘူး။ ကူညီနိုင်တာရှိရင် ကူညီရ အောင်လို့ပါ။ အရမ်းကြီးပြောလွန်းမက ပြောလွန်းလို့သာ သူက လက်ခံလိုက်တာ"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

"အဲဒီတုန်းက ကောင်လေးရဲ့ခေါင်းဟာ ကျောက်တုံးနဲ့ ရိုက်မိလို့"

ဖေဖေက စကားကို ဖြတ်ချပစ်လိုက်သည်။ ကြားလည်း ကြားချင် မကြားလည်းမကြားရဲသည့် ကြားကနေ ဆက်ပြောပါဟု တောင်းဆိုချင်မိသည်။

"ဆုံးသွားပြီ" ဆိုတဲ့ အဖြေကလွဲလျှင်။

"အဲဒီဒဏ်နဲ့ အတိတ်မေ့သွားတယ်တဲ့"

"ဗျာ"

ခွန်အားရဲ့အသံက ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။ အထစ်ထစ် အငေါ့ငေါ့အသံနှင့် –

"အဲ အဲဒါ ... တကယ်ပဲလား။ သေချာလို့လား ဖေဖေ"

"သေချာတယ် သား။ အတိတ်မေ့သွားရုံသက်သက်ဆိုရင် တော့ သက်သာကောင်းသက်သာနိုင်ပါရဲ့ကွယ်။ ဒါပေမဲ့ အဲဒီထက် ဆိုးတာ တစ်ခုရှိသေးတယ်ကွ"

"ဗျာ"

ထိတ်လန့်တုန်လှုပ်စရာများလွန်းလျှင် အသက်တိုမည်ဟု ဆိုသော ဆေးစာတမ်းတစ်စောင် ထွက်လာခဲ့လျှင် သူတော့ ဒီနေရာမှာ ပဲ မိုင်းခနဲ လဲသေဖွယ်ရာပါလား။

ယခုတောင် တဗျာဗျာနှင့် လောကကြီးကို ထူးဆန်းသလို ခံစားနေရ၏။ ဖေဖေကတော့ ဆက်မပြောထွက်ရက်တာလား။

ဆက်ပြောဖို့အတွက် အားယူလိုက်သလားမသိ။ စကားကို





တိခနဲ ရပ်လိုက်ပြန်ချေပြီ။ ခွန်အား ရင်ဘတ်ထဲက သွေးခုန်နှုန်းတွေ သာမက ခေါင်းထဲမှ သွေးတွေက တဒိတ်ဒိတ် တိုးနေတာကို ခံစား သိနေရ၏။

ဒီထက်ဆိုးတာကဟု စကားပလ္လင်ခံလိုက်ကတည်းက ဘယ်လိုမှ သက်သာဖွယ်ရာမရှိသောသတင်းဆိုတာ အလိုလို သိနေပါ ပြီ။ ဆက်ပြောပါဦး ဖေဖေဟု တိုက်တွန်းဖို့တောင် သူ့မှာ ခွန်အားတွေ မရှိတော့သလိုလို စွမ်းအားကြီးသည့်အရာတစ်ခုခုက သူ့ဆီက စွမ်း အင်တွေ နုတ်ယူသွားသလိုလို။

တိတ်ဆိတ်ခြင်းတွေက စိတ်နှင့် ရေတွက်ကြည့်မိသည့်အခါ။

တစ်စက္ကန့် ...

နှစ်စက္ကန့် ...

သုံးမိနစ် ငါးမိနစ် နာရီလက်တံတစ်ချက်ချက် မြည်သံတို့ သည် သေမင်းတမန်၏ ခေါင်းလောင်းထိုးသံတို့နှင့် တူညီနေခဲ့သေး သည်။ နောက်ဆုံး ဖေဖေရဲ့အသက်ရှူသံ ပြင်းပြင်းနှင့်အတူ။

"ကောင်လေး ... အဲဒီကောင်လေး မျက်လုံးမှာ မှန်ကွဲစတွေ ထိမှန်ပြီး မျက်လုံးတွေ ကွယ်သွားတယ်တဲ့"

နှုတ်ခမ်းတော့ ဟသွားခဲ့သည်။

ဒါပေမဲ့ အာမေဍိတ်သံက ပီပီပြင်ပြင် ထွက်သွားသလား။ မထွက်သွားသလား ကိုယ့်ကိုယ်ကိုယ်တောင် မစမ်းစစ်လိုက်မိပါ။ ဒေါတာပဲ အသက်ရှူရပ်တန့်သွားတာလား။ စိတ်ဝိညာဉ်က ဘယ်ကို ရောက်သွားမိတာလဲ။

မာယာကင်းစင်သော မျက်နှာတစ်ခုကို အပြေးအလွှား

မြင်ယောင်ကြည့်မိသည်။

"တို့က တို့ရဲ့မောင်ကို ဗီးလောင်ပြင်မှာ ပွင့်တဲ့ကြာလို သဘောထားခဲ့တာ မဟုတ်ဘူး။ နေမခ လေမခစေဘဲ တို့ကပဲ ရှေ့က နေ မားမားမတ်မတ် ကာကွယ်ပြုစုယုယခဲ့တဲ့ ပန်းတစ်ပွင့်ကွ။ ဒီပန်း လေးကို အဖြူကိုအဖြူအတိုင်းပဲ ရှိစေရမယ်။ ပတ်ဝန်းကျင်ရဲ့ ဘယ်လို အရောင်ကိုမှ အစွန်းထင်းမခံနိုင်ဘူး"

တကယ်လေ၊ မာယာကင်းစင်ခဲ့သော သိုးငယ်လေး တစ် ကောင်အဖြစ် ညီသစ်က ရှိနေခဲ့တာပါ။ 'မ' ပြောခဲ့သလိုတော့ ယောကျ်ားလေးတစ်ယောက်ကို ပန်းနှင့်မတင်စားချင်ပါ။ အဲဒီသိုးငယ် လေးကို သွေးသံရဲရဲဖြစ်စေခဲ့တဲ့သူက သူတဲ့လား။

"ပြီးတော့ လွန်ခဲ့တဲ့ နှစ်နှစ်က မျက်စိခွဲစိတ်ဖို့ကြသေးတယ်။ အောင်မြင်မှုမရဘူးလို့ ဖုန်းဆက်ခဲ့သေးတယ်တဲ့"

"ဖေဖေ ဆရာ ဆရာက သူတို့ ဘယ်မှာနေတယ်ဆိုတာ လိပ်စာ မတောင်းထားဘူးတဲ့လား"

ဆိုင်လား မဆိုင်လားမသိ ခွန်အားကတော့ သိချင်တာကိုပဲ မေးလိုက်မိတော့သည်။

"ဘယ်နေမလဲ သားရယ်၊ ဖေဖေလည်း သူငယ်ချင်း ဘယ် လိုထင်ထင် ဂရုမစိုက်ဘဲ မေးပါတယ်။ သူလည်း အဲဒါတော့ မသိ ဘူးတဲ့။ တစ်ခုတော့ သေချာတာရှိတယ်တဲ့။ အဲဒီမိန်းကလေးတို့ မောင်နှမနှစ်ယောက် ရန်ကုန်မှာ အခြေချနေပြီတဲ့"

သူ့ရဲ့မျှော်လင့်ချက်တွေ ရိုက်ချိုးဖျက်ဆီးသလို ခံစားလိုက်ရ သည်။





သူ ဖေဖေ့ကိုနှုတ်ဆက်ဖို့ သတိမရဘဲ ဖုန်းကို ဖြည်းညင်းစွာ ချလိုက်မိသည်။ မျက်လုံးအိမ်တစ်ဝိုက် ပူနွေးသလို ခံစားလိုက်ရ သည်။

သူ ငိုနေမိသလား။ ယောကျ်ားတန်မဲ့ မိန်းမတစ်ယောက် အတွက်နဲ့ မျက်ရည်ကျရသလားဟု ကဲ့ရဲ့ဝေဖန်ကြပါစေ။ သူ ဘယ်သူ ကိုမှ ဂရုမစိုက်ချင်တော့ပါ။

'မ' ရဲ့အမုန်းရေဝပ်ဝန်းမှာ အမြဲတစေ ရှိနေရတာထက်စာရင် သေသော်မှ တည့်ခြေ၁်ကောင်း၏။

"ငါ့ကို ငါ ခွင့်မလွှတ်ဘူး။ ကဲကွာ ... ကဲ ကဲ"

"ဒုန်း ... ဒုန်း"

"ဟာ"

"ဟင်"

သူ တစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ် ပေါက်ကွဲရင်း အုတ်နံရံတို့ကို တဒုန်းဒုန်းထိုးနေမိစဉ် ဝေယံနှင့်စိုးလင်း အပြေး ရောက်လာခဲ့ကြသည်။ ဘာကြောင့်မှန်း မသိကြပေမယ့် –

"ခွန်အား ... ဘာဖြစ်တာလဲကွ၊ စိတ်ထိန်းပါကွာ"

"တော်ပြီ ခွန်အား"

စိုးလင်းက တမြောက်မြောက်ဖြစ်နေသော ခွန်အားရဲ့လက် ကို အတင်းဆွဲထားသည်။ နှစ်ယောက်သား ခွန်အားကို တစ်ဖက် တစ်ချက်ထိန်းညှပ်ကိုင်ပြီး ဆွဲခေါ်လာခဲ့ကြသည်။

# အခန်း (၁၈)

တိုက်ဆိုင်ခြင်းဆိုလျှင်တောင် 'ခွန်အား' အတွက် ကောင်းသော တိုက်ဆိုင်ခြင်းသာ ဖြစ်လေသည်။

မနေ့တစ်နေ့က သေလုအောင်ခံစားကြေကွဲရသမျှ ဒီနေ့မှာ 'ညီညီသစ်' ကို တွေ့ဆုံခွင့်ရလိုက်သဖြင့် ကံဇာတ်ဆရာကို ကျေးဇူးတင်မိပါသည်။

ကံဇာတ်ဆရာသည် သူ့ကို ချိုလိုက်ချလိုက်နှင့် ကျီစယ်မဆုံးရှိလေသည်။

ခါတိုင်းက သီချင်းခွေအကြမ်းမထွက်မချင်း အပြင်မထွက်ဘူးဟု' ဆုံးဖြတ်ထားခဲ့သည်။

သို့သော် ဖေဖေ့ဆီက ဖုန်းဝင်လာပြီး နောက်ပိုင်း သူ့စိတ်တွေလေနေခဲ့သည်။

ခြေဦးက ဂိမ်းဆိုင်ဘက်သို့ လှည့်မိသည်။ စိတ်အရမ်းရှုပ်ထွေးသည့်အခါ စိတ်ပြေလက်ပျောက်အနေနှင့် ဂိမ်းဆော့ဖြစ်ပါသည်။

တကယ်တော့ game ဝါသနာအိုးက သူမဟုတ်။ ညီညီသစ်





ဖြစ်သည်။ ကျောင်းတက်တုန်းက ကျောင်းရှေ့ဂိမ်းဆိုင်တွင် ဆရာလစ်လျှင် လစ်သလို သွားဆော့နေသူမှာ ညီညီသစ်သာ ဖြစ်လေသည်။

ဒီကောင်က နိုးချင်တာကလည်း ပြာလို့ လက်နှေးလိုက်တာလည်းလွန်ပါသည်။ သူတစ်ယောက်တည်း လစ်ထွက်တိုင်း ဆရာတစ်ယောက်မဟုတ် တစ်ယောက်နှင့် ပက်ပင်းမိတတ်ပါသည်။

သူကျတော့ (၉) တန်းကျောင်းသားဘဝမှာ ခပ်ဆိုးဆိုးကျောင်းသားဖြစ်နေပြီမို့ ဘယ်လိုလစ်ရ ဝှက်ရမလဲဆိုတာ ကောင်းစွာသိနေလေပြီ။

ထို့ကြောင့် ညီသစ်သည် Game ဆိုင်သို့လစ်ထွက်တိုင်း သူ့ကို မပါပါအောင် ခွဲခေါ်တတ်ပါသည်။ သူကလည်း အခြားသူများနှင့်သာ ဘုကလန့်ဖြစ်ချင်ဖြစ်မည်။ ခပ်အေးအေးနှင့် လူကြောက်တတ်သော ညီသစ်ကိုတော့ ခင်လည်းခင် စိတ်လည်း မချနိုင်ပါ။

ဒါကို 'မ' က သူ့မောင်ကို ခွန်အားက ဦးဆောင်လမ်းပြ၍ ဖျက်ဆီးနေသည်ဟု စွပ်စွဲခဲ့ပါသည်။ ဒီအပင်ဘာအသီးသီးမလဲဆိုတာ အမြစ်နုတ်စရာမလိုဘဲ ဥယျာဉ်မှူးက သိသည်ဆိုလျှင် 'မ' သည်လည်း သူ ပြုစုပျိုးထောင်ထားသည့် 'ပန်း'ကလေး မည်ကဲ့သို့ ပွင့်လာမလဲဆိုတာ ကောင်းစွာ သိပေလိမ့်မည်။

သိသိကြီးနှင့် သူ့ကိုသာ လူဆိုးပေါက်စလေးသဖွယ် စွပ်စွဲနေခြင်းက 'မ' ဟာလည်း မရင့်ကျက်သူအဖြစ် ဖော်ပြနေသည်။

ယခုတော့ အပြုံးတစ်ပွင့်ကို အသာထား ပြစ်တင်ငြိုငြင်မှုလေး တစ်ခွန်းတလေမှ မရတာကတော့ ရင်နာစရာကောင်းလှပါပြီ ရှေယ်။

သူက ညီသစ်လို ဂိမ်းစွဲစွဲလန်းလန်း မဆော့တတ်ပေမယ့် ညီသစ်တို့မောင်နှမကို သတိရလွန်းသည့်အခါတိုင်း ဂိမ်းဆိုင်ဘက်သို့ ခြေဦးလှည့်တတ်ပါသည်။

အမြဲတမ်း ဆော့နေကျမဟုတ်သဖြင့် 'ဂိမ်း' ဆိုင်ကိုလည်း စွဲစွဲလန်းလန်း မထားတတ်ပါ။ ကြုံလျှင် ကြုံသည့်နေရာမှာ ဝင်ဆော့လိုက်တာမျိုးပါ။

ယခုလည်း 'Black cloudy' ဆိုသည့် ဆိုင်နာမည်ကို မော့ကြည့်လိုက်ပါသည်။ ဆိုင်က သန့်ပါသည်။ ဆိုင်ဝန်ထမ်းလေးက သူ့ကို နွေးနွေးထွေးထွေး ပြုံးပြပါသည်။

သူက တစ်ခါတစ်ရံ အပြင်ထွက်သည့်အခါ ရုပ်ဖျက်သွားတတ်ပါသည်။ အများအမြင်မှာ ပိုတယ်ဟုထင်ကောင်းထင်နိုင်ပေမယ့် ခွန်အားက တစ်ယောက်တည်း လမ်းတကာရောက်တတ်သဖြင့် ရုပ်ဖျက်သွားခြင်းပါ။

ထူးထူးခြားခြား ရုပ်ဖျက်တာမျိုးတော့မဟုတ်ပေ။

နားရွက်ကို ဖုံးအုပ်သော ဆံပင်ပါးပါးရှည်ရှည်အတုကို စွပ်၏။ မေးနားမှာ မှဲ့အတုကိုတပ်ကာ ပြာလွင်သော မျက်ကပ်မှန်ကို တပ်လိုက်သောအခါ သူဟာ မိန်းမချောချောသူလို ဖြစ်သွားသည်။

"အစ်ကို ဟိုစက် အားပါတယ်"

"Thank you"

ကောင်လေးက သူ့ကို ပြုံးစိစိကြည့်ပြီး ခေါင်းညိတ်ပြသည်။ တိုးတက်လာသောခေတ်ကာလတွင် လူတို့၏ ကာရိုက်တာများ ပြောင်းလဲလာခဲ့သည်။





အချို့သော Game ဆိုင်များသည် ဂွင်ဖန်နေသူများအတွက် တားကျက်ဖြစ်လာပါသည်။ အချို့ကောင်လေးတွေက ဂိမ်းဆိုင်မှာလာတာကို ဗန်းပြပြီး Sponser ရှာကြသည်။

အချို့လည်း ယောကျ်ားအချင်းချင်း။ ဤသို့ဤနှယ် ဆိုးရွားလွန်းသော ဇာတ်လမ်းတွေကြောင့်လည်း သူ ဂိမ်းဆိုင်သို့ မရောက်ဖြစ်တာကြာပြီ။

ယခုတော့ သူဝင်လာတာကို ဆိုင်ထဲမှာရှိကြသူတွေ ပြုံးပြုံး ပြုံးပြုံးနှင့် လှမ်းကြည့်ကြသည်။ ထိုအကြည့်တွေက ယောကျ်ားအချင်းချင်းပင် ဖြစ်လင့်ကစား ကျောချမ်းစရာ။

အခုခေတ်မှာ 'ယောကျ်ားလေးအချင်းချင်း ဗလက္ကာရပြုနေကြပြီ' ဆိုတာ ယုံတမ်းစကားမဟုတ်သလို ပုံပြင်လည်းမဟုတ်ပါ။

ဟိုတစ်လောတုန်းက သတင်းစာတစ်ခုမှာ ဖတ်လိုက်ရသည့် သတင်းတစ်ပုဒ်က ရယ်အားထက် ငိုအားသန်ဖြစ်စရာ။ ဘာတဲ့ နိုင်ငံတစ်ခုမှာ အမျိုးသမီးတစ်စုက ယောကျ်ားလေးတွေကို ဝိုင်းပြီး ဗလက္ကာရပြုသည်ဆိုပါလား။

ခေတ်ကာလကြီးက ကြောက်စရာကောင်းလှပါသည်။ ခုခေတ်မှာ မိန်းကလေးပဲ ဘဝပျက်သည်မဟုတ်၊ ယောကျ်ားလေးတွေပါ ဘဝမလုံခြုံတော့ပါဟု သူကပြောလျှင် ယောကျ်ားတန်မဲ့ ဘာနစ်နာစရာရှိလဲဟု မဲ့ရွဲ့ပြောကြမည် ထင်ပါရဲ့။

တကယ်တော့ နစ်နာပုံချင်းမတူလို့ပါ။ ယောကျ်ားလေးမှ မိန်းကလေးမှဟု နစ်နာတာကို ပိုင်းခြားနေလို့မရပါ။

"ဟာ"

သူ ကစားမည့်စက်အနီးတွင် ရပ်ပြီး ဘေးသို့ကြည့်လိုက်သောအခါ သူ့ထံမှ အာမေဋိတ်သံက ကျယ်လောင်စွာ။

ညီသစ်၊ ဟုတ်ပါတယ်၊ ညီသစ်အစစ်ပါ။ ညီသစ်ကို ဤနေရာမှာ တွေ့ခွင့်ရလိမ့်မည်ဟု သူ စိတ်ကူးတောင် မယဉ်ခဲ့ချေ။ ကံကြမ္မာက သူ့ကို မျက်နှာသာပေးခဲ့လေပြီလား။ ညီသစ်ကတော့ လွန်ခဲ့သော နှစ်များစွာနှင့် မခြားနားစွာ ပိုးဟပ်ဖြူလို ဖြူဖျော့ဆဲ။

"ညီသစ်"

နှုတ်က လွှတ်ခနဲ ထွက်သွားခြင်းဖြစ်သော်လည်း မော့ကြည့်လာသော ညီသစ်နှင့် အကြည့်ချင်းဆုံသွားလေသည်။ သူ့ရဲ့ခေါ်သံကို ညီသစ်ကလည်း ကြားလိုက်ပုံနှင့် –

ငါ့ကိုသိနေလို့လား။ မင်းကိုငါ တစ်ခါမှ မမြင်ဖူးပါလား။

ညီသစ်ဟာ အတိတ်ကိုမေ့သွားခဲ့ပြီ။ အဆိုးဆုံးက မျက်လုံးကွယ်သွားခြင်းတဲ့။ ယခု အဆိုးဆုံးမျက်လုံးကွယ်ခြင်းက လွန်မြောက်ပြီဆိုတော့ သူ့ရဲ့ စိုးရိမ်ပူပန်မှုများ တစ်ဝက်တိတိ လျော့သွားခဲ့လေပြီ။

နောက်ထပ် စိုးရိမ်ပူပန်မှုကလည်း 'မ' နှင့် အမြန်ဆုံး ဘယ်တော့မှများ နီးစပ်မလဲဆိုတာပါ။

အတိတ်မေ့နေသည့် ညီသစ်က သူ့ကို ဘာမှရိပ်မိစရာ မရှိတော့တာမို့ သူ ဖြတ်ထိုးဉာဏ်တစ်ခုကို သုံးလိုက်သည်။

"ငါလည်း ဂိမ်းအရမ်းဆော့တယ်ကွ။ ငါမဆော့ဘူးတဲ့ဆိုင်ရယ်လို့ မရှိဘူး။ မင်းကိုလည်း ဘယ်ဆိုင်မှာ သိလည်းတော့ မသိဘူး သိတော့သိနေတယ်"

ညီသစ်ရဲ့မျက်နှာက အရောင်တောက်သွားကာ –





"ဟာ ... ဒါ ဒါဆို၊ မင်းက ဂိမ်းတော်တော်ကျွမ်းနေပြီပေါ့။ လာ ငါနဲ့အတူတူကစားပါလား။ ငါလည်း တစ်ယောက်တည်း ပျင်းနေတာကွ"

ခွန်အား ခေါင်းညိတ်ပြလိုက်တော့ ညီသစ်ပျော်သွားသည်။ ခွန်အားတို့နှစ်ယောက် အတူတူ ဆော့ကြသည်။

ညီသစ်ကတော့ အရာရာတိုင်းကို အဖြူအတိုင်းပဲ တွေးကာ အမြဲတမ်း လွတ်လပ်ပေါ့ပါးစွာနေသဖြင့် ဘာသောကမှ ရှိမနေပါ။ လက်ခုပ်လက်ဝါးတီး၍ ရယ်နေသော ညီသစ်ကိုကြည့်ပြီး သူ စိတ်မကောင်းဖြစ်မိသည်။

'ဟို' ပြဿနာသာ မရှိခဲ့လျှင် သူတို့သုံးယောက်ကြားက ပျော်ရွှင်မှုများ ဆိတ်သုဉ်းသွားလိမ့်မည် မဟုတ်ပေ။

ခွန်အား အတွေးနှင့်ငိုင်နေမိစဉ် –

"ဒါနဲ့ မင်းနာမည် ဘယ်လိုခေါ်တာလဲကွ"

နာမည် နာမည်တဲ့။ အခုချိန်မှာ သူ့ရဲ့နာမည်အရင်းကို ထုတ်ပြော၍ လုံးဝ လုံးဝမရသဖြင့် –

"ငါ ငါ့နာမည် ဆွဲအား"

"ဆွဲအား ဟုတ်ပြီ ... ဆွဲအား။ မင်းနဲ့ငါ အခု သူငယ်ချင်းတွေ ဖြစ်သွားကြပြီနော်"

ခွန်အား ခေါင်းညိတ်ပြတော့ –

"မင်း နောက်ရက်တွေကော လာခဲ့ဦးနော်။ မင်းနဲ့ငါ ဒီဆိုင်မှာ ဆုံကြမယ်လေ။ ငါက တစ်ယောက်တည်းပျင်းနေတာကွ။ မင်းကိုတော့ ဘာလို့မှန်းမသိဘူး မြင်မြင်ချင်းကတည်းက လွတ်ခင်နေတာ"

အပြန်လမ်းမှာ ညီသစ်ရဲ့အသံက သူ့နားထဲမှာ ရစ်ဝဲလျက်။ အခုမှ စဉ်းစားမိသည်။ ညီသစ် ဘယ်မှာနေသလဲ မမေးမိသလို နောက်ယောင်ခံလိုက်ကြည့်ဖို့လည်း သတိမရမိချေ။

ဟာ ... ဘာဖြစ်လဲ၊ နောက်ရက် ညီသစ်နဲ့တွေ့ရဦးမှာပဲ။ အဲဒီအချိန်မှ နောက်ယောင်ခံလိုက်ကြည့်ရတော့မှာပဲ။

တိုက်ခန်းသို့ရောက်တော့ စိုးလင်းနှင့်ဝေယံက ရောက်နှင့်နေကြသည်။ လေလေးတချွန်ချွန်နှင့် တိုက်ပေါ်တက်လာသော သူ့ကို ကြည့်ပြီး ပခုံးတွန့်လိုက်တာ မြင်သားပဲ။

ဒီကြားထဲ –

"ဒီနေ့ ရာသီဥတုက သာယာပါသည်"

ဟူသော ဝေယံ၏ စကားသံကိုလည်း ကြားလိုက်ရပါသေးသည်။



## အခန်း (၁၉)

တပြုံးပြုံးနှင့် သီချင်းဆိုနေသော သားငယ်လေးကို ကြည့်ပြီး ဇင် မျက်လုံးအလိုလို ပင့်တက်သွား၏။

ယခုတစ်လော သားငယ်လေးတစ်ယောက် အပြင်ကို ခဏခဏ ထွက်လွန်းနေသည်ဟု ဇင်ထင်သည်။

ဇင် ရှေ့မှာ သိပ်မထွက်ပေမယ့် ဇင်ဆိုင်သွားသည့် အခါများတွင် ထွက်သွားတတ်သည်ဟု ကိုသာထူးက ပြော၏။

ဇင်မသိအောင်ထွက်သွားခြင်းအတွက် ဇင်စိတ်လည်း ဆိုးသလို စိုးရိမ်ခြင်းလည်းဖြစ်မိပါသည်။

ခေတ်ကာလကြီးက လူလိမ်လူကောက်က ပေါပါဘိနှင့်။ သားငယ်လေးက ဇင် ပိုးမွေးသလို မွေးမြူခဲ့ရသော ကလေးမို့ လူသဘော လူ့မနော ဘာဆိုဘာမှ မသိသည့် အဖြူထည်လေး။

ဤအဖြူထည်လေးကို ဘာအရောင်မှ အစွန်းထင်းမခံနိုင်ပေ။

"သားငယ်လေး ... ဒီကိုလာပါဦး"

ဇော်ခေါ်သံကြောင့် သားငယ်လေးက ဇော့်ဘေးတွင် ကပ်ထိုင်လာပါသည်။

"ဘာပြောမလို့လဲ မမကြီး"

လို့မေးပြီး လူကိုမကြည့်ဘဲ စာအုပ်တစ်အုပ်ကို ဆွဲယူဖတ်နေလေသည်။ ဇော်လည်း ဘာမှမပြောဖြစ်သေးဘဲ သားငယ်လေးကို သေချာကြည့်မိပါ၏။

သားငယ်လေးက အရင်တုန်းကလို အမြဲတစေ ညှိုးငယ်နေသည်။ ညှိုးသိုးသိုးပုံစံမဟုတ်တော့ပါ။

သားငယ်လေးရဲ့ဆံပင်တွေကို ယောကျ်ားလေးတန်မဲ့ ပျော့နွဲ့လွန်းသည်။ အတိုညှပ်ပေးလည်း ခေါင်းပေါ်မှာ ထောင်မနေဘဲ လှဲနေတတ်သည်။

အသားလေးက ဖြူစွတ်စွတ်နှင့် မည်းနက်သော မျက်ခုံးတို့ကြောင့် လူချောဟု ဆိုနိုင်သော်လည်း ကော့နက်နေသော မျက်တောင်တို့ကြောင့် မိန်းမဆန်ဆန် ချောတာကိုတော့ ဇော် သဘောမကျပေ။

သားငယ်လေးရဲ့ မေးစေ့ချွန်ချွန်လေးကို မြင်တိုင်း မေးလေးမှ အချိုင့်ပါဘည်း ပြုံးရယ်လိုက်လျှင် အင်မတန်မှကြည့်ကောင်းသော ကောင်ကလေးတစ်ယောက်က အာရုံထဲမှာ ဖျတ်ခနဲ။

တွေ့ခါစက လမ်းသရဲဆန်ဆန် မိုက်တီမိုက်ကန်းဟန်နှင့် ပြုံးရယ်လိုက်သောအခါ 'ဟယ် လူချောလေးပါလား' ဟု ဆိုပြီး အသိအမှတ်ပြုခဲ့ဖူးပါသည်။

သြော် . . . ခုတော့လည်း။

ဟင့်အင်း . . . ဇော် မတွေးချင်ဘူး။





သားငယ်လေး အကုသိုလ်ဆိုးက လွတ်မြောက်ခဲ့ပေမယ့် ဇော် သူ့ကို ခွင့်မလွှတ်သင့်ဟု ခံယူမိသည်။ သူ့ရဲ့ တဒင်္ဂအပြုအမူတစ်ခုကြောင့် ဇော်တို့မောင်နှမတွေ (၅) နှစ်ကျော်လောက် လူ့လောကကြီးထဲမှာ သတ်သေချင်လောက်အောင် ဖြစ်ခဲ့ကြရသည်။

"မမကြီး ဘာပြောမလို့လဲ ပြောလေ"

"သြော်"

သားငယ်လေးက ဇော့်ဇော့်လက်ကိုကိုင်ပြီးမေးလာမှ ဇော် အသိဝင်လာ၏။

"ဘာမှမဟုတ်ပါဘူး သားငယ်လေးရယ်။ မင်း ဒီနေ့ သိပ်ပျော်နေပုံပါလား"

ဇော့်စကားကြောင့် သားငယ်လေးက ဟက်ဟက်ပက်ပက်ရယ်နေတာကို ဇော် သတိလက်လွှတ် ငေးနေမိသည်။

သြော် . . . ဘာမှအပူအပင်သောကမရှိလိုက်တာ။ ငြိမ်းချမ်းလိုက်တာ။ ငါ့မှာတော့ နေ့စဥ်နဲ့အမျှ မမြင်ရတော့တဲ့သူကို မျှော်ရင်းစိတ်ပူနေလိုက်ရတာ။

"သား . . . အခု သူငယ်ချင်းအသစ်တစ်ယောက် ရနေပြီ မမကြီးရဲ့"

"အံမယ် . . . တယ်ဟုတ်ပါလား။ ဒါနဲ့ ဘယ်က သူငယ်ချင်းအသစ်လဲ သားငယ်လေးရယ်။ အခုခေတ်လူတွေက လူဆိုးလား၊ လူကောင်းလား မသိနော်"

"ဟုတ်တယ် မမကြီးရဲ့။ ဆွဲအားက လူကောင်းပါ။ သားသူ့ကို အရမ်းခင်တာပဲ မမကြီး"

"ဘာ . . . ဘာရယ် . . . ဆွဲအား ဟုတ်လား"

နားကြားမှားလိုက်သလားဟူသောအတွေးနှင့် ထိတ်လန့်တုန်လှုပ်စွာ မေးလိုက်တော့ မမြင်ချင်လျက် မြင်လျက်သားနှင့်။

"ဟုတ်တယ် . . . သူ့နာမည်က ဆွဲအားတဲ့။ ဘာဖြစ်လို့လဲ မမကြီးရဲ့"

သားငယ်လေးရဲ့စကားသံတွေက ဇွဲနားထဲမှာ မကြားတစ်ချက် ကြားတစ်ချက်။ ဆွဲအား ဆွဲအား။ ခွန်အား တိုက်ဆိုင်လိုက်တာ။

ခွန်အားဆိုတဲ့ လူတစ်ယောက်ကတော့ ဇွဲတို့မောင်နှမအတွက် ဘာကောင်းကျိုးမှမပေးခဲ့။ ယခု 'ဤဆွဲအား' ဆိုတဲ့လူကတော့ ဇွဲတို့မောင်နှမတွေအပေါ် ဘာဒုက္ခတွေ ပေးဦးမလဲ။

သေချာတာတစ်ခုကတော့ သူတို့နှစ်ယောက်ကို နောက်ထပ်ရင်းနှီးခင်မင်ခွင့်မပေးနိုင်တော့။ သားငယ်လေး တခြားသို့ အာရုံမလွင့်စေရန် ဇွဲ အလုပ်တွင်းသို့ ခေါ်ယူရမည်။

"သားငယ်လေး နောက်ဆိုရင် မမကြီးရဲ့အလုပ်တွေကို နားလည်အောင် ကြိုးစားနော်။ တဖြည်းဖြည်း မမကြီးတို့ မောင်နှမ(၂)ယောက် ကြိုးစားရင်း ဆိုင်ကြီးတစ်ဆိုင်တော့ ဖြစ်လာမှာပါ။ မင်းလည်း အလုပ်မရှိ အကိုင်မရှိ စိတ်လေပြီး အပြင်ပဲ အမြဲတမ်းထွက်နေလို့ မရဘူးနော်။ မင်း အသက် (၂၄) နှစ်ထဲရောက်နေပြီ။ ငယ်တော့တာလည်း မဟုတ်ဘူး။ အလကား အပြင်ပဲထွက်နေ။ မမကြီးလည်း မင်းသွားတဲ့နေရာတိုင်းကို လိုက်ပြီး ဂရုမစိုက်နိုင်ဘူး။ အရင်တုန်းက လစ်ဟင်းနေတဲ့ အလုပ်ကြွေးတွေကို ပြန်ဆပ်ရဦးမယ်"





မမကြီးက သူ့ကို ဗိုင်တွဲတစ်ခုယူဖိုင်းရင်း တောက်လျှောက်ပြောနေသည်။ ပြီးတော့ သူ့ကိုလည်းမကြည့်အားဘဲ ဗိုင်တွေကို ဗျိုခြစ်ဒီခြစ်နှင့် လျှောက်ခြစ်ကာ –

"သြော် . . . ခဏနေဦး။ ဟိုအံဆွဲထဲက ပတ္တမြားကြိုးထုတ်ထားဦး။ အဲဒါ ကိုအောင်လာရင်ပေးရမှာ။ အဲဒါပြီးရင် ကိုအောင့်ဆီ ဖုန်းဆက်ပေးဦး"

အသွားကြီးလေးလို တတွတ်တွတ်ပြောနေသော မမကြီးကိုကြည့်ပြီး ညီသစ် အလိုလိုနေရင်း မောလာသည်။

ပင်ပန်းလိုက်တာ မမကြီးရယ်။ သား မကြာခင် မမကြီးကို ကူညီနိုင်တော့မှာပါ။

မမကြီးခမျာ အရွယ်နှင့်မမျှအောင် ရင့်ကျက်နေရကာ ယောကျ်ားလေးတွေနှင့် ပခုံးချင်းယှဉ်ပြီး စီးပွားရေးရှာနေရသည်။

မမကြီး ထုတ်ခိုင်းသည့် ကျောက်နီကြိုး ထုတ်ပေးပြီး သူ ကိုအောင်သိမ်းဆီ ဖုန်းခေါ်လိုက်သည်။

"အစ်ကိုလား"

"---"

"ဟုတ်ကဲ့ . . . ကျွန်တော်ညီသစ်ပါ"

"-----"

"မမကြီးက အရေးကြီး ပြောစရာရှိလို့ဆိုလားပဲ"

"-----"

"သြော် . . . အဲဒါတော့ ကျွန်တော်လည်း မသိဘူးခင်ဗျာ။ အခု မမကြီးကို ဖုန်းပေးလိုက်မယ်နော် မမကြီး"

မမကြီးရဲ့လက်ထဲ ဖုန်းကမ်းပေးလိုက်တော့ မမကြီးက ကိုအောင်ကို ဖုန်းပြောနေရင်းမှ သူ့ကို –

"နိုင်းတယ်လို့မထင်နဲ့ သားငယ်လေးရယ်။ မရိကို စားစရာတစ်ခုခုပြင်ထားပေးပါလို့ ညွှန်သည်လာမယ်ဆိုတာ သွားပြောလိုက်ဦးနော်။ ဟုတ်ကဲ့ ကိုအောင် ဟုတ်ကဲ့ပါ"

သူ့ကိုလည်း ပြော၊ ကိုအောင့်ကိုလည်း ပြောနေသော မမကြီးကိုကြည့်ပြီး သူကတော့ အမှန်ကန်ကို မူးချင်လာသည်။

မမကြီးမှာထားသည့်အတိုင်း မရိကိုပြောပြီး သူ ခြံထဲဆင်းလာခဲ့သည်။

ကိုသာထူးက ပေါင်းမြက်တို့ကို ရှင်းနေသည်။ ဒီအိမ်မှာက အလုပ်သမား များများစားစားမရှိပါ။ အားလုံး ပိုင်းလုပ်ပိုင်းစားသဘောမျိုးရယ်ပါ။

တကယ်တော့ ကိုသာထူးက ကားမောင်းပို့ရုံသက်သက်သာ မဟုတ်ဘဲ မမကြီး အပြင်မသွားသည့်အချိန်များတွင် ခြံတွေရှင်းတတ်ပါသည်။ သစ်ပင်ပန်းပင်များကို စိတ်လိုလက်ရ စိုက်တတ်ပါသည်။

မမကြီးကလည်း အလုပ်ရှင် အလုပ်သမားပုံစံနှင့် ခွဲခြားမဆက်ဆံဘဲ တိုင်ပင်သင့်တာ တိုင်ပင်၍ ကူညီစရာရှိတာများကို ကူညီပေးပါသည်။

ကိုသာထူးတို့လင်မယားကလည်း မမကြီးအပေါ် သိတတ်ကြပါသည်။

ကိုသာထူးမိန်းမ မခင်ရီက ထမင်းဟင်းချက်၊ အိမ်သန့်ရှင်းရေး၊ အိမ်ရဲ့ ဝေယျာဝစ္စအားလုံးကို တာဝန်ယူထားပါသည်။





သူတို့တွေအားလုံးဟာ မိသားစုအသွင်နှင့် ငြိမ်းချမ်းပျော်ရွှင်စွာ။

ပေါင်းသင်နေသော ကိုထူးက သူ့ကိုလှမ်းကြည့်ပြီး –

"မမကြီးရှိနေတာနဲ့ အပြင်မထွက်ရလို့ ပျင်းနေပြီလားဟေ့"

ညီသစ် ပခုံးတွန့်ပြလိုက်ရင်း –

"နောက်ဆို ပျင်းဖို့အချိန်တောင်ရှိတော့မှာမဟုတ်ပါဘူး ကိုသာထူးရာ"

"ဟော ... ဘာလို့လဲကွ"

ညည်းညည်းညူညူ ပြောလိုက်သော သူ့ကို ကိုသာထူးက တအံ့တသြ မေးလေသည်။

ခြံထဲမှာမြှုလုပ်ထားသော ရေတိုင်မှာ လက်သွားဆေးပြီး လျှောက်လာသည်။

သူ့ဘေးက ကွပ်ပျစ်ထက်မှာ ဝင်ထိုင်ပြီး ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို အားရပါးရ ရှူရှိုက်ရင်း သူ့ကို လှမ်းကြည့်သည်။

"မမကြီးရဲ့အလုပ်တွေကို နားလည်အောင်လေ့လာပြီး ကူညီရမယ်လေဗျာ"

ကိုသာထူးက ခေါင်းတညိတ်ညိတ်နှင့်ရှိကာ –

"ကောင်းတယ် ... ကောင်းတယ်"

"အခုလည်း အိမ်ထဲမှာ မမကြီးတစ်ယောက်တည်း အလုပ်ရှုပ်နေလေရဲ့ဗျာ။ ကျွန်တော်လည်း နားလည်ရင်တော့ ကူညီလိုက်ချင်ပါတယ်။ အခုတော့ ဘေးကသာထိုင်ကြည့်နေရတာ။ တစ်ယောက်တည်း အလုပ်အများကြီးနဲ့ ရှုပ်ယှက်ခတ်နေတဲ့ မမကြီးကိုကြည့်ပြီး

ကျွန်တော်တောင် မောလာတယ်”

“ဟုတ်တယ် ညီသစ် . . . ဟုတ်တယ်။ မင်းအစ်မလည်း မင်းအတွက်နဲ့ တော်တော်ကို ပင်ပန်းခဲ့ရတယ်။ ဒါတောင် မညည်း မညူနဲ့ ငါတို့တော့ မမကြီးကို လေးစားတယ်ကွာ”

ကိုသာထူး ပါးစပ်ပြောရုံသက်သက် ပြောနေတာမဟုတ်မှန်း ညီသစ် သိပါသည်။

ထို့ကြောင့်လည်း သူထက် အသက်အနည်းငယ်ငယ်သော မမကြီးအပေါ် ဘယ်တော့မှ မလေးမစားမလုပ်ခဲ့။

ဟုတ်ကဲ့ခင်ဗျာ ဟုတ်ကဲ့ မမကြီးဟု ခေါ်နေတာ သူလည်း အမြင်။

“မိန်းကလေးတစ်ယောက်တည်းရဲ့စွမ်းအားနဲ့ ရှိနေတဲ့ စီးပွားရေးကို မယိုင်လဲရုံမက ထူမတ်နေအောင် လုပ်ဖို့ဆိုတာ တော်ရုံ အရည်အချင်းနဲ့ ရတာမဟုတ်ဘူးကွ။ ငါတို့ကတော့ တကယ် ချီးကျူးပါရဲ့ကွာ။ ဒါကြောင့် သူတော်ကောင်း နတ်ကောင်းမတယ်လို့ ဆိုရမလားမသိဘူး။ သူ့ဘေးမှာ ဘယ်အချိန်ဖြစ်ဖြစ် အန္တရာယ်ပေးမယ့် သူနဲ့မဆုံရဘူး။ အကူအညီပေးမယ့်သူနဲ့ပဲ အမြဲဆုံခွင့်ရတယ်”

ညီသစ် ကိုသာထူးရဲ့ချီးကျူးစကားများကို နားထောင်ပြီး ပြုံးကာ ခေါင်းငုံ့မိသည်။ ကိုယ့်ရှေ့မှာ ကိုယ့်အစ်မရဲ့ ကောင်းကြောင်း တွင်တွင်ပြော၍ ချီးကျူးနေတာ ဘယ်သူက ပီတိမဖြစ်ဘဲ နေမလဲ။

“မင်းရဲ့အစ်မကို ကူမယ်ဆိုရင်တော့ ငါ ခြံထဲမှာတော့ လူ လျော့သွားပြီပေါ့”

“ဘာအတွက်လဲ ကိုသာထူး”





ညီသစ် နားမလည်သလိုမေးတော့ ကိုသာထူးက တဟား ဟားနှင့်ရယ်ကာ –

“စကားပြောကူမယ့်သူလေ၊ ဟား ဟား”

“ဟာဗျာ”

ညီသစ် ကိုသာထူးရဲ့စကားကို သဘောကျစွာ ပြုံးလိုက်မိ ပါတော့သည်။

## အခန်း (၂၀)

ခွန်အား တစ်ညလုံး အိပ်မပျော်နိုင်အောင်ရှိသလို ဆန်းကြယ်လှသော ကံကြမ္မာကိုလည်း အံ့သြရပါသည်။ ကံကြမ္မာက သူ့ကို မျက်နှာသာပေးလေပြီ။

ညီသစ်နှင့်တွေ့ပြီးနောက်ပိုင်းမှာ သူ 'မ' ကို အရမ်းတွေ့ချင်နေမိပါသည်။

တွေ့ချင်မိသည်ဆိုပေမယ့် သူ့စိတ်ထဲမှာ စိုးထိတ်နေသည့် အရာများလည်း ရှိနေပါသည်။ ထိုအရာကတော့ 'မ' အရင်အတိုင်းပဲလား။

ဒါမှမဟုတ် ပြောင်းလဲသွားခဲ့လေပြီလား။ သေချာတာတစ်ခုက သိပ်ကို အဓိတ္ထာန်(?)အမှတ်ကြီးလွန်းတဲ့ 'မ' ရဲ့အမုန်းတွေကတော့ ပြောင်းလဲလိမ့်မည်မဟုတ်။

မရယ်။

ခွန်အား အတွေးတွေနှင့်အတူ ဝရန်တာသို့ ထွက်လာခဲ့သည်။ ညနက်နေသော်လည်း ရန်ကုန်မြို့ကြီး၏ပတ်ဝန်းကျင်ကတော့





လူတို့ပြုလုပ်ထားသော လျှပ်စစ်မီးအလင်းရောင်နှင့် လှချင်တိုင်း လှနေပါသည်။

ထိုစဉ် လက်ဖက်ရည်ဆိုင်မှ ထွက်ပေါ်လာသော သီချင်းလေးကြောင့် တွေးနေသောခွန်အားရဲ့စိတ်ကို ပို၍ ယိမ်းယိုင်သွားအောင် ပြုစားလိုက်သည်။

ထွက်ပေါ်လာသော သီချင်းလေးကတော့ ခုတစ်လော ရေပန်းစားနေသည့် 'ဝန' ရဲ့ 'အမုန်းနဲ့ပဲထိုက်တန်တယ်'

"ကံဆိုးတဲ့အချစ်ဆိုတာ ×× ကျွန်တော့်ဘဝဖြစ်တောင်မှ ×× မရဲ့အချစ်တို့ ×× ကျွန်တော့်အတွက် ကံကောင်းခြင်းပါ ××

ဒီလို တစ်ဖက်သတ်ကလေးအတွေးနဲ့ မိုက်ရူးရဲတာ ×× မအပေါ် ကျွန်တော်ဆိုးခဲ့တာ ×× မအတွက် အနှောင့်အယှက်ဖြစ်စေသတဲ့လား ×× ကျွန်တော် မှားသွားလား ××

မထင်မှတ်ဘဲ လမ်းတွေ့တဲ့ခဏမှာ ×× ပြုံပြင်တဲ့အကြည့်နဲ့ မ မျက်နှာ ×× မတော့မသိပါ ကျွန်တော့်ရင်မှာ ငိုခဲ့ရ ×× ဒါ ကျွန်တော့်အတွက် 'မ' ရဲ့အချစ်တဲ့လား ×× ကွယ်ရာမှာသာမယ့် ကျွန်တော့် လမင်းလေးလား ×× မရယ် ×× သိဂုဏ်မထားပါနဲ့ ×× တကယ်မချစ်နိုင်လည်း ×× ဟန်မဆောင်ဘဲ ဖွင့်ပြောပြီး မုန်းနိုင်တယ် ကျွန်တော်နေရစ်ခဲ့ပါ့မယ် ×× မချစ်ဘဲနဲ့ ×× ဖြူသိပ်လို့နေရင် မ ပင်ပန်းလိမ့်မယ် နောက်ဆုံး ×× အသည်းကွဲသွားရင်လည်း ဒဏ်ရာလေးအတိုင်း သိမ်းထားမယ် ××

'မ' အတွက် မုန်းတယ် ×× ကျွန်တော်လိုကောင်ဟာ အမုန်းနဲ့ပဲ ထိုက်တန်တယ်"

ကြားနေရသော သီချင်းသံက လူကိုပို၍နာကျင်ပင်ပန်းစေပါသည်။

ခွန်အား လေးဖင့်စွာနှင့် ခေါင်းယမ်းလိုက်မိသည်။

ထိန်လင်းနေသော ညလောကကြီးက ဥဒဟို သွားလာနေသော လူတို့ကြောင့် ကြောက်စရာမကောင်းသော်လည်း ခွန်အားရဲ့ရင်ထဲက ညကမ္ဘာကြီးကတော့ ကြောက်စရာကောင်းလှပါသည်။

တစ်ခုခုကို စိုးထိတ်နေသလိုလို တရားသူကြီးက တရားခံကို စီရင်ချက်ချတော့ မလိုလို ခံစားနေရပါသည်။

သူ အခန်းထဲသို့ ပြန်ဝင်လာပြီး ရေခဲသေတ္တာထဲမှာ ထည့်ထားသော ဝီစကီပုလင်းကို ထုတ်လိုက်သည်။ ဖန်ခွက်ထဲ ထည့်မနေတော့ဘဲ တောက်လျှောက် မော့သောက်ဖို့ ပုလင်းကို မ,လိုက်သော်လည်း –

"မင်း တော်တော် ပျော့ညံ့ပါလား ခွန်အားရယ်။ မင်း ယောကျ်ားမဟုတ်ဘူးလား။ ယောကျ်ားဆိုတာ ပြဿနာတစ်ခုကို ရဲရဲ ဝံ့ဝံ့ ရင်ဆိုင်ဖြေရှင်းရဲရတယ်။ လူတိုင်းမှာ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အကုန်လုံး မင်းထက်မလျော့တောင် မင်းထက်ဆိုးတဲ့သောကတွေ ကိုယ်စီရှိကြတာချည်းပဲ။

မမဆိုရင် ဖေဖေနဲ့မေမေ ဆုံးတုန်းက ဒီမောင်လေး တစ်ယောက်နဲ့ ဘယ်လောက် ကသီလင်တနိုင်ခဲ့သလဲ မင်းသိလား။ ကိုယ်ကလည်း ပထမနှစ်စာမေးပွဲကို ဖြေထားရုံရှိသေး အလယ်တန်းကျောင်းသားမောင်ငယ်လေးတစ်ယောက်နဲ့ တွေးတိုင်း တွေးတိုင်းသြော် ငါမှ ဒီဒုက္ခကြီး လာခံစားရသလားလို့။





ဒါပေမဲ့ မင်းတို့ယောကျ်ားလေးတွေလိုတော့ မိန်းကလေးတွေက အရက်သောက်ပြီး မေ့လိုက်တော့မယ်လုပ်လို့မရဘူး။ နဂိုကတည်းကိုက မိန်းကလေးတွေက ယောကျ်ားလေးတွေထက် စိုးရိမ်ကြီးကြတာ။ အခုလို ဖြစ်လို့ကတော့ ယောကျ်ားသားကြီးကြီးငယ်ငယ်တို့ရဲ့ ခနဲ့ခနဲ့စကားတွေ၊ ရိတိတိစကားတွေ၊ ကိုယ့်အသက်အရွယ်ကို မှမထောက် ပြောထွက်ရက်တယ်လို့ တွေးမိတယ်။

တကယ် စိတ်လျှော့တဲ့မိန်းကလေးဆိုရင် လာဆွယ်တဲ့ယောကျ်ားလေးတွေရဲ့ လက်ထဲ သက်ဆင်းရပြီ။ အဲဒါ မင်းတို့ယောကျ်ားလေးတွေနဲ့ မိန်းကလေးတွေ မတူတဲ့စိတ်ဖြေဖျောက်တဲ့နည်းတွေပဲ။ မမကတော့ အသက်မကြီးသေးဘဲ အတွေ့အကြုံ တော်တော်ရင့်ကျက်သွားတယ်လို့ ပြောရမှာပဲ။

အဲဒါကြောင့် မမရဲ့ဘဝနဲ့ယှဉ်ပြီး မင်းကို ဆုံးမနေတာ။ မရိုက်ချင်စမ်းပါနဲ့ကွယ်။ မင်းတို့အသက်အရွယ်က သစ်ရွက်လှုပ်တိုင်း ရယ်တတ်တဲ့ ဆယ်ကျော်သက်လေးတွေပါ။

မင်းဖေဖေကလည်း မင်းပြောသလို ဟုတ်မယ် မထင်ပါဘူးကွယ်။ မင်းအဖေနဲ့ မျက်နှာချင်းဆိုင် သေသေချာချာ ဆွေးနွေးသင့်ပါတယ်"

မမရဲ့အသံအေးအေးက သူ့နားစည်အတွင်းသို့ ရိုက်ခတ်လာခဲ့သည်။

အဲဒီတုန်းက သူဟာ အားလုံးရဲ့ တူညီစွာသတ်မှတ်ခြင်းခံထားရသော လမ်းသရဲလေ။ ဆယ်တန်းကို အကြိမ်ကြိမ်ကျရင်း အမြွှာမြောမြှရင်း 'ညီသစ်' နဲ့ တွေ့ဆုံခဲ့ရတာ။ နောက်တော့ ချစ်ဖို့

ကောင်းသော 'မ' နဲ့ တွေ့ဆုံခွင့်ရခဲ့တာ။

သိပ်ကို ဆိုးသွမ်းလွန်းခဲ့သော သူ့ကို မပြုပြင်ပေးခဲ့တာတွေ။ တကယ်တော့ သူကလည်း ဆိုးသွမ်းသောသန္ဓေဆိုး ပါခဲ့တာမှ မဟုတ်ဘဲ။ မိဘမေတ္တာကို လိုချင်ဇောနှင့် ဂျစ်တစ်တစ်လုပ်ခဲ့သမျှ မရဲ့ အေးမြသော မေတ္တာရိပ်မှာ သူ့ဘဝ ငြိမ်းချမ်းတာကို။ သြော် ခုတော့ အပြင်မဟုတ် အဆင်မတတ်ငွေသောဘဝမှာ။

သူ့လက် ရုတ်တရက် မြောက်တက်သွားသည်။

"ကဲ"

"ဝုန်း"

"ခလွမ်း"

"ဒုန်း"

စားပွဲကို တွန်းထုတ်ပစ်လိုက်သည်။ လက်ထဲက ပုလင်းကတော့ ကြမ်းပြင်ပေါ်မှာ အစိတ်စိတ်အမွှာမွှာ။ လူကလည်း အလိုလို ဒူးတွေညွတ်ခွေသွားရင်း –

"မရယ် … ကျွန်တော့်ကိုခွင့်မလွှတ်နိုင်တော့ဘူးလား။ မရဲ့အမုန်းတွေ ဘယ်အချိန်ထိ တည်တံ့နေဦးမှာလဲ"

ခွန်အား အရက်တွေသောက်မထားပါပဲနှင့် အာလေးလျှာလေး တတွတ်တွတ် ဖြစ်နေစဉ် –

"ဘာလဲ … အဲဒီကောင်လက်ထပ်မှာ အိသွယ် မဟုတ်လား"

"မင်း ပြောနေတာ ဘယ်သူ့ကိုလဲ"

စိုးလင်းနှင့်ဝေယံက ခွန်အားရဲ့တိုက်ခန်းဆီသို့ တက်လာရင်း ပြောနေကြခြင်း ဖြစ်သည်။





"ဟာ … မော်ဒယ်လ်မလေး အိသွယ်လေ"

"ဟာ … သူက အဲဒီတစ်ယောက်နဲ့ ကြိုက်နေတာ ဟုတ်လို့လား။ ငါသိတာက … က"

စိုးလင်းအသံက ထစ်ထစ်ငေါ့ငေါ့ဖြစ်သွားလေသည်။ တိုက်ခန်းတံခါးပေါက်ဆီမှ အထဲသို့ မြင်လိုက်ရသော မြင်ကွင်းက ထူးဆန်းစဖွယ် ဝေယံကလည်း စိုးလင်းပြူးကြောင်ကြည့်နေရာဆီသို့ လှမ်းကြည့်မိတော့ –

ခွန်အားက ကြမ်းပြင်ပေါ်မှာ ဒူးထောက်ကာ မျက်နှာကမော့ရင် မျက်ရည်တွေ စီးကျနေသည်။ စားပွဲကလည်း အရှုံ့ရှုံ့ အစောင်းစောင်း။

စိုးလင်းနှင့် ဝေယံ အပြေးအလွှား ခွန်အားဘေးသို့ ရောက်သွားကြသည်။

"ခွန်အား ခွန်အား"

"သူငယ်ချင်း"

နှစ်ယောက်သား ဖျာယာခတ်စွာ ခေါ်လိုက်တော့မှ–

"ကျွန်တော် ဘယ်လောက်အထိ ပေးဆပ်မှ မ,ခွင့်လွှတ်မှာလဲ မရယ်"

"ခွန်အား သူငယ်ချင်း သတိထားလေ"

ဝေယံက မကြည့်ရက်သလို မျက်နှာလွှဲသွားသည်။ စိုးလင်းက ခွန်အားရဲ့ပခုံးကို ပုတ်ကာ –

"ခွန်အား … မင်းပင်ပန်းနေပြီ မဟုတ်လား"

"ငါ့အပြစ်တွေက သိပ်များနေသလား"

"ဝေယံ . . . ခွန်အားကို ကူတွဲစမ်းပါကွ"

စိုးလင်းက မျက်နှာလွှဲနေသော ဝေယံကို လှမ်းခေါ်ကာ ခွန်အားကို ချိုင်းကနေ မ၍ မတ်တတ်ထစေလေသည်။

"စိုးလင်း ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်ဘူး။ မင်းကော ဘယ်လိုလုပ်မလဲ"

"အေးပါကွ . . . အေးပါ။ မင်း နိုးလာမှ ဆက်ပြောတာပေါ့ သူငယ်ချင်းရာ"

"ဘာမှမတွေးဘဲ အိပ်ပျော်အောင်အိပ်လိုက် ဟုတ်လား"

ဝေယံနှင့် စိုးလင်းက ခွန်အားကို မွေ့ရာပေါ်ထိ တွဲခေါ်ပြီး အိပ်ပျော်စေရန် ကြိုးစားလေသည်။

နောက်ဆုံး ဆေးချော့တိုက်လိုက်မှ ခွန်အား တဖြေးဖြေးနှင့် အိပ်ပျော်သွားလေသည်။ စိုးလင်းက ခွန်အားကိုကြည့်ပြီး စိတ်မကောင်းစွာ မျက်နှာလွှဲလိုက်သည်။

သူတို့နှစ်ယောက် ထိုင်ခုံမှာဝင်ထိုင်ပြီး စကားမပြောဘဲ ငြိမ်သက်နေကြတာက အတော်ကြာသည်။

တကယ်တော့ ခွန်အားနှင့် သူတို့က ဂီတလောကထဲ ဝင်လာခါမှ ရင်းနှီးကြခြင်းဖြစ်သည်။ ငယ်ပေါင်းသူငယ်ချင်းတွေ မဟုတ်သဖြင့် ခွန်အားရဲ့ အတိတ်မှာ ဘာတွေရှိခဲ့သလဲ။ ဘာတွေဖြစ်ခဲ့သလဲဆိုတာ ကာယကံရှင် ခွန်အားကလွဲ၍ ဘယ်သူမှ မသိနိုင်ခဲ့ပါ။

အားလုံးနှင့် ကင်းကင်းပြတ်ပြတ်နေကာ အတိတ်ကို ပြန်မတူးဆွချင်သော ခွန်အားသည် ဗီဒီယာကိုတော့ တတ်နိုင်သမျှ ရှောင်တာ သူတို့အသိ။





"ခွန်အားမှာ နာကြည်းစရာ၊ ဒါမှမဟုတ် ကြေကွဲစရာ ကောင်းတဲ့ အတိတ်ဆိုးရှိခဲ့ပုံရတယ်ကွ"

ဝေယံစကားကြောင့် စိုးလင်းက ထောက်ခံခေါင်းညိတ်ပြီး–

"ဟုတ်တယ်၊ အဲဒါကြောင့် ငါပြောတာ သူရေးတဲ့သီချင်းတွေဟာ သူ့ရဲ့ခံစားချက်အမှန်တွေကို သီဆိုထားသလိုပဲ။ တို့ကိုလည်း သူ့ရဲ့အတိတ်အကြောင်းကို ပြောချင်ပုံမရဘူး။ ဟိုတစ်ပတ်ကတော့ သူ့မျက်နှာရွှင်နေတယ်လို့ ငါထင်တာ။ အခု ဘယ်လိုဖြစ်ပြီး ဒီလောက်အဖြစ်ဆိုးခံစားနေရတာလဲ ငါ နားမလည်ဘူး"

စိုးလင်းရဲ့စကားကို ဝေဖန်ခြင်းလည်းမပြု၊ ထောက်ခံခြင်းလည်း မပြုဘဲ စိုက်ကြည့်နေသော ဝေယံသည် ခေါင်းယမ်းနေသည်။ ဘာသဘောလဲ စိုးလင်းနားမလည်တော့။

## အခန်း (၂၁)

ခွန်အားရဲ့အကြည့်က ဂိမ်းဆိုင်ဝင်ပေါက်ဝသို့ မကြာခဏ ရောက်ရောက်သွားတတ်ပါသည်။ မနေ့က သူ အရဲစွန့်၍ ညီသစ်ဆီသို့ ဖုန်းခေါ်ခဲ့သည်။

သူ ညီသစ်ရဲ့နောက်သို့ အိမ်သိအောင် နောက်ယောင်ခံ လိုက်မကြည့်ဖြစ်ပါ။ မတော်တဆ မ သူ့ကိုတွေ့မြင်သွားလျှင် နောက်ထပ် ခြေရာဖျောက်ထွက်ပြေးသွားမှာ စိုးထိတ်မိပါသည်။

ယခုလောလောဆယ် အဓိကလုပ်ရမည့်ကိစ္စမှာ သူနှင့် ညီသစ်ရဲ့ ဆက်ဆံရေး အရင်လို ပြန်လည်ခိုင်မြဲစေရန် သူလုပ်ဆောင်ရမည်။

ညီသစ်နှင့် သူ ဖုန်းနံပါတ်တွေ အပြန်အလှန် လဲခဲ့၍ ညီသစ်ရဲ့ ဖုန်းနံပါတ်သို့ခေါ်၍ရခြင်းဖြစ်သည်။ စစချင်း ဖုန်းဝင်သွားတုန်းက မတော်တဆ မ,သာ လာကိုင်လျှင် ပွဲကပျက်ပြီဟု စိုးရိမ်နေသော်လည်း –

"ဟယ်လို"





ဆိုတဲ့ ညီသစ်ရဲ့အသံကြားမှ သက်ပြင်းချနိုင်တော့သည်။

'မ' က မသမာမှုများကို ပုန်းတီးသော်လည်း အခြေအနေအရ ဤသို့ပြုလုပ်ရခြင်းဖြစ်ကြောင်း တစ်နေ့တော့ သူ ရှင်းပြခွင့်ရကောင်းပါရဲ့။

အင်းလေ၊ ဖြောင့်ဖြူးသော ချစ်ခရီးလမ်းဆိုတာ ရှိမှမရှိခဲ့ပဲလေ။ ဟာ ငါ အဆင့်တွေကျော်ကုန်ပြီ။

"ညီသစ်"

"ဟာ ဆွဲအား . . . မင်း ဖုန်းဆက်တယ်"

ဘာဘာညာညာ သိပ်မတွေးတတ်သော ညီသစ်ရဲ့အသံသည် အံ့ဩတကြီး သူ့ရဲ့ တမင်ရည်ရွယ်သော တိုက်ကွက်တွေကိုလည်း သိပုံမရ။

တကယ်တော့ ညီညီသစ်ဆိုတာ ဘယ်လိုဆေးရောင်တွေနဲ့မှ ဆေးခြယ်၍မရသော အဖြူထည်ဖြစ်ကြောင်း သူ သိနေခဲ့သားပဲလေ။ ညီသစ်နှင့် သူ့ရဲ့ကြားက ဆက်ဆံရေးကတော့ ဘယ်တော့မှ ရှောင်မရှိနိုင်ပေ။

"အေး . . . ဟုတ်တယ်၊ မင်း ပြီးခဲ့တဲ့တစ်ပတ်က ဘာလို့ မလာတာလဲ။ ငါ မင်းလာမလားနဲ့ တမျှော်မျှော် ဖြစ်နေတာကွ"

ညီသစ်၏ရယ်သံနှင့်အတူ –

"အေးကွာ . . . ငါလည်း ထွက်လာဖို့တော့ပြင်ပြီးနေပြီ။ မမကြီးက အပြင်သွားမလို့ အဖော်ခဏလိုက်ခဲ့ပါဦးလို့ အတင်းခေါ်နေတာနဲ့ ပါသွားတာ"

"ဪ . . . ဒါနဲ့ မင်းအစ်မက ငါနဲ့မင်း ခင်နေတဲ့အကြောင်း

သိပြီးပြီလားကွ။ အဲဒါကြောင့်များ မင်းကို အပြင်ခေါ်ထုတ်သွားသလား မှ မသိတာ"

ခွန်အား စကားအစ်ကြည့်လိုက်သည်။ ညီသစ်နှင့် ပတ်သက်လျှင် လုံးဝ အမှားမခံနိုင်တော့ စိတ်ကို သူနားလည်သဘောပေါက်ပါသည်။

'မ' သည် ညီသစ်နှင့် ပတ်သက်၍ သူ့ရဲ့ဆန္ဒဆိုတာ အမြဲတမ်း နောက်တန်းသို့ ပို့ဖို့အဆင်သင့်ဖြစ်နေတတ်သူပါ။ ညီသစ်အပေါ်ပဲ နွေဆိုနွေ၊ မိုးဆိုမိုး၊ ဆောင်းဆိုဆောင်း အဝတ်အထည် အစားအသောက် ဘာဆိုဘာမှ လိုလေသေးမရှိအောင် ဂရုစိုက်နိုင်လွန်းခဲ့သည်။

'မ' ရဲ့ဘဝမှာ ညီသစ်ပဲရှိစေပြီး ညီသစ်ရဲ့ဘဝမှာ အားကိုးစရာ မြင်းမိုရ်တောင်ဟာ 'မ' ပဲ ဖြစ်ရမည်ဟု ခံယူထားသော 'မ'ရဲ့ အတ္တကိုလည်း သူသိနေခဲ့ပါသည်။

ဒါကြောင့် ညီသစ်ကို ထိခိုက်နာကျင်စေခဲ့မိသော သူ့အပေါ် 'မ' သည် ရှူဠသုဘဒ္ဒါ အပြုံးတွေလို မုန်းမပြေနိုင်အောင် ရှိနေခဲ့သည်လေ။

"ဟာ ... မင်းကလည်း မမကြီးမှာ အဲဒီလို အကျင့်မရှိပါဘူးကွာ။ မင်းပြောပုံကလည်း ငါ့ရဲ့အစ်မကို လူဆိုးကြီးကျနေတာပဲ"

ဟော ... တွေ့လား။

အစ်မကတင် မောင်ကို ချစ်နိုင်တာမက မောင်ကလည်း အစ်မကို ချစ်လိုက်တာ ဩချယူရပါသည်။

"မင်းနဲ့ခင်တဲ့အကြောင်း ငါ မမကြီးကို ပြောပြီးပါပြီကွ။





မမကြီးကတော့ လူကောင်းလား၊ လူဆိုးလားလို့ မေးတာပဲ။ မင်းသိတဲ့အတိုင်း ငါ့အစ်မက ငါ့အပေါ် အရမ်းစိုးရိမ်ကြီးတာကွ။ ငါက မင်း ဘယ်လောက်ကောင်းကြောင်း ကြွားလိုက်တာ"

"အံမယ် ... ငါကောင်းတယ်ဆိုတာ မင်းက ဘယ်လိုလုပ်သိနိုင်မှာလဲ"

ခွန်အား သွေးတိုးစမ်း၍ မေးလိုက်ခြင်းရယ်။ ထင်သည့်အတိုင်း ညီသစ်ဘက်မှ အသံတိတ်နေခဲ့ပြီး တော်ကြာမှ –

"ဟာ ... မသိဘူးကွာ။ မင်း ကောင်းတယ်ဆိုတာတော့ ငါ သိတယ်ကွာ"

ကလေးဆိုးတစ်ယောက်လို ဖြစ်နေသော ညီသစ်ကြောင့် သူ စကားလျှောချကာ –

"ဟုတ်ပါပြီ ထားပါတော့။ ဒီတစ်ပတ်တော့ မင်း လာဖြစ်အောင် လာခဲ့ကွာ။ ငါ မင်းကို တွေ့နေကျဆိုင်မှာ စောင့်နေမယ်"

"အေးပါကွ၊ စိတ်ချ ငါ ရောက်အောင်လာခဲ့မယ်"

လို့သာပြောခဲ့ပြီး ခုထက်ထိ ရောက်မလာနိုင်သေးသည့်အတွက် သူ စိတ်မရှည်ချင်တော့။

အရင်တစ်ပတ်တုန်းကလိုပဲ သူ့မောင်ဟာ အခြားသူ့အပေါ် သူ့ထက်ခင်သွားမှာစိုး၍များ 'မ' သည် ညီသစ်အား ခေါ်ထုတ်သွားလေသလား။

လက်က ခါးထက်တွင်ချိတ်ထားသော ဖုန်းဆီ ရောက်သွားစဉ် မှန်တံခါးကို တွန်းဖွင့်ဝင်လာသောအရိပ်ကြောင့် ထခုန်မိမတတ် ဝမ်းသာသွားခဲ့ပါသည်။

ညီသစ်ပုံစံ နေနေသည်လည်းမပြောနှင့်။ 'မ' ညီသစ်ကို ဆင်ယင်သည့် အဝတ်အစားများမှာ အရောင်နုနုလေးတွေသာ။

ညီသစ်က ခုခေတ်မော်ဒယ်ကောင်လေးတွေထက် ပို၍ ပိန်လွန်းသည်။ ဂုတ်ပိုးထိရှည်သော ဆံပင်တို့က ပါးပါးပျော့ပျော့။ ဖြူသောမျက်နှာသည် မိန်းကလေးဆန်နေသည်။ အပြာရောင်တီရှပ်နှင့် အဖြူရောင်ဘောင်းဘီတို့က ပွတာတာ။

ဝင်လာပုံကလည်း ကလေးစိတ်မကုန်သေးသည့် ကောင်လေးတစ်ယောက်နှယ် ခြေထောက်တို့က မြောက်ကြွ မြောက်ကြွ မျက်နှာက ပြုံးစိစိနှင့်။

သူ့ကိုမြင်သွားတော့ ရယ်ပြီး လျှောက်လာသည်။

"နောက်ကျလိုက်တာကွာ။ ငါက မင်း လာမှလာပါ့မလား ဆိုပြီး စိတ်ပူနေတာကွ"

"မင်းကလည်း ဒီတစ်ပတ်မတွေ့တော့လည်း နောက်တစ်ပတ်ပေါ့ ဟုတ်ဘူးလား"

သူ့ကို စကားပြောဖို့ထက် ဂိမ်းဆော့ဖို့လောက်သာ အားသန်နေသော ညီသစ်ကြောင့် –

"ဪ . . . မင်းက ငါ့ခင်သလောက်မခင်ပါလား ညီသစ်။ ဒီတစ်ပတ်မတွေ့ရတော့လည်း နောက်တစ်ပတ်တဲ့။ ပြောထွက်တယ် နော်"

"ဟာ . . . မင်းပြောပုံကလည်း သမီးရည်းစားလေသံကျနေတာပဲ ကွာ။ ဟေ့ရောင် . . . မင်း ငါ့ကိုကြိုက်နေတာတော့ မဟုတ်ပါဘူးနော် . . . ဟား ဟား"





"ဟာ . . . ဒီကောင်"

တကယ်ဆို မင်းကို မဟုတ်ဘူးပေါ့။ မင်းအစ်မကို ကြိုက်နေတာလို့များ ပြောထွက်ခဲ့မိခဲ့လျှင် ညီညီသစ် တစ်ယောက် ခုလို ရယ်နိုင်ပါဦးမလား။ မင်းအစ်မနဲ့ ပြန်ပြေလည်ချင်လို့ မင်းကို ချဉ်းကပ်နေတာကွဟု စိတ်ထဲမှာ ပြောမိသော်လည်း အပြင်မှာတော့ –

"ဒါဆို မင်းက ခြောက်နေတာလို့ စွပ်စွဲနေတာပေါ့ ဟုတ်လား။ ငါ့ပုံစံက အခြောက်ပုံစံပေါက်နေလို့လား ညီသစ်"

"ဟာ . . . အဲ့သလို မဟုတ်ဘူးလား"

"ဒါဆို မင်းလား"

"ဟာ . . . ဟိတ်ရောင်၊ မင်း ဒီနေ့ ဘာဖြစ်နေတာလဲကွ။ ပြဿနာရှာနေတယ်။ ဘာလဲ . . . ငါ နောက်ကျလို့ စိတ်ဆိုးနေတာ မဟုတ်လား။ အေးကွာ . . . ငါ နည်းနည်းနောက်ကျသွားတယ်ကွ၊ မမကြီးပေါ့ကွာ။ ဒီနေ့ ဘယ်မှမသွားနဲ့ မုန့်လုပ်စားမယ် ပြောနေတာ။ မင်းစောင့်နေမယ်ဆိုတာသိလို့ မနည်း ပတ်ထွက်လာခဲ့ရတာ။ အိမ်ပြန်ရောက်ရင်တော့ ဘယ်လောက်ထိ ကောခံရမလဲ မသိဘူး ဗူး"

"ဪ . . . ဟုတ်လား။ အေးပါ . . . ငါ စောင့်နေတာသိလို့ မနည်း ပတ်ထွက်လာတယ်ဆိုတော့ ကျေးဇူးတင်ပါတယ်ကွာ"

"အမှန်တော့ မမကြီးက. ငါ့ကို အပြင်တွေ ဘာတွေ ထွက်တာ သိပ်မကြိုက်ဘူးကွ"

"ဘာလို့လဲ"

မသိသလိုလိုနှင့် သူ စိတ်ဝင်တစားမေးလိုက်သည်။ ညီသစ်က ထိုင်ခုံကို ဟိုလှည့် ဒီလှည့် လုပ်ထိုင်နေသည်။ လှည့်၍ရသော

ဆိုင်ခဲ့သည့် လောလောဆယ် သူ့အတွက် ကစားစရာအရုပ်တစ်ရုပ် ရထားတာနှင့် တူနေသည်။

"မသိဘူးကွ၊ လူတွေက ပရိယာယ်မာယာများတယ်ဆိုလား။ လူတွေက မကောင်းဘူးဆိုလားပဲကွာ။ အိမ်ထဲမှာ ငါ့ဘာသာ နေချင်သလိုနေ ဘာမှမပြောဘူး။ အေး . . . အပြင်သို့ထွက်မိပြီဆို ပြောမဆုံးချင်တော့ဘူးဟေ့"

"ဩော် . . . မင်းအစ်မက တစ်မျိုးပဲနော်။ လူဆိုတာ လူ့ပတ်ဝန်းကျင်နဲ့ ကင်းကွာပြီး နေလို့ဘယ်ရမလဲကွ။ လောကမှာ အကောင်းအဆိုးဆိုတာ ဒွန်တွဲနေတာပဲလေ။ ကောင်းတဲ့လူရှိသလို ဆိုးတဲ့လူလည်းရှိမှာပဲ။ လူဆိုးနဲ့တွေ့မှာစိုးလို့ ရှောင်နေတယ်ဆိုရင် လူကောင်းလား၊ လူဆိုးလား ဘယ်ခွဲခြားသိတော့မလဲ။ စကားပုံတောင်ရှိသေး။ လူ့အကြောင်း ပေါင်းမှသိတဲ့"

"ဟား ဟား . . . မင်းစကားပြောတာကို နားထောင်ရတာ။ ငါ့မမကြီးလေသံနဲ့ မီလာပြီ ဆွဲအား။ ငါကတော့ အိမ်ထဲမှာ မမကြီးရဲ့ အုပ်ချုပ်မှုအောက်ကနေ ခဏလောက် လွတ်ထွက်ရပါစေဆိုပြီး အပြင်ထွက်ခဲ့ပါတယ်။ အပြင်မှာလည်း မမကြီးလို ငါ့ကို ဆုံးမမယ့်သူနဲ့ပဲ ဆုံနေပါလားဟ"

"မဟုတ်ပါဘူးကွ။ အဲဒါ မင်းကိုပြောရင်း ဟိုရောက်ဒီရောက် ဖြစ်သွားတာ။ သူများကို ဆုံးမဖို့မပြောနဲ့ ငါကိုယ်တိုင်တောင် မိုက်လို့ မဝဘူး"

"ဟာ . . . မိုက်တယ်ဟေ့"

သူ့စကားကို ညီသစ်က သဘောကျစွာ လက်ခုပ်လက်ဝါး





တီး၍ ထောပနာပြုလေသည်။

"ဒါပေမဲ့ ငါကျတော့ ဘယ်လိုလဲမသိဘူး။ မမကြီး ဒါမလုပ်နဲ့ဆိုရင် မလုပ်ချင်ဘူး။ ဒါလုပ်တာမကြိုက်ဘူးဆိုရင် အလိုလို ရှောင်ပြီးသား။ အဲဒီတော့ကွာ သူက အပြင်ထွက်တာမကြိုက်ပါဘူးဆိုတာ ငါက ခဏခဏ ခိုးထွက်နေလို့မဖြစ်ဘူး။ ဒီလိုလုပ်ကွာ၊ နောက်တစ်ပတ် မင်း ငါတို့အိမ်လာလည်ပါလား ဆွဲအား။ အဲဒီလိုဆိုရင် မမကြီးလည်း စိတ်ဆိုးမယ်မထင်ဘူး"

"မင်းက မောင်နှမ (၂) ယောက်တည်းပဲ ရှိတာလား"

"ဟုတ်တယ်၊ နှစ်ယောက်။ မမကြီးရယ် ငါရယ်လေ။ မမကြီး နာမည်က 'သံယောဇဉ်' တဲ့။ ငါ့အစ်မက အရမ်းချစ်ဖို့ကောင်းတယ်။ ငါ့ကိုလည်း အရမ်းချစ်တယ်။ မင်းကော မောင်နှမ ဘယ်နှစ်ယောက်ရှိလဲ"

"ငါတစ်ယောက်တည်းပါကွာ။ အေး မင်းပြောသလိုပဲ ငါ နောက်တစ်ပတ် မင်းအိမ်ကိုလိုက်လည်ပါ့မယ်"

ပြောလို့သာပြောရသည်။ ဘယ်လောက်ပဲ ရှပ်ဖျက်ဖျက် ထားထား အရမ်းကို ထက်မြက်သည့် 'မ' က သူ့ကိုမသိဘဲ နေပါ့မလား။ မမှတ်မိပါဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ ဘာပဲဖြစ်ဖြစ် လာမည့်ဘေး ပြေးတွေ့တာက အကောင်းဆုံးပဲလေ။

## အခန်း (၂၂)

တကယ်တော့ အဲဒီနေ့က ဝယ်စရာ မယ်မယ်ရရမရှိဘဲ ဒိုင်းမွန်းပလာဇာသို့ ရောက်သွားတာက ဇင်ရဲ့အမှား။ အသိ တစ်ယောက်ရဲ့ဆိုင်သို့ဝင်ရင်း သားငယ်လေးအတွက် အဝတ်အစား မဝယ်ပေးဖြစ်တာ အမှတ်ရမိသည်။

အရင်ဆို ဇင် ဘယ်သို့ရောက်ရောက် သားငယ်လေးအတွက်ဆိုပြီး ဦးစားပေးဝယ်ဖြစ်သည်။ ယခုတစ်လော ဆိုင်ကိစ္စတွေနှင့် အလုပ်ရှုပ်နေသဖြင့် သားငယ်လေးကိုလည်း ဂရုတစိုက် စောင့်ကြည့်မနေအားပေ။

"အမယ်လေး ဇင်ရဲ့၊ ညီမမောင်က ကလေးမဟုတ်တော့ပါဘူးနော်။ ဟိုတစ်ခါ မမြဆိုင်လာတုန်းက မောင်လေးပါတယ် မဟုတ်လား။ သူ့မောင်လေးကဖြင့် အချောလေး။ အိမ်ထောင်ပြုလို့တောင် ရနေပြီ"

"မမြကလည်း"

"ဟော ... အဟင်း ဟင်း။ ဒါလေးစတာနဲ့ မျက်နှာကြီး





ကလည်း ဖြစ်သွားလိုက်တာနော်။ မောင်လေးအတွက်လည်း အစစအရာရာ တွေးမနေနဲ့ဦး ငါ့ညီမရေ ဝါကျွတ်နား နီးနေပြီနော်"

"တော်ပါပြီ ဒီမမြကတော့ စနောက်လို့ကို မပြီးတော့ဘူး။ သွားပြီ မမြရေ။ သားငယ်လေးအတွက် အဝတ်အစားနည်းနည်း ကြည့်ချင်သေးလို့"

"ဟုတ်ပါပြီ၊ မမြပြောတာလည်း မမေ့နဲ့ဦးနော်၊ ဟင်း ဟင်း"

မကြိုက်ပါဘူးပြောနေရက်ကြားနှင့် စဖြစ်အောင် စနေသော မမြရဲ့စကားကို ဇင် မကြားယောင်ပြုပြီး လှည့်ထွက်ခဲ့သည်။

တကယ်တော့ ဇင်တို့အသိုင်းအဝိုင်း တော်တော်များများက ဇင်နှင့်ကိုအောင့်ကို သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုးနှင့် အောင်သွယ်လုပ်နေကြသည်။

ပြီးတော့ တစ်နေ့နေ့မှာ ဖြစ်လာကြလိမ့်မည်ဟုလည်း ယုံကြည်ထားကြသည်။

ကိုအောင်ဟာ အရည်အချင်းရှိသော လူတစ်ယောက် ဖြစ်သဖြင့် စဉ်းစားမည်ဆိုလျှင် စဉ်းစားထိုက်သော လူတစ်ယောက်ပါ။ သို့သော် ဇင့်အတွက်တော့ ကိုအောင်ဟာ အစ်ကိုတစ်ယောက်ဆိုတဲ့ အမြင်ထက်မပိုနိုင်ပေ။

ကျောင်းတုန်းကဆိုလျှင် ဇင်သာ မိတ်တွေရှိဦးမယ်၊ မိတ်တွေဆီ လက်ဖြန့်တောင်းသုံးနေသည့်အချိန်ဆိုလျှင်တော့ ဇင့်အတွက် ရည်းစားတစ်ယောက်တော့ ရှိလာကောင်းပါရဲ့။

အဲဒီတုန်းကဆိုလျှင် Physics မေဂျာက 'သံယောဇဉ်'

ဆို ရည်းစားစကားပြောသူတွေ၊ စာပေးသူတွေ ဒုနှင့်ဒေး။ ရုပ်ရည်ချောမော၍ အသည်းအသန်ဖြစ်ကြခြင်းမဟုတ်ဘဲ ဘယ်သူနှင့်မှ မရောခပ်တည်တည် စတိုင်လ်နှင့် နေတတ်ခြင်းကြောင့် ဖြစ်မည်။

တချို့ကျတော့လည်း လူတကာ အသည်းအသန်ဖြစ်နေကြတာ ဘာကြောင့်လဲ အတွေးနှင့် သွေးတိုးစမ်း၍လည်း ကြိုက်သူများ ရှိပါသေးသည်။ အဲဒီအချိန်မှာ ဇွဲ့အတွက် သားငယ်လေးကလွဲ၍ ဘယ်ကိုမှ အတွေးမရောက်ခဲ့သဖြင့် လာကြိုက်ကြသူများကိုလည်း ဂရုတစိုက် လေ့လာဖို့ စိတ်ကူးစိုးစဉ်းမျှ မရှိခဲ့ပေ။

ကျောင်းပြီးပြန်တော့လည်း စိတ်ကို အလုပ်ထဲမှာပဲ နှစ်ထားခဲ့မိသည်။ မနှစ်လို့ကလည်းမဖြစ်။ ဇွဲသာ အဲဒီအချိန်တုန်းက အလုပ်ကို ကြိုးကြိုးစားစား လုပ်ခဲ့သူမဟုတ်လျှင် ကိုအောင့်မိဘတို့ရဲ့ ကူညီမှုကို ဇွဲ ရခဲ့မည်မဟုတ်။ တကယ်တော့ ဖေဖေမေမေတို့ရှိစဉ်က ဒီကျောက်မျက်ရတနာကိစ္စကို ဇွဲ စိတ်ဝင်တစားနှင့် လေ့လာခဲ့တာမဟုတ်။

ဖေဖေမေမေတို့မရှိတော့ ဇွဲတို့မှာ ဒီမိဘလက်ငုတ်လက်ရင်း အလုပ်ကိုမှ မလုပ်လျှင် အခြားအလုပ်သစ်ကိုလည်း မလုပ်တတ်ပါ။ ကျောက်မျက်ရတနာအကြောင်း သေချာသိစေရန် သင်ကြားပေးခဲ့သူတွေမှာ ကိုအောင့်ရဲ့ မိဘတွေဖြစ်ပါသည်။

ကျေးဇူးတရားနှင့် မရုန်းနိုင်အောင် ချည်နှောင်ခဲ့လျှင် ဇွဲ ကိုအောင်နှင့်အကြောင်းပါခဲ့သည်မှာ ကြာပြီ။ သို့သော် –

“အန်တီတို့ရဲ့ကျေးဇူးကြောင့်ဆိုပြီး သားကိုလက်ခံတာမျိုး မဖြစ်စေချင်ဘူးကွယ်။ သားကို လက်မခံလို့ဆိုပြီးလည်း သမီးကို





ငြိုငြင်မှာမဟုတ်ဘူး။ အိမ်ထောင်ရေးကိစ္စဆိုတာ လူကြီးမိဘတွေ ဝင်မစွက်ဖက်တာ အကောင်းဆုံးပါကွယ်”

ကိုအောင့်ရဲ့မိဘများက သဘောထားပြည့်ဝသလို ကိုအောင်ကိုယ်တိုင်လည်း သဘောထားပြည့်ဝသူတစ်ယောက်ရယ်။

နောက်တော့ သားငယ်လေးရဲ့ သူငယ်ချင်း (၁၇) ကို မကြည်သည့်ကြားထဲက စိတ်အနည်းငယ် လှုပ်ရှားခဲ့ဖူးသည်။ ခုတော့လည်း ကားလိပ်ချသကဲ့သို့ အရာရာပြီးဆုံးသွားပြီဟု ခံစားရပါသည်။

ဒါပေမဲ့ ဒဏ်ရာတစ်ခုဖြစ်လာလျှင် အမာရွတ်ဆိုတာ ကျန်ရစ်စမြဲပါ။ ထိုကဲ့သို့ပင် ဇွဲ့နှလုံးသားထဲက ဒဏ်ရာဟာလည်း ခြောက်သွားပေမယ့် အမာရွတ်အဖြစ်နှင့် ကျန်ရစ်နေခဲ့ပြီလေ။

ထို့ကြောင့် သားငယ်လေး အိမ်ထောင်ပြုခဲ့မယ်ဆိုလျှင် ဘယ်လိုမိန်းကလေးဖြစ်ဖြစ်၊ ဇွဲကတော့ ကိုယ့်ယောင်းမနှင့် တည့်အောင်ပေါင်းမည်ဟု ဆုံးဖြတ်ပြီးသားပါ။

ကိုယ့်ယောင်းမက ကိုယ့်အပေါ် အစ်မတစ်ယောက်လို ဆိုးနွဲ့နိုင်ပြီး သူငယ်ချင်းတစ်ယောက်လိုလည်း တိုင်ပင်နိုင်ပါသည်။

ကံအကြောင်းမလှ၍ ယောင်းမက သဘောထားဆိုးနေသူဆိုတော့လည်း ဇွဲ့ရဲ့ကံပဲပေါ့လေ။

အဲဒီအချိန်မှာပဲပေါ့။

“ဟင်”

ချိန်းထားရင်တောင် လွှဲဦးမယ်ဆိုလား။ ဟုတ်ပါရဲ့ ‘ကာတွန်း တွတ်ပီ’ လို မရှောင်လျှင် လွတ်သည်၊ ရှောင်လျှင်ထိသည်ဆိုတာ ဒါပဲလားမသိ။

ကိုယ်က သူ့ကိုမတွေ့ချင်၍ အရှောင်ကြီးရှောင်နေခဲ့သမျှ ခုတော့ တော့တော့ဆိုင်ဆိုင် လာတွေ့နေပါရောလား။

တော်သေးတာက သူ ဇွဲ့ကိုမတွေ့သေးတာပါ။ အထက်အထည်တွေနှင့် တတ်နိုင်သမျှ ကွယ်အောင်နေပြီး ဇွဲ ဆိုင်ထဲကနေ ခပ်သုတ်သုတ် ထွက်ခဲ့သည်။ အကြာကြီး ဟိုကြည့် ဒီကြည့်နှင့် ရှိနေသော သူမကို အရောင်းဝန်ထမ်း မိန်းကလေးတွေ ခုချိန်မှာ ဘယ်လိုမေတ္တာပို့နေနေ ဇွဲ ဂရုမစိုက်နိုင်တော့ပေ။

နှစ်ပေါင်းများစွာ မေ့ထားသည့်ကြားက ယခုလေးတင် သူ့အကြောင်းဆီသို့ စိတ်က တစ်စွန်းတစ်စ ရောက်သွားခဲ့သည်။ ကံကြမ္မာက ဇွဲ့ကို ကျီစယ်လေသလား။

ကားမောင်းနေရပေမယ့် စိတ်တွေက မတည်ငြိမ်၊ ရင်ထဲမှာလည်း တဒိတ်ဒိတ်နှင့်။ သူ့ရဲ့ပုံရိပ်လေးက ဇွဲ့နှလုံးသားကို ဓာတ်ပုံထပ်ရိုက်လိုက်ပြန်လေပြီ။

လက်တွေက တဆတ်ဆတ်တုန်နေသဖြင့် ကားစတီယာရင်ကို ကောင်းစွာ မကိုင်နိုင်တော့။ ထို့ကြောင့် လူရှင်းတဲ့လမ်းဘေးတစ်နေရာတွင် ကားကိုရပ်လိုက်သည်။ စတီယာရင်ပေါ်မှာ မျက်နှာမှောက်အပ်ကာ စိတ်ကို ငြိမ်သက်အောင် ထိန်းယူမိသည်။

ကမ္ဘာကြီးက ကျဉ်းလွန်းပါသည်ဆိုသောစကားကို ဇွဲ ယုံကြည်ပါပြီ။ ဇွဲ့ရဲ့နောက်ထပ်ဖြတ်သန်းရမည့်နေ့ရက်များတွင် သူနှင့် ဘယ်တော့မှ မတွေ့ဆုံနိုင်တော့ဘူးဟု ပိုင်နိုင်စွာ တွက်ထားခဲ့မိသည်။

သို့သော် ယခုလို ကြိုတင်ပြင်ဆင်ထားခြင်းမရှိဘဲ ဗြုန်းဒိုင်းကြီး တွေ့လိုက်တော့လည်း လူက နာကျည်းဖို့နှင့် ရန်တွေ့ပြောဖို့ထက်





သူ မမြင်အောင် ပြေးဖို့သာ ပြင်ဆင်နေမိတော့သည်။

တစ်ခါတလေကျတော့လည်း သူ့ကို သတိရမိသော ဇွဲ့ကိုယ်ဇွဲတောင် မုန်းမိသည်။

စောစောလေးတုန်းက တွေ့ခဲ့သော သူ့ရဲ့ရုပ်သွင်ကို ထိန်းချုပ်ထားသည့်ကြားမှ ပြန်မြင်ယောင်မိသည်။

ဆံပင်တိုတို ထောင်ထောင်လေးက မည်းနက်နေသည်။ ရှပ်အင်္ကျီလက်ရှည် အစင်းကျားလေးကို ဂျင်းပန့်နှင့်တွဲဝတ်ထားသော သူ့ပုံစံကတော့ ဇွဲ့အမြင်တွင် ထင်းလင်းနေသလို ခံစားရပါသည်။

ဒါကြောင့်လည်း သူ့သီချင်းတွေနှင့်သူဟာ မိန်းကလေးတွေရဲ့ အသည်းစွဲဖြစ်နေတာဖြစ်မည်။

အိမ်သို့ပြန်ရောက်တော့လည်း စိတ်က မလန်းချေ။ ရောက်ရောက်ချင်း သားငယ်လေးကို နှုတ်ဆက်တတ်သောအကျင့်ကို မေ့လျော့ကာ ကိုယ့်အခန်းဆီသို့သာ လျှောက်လာခဲ့မိသည်။

တခြားနေရာမှာ အရိပ်အကဲ နားမလည်ချင်ရင်နေမယ်၊ အစ်မဖြစ်သူအပေါ် အရိပ်တကြည့်ကြည့် ရှိနေသော သားငယ်လေးက ဘာဖြစ်တာလဲဟုမေးလာလျှင် ဇွဲ၌ ဖြေရှင်းစရာအဖြေမရှိ။ ဘယ်တော့မှလည်း ဖြေမည်မဟုတ်။

လမ်းက အတိတ်မှာကတည်းက ပြီးဆုံးခဲ့ပြီပဲ။ ဘယ်သူမှ မပြီးခဲ့ချင်လျှင်တောင် ကိုယ်တိုင်ကားလိပ်ချခဲ့တာမို့ အဟောင်းကို အသစ်ဖြစ်အောင် ပြန်မစချင်တော့ပါ။

တကယ်တော့ သူ့ရဲ့အောင်မြင်ကျော်ကြားမှုဟာ ဇွဲ့အတွက်တော့ မကြားချင်လည်း ကြားလျက်သားဖြစ်နေသည်။

တလောလေးတုန်းကတောင် ဖွေ့ဆိုင်က ကောင်မလေးက –

"မမ"

"ဘာလဲ ကေသီ"

"အခုလေ အကျော်ကြားဆုံး Hip Hop အဆိုတော်ကို သိလားဟင်"

"မသိပါဘူး ကေသီရယ်"

ဖွေ့ဆိုင်က စာရေးမလေးများသည် ဖွေ့နှင့် ပြောရဲဆိုရဲ တစ်ခါတလေ စဟယ် နောက်ဟယ်တော့ ရှိပါသည်။ ဖွေ့ကိုယ်တိုင်လည်း ဟန်ကြီးပန်ကြီးတစ်ခွဲသားနှင့် မနေတတ်ပါ။

တစ်ခါတလေ သူတို့လက်ဖက်သုပ်စားနေသည်ဆိုလျှင် အတူတူဝင်စားလိုက်သည်။ ဖွေ့ကိုယ်တိုင်လည်း ကျွေးစရာရှိလျှင် အားလုံး တန်းတူမခွဲခြားဘဲ ကျွေးသည်။ ဆိုင်မှာတော့ ဖွေ့ကို အစ်မလို၊ သူငယ်ချင်းလို ဆက်ဆံနိုင်သည်။ တစ်ခုတော့ရှိသည်၊ အလုပ်နှင့်ပတ်သက်လျှင်လည်း တိကျမှုကြိုက်သည်။ ဆုပေး၊ ဒဏ်ပေးစနစ်မို့ အားလုံးက ဖွေ့အပေါ် ချစ်ကြောက်ရိုသေရှိပါသည်။

အခုလည်း ဖွေ့နှင့် အနီးတကပ်နေရသော ကေသီက ဖွေ့အား မေးခွန်းထုတ်လာပါသည်။ အဲဒီမေးခွန်းကတော့ ဖွေ့အတွက် တော်တော် ရယ်စရာကောင်းလှပါသည်။

အမြဲတမ်း အလုပ်နှင့်အိမ်၊ အိမ်နှင့်အလုပ် ကူးလူးနေရသော ဖွေ့အတွက် သီချင်းနားထောင်ဖို့ မပြောနှင့် စာတစ်ပုဒ်တောင် ဆုံးအောင် မဖတ်နိုင်ခဲ့ပေ။





ဖွေ့ သီချင်းတွေကို နှစ်နှစ်ခြိုက်ခြိုက် နားထောင်ဖူးတဲ့အချိန်က (၁၀) တန်းဝန်းကျင်လောက်က ဖြစ်သည်။ အဲဒီတုန်းက ခေတ်စားခဲ့တဲ့အဆိုတော်တွေကလည်း ခရီးသွားငါးယောက်လို့ လူတွေသိကြသည့် ရင်ဂိုတို့၊ စည်သူလွင်တို့ နောက် ချောစုခင်တို့လောက်သာ သိသည်။ နောက်ပိုင်းအဆိုတော်တွေတော့ လုံးဝကိုမသိတော့ပါ။

"မမ စဉ်းစားကြည့်ပါဦး"

ဒီကလေးမကတော့ ဖွတ်ပဲလေ။ ဖွေ့ အပြုံးနှင့် ခေါင်းယမ်းကာ –

"မမ မသိပါဘူး ကေသီရယ်"

"ဟင် . . . မမကလဲ"

"အခု Hip Hop အဆိုတော်တွေထဲမှာ နာမည်ကြီးနေတာ အဆိုတော်ခွန်အားလေ မမရဲ့"

"ဘာ"

ဖွေ့ အလန့်တကြားနှင့် 'ဘာ' ဟု ရေရွတ်လိုက်သည်။ ကံကောင်းစွာ ဝယ်သူလာနေသဖြင့် ကေသီက ဖွေ့ရဲ့ 'ဘာ' ကို မကြားလိုက်ပေ။

ဖွေ့ ဦးနှောက်ထဲမှာတော့ ခွန်အားလေ။ ခွန်အား ဆိုသည့် စကားကသာ ပဲ့တင်ထပ်လျက်။

ဖွေ့ ခေါင်းယမ်းကာ စားပွဲပေါ် မျက်နှာမှောက်ထားမိသည်။

မင်း ဘာလို့ တို့ကို ဒီလောက်ထိ လိုက်နှောင့်ယှက်နေရတာလဲ ခွန်အားရယ်။

❁

# အခန်း (၂၃)

"ကိုကျော်ဇံရေ ထမင်းစားတော့မယ်။ ခုထက်ထိ ထမလာသေးဘူးလား။ ထမင်းစားတိုင်း ပင့်ဖိတ်နေရတယ်နော်"

"မေရယ် . . . မကြွတဲ့တုန်းကြီးများ ပင့်ဖိတ်နေရသေး။ မေ့ရဲ့လက်ရာကို အားပေးမယ့် သမီးတစ်ယောက်လုံးရှိပါတယ်နော်"

"အမယ်လေး . . . အဲဒီတစ်ယောက်က သာ၍ဆိုးသေး"

"မေနော်"

ဇော်က သမီးဦးမို့ အိမ်မှာတော့ တော်တော်လေး အလိုလိုက်ခံရ၊ ချစ်ခံရပါသည်။

သားငယ်လေးနှင့်လည်း (၇) နှစ်နီးပါးကွာတာလည်းပါမည်။ ဇော် ငယ်ငယ်တုန်းက ဖေဖေတို့မေမေတို့အပေါ် အတော်လေး ဆိုးနွဲ့ခဲ့ပါသည်။

မေမေက ဖေဖေ့အား "ကိုကို" ဟုခေါ်ပါသည်။ တကယ်တော့ မေမေတို့ရဲ့မေတ္တာရေးဇာတ်လမ်းကလည်း Romatic အတော်ဖြစ်သည့်ဇာတ်လမ်းတစ်ပုဒ်ဟု ဆိုနိုင်ပါသည်။





ဖေဖေနှင့်မေမေသည် အသက် (၁၀) နှစ်နီးပါးကွာပါသည်။ ဖေဖေက မေမေ့ထက် အသက် (၁၀) နှစ်ခန့်ကြီးသည်။ ဖေဖေက မေမေရဲ့ ဂိုက်ဆရာဖြစ်သည်။

နောက်တော့ မေမေ့မှာ ဆယ်တန်းလည်းအောင် ရည်းစားလည်းရ ဖြစ်သွားသည်တဲ့။

"ဟင် . . . မေကလည်း အဲဒါတော့ လွန်ပါတယ်နော်"

"အေးပါ . . . ပြောထားပါ။ ညည်းလေးကျမှ မေမေရေ ကူပါဦး။ ကယ်ပါဦး လာမလုပ်နဲ့"

"နီး . . . မလုပ်ပါဘူး"

နောက်တော့ ပိုက်ဆံရှိလူတန်းစားတို့ရဲ့ ထုံးစံအတိုင်း ဘိုးဘိုးဘွားဘွားတို့က သာမန်ဂိုက်ဆရာဖြစ်သည့် ဖေဖေနှင့် သဘောမတူဘူး ဘာညာနှင့် ဂုဏ်ရည်တူမိတ်ဆွေရဲ့သားဖြစ်သူနှင့် အတင်းစီစဉ်ပါလေရော။

သူဌေးသမီးကို တိုးခုန်၍ လှမ်းမချူလိုသောဖေဖေက လက်လျှော့နေပြီဖြစ်သော်လည်း မေမေကတော့ မင်္ဂလာပွဲကျင်းပမည့်နေ့၌ ဖေဖေ့နောက်သို့ ရအောင်လိုက်လာခဲ့သည်တဲ့။

"ဟင် . . . ဒါဆို မေက ဖေဖေ့ကို နိုးပြေးတဲ့သဘောပေါ့"

"ဟုတ်တယ် သမီးရေ ဟုတ်တယ်။ ဖေဖေတို့ ယောကျ်ားတွေရဲ့ဘဝက အဲသလို"

"ကိုကျော်ဇံနော် . . . သမီးကို ဘာလို့ မဟုတ်တရုတ်တွေ လျှောက်ပြောနေတာလဲ"

ဖေဖေ စနောက်ပြောနေမှန်းသိသိနှင့် မေမေက တကယ်ပင်

စိတ်ဆိုးပြလေသည်။ ဘာပဲဖြစ်ဖြစ် သူမတို့ရဲ့မိသားစုဘဝကတော့ အတော်လေးပျော်စရာကောင်းပါသည်။

ဇော် ငယ်ငယ်တုန်းက မေမေက ဖေဖေ့ကို 'ကိုကို' ဟုခေါ်၍ စကားပြောသည်ကို ဇော်ကမှတ်ထားပြီး –

"မေမေရေ ... ကိုကို ပြန်လာပြီ"

"ကိုကိုရေ ... မေမေက ထမင်းစားမယ်တဲ့"

စသဖြင့် ခေါ်ခဲ့သဖြင့် နောက်တော့ ဇော့်ရှေ့မှာ ဖေဖေ့ကို 'ကိုကို' ဟု လုံးဝမခေါ်ရဲတော့ဘူးတဲ့။ နောက်ကျတော့ 'ကိုကျော်ဇံ' ဆိုတဲ့နာမည်သာခေါ်ဖြစ်သည်။

ဇော်က အတော်ကို ပွေလီလွန်းတဲ့မိန်းကလေးပါ။ ဇော် မူလတန်းကျောင်းသူဘဝမှာ သားငယ်လေးသည် ဇော့်အတွက် ဆော့ကစားစရာ အရုပ်ကလေးတစ်ရုပ်လို ဖြစ်ခဲ့သည်။

တချို့ရှိပါသည်။ မောင်နှမ (၂) ယောက် အသက်အရွယ်တော်တော်ကွာလျှင် အကြီးက အငယ်ဖြစ်သူကို မုန်းတီးကာ မိဘမသိအောင် ရိုက်နှက်တတ်တာမျိုး ရှိသည်တဲ့။

ဇော်ကတော့ ထိုသို့မဟုတ်ပါ။ သေးငယ်လှသော သားငယ်လေးကို အမြဲတမ်း တပွေ့ပွေ့ရှိနေတတ်ကာ သူများတွေ ချီပွေ့မှာတောင် စိုးရိမ်ကာ ရန်လုပ်နေတတ်သူဖြစ်သည်။

ထို့ကြောင့် သားငယ်လေးသည် မေ့ရဲ့ရင်ခွင်မှာနေရတာ နည်းနည်း ဇော့်လက်ပေါ်မှာနေရတာက များများရယ်ပါ။

သူမတို့ရဲ့မိသားစုဘဝသည် ငြိမ်းအေးခဲ့ပါသည်။ ဖေဖေနှင့် မေမေသည် ဇော်တို့မောင်နှမ (၂) ယောက်အပေါ်ပဲ အချစ်တွေ ပုံအော





ပေးထားပါသည်။

ဖေဖေက အသောက်အစားမရှိ လူရိုးလူအေးဖြစ်ကာ မေမေကတော့ အရမ်းသွက်လက်ထက်မြက်သော အမျိုးသမီးတစ်ဦးဖြစ်သည်။ အိမ်မှာ မိသားစု စုံပြီဆိုလျှင် မေမေ့ရဲ့အသံက သူမတို့မိသားစုအတွက် ဆည်းလည်းသံပါ။ ဖေဖေကတော့ မေမေ ဘာပြောပြော ဘာလုပ်လုပ် တပြုံးပြုံး ရှိနေတတ်ပါသည်။

"လာပါပြီ မိမိရယ်"

မေမေ့ရဲ့ပျက်စောင်းကို ကျေကျေနပ်နပ် ခံယူပြီး ဖေဖေက ထမင်းစားခန်းထဲသို့ ဝင်လာသည်။

"သားကော"

"သမီးသွားခေါ်လိုက်မယ်"

"အေး ... အေး ဒီကလေးကတော့ အကျင့်ကိုပျက်နေပြီ။ နောက်တစ်ခါ တီဗီရှေ့ ထမင်းပန်းကန် ယူမစားခိုင်းတော့ဘူး။ မိသားစုလေးက ရှိတာဖြင့် နည်းနည်း"

မေမေက ပွစိ ပွစိ ပြောနေလေသည်။ မေမေပြောသည့်အတိုင်းပင် သားငယ်လေးက တီဗီဆိုမှ အကြည့်မခွာ။ ဒီ 'ဟယ်ရီပေါ်တာ' ကို ကြည့်ပြီးတာက အခါခါ။ အဲဒါကိုလည်း မငြီးမငွေ့နှင့် ထပ်ခါထပ်ခါ ကြည့်နေတတ်သည်။ သားငယ်လေးမပြောနှင့် ဇော်တောင် ဟယ်ရီပေါ်တာဇာတ်ကားကို မငြီးမငွေ့စတမ်း ကြည့်တတ်ပါသည်။

"ထမင်းစားတော့မယ့် သားငယ်လေး"

"ခဏလေး မမကြီး"

"အမယ်လေး ခဏလေးလည်း မလုပ်နဲ့ ခွဲပြီး ထမင်းပန်းကန် ယူလာခိုင်းဖို့လည်း မစဉ်းစားနဲ့။ မေက တီဗွီရှေ့မှာ ထမင်းပန်းကန် ယူမစားရတဲ့နော်"

"မေမေကလည်း"

"အံမယ် . . . မေမေကလည်း လုပ်မနေနဲ့ လာခဲ့"

သူမ ဆွဲခေါ်ရာနောက်သို့ သားငယ်လေးက ယက်ကန်ယက်ကန် ပါလာသည်။

သားငယ်လေးက (၆) တန်းနှင့်မလိုက်အောင် သေးညှပ်လွန်းသည်။ အမှန်တော့ သားငယ်လေးက လမစေ့ဘဲ မွေးတဲ့ကလေးမို့ ချူလည်းချူချာပါသည်။

ဖျားလျှင်ဖျား မဖျားလျှင်တောင် တစ်လမှာ အနည်းဆုံး နှာစေးချောင်းဆိုးလောက်တော့ ဖြစ်ကိုဖြစ်လိုက်သေးသည်။

"မီတို့သွားရင် သမီးတို့ကို ဘယ်လိုလုပ်ထားခဲ့ရမလဲ ကိုကျော်ဖ။ အဆင်မပြေရင်တော့ မီ နေခဲ့မှဖြစ်မယ်ထင်တယ်"

"မီကလည်း အဲဒီလိုတော့ ဘယ်ဖြစ်မလဲကွာ။ အခု ကိုယ်တို့သွားမှာက သာရေးမဟုတ်ဘူးလေ။ နာရေးဥစ္စာ။ မီနေခဲ့လို့ ဘယ်ဖြစ်မလဲ။ တစ်ပတ်လောက်ပဲကြာမှာ။ ဒီမှာ ဦးကြီးမောင်လည်းရှိနေတာပဲ"

"ဘယ်သွားဖို့လဲ မေ"

အချီအချပြောနေသော မေမေတို့ရဲ့စကားဝိုင်းထဲ ဇော် ဝင်ပါလိုက်သည်။ ဒီတော့မှ ဖေဖေ့ရဲ့အဒေါ် အသည်းအသန်ဖြစ်နေသဖြင့် သီပေါသို့ သွားရမည့်အကြောင်း သိရသည်။





မေမေ့မိဘတွေကတော့ သူတို့သဘောမတူသည့် ဖေဖေနှင့် ယူခဲ့သဖြင့် အမွေပြတ် စွန့်လွှတ်ခဲ့သည်။ တစ်မြို့တည်းမှာအတူနေကြသော်လည်း လမ်းတွေ့၍ မခေါ်မပြောနေနိုင်ဏ်။

ထို့ကြောင့် မေမေ့ဘက်က မိဘဆွေမျိုးများနှင့် ဇော်တို့ မိသားစုသည် ကင်းပြတ်၏။ ဖေဖေကျတော့လည်း ဖေဖေငယ်စဉ်ကတည်းက မိဘတွေ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကာ ကျေးမွေးပြုစုလာသော အဒေါ်တွေက တစ်နယ်တစ်ကျေးမှာ။

"သမီးလည်း အခု စာမေးပွဲပြီးလို့ ကျောင်းပိတ်ထားတာပဲ မေရဲ့။ သားငယ်လေးကို ကျောင်းပို့ဖို့ ထမင်းဘူးကိစ္စတွေ ဘာမှ မပူပါနဲ့။ ပြီးတော့ . . . ဖေဖေပြောသလို ဦးကြီးမောင်လည်း ရှိနေတာပဲ"

"ညည်းက ဘယ်တုန်းက မီးဖိုချောင်ဝင်လို့လဲ သမီးရယ်"

"ဟာ . . . မေကလည်း။ ပူမနေနဲ့။ သူ့ဘာသာသူ ဖြစ်သွားလိမ့်မယ်။ ထမင်းချက်တာလောက်၊ ကြက်ဥကြော်တာလောက်တော့ ဖြစ်ပါတယ်နော့် သားငယ်လေး"

"ဒါဆို သားက နေ့တိုင်း ကြက်ဥဟင်းနဲ့ပဲ ထမင်းထုပ်ရမယ်လို့ ပြောတာလား မမကြီး"

သားငယ်လေးရဲ့စကားကြောင့် သူမတို့အားလုံး ရယ်မောလိုက်ကြသည်။

ထိုနေ့က မိုးတွေက သဲသဲမဲမဲ ရွာနေခဲ့ပါသည်။ အကယ်၍များသော ဆိုးရွားသော ကံကြမ္မာတစ်ခု ရှေ့မှာရှိနေခဲ့မယ်ဆိုတာ သိခဲ့လျှင် မသွားပါနဲ့လို့ တားခဲ့မိမည်။

"ရာသီဥတုက မကောင်းဘူး သမီး။ သားလေးကို မိုးမမိစေနဲ့နော်။ သားကလည်း မမကြီး လာမကြိုသေးဘဲ မိုးရေထဲ ထွက်မဆော့နဲ့ ကြားလား။ နေမကောင်းဖြစ်ရင် မမကြီးတစ်ယောက်တည်း ဒုက္ခဖြစ်လိမ့်မယ်"

"ဟုတ်ကဲ့ မေမေ၊ သားအတွက် မုန့်တွေနဲ့ ကစားစရာတွေ ဝယ်လာခဲ့ပေးနော်"

"အေးပါ သားရယ်၊ သမီး"

"ရှင် မေမေ"

"မေမေတို့ အလွန်ဆုံးကြာရင် လေးငါးရက်ပဲ ကြားလား။ ညကြီးညတာ တံခါးကို သေချာလုံအောင်ပိတ်။ ဦးကြီးမောင်ရှိတယ် ဆိုပေမယ့် လုပ်းခေါ်ဖို့ကလည်း အဝေးကြီး။ အစစအရာအရာ သတိပြုရိယနဲ့နေနော်။ ဟုတ်လား"

မေမေ့ရဲ့ နောက်ဆုံးအမှာစကားလို့ ဇွဲ သတိမထားမိခဲ့ပါ။ အဲဒီအချိန်က သူမက (၁၇) နှစ်အရွယ် ပထမနှစ်ကျောင်းသူ၊ သားငယ်လေးက (၆) တန်းကျောင်းသားပဲရှိသေးသည်။

အစစအရာရာ မိဘ၏ စီမံအုပ်ချုပ်မှုအောက်တွင် ရှိနေခဲ့သေးသဖြင့် ပူပန်သောကဆိုသည်မှာ ချိုနှင့်လားမေးရလောက်အောင် သောကကင်းဝေးခဲ့ပါသည်။

"မေမေ သားမှာတာတွေ မမေ့နဲ့နော်"

ဖေဖေတို့ ကားပေါ်တက်သွားတာကို ကြည့်ပြီး ဇွဲတို့ လက်တပြပြနှင့် ကျန်ခဲ့ပါသည်။ ပြုံးပြုံးရွှင်ရွှင်နှင့်။

"သွားတော့မယ် သမီး"





ဆိုတဲ့ နှုတ်ဆက်စကားဟာ ထာဝရအတွက် ဖေဖေ့ရဲ့ နှုတ်ဆက်စကား ဖြစ်နေမယ်လို့ သိခဲ့ရင်။

မိုးတွေ သည်းသည်းမည်းမည်းကြားမှာ ဖေဖေတို့ကားလေး ပျောက်ကွယ်သွားတဲ့အထိကြည့်ပြီး ဇွဲတို့ မောင်နှမနှစ်ယောက် အိမ်ထဲသို့ ဝင်လာခဲ့ကြသည်။ မောင်နှမ (၂) ယောက် ဆိုဖာရှည်ပေါ်တွင် ပူးကပ်စွာထိုင်၍ စောင်ခြုံပြီး တီဗွီကြည့်နေကြသည်။

"မမကြီး"

"ဘာလဲ သားငယ်လေး"

သည်းထန်စွာ ရွာသွန်းနေသော မိုးသံလေသံများကြောင့် တစ်ယောက်ခေါ်သံတစ်ယောက် မကြားရသဖြင့် အော်ပြောနေရလုနီးပါး။ သားငယ်လေးက ဇွဲ ဘေးသို့ တိုးကပ်ရင်း –

"ကြောက်စရာကြီးနော်"

"အေးဟယ် ... လေကလည်း ဘယ်လိုဖြစ်နေလဲမသိဘူး။ ဒီနေ့ ဖေဖေတို့ ခရီးထွက်တော့မှပဲ"

လေရဲ့အသံတွေက ခေါ်သံလိုလို၊ အော်သံလိုလို ဝရောဝရောနှင့် တိုက်ခတ်နေသည်။ အိမ်ဘေးနားက ဒညင်းသီးပင်ရဲ့ အကိုင်းကလည်း လေဒဏ်မိုးဒဏ်တို့ကြောင့် တဖြောင်းဖြောင်း မြည်နေသည်မှာ ထိတ်လန့်စရာကောင်းလှပါသည်။

သူမကိုယ်တိုင်လည်း မကြောက်အောင် ဘယ်လိုပဲ အားတင်းတင်း ဒီနေ့မှာတော့ ကြောက်သလိုလို၊ လန့်သလိုလို။

အရင်တုန်းကလည်း မိုးကြိုးပစ်တာ၊ မိုးရွာတာကို ကြုံဖူးပါသည်။ သို့သော် အိမ်ထဲမှာ ဖေဖေတို့ မေမေတို့ ရှိနေတယ်ဆိုသော

အသိနှင့် ကြောက်လန့်စိတ်များ မဖြစ်ဖူးဘူးပါ။ ယခုတော့ ဇွဲကသားငယ်လေးနှင့်စာရင် လူကြီးဖြစ်နေသောကြောင့် မကြောက်ချင်ယောင်ဆောင်နေခဲ့ရသည်။

"ဝရော"

"ဝုန်း"

"ခွမ်း"

"ဟင်"

တံခါးက လေ၏အရှိန်ကြောင့် ဆွဲဆောင့်ဖွင့်လိုက်သလိုဖြစ်သွားကာ နံရံတွင် ချိတ်ထားသော ဖေဖေနှင့်မေမေတို့ရဲ့ မင်္ဂလာဦးဓာတ်ပုံကို တိုးတိုက်ပစ်လိုက်သည်။ အရှိန်နှင့် ကြမ်းပြင်ပေါ်သို့ ကျသွားသောဓာတ်ပုံ၏မြည်သံမှာ ခွမ်းခနဲ ဖြစ်သွားလေသည်။ ဇွဲနှင့်သားငယ်လေး ဓာတ်ပုံရှိရာသို့ အပြေးလာကာ ယူကြည့်လိုက်သည်။ ဓာတ်ပုံမှန်ပေါင်တို့သည် ကွဲကြေမွအပ်နေလေသည်။ ဇွဲနှင့်သားငယ်လေးဘာကိုမှန်းမသိ ထိတ်လန့်စွာ ငိုကြွေးမိကြသည်။

"ဟီး ဟီး ဟီး"

"မမကြီး သား ကြောက်တယ် ... ဟီး"

သားငယ်လေးက ဇွဲကို အတင်းဖက်ရင်း ငိုနေတော့သည်မှာ မတိတ်တော့ပေ။

"ဖေဖေနဲ့မေမေ ဘာမှမဖြစ်ပါစေနဲ့ ... ဘုရား ဘုရား"

စိတ်ထဲက ကျိတ်ဆုတောင်းရင်း တတ်သလောက် မှတ်သလောက်သော ဘုရားစာတွေကို တတွတ်တွတ် ရွတ်ဆိုနေမိတော့သည်။





"ကလင် ကလင်"

"အမယ်လေး"

ကိုယ့်အတွေးတွေနှင့်ကိုယ် ရှိနေဆဲမှာ ထမြည်လာသောဖုန်းသံကလည်း ခြောက်လန့်သံနှင့်တူနေ၏။ ဖုန်းကလေးကတော့ အတော်ကြာ အော်မြည်နေဆဲ။ ဇွဲ သားငယ်လေးကို လွှတ်ပြီး ဖုန်းကိုကောက်ကိုင်လိုက်၏။

"ဟယ်လို"

"----"

"ဟုတ် ... ဟုတ်ကဲ့ပါရှင့်"

"----"

"ရှင်"

# အခန်း (၂၄)

ဖဠ်လက်ထဲက ဖုန်းလေး လွတ်ကျသွားသည်။ ကြားလိုက်ရသော စကားက တစ်ခွန်းတည်းပေမယ့် နားစည်ဝဠ် ပလူပျံနေသလိုလို။ မဟုတ်ပါစေနှင့် မဖြစ်နိုင်ပါဟု ကယောင်ကတမ်း ခေါင်းခါမိလိုက်သော်လည်း –

တဒင်္ဂအတွင်းမှာ ဖဠ် ရူးသွပ်သွားချင်သလိုလို။ ဘုရားရေ ဒါကို အမှန်တရားဆိုတာ ဖဠ် ဘယ်လို အင်အားတွေနှင့် လက်ခံလိုက်ရမည်နည်း။

ကြည့်ပါဦး။ အိမ်ကနေ ပျော်ပျော်ရွှင်ရွှင်နှင့် ထွက်သွားကြတဲ့ ဖေဖေနှင့် မေမေက မြို့အထွက်မှာ ကားအက်ဆီးဒင့်ဖြစ်လို့တဲ့။ ဆေးရုံကြီးက ဖုန်းဆက်ကာ လှမ်းခေါ်လေပြီ။ ဒါ တကယ်ပဲလား။

"မမကြီး"

"––––"

"မမကြီး ဘာဖြစ်တာလဲ၊ ဘာတဲ့လဲ"





"ဟင်"

ဖဠ် သားငယ်လေးကို မေ့လျော့ကာ ငူငူငိုင်ငိုင်နှင့် ကြောင်တောင်တောင် ဖြစ်သွားသည်။ သားငယ်လေးက ဖဠ်လက်မောင်းကို အတင်းလှုပ်ယမ်းခေါ်တော့မှ ဖဠ် အသိဝင်လာခဲ့၏။

သားငယ်လေးရဲ့မျက်နှာမှာတော့ ဖဠ်ရဲ့မျက်နှာမှာပါ မျက်ရည်တွေ ဗရပွ။ သားငယ်လေးရဲ့ အမောတကော အမေးစကားကို မဖြေကြားနိုင်။ ဖဠ် ရူးသွပ်နေသူတစ်ယောက်လို ပြေးထွက်ခဲ့သည်။

ကျောနောက်ဘက်မှ သားငယ်လေးရဲ့အော်ခေါ်သံတွေ။

"မမကြီး . . . မမကြီး"

"––––––"

"သားကိုစောင့်ပါဦး . . . ဟီး ဟီး"

ဖဠ် မိုးသည်းသည်းထဲ အံတုကာ ထွက်ပြေးလာခဲ့သည်။ ပါးပြင်ထက်ကမျက်ရည်စတို့သည် မိုးရေတွေနှင့်အတူ ရောနှောကုန်လေပြီ။

ဒီချိန်မှာ ချမ်းရကောင်းမှန်းလည်းမသိ၊ စိုရွှဲနေခြင်းကိုလည်း မခံစားမိတော့ပေ။ ဖဠ်ရဲ့ ဦးတည်ရာက ဦးကြီးမောင်ရှိသော ကားဂိုဒေါင်ဘက်ဆီသို့ ဖြစ်သည်။

"ဦးကြီးမောင်ရေ . . . ဦးကြီးမောင်"

မိုးသည်းသည်းမည်းမည်းထဲမှာ ဖဠ်အော်သံဟာ တုန်ခါပြီး ပျံ့နှံ့သွားခဲ့သည်။ ကားဂိုဒေါင်အပေါ်က ထပ်ခိုးတံခါးလေး ပွင့်လာကာ –

"ဟင် . . . ဘာဖြစ်တာလဲ သမီး"

မိုးရေထဲမှာ ထီးမပါ ဘာမပါနှင့် ပြေးလွှားအော်ဟစ်နေသော ဇော်ပုံစံကြောင့် ဦးကြီးမောင်က ထပ်မိုးထက်ကနေ လျင်မြန်စွာ ဆင်းလာခဲ့သည်။

ဒီချိန်မှာ ဘယ်သူမှ မိုးရွာခြင်းကို ဂရုမစိုက်နိုင်တော့ပေ။ လတ်တလောမှာ ဦးကြီးမောင်ကသာ လူကြီးတစ်ယောက် ဖြစ်နေသဖြင့် ဇော် ဦးကြီးမောင်အား အားကိုးတကြီးဖြင့် –

"ဦးကြီးမောင်"

"သမီး"

"ဖေဖေနဲ့မေမေ ကားအက်ဆီးဒင့်ဖြစ်လို့တဲ့"

"ဟင်"

ဦးကြီးမောင်ရဲ့ အာမေဋိတ်အသံနှင့်အတူ ဇော်နှင့်သားငယ်လေးရဲ့ ငိုသံဟာလည်း တဖြည်းဖြည်း ကျယ်လောင်လာသည်။

"ဘယ် ... ဘယ်လိုဖြစ်ပြီး"

"ဆေးရုံက ဖုန်းဆက်လာ ... တာ"

ထိုစကားကိုတော့ ဇော် အားယူကာ အနိုင်နိုင်ပြောလိုက်ခြင်းရယ်ပါ။

"ကဲ ကဲ ... လာ ဒါဆို ဆေးရုံကို အမြန်ဆုံးလိုက်သွားမှဖြစ်မှာပေါ့ ကလေးတို့ရဲ့"

ခုချိန်မှာ ဦးကြီးမောင်ရဲ့စကားကို ဇော်တို့ နာခံကြမိသည်။

ဦးကြီးမောင် မောင်းလာသောကားလေးသည် တရိပ်ရိပ်နှင့် ဆေးရုံကြီးရှိရာသို့ ဦးတည်နေလေသည်။ ဦးကြီးမောင်က တစ်ယောက်ကိုတစ်ယောက်ဖက်၍ မျက်ရည်ကျနေသော မောင်နှမ (၂)





ယောက်ကိုကြည့်ပြီး ဆရာနှင့် ဆရာကတော် ဘာမှမဖြစ်ပါစေနှင့်ဟု ကျိတ်ဆုတောင်းမိပါသည်။

ခါတိုင်း ဆရာဖြစ်စေ ဆရာကတော်ဖြစ်စေ အလုပ်သွားသွား အပြင်သွားသွား သူပဲ ကားမောင်းပြီးလိုက်ပို့ခဲ့ရတာတွေချည်းပါပဲ။ ဒီနေ့ကျတော့ ဆရာနှင့်ဆရာကတော်က ရပ်ဝေးခရီးကို သွားမှာဖြစ်သောကြောင့် ကားကိုယူသွားကြသည်။

လိုက်ပို့စရာမလိုတာတော့ မိုးတွေရွာနေတာတွေကြောင့်ပါ။ သူ အပြင်ကို မထွက်မိခြင်းရယ်ပါ။ အခု ခုတော့ ဘယ်လိုဖြစ်ပြီး"

ဆေးရုံရှေ့သို့ ကားရပ်သည်နှင့် ဇော်နှင့်သားငယ်လေး ကားပေါ်က လျင်မြန်စွာဆင်းပြီး တွေ့သည့်ဆရာမအား မေးရသည်။

သူနာပြုဆရာမ ညွှန်ပြရာဆီသို့ ဇော်တို့မောင်နှမ (၂) ယောက် အူယားဖားယား ပြေးလာခဲ့ကြသည်။

"မေမေ"

"ဖေဖေ"

ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ဖေဖေနှင့်မေမေ့ကို ယှဉ်တွဲမြင်လိုက်ရသောအခါ သူမတို့မောင်နှမတွေ ဘာဆိုဘာမှမမြင်နိုင်တော့ပေ။ ဆရာဝန်ကြီးတွေ၊ သူနာပြုတွေကိုလည်း ဂရုမစိုက်နိုင်တော့ပေ။ အိမ်ကအထွက် ပြုံးပြုံးရွှင်ရွှင်နှင့် လက်ပြသွားခဲ့သော ဖေဖေသည် ငြိမ်သက်စွာနှင့် ဇော်တို့မောင်နှမကို စောင့်ကြိုနေခဲ့၏။ မောင်းသူဘက်တွင်ရှိခဲ့သော ဖေဖေသည် ပွဲချင်းပြီးဆုံးသတဲ့။

နွတ်ခမ်းတလှုပ်လှုပ် မျက်တောင်တခတ်ခတ်နှင့် ဝေဒနာကြားမှာ အသက်ကို ခဲရာခဲဆစ် ဆွဲဆန့်ရင်း ဇော်တို့အလာကို စောင့်

ကြိုနေဟန်တူ၏။ ဇော် မေမေ့အနားသို့ လျင်မြန်စွာ ပြေးကပ်သွားကာ

"မေ မေ ဘာမှမဖြစ်ဘူး။ အားတင်းထားနော်"

"သ သမီး"

ဇော် ဆုပ်ကိုင်ထားသောလက်ကို ရှိသမျှအားလေးနှင့် ဖျစ်ညှစ်ကာ ဆုပ်ကိုင်ဖို့ကြိုးစားရင်း မေမေ့ရင် ခေါင်းသံက တိုးလျှစွာ။ ဒဏ်ရာတွေနှင့် သွေးတွေနှင့် ဆိုးရွားလှသော အနေအထားကိုကြည့်ရင်း ဇော် တစ်စုံတစ်ရာကို ရိပ်မိသိရှိလိုက်သလိုလို။

"ဟင့်အင်း ... မေမေ ဘာမှမဖြစ်ရဘူး။ ဇော်တို့ကိုသနားပါမေရယ်။ မေ ဘာမှမဖြစ်ရဘူးနော်"

"မေမေ့ကိုယ်မေမေသိတယ် သမီး"

"မေမေ ... ဟီးဟီး"

သားငယ်လေးက တစ်ဖက်မှာ မေမေ့ရဲ့လက်မောင်းကို မျက်နှာလေးနှင့် ပွတ်တိုက်ကာ ငိုရှိုက်လေသည်။ မေမေက ဝေဒနာကြားမှာ သားငယ်လေးကို အားတင်းကြည့်လိုက်သည်။

လက်တစ်ဖက်ကိုမြှောက်၍ သားငယ်လေးရဲ့ဦးခေါင်းကို ကိုင်ဖို့ ကြိုးစားသော်လည်း မတတ်နိုင်တော့ချေ။ ထို့ကြောင့် မျက်ရည်တချို့ပြုံဆင်းရင်း –

"သ သမီး မောင် မောင်လေးကို စောင့် စောင့်ရှောက်ပါ"

"မေ့"

ဇော် ငိုသံကြီးနှင့် အသံတို့ ပျောက်ရှသွား၏။ ထို့ကြောင့် အားတင်းကာ ခေါင်းပဲညိတ်မိတော့သည်။ ပြောစရာစကားတွေ အများကြီးရှိနေသော်လည်း ပြောလို့က မထွက်။





သေသူထက် ရှင်လူရဲ့ နောက်ဆုံးစကားလုံးတို့သည် လွန်စွာ အရေးကြီးနေသဖြင့် တစ်ဖက်တွင် ငြိမ်သက်စွာ လဲလျောင်းနေသော ဖေဖေ့ဆီသို့ ခေတ္တ မေ့လျော့ထားမိ၏။

မေမေ့ရဲ့မျက်နှာက တဖြည်းဖြည်း ရှုံ့မဲ့လာကာ –

"မေ မေ စိတ်ချပါ ရ"

"မေ"

"မေမေ"

မေမေ့ရဲ့စကားလုံးတို့သည် ကောင်းမွန်အဆုံးသတ်ခွင့် မရလိုက်ပေ။ ပွင့်ဟနေသော နှုတ်ခမ်းတို့ မှိတ်သွားခြင်းမရှိသော မျက်လုံးတို့က သားငယ်လေးရဲ့မျက်နှာထက်မှာပဲ ငြိမ်သက်စွာ။

ငြင်သာပျော့ပျောင်းစွာ ထွက်သွားခဲ့တာ ဟုတ်ပါရဲ့လား မေမေရယ်။ အဆုံးသတ်ခွင့်မရလိုက်တဲ့ စကားလုံးတွေကြားမှာ ဇော်တို့ မောင်နှမကို စိတ်မချခြင်းတွေပါနေတာ ပြောမသွားခဲ့ပေမယ့် အသေချာကြီးသိနေခဲ့ပါတယ်။

ဆေးရုံထက်တွင် ဇော်တို့မောင်နှမ (၂) ယောက်ရဲ့ ငိုရှိုက်သံတွေက အနိမ့်အမြင့် မညီညာစွာ ပျံ့လွင့်နေလေတော့၏။

❁

## အခန်း (၂၅)

တကယ် သွေးတော်သားစပ်သည့် ဆွေမျိုးတွေများကျတော့လည်း ရေကို ဓားနှင့်ခုတ်လို့ ပြတ်ချင်မှပြတ်မည်။ သူတို့တွေများကျတော့လည်း ပြတ်နိုင်လွန်းပါသည်။

ဇင်ကတော့ သူတို့တွေအပေါ် မျှော်ကိုးတာမျိုး မဟုတ်ပေမယ့် နေနိုင်လွန်းတာကိုတော့ ညြချလောက်မိသည်။ တစ်ခုတော့ကောင်းပါ၏။

အခုရှုပ်မှ နောက်ရှင်း သူတို့ဘက်ကလည်း ပြတ်သားနိုင်မှတော့ ဇင်တို့ကလည်း မျက်နှာချင်းဆိုင်တွေ့လျှင်တောင် သူစိမ်းတွေလို အားနာစရာမလို။ မျက်နှာလွှဲသွား၍ ရတာပေါ့လေ။

မဟုတ်လျှင် ရှေ့တစ်မျိုးခေါ်၊ ကွယ်ရာတစ်မျိုးပြောနေတတ်သူများဆိုလျှင်တော့ သူမတို့ဘက်က အလွန်ဖြစ်နေပေလိမ့်မည်။

နောက်စကားပုံလေးတစ်ခုကိုလည်း အတော့်ကို လက်ခံမိပါသည်။ ဘာတဲ့ ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်းဆိုသည့် စကားပုံလေးကိုပါ။





ကိုယ်တွေရဲ့ ဆွေမျိုးတွေက မသိသလို နေနိုင်ခဲ့ပေမယ့် ဆွေမျိုးမတော်သော သူစိမ်းတွေဆီက အကူအညီ များစွာရသည်။ အားပေးမှုတွေကော၊ ဖေးမမှုတွေကော ရခဲ့ပါသည်။ ဒီတော့လည်း ဆွေမျိုးဆိုတာတွေက ဆွေမျိုးမဟုတ်။ ရွှေရုံ ဂုဏ်ရှိမှသာ အမျိုးတော်ချင်သူရယ်တွေပါလို့။

ဖေဖေတို့ကို ရက်လည်ပြီးသောအခါ ဖေဖေတို့နှင့် လုပ်ငန်းစပ်တူလုပ်သော ဦးနိုင်အောင်တို့ ဖနီးမောင်နှံက ဇင်တို့မောင်နှမ (၂) ယောက်၏ ရှေ့ရေးကိစ္စတွေကို တိုင်ပင်ခဲ့ကြသည်။

ဇင်တို့မောင်နှမ (၂) ယောက်တည်း ရှေ့လျှောက် ဘယ်လို ရပ်တည်သွားကြမလဲဆိုသည့်ကိစ္စနှင့် ပတ်သက်ပြီး အဓိကပြောဖြစ်၊ တိုင်ပင်ဖြစ်ကြပါသည်။

"ကဲ သမီး ... သမီးတို့ ဘာဆက်လုပ်ချင်လဲ ပြော။ ဦးတို့ တတ်နိုင်တာတွေ ကူညီပေးမယ်"

"ဦး ဘာကိုပြောတာလဲ မသိဘူး"

ဦးနိုင်အောင်ရဲ့မေးခွန်းကို ဇင် နားမလည်သဖြင့် ပြန်မေးမိသည်။ ဟုတ်ပါတယ်။ ဦးနိုင်အောင် ကူညီပေးမယ်၊ ဇင်တို့ ဘာတွေ ရှေ့ဆက်လုပ်ရမလဲဆိုသည့်ကိစ္စနှင့် ပတ်သက်၍ ဘာမှ မစဉ်းစားရသေး။ မတွေးတောရသေးသဖြင့် ပြန်မေးမိခြင်းရယ်ပါ။

လုပ်ငန်းကိစ္စကို မပြောနှင့် အိမ်တွင်းမှုကိစ္စမှာတောင် ဇင် ဘာမှ ဝင်မလုပ်ခဲ့ရဖူးသဖြင့် လက်တွေ့ဘဝထဲ ကွင်းဆင်းရမယ်ဆိုတော့ ခြေဗလာနဲ့ဆင်းရမလား။ လက်နက်ကိရိယာတွေ ဆောင်ရွက်ရမလဲ နားမလည်ပါ။

ခုချိန်မှာ ဖေဖေနှင့်မေမေကို အရမ်းကြီး အောက်မေ့တမ်းတမိသော်လည်း လက်ရှိဖြစ်နေသော အနေအထားနှင့် အမှန်တရားကို ဇွဲ့ အရှိအရှိအတိုင်း လက်ခံရပေမည်။

"သမီးရဲ့ကျောင်းကိစ္စကိုပဲ အဓိက ပြောကြတာပေါ့။ သမီးက အခု ဒုတိယနှစ်တက်မှာနော်"

"ဟုတ်ကဲ့ပါ ဦး"

"ကျောင်းကတော့ တက်ရမှာပေါ့။ လုပ်ငန်းကိစ္စကိုတော့ သမီး ကျောင်းမပြီးမချင်း ဦးတို့နဲ့ပဲ တွဲထားမလား။ ဘယ်လိုဖြစ်ချင်လဲ"

မေးခွန်းပမာဏက အရမ်းကိုကြီးမားလွန်းနေ၏။ မေရေလို့သာ တပြီး ငိုချတော့သည်။ မေမေရှိတုန်းက ငွေဆိုတာ မေမေ ပိုက်ဆံအိတ်ထဲက ထွက်လာတာပဲသိသည်။ မေမေတို့ရဲ့ လုပ်ငန်း အခြေအနေ ဘယ်လိုရှိသလဲ၊ တိုးတက်နေလား အဆင်ပြေနေလား ဆိုတာ စပ်စုဖို့ မကြိုးစားခဲ့သလို သိဖို့လည်း မလိုအပ်ဟု ယူဆခဲ့သည်။

အဲဒီလို သိဖို့မကြိုးစားခဲ့၍ ခုတော့ အခက်အခဲကြီးတစ်ခုနှင့် ရင်ဆိုင်နေရပြီလား။ ဇွဲ့ ခေါင်းငုံ့ကာ အကြာကြီးငြိမ်သက်နေမိကာ လက်ချောင်းတွေကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိသည်။

ဇွဲ့ တစ်ခုခုကိုတော့ တိတိကျကျ ဆုံးဖြတ်ရပေလိမ့်မည်။

ဇွဲ့အာရုံထဲမှာ မေမေ့ရဲ့ နောက်ဆုံးထွက်သက်မတိုင်ခင် ပြောခဲ့သော စကားလုံးလေးတွေကို ပီသထင်ရှားစွာ ကြားယောင်မိသည်။

"သားငယ်လေးကို စောင့်ရှောက်ပါတဲ့" စိတ်ချပါ မေမေရယ်





ဇွဲ့ဘဝကို သားငယ်လေးရဲ့ရှေ့မှာ ဒိုင်းသဖွယ်ကာပြီး ကာကွယ်စောင့်ရှောက်သွားမှာပါ။

ဇွဲ့ ဝဲတက်လာသော မျက်ရည်တွေကို မျက်တောင်တဖြတ်ဖြတ်ခတ်ထိန်းကာ ဦးနိုင်အောင်ကို မော့ကြည့်လိုက်သည်။

"ဇွဲ့ အဝေးသင်ပြောင်းတက်မယ် ဦး"

မထင်မှတ်ထားသော စကားကြောင့် ဦးနိုင်အောင် မျက်လုံးပြူးကာ သူ့ဇနီးကို လှမ်းကြည့်လေသည်။

"ဘယ်လို သမီး။ အဲဒါ သမီးရဲ့ဆုံးဖြတ်ချက်လား။ စိတ်ကူးယဉ်မှုလား"

"ဇွဲ့ စိတ်ကူးယဉ်နေတာ မဟုတ်ပါဘူး ဦး။ ဇွဲ့ဆုံးဖြတ်ချက်ပါ"

"အဲဒါက ဆုံးဖြတ်ချက်တော့ မဖြစ်သင့်ဘူးလို့ ဦး ထင်တယ်။ သမီးရဲ့အရွယ်က ပညာကို အေးအေးဆေးဆေး သင်ရမယ့် အရွယ်နော်။ ကျောင်းပြီးမှ လုပ်ငန်းခွင်ဝင်တာဟာ အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ဦးကတော့ ယူဆတယ်"

"ဇွဲ့ ဆုံးဖြတ်ချက်ကို မပြင်ပါရစေနဲ့ဦး"

ခေါင်းမာလှသောဇွဲ့ကို ကြည့်ပြီး တစ်ခုခုပြောရန် ပါးစပ်ဟလိုက်သော ဦးနိုင်အောင်အား သူ့ဇနီးက မျက်ရိပ်လှမ်းပြလိုက်သဖြင့်

"ဟင်း . . . အင်းလေ၊ ဒါကတော့ သမီးသဘောပါပဲ။ ဦးတားနေတယ်ဆိုတာ သမီးကို ဦးတို့ လက်တွဲမခေါ်ချင်လို့ မသင်ပေးချင်လို့ မဟုတ်ဘူးနော်။ သမီးအတွက် အတွေ့အကြုံ သင်ခန်းစာယူဖို့ အကြောင်းအရာတွေ အများကြီးရှိနေသေးလို့ မလုပ်စေချင်တာ"

ဇင့် အားတင်းပြုံးပြုံး ခေါင်းယမ်းလိုက်သည်။

"ဇင့်ကိုခွင့်ပြုပါ ဦးနိုင်။ ဇင့် ဦးနိုင်တို့ကို မယုံလို့ လုံးဝ မဟုတ်ပါဘူး။ ဇင့် ဦးနိုင်တို့ကို အားကိုးပါတယ်။ ဒါပေမဲ့ ကျောင်းကိစ္စက စဉ်းစားမယ်ဆိုရင် ဒေးနဲ့အဝေးသင်ဆိုတဲ့ ကန့်သတ်ချက်တစ်ခုပဲ ရှိတာပဲ။ ရတဲ့ဘွဲ့ချင်းကတော့ အတူတူပါပဲ။ ဇင်သာ အဝေးသင် ပြောင်းလိုက်မယ်ဆိုရင် အချိန်ပိုတွေ အများကြီးထွက်လာမှာပါ"

"သမီးရယ် . . . ဒါပေမဲ့"

"ဦးနိုင်တို့စေတနာကို ဇင့် နားလည်ပါတယ်။ ဒါပေမဲ့ ဒီလိုမှ မလုပ်ရင် ဘယ်ဖြစ်မလဲ ဦးနိုင်ရယ်။ တစ်ခုကိုလိုချင်တယ်ဆို နောက်တစ်ခုကို စွန့်လွှတ်ရတာက ထုံးစံပဲလေ။ ဇင့်နားလည်ပါတယ်။ ပိုနေတဲ့ အချိန်တွေမှာ ဇင့် ဦးနိုင်တို့ဆီက ပညာတွေ သင်ယူလို့ရတာပဲလေ။ ဇင့်အပေါ် စေတနာထားပေးတဲ့ ဦးနိုင်တို့အပေါ် ဇင့် ကျေးဇူးလည်း တင်ပါတယ်"

ဘာမှဝင်မပြောဘဲ တစ်ချိန်လုံး ငြိမ်သက်စွာထိုင်နေသော ဦးနိုင်ရဲ့အမျိုးသမီးကတောင် စိတ်အားထက်သန်နေသော ဇင့်ပုံစံကြောင့် –

"ဟုတ်သားပဲ ကိုရယ်။ ဘာပဲဖြစ်ဖြစ် သမီးက ဖြစ်သင့်ဖြစ်ထိုက်တာကို ရွေးချယ်နေပြီပဲ။ နွဲ့တို့က ဘေးကနေ မြေတောင်မြှောက်အားပေးရမှာပဲ မဟုတ်လား။ အတတ်ပညာတစ်ခုဆိုတာ ငယ်တုန်း ရွယ်တုန်း စိတ်ဝင်စားတုန်း သင်ထားတော့ ပိုပြီးကောင်းတာပေါ့။ သမီးရဲ့ရွေးချယ်မှုက မှန်ကန်ပါတယ်ကွယ်။ ဖြစ်သင့်ဖြစ်ထိုက်တာကို ရွေးချယ်တတ်တဲ့ သမီးရဲ့ ရွေးချယ်မှုက မမှားပါဘူး"





ဒီလိုနှင့် ဆွေးနွေးတိုင်ပင်မှုပွဲလေးသည် အဆုံးသတ်သွားခဲ့သည်။

ဇင့်ရဲ့အနေအထားသည် မေမေတို့ရှိစဉ်က အနေအထားနှင့် လုံးဝ ဆန့်ကျင်ပြောင်းလဲသွားခဲ့သည်။ ဇင့်ရဲ့အားလပ်ချိန်မှန်သမျှကို အလုပ်ထဲ နှစ်ထားကာ သားငယ်လေးကိုလည်း အရင်ကထက် ပိုပြီး ဂရုစိုက်ခဲ့ပါသည်။

အိမ်မှာ ချက်ပြုတ်ဖို့ အဒေါ်ကြီးတစ်ယောက်ကိုတော့ အန်တီနွဲ့က စိတ်ချရသည့် အဒေါ်ကြီးတစ်ယောက်ကို သေချာရွေးချယ်ရှာဖွေပြီး ဇင့်တို့အိမ်သို့ ပို့ပေးခဲ့သည်။

အဝေးသင် (စာပေးစာယူ) ပြောင်းတော့မှပဲ ဇင့် မေမေတို့ကို ပြင်းပြင်းပြပြ သတိရမိသည်။ သူများတွေ မိဘဆီ လက်ဖြန့်တောင်းသုံးနေရသည့်အချိန် ဇင့်က လုပ်ငန်းခွင်သို့ အစောဆုံးဝင်ရောက်ခဲ့ရသည်။

အတွေ့အကြုံဟာ ဘဝရဲ့ဆရာဖြစ်ပေမယ့် အဲဒီအတွေ့အကြုံကောင်းတွေရဖို့ ဇင့် ထိုးကျွေးလိုက်ရသည့်အရာတွေကတော့ ဇင့်ရဲ့ လွတ်လပ်သောအချိန်နှင့် အရွယ်ပင်ဖြစ်သည်။

"မေမေ့ကို လွမ်းလိုက်တာ မမကြီးရယ်"

"ဖေဖေသာရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ"

စသဖြင့်သော စကားလုံးတွေ သားငယ်လေးရဲ့နှုတ်ဖျားမှ ထွက်တိုင်း ဇင့် ရင်နာရပါ၏။ ဇင့်ကိုယ်တိုင်တောင် တစ်ခါတလေ အော်ဟစ်ငိုပစ်ချင်သော အနေအထားမို့ သားငယ်လေးရဲ့ တမ်းတမှုတွေကို အပြစ်မဖွဲ့သာ။

တစ်ခါတလေ ရောက်ရှိနေသော အခြေအနေဟာ ပျော်ရွှင်စရာ မကောင်းဘူးဟု ထင်စရာရှိသော်လည်း သားငယ်လေးကို မြင်လိုက်ရလျှင် ဒီရဲ့သောကတွေဟာ ပိန်းကြာရွက်ပေါ်တွင် ရေမတင်သကဲ့သို့ လျောခနဲ ဖြစ်သွားတတ်စမြဲပင်။

သားငယ်လေးကလည်း ဇင့်အပေါ် အရင်တုန်းကထက် ပို၍ တွယ်တာလာခဲ့သည်။

ဘာပဲဖြစ်ဖြစ် မမကြီး။ ဘာပဲလုပ်လုပ် မမကြီးနှင့် ဇင့်ကိုသာ တိုင်ပင်ရာ ကိုးကွယ်ရာဖြစ်လာတော့သည်။

ဇင့်အတွက်တော့ အနှောင့်အယှက်ဖြစ်စရာအကြောင်းတရားတွေကိုတော့ ပုံစံအမျိုးမျိုး။ အနေအထားအမျိုးမျိုးနှင့် ကြုံခဲ့ရလေသည်။

ရွယ်တူကြားမှာပဲဖြစ်ဖြစ်၊ ငယ်သူတွေကြားမှာပဲဖြစ်ဖြစ်၊ ကြီးသူတွေကြားမှာပဲဖြစ်ဖြစ် သူတို့တွေရဲ့ ခနိုးခနဲ့စကားတွေ၊ ရိသဲ့သဲ့စကားတွေကို မကြားချင်မှအဆုံး။

ဥပမာ–ယောကျ်ားရင့်မာတွေကိုပဲကြည့်ပေါ့။ တချို့သော ယောကျ်ားတွေက ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေးလုပ်ငန်းထဲသို့ ဝင်ရောက်လာသော ဇင့်ကို ငံသွားတိုးစမ်းကြပါသည်။

တချို့ကျတော့လည်း အချောင်ရမလားလို့ စမ်းသူစမ်း။ မရရင်လည်း ဘာမှမဖြစ်ဘူး။ အရှုံးမရှိဘူး။ ရတော့လည်း အမြတ်ဆိုတဲ့ လူညံ့တွေရဲ့ နှမသားချင်း မစာနာတဲ့လူတွေကလည်း ပေါမှပေါ၊ များမှများ။

ဇင့်အဖြစ်က ဘယ်လိုပုံရိုင်းနှိုင်းရမလဲတောင် မသိတော့ပေ။





သစ်ပင်ခပ်မြင့်မြင့်ပေါ်မှာ သီးနေသော သစ်သီးတစ်လုံးပဲ ဆိုပါတော့။ ကြမ်းတမ်းသော လေဒဏ်ကိုလည်း ခံရ၊ မုန်တိုင်းလည်းတိုက်ခံရ၊ တော်ကြာ မလိုတဲ့ မိန်းမတွေရဲ့ကြားမှာလည်း အပုတ်ချခြင်း ခံရပြန်၏။

တစ်ခါတလေ လောကကြီးက စိတ်နာစရာတွေ၊ လူသားချင်း စာနာထောက်ထားမှုတွေ ပျောက်ပျက်နေပါလားဟုပင် မှတ်ထင်မိပါသည်။

ဇင့်အတွက်တော့ ရွယ်တူတိုင်ပင်ဖော် တိုင်ပင်ဖက် သူငယ်ချင်းပင် မရှိတော့ချေ။ ကိုယ့်ရဲ့ ပြောချင်သမျှ စကားလုံးတွေကို ရင်ထဲအတွေးထဲမှာသာပြော၊ မျိုသိပ်ထားမိတာတွေကလည်း အကျင့်တစ်ခုလို ဖြစ်သွားခဲ့သည်။ တော်ရုံလူတွေရဲ့ အတင်းအဖျင်းစကားလောက်ကို ခြင်ကိုက်သလိုပင် အလေးမထားမိတော့ပေ။

"သည်းခံခြင်းဟာ အောင်မြင်ခြင်း" ဟု ဘယ်လိုပဲဆိုဆို အောင်မြင်မှု မရခင်စပ်ကြား ကာလမှာတော့ ပုထုဇဉ်လူသား တစ်ယောက်အနေနှင့် အချိန်မရွေး ထပေါက်ကွဲနိုင်စေသည်။

အရာရာတိုင်းကို သည်းမခံနိုင်လောက်အောင်လည်း ဇင့်၌ ခန္တီပါရမီမရင့်သန်သေးပေ။ ပုထုဇဉ်လူသားပီပီ ကိုယ့်ကို တစ်ခွန်းလာပြောလျှင် (၂) ခွန်းလောက်ပြောပစ်ချင်ပေမယ့် ရှေ့ရှုတ်ပိတ်နေခဲ့မိပါသည်။

ဇင့်အပေါ်မှာ ကောင်းတဲ့လူတချို့ ရှိသည်။ အမိကကတော့ ဦးနိုင်အောင်နှင့် အန်တီနွဲ့တို့ကတော့ ဇင့်တို့အပေါ်မှာ သွေးသားရင်းတွေထက်တောင် ကောင်းသေး စောင့်ရှောက်ပေးခဲ့ပါသေးသည်။

သူတို့ ရန်ကုန်သို့ မပြောင်းခင်အထိ ဇင့်ကို သမီးလေးတစ်ယောက်လို သင်ကြားပြသ၊ စောင့်ရှောက်ပေးခဲ့သည်။ ဇင့်လည်း ပညာတွေ တတ်သင့်သလောက်တတ်ခဲ့ပါ၏။

ဇင့် ကျောင်းပြီးတဲ့နှစ်မှာ ဦးနိုင်အောင်တို့မိသားစု ရန်ကုန်သို့ အပြီးတိုင် ပြောင်းရွှေ့သွားခဲ့လေသည်။ ထိုစဉ်တုန်းက ကိုအောင်သိမ်းနှင့် ဇင့် မကြာခဏ တွေ့ခဲ့ဖူးသော်လည်း အရမ်းကြီး ရင်းနှီးသွားကြလိမ့်မည်ဟု မထင်ခဲ့ပေ။

ထိုစဉ်တုန်းက ကိုအောင်သည် တောင်ကြီး၌ သိပ်မနေချေ။ ရန်ကုန်နှင့် တောင်ကြီးသို့ ကူးချည်သန်းချည်သာ ဖြစ်၏။

ဇင့်ကတော့ ဦးနိုင်အောင်တို့ ပြောင်းသွားပြီးသည့်နောက် ကိုယ်ပိုင်လုပ်ငန်းသေးသေးလေးကို နိုင်နင်းစွာ အုပ်ချုပ်နိုင်ခဲ့လေပြီ။

❁



## အခန်း (၂၆)

ဇင့်ရဲ့ဘဝ မုန်တိုင်းထန်မှုတွေ ငြိမ်သက်သလောက်ရှိသော အခါတွင် 'သူ' နှင့် စတင်တွေ့ဆုံခဲ့လေသည်။ ဇင့်ဘဝမှာ ကိုယ့်ထက်အသက်ငယ်ရွယ်သူတစ်ယောက်ကို စိတ်ယိုင်လိမ့်မည်ဟု ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးပေ။

ဘဝမှာ မေမေတို့မရှိတော့သည့်နောက်ပိုင်း ခံစားတတ်သော အသည်းနှလုံးကို ပါဆယ်ပိတ် သော့ခတ်သိမ်းထားခဲ့သည်။

ယောကျ်ားတွေနှင့် စကားပြောရ၊ ဆက်ဆံရလျှင် ခံစားချက်မဲ့သောမျက်နှာသေကြီးနှင့် အေးစက်စက် အသက်မပါစွာ ပြောခဲ့ခြင်းက ကြာလာတော့ လေ့ကျင့်စရာတောင် မလိုတော့ပေ။

ခြိတ်ခါးဝသို့ ရောက်သည်နှင့် ဇင့်ရဲ့ လွတ်လပ်မှု၊ ပျော်ရွှင်တတ်သောစိတ်တွေကို ခွာချခဲ့ကာ တာဝန်ဝတ္တရားတွေကို ထမ်းဆောင်ဖို့အသင့်ရှိနေသူတစ်ယောက် ဖြစ်သွား၏။ ဇင့်ရဲ့ ပြုံးတတ်၊ ပျော်တတ်သော ဟန်တို့ကိုတွေ့ခွင့်ရသူမှာ သားငယ်လေးတစ်ယောက်တည်းသာဖြစ်၏။

တကယ်တော့ ဇော်ဟာလည်း လူငယ်တစ်ယောက်ပဲ။ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေချင်ပါသည်။ သို့သော် ကိုယ်လုပ်နေသောအလုပ်နှင့် ကိုယ့်ပုံစံ ကိုက်ညီမှုရှိအောင် လူကြီးဂိုက်ဆိုက် ဖမ်းယူထားရသည်လေ။

'သူ' နှင့် တွေ့ဆုံခဲ့သော နေ့လေးကို ဇော် မမေ့လည်း မမေ့ပါ။ မှတ်မှတ်ရရတောင် ဖြစ်မိပါ၏။

မှတ်မှတ်ရရ သားငယ်လေးက သူ့သူငယ်ချင်းနှင့် မိတ်ဆက်ပေးချင်လို့ အိမ်ခေါ်လာခွင့်ပြုပါဟု တောင်းဆိုခဲ့သည်။

"မမကြီး"

"ရှင်"

"သား မမကြီးကို ပြောစရာရှိလို့"

"ပြောလေ၊ ပြောစရာရှိတာကို ပြောတာမဟုတ်ဘူး"

"မမကြီး သားကို မဆူရဘူးနော်"

ကတိစကားပါ တောင်းနေသဖြင့် ဇော် သားငယ်လေးကို လှည့်ကြည့်လိုက်သည်။ သားငယ်လေးက ခုဆို ပထမနှစ်ကျောင်းသားကြီးပင် ဖြစ်လေပြီ။

အရင်တုန်းက သေးသေးညှပ်ညှပ်ကောင်ကလေး။ ခုတော့ ဘာထူးသလဲ။ အရပ်ကလေးထွက်လာတာပဲ တစ်ခုပြောစရာရှိသည်။ ဖြူဖြူသေးသေး နွဲ့တဲ့တဲ့ဖြစ်နေသော သားငယ်လေးကို ကြည့်ပြီး ဇော် သိပ်တော့အားမရပါ။ သားငယ်လေး ခြောက်များခြောက်သွားမလားဟု ဇော် စိုးရိမ်မိပါသည်။

ဇော့်အပေါ် အားကိုးလွန်းတာ၊ မှီတွယ်လွန်းတာကို ဇော်





နှစ်သက်ပေမယ့် ကိုယ့်ရဲ့ယောက်ျားလေးဘဝ ဖြစ်ခြင်းကို မေ့လျော့သွားတာမျိုးတော့ ဇော် မလိုလားပေ။ အင်းလေ ... ဇော်က သားငယ်လေးကို အရိပ်တကြည့်ကြည့်နှင့်မို့ အစိုးရိမ်ကြီးနေတာလည်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

လက်ညှိုးတစ်ချောင်းထောင်ကာ ဇော့်ကိုခွင့်တောင်းသလို ကြည့်နေသဖြင့် -

"ဘာလဲ မုန့်ဖိုးကုန်ပြန်ပြီလား သားငယ်လေး"

"မဟုတ်ပါဘူး မမကြီးရဲ့။ တခြားကိစ္စ"

ဇော် နှစ်မြိုက်စွာပြုံးကာ သားငယ်လေးရဲ့ လက်ကလေးကို ဆွဲချကာ -

"ကဲ ... ပြောမှာသာပြောစမ်းပါ။ သားငယ်လေးက မမကြီး စိုးရိမ်အောင် တစ်ခုခုလုပ်မထားရင်ဘဲ မမကြီး ကျေနပ်ပြီ"

"မမကြီးကလည်း သားကိုများ အထင်သေးလို့"

ဟော။

ပြောရင်းဆိုရင်း နှုတ်ခမ်းဆူကာ မျက်နှာလေးပုပ်ပြီး တစ်ဖက်သို့ လှည့်သွားသော သားငယ်လေးကြောင့် ဇော် အသံထွက်ရယ်မောလိုက်ပါသည်။

တကယ်ပါ၊ သားငယ်လေးက ဇော်ကလေးဘဝကတည်းက ဆော့ကစားစရာ အရုပ်ကလေးတစ်ရုပ် ဖြစ်ခဲ့ရုံမက ယခုလည်း ဇော့်အတွက် အရုပ်ကလေးတစ်ရုပ်လို ချစ်ဖို့ကောင်းသည်။ စနောက်လို့ကောင်း၏။

"ကဲ ကဲ ... ဟုတ်ပါပြီ၊ မမကြီးက စနေတာပါ။ သား

ဘာပြောမလို့လဲ ပြောလေ"

ဇင့် ဆိုဖာပေါ်မှာ ကျောမှီထိုင်ပြီးပြောတော့ သားငယ်လေးက ဇင့်ဘေးတွင် ကပ်ထိုင်ရင်း –

"မမကြီးကို သားရဲ့သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့"

"အံမယ် ... ရှင်က ဟုတ်လား။ ဘယ်သူလဲ၊ ဘယ်ကလဲ။ အောင်သူတို့နဲ့ကော မပေါင်းတော့ဘူးလား။ ဒါမှမဟုတ် မိန်းကလေးသူငယ်ချင်းလား။ ကဲ ပြော အခုတလော မင်း အောင်သူတို့တွေနဲ့ အသွားအလာမရှိတော့သလိုပဲနော်။ ခါတိုင်းဆို မနက်မိုးလင်းတာနဲ့ အောင်သူတို့တွေ အိမ်ကိုရောက်နေပြီ။ ခု အိမ်တောင်ရောက်မလာကြတော့ဘူး။ ဘာလဲ မင်း ရည်းစားတွေထားနေလို့လား။ သားငယ်လေးနော်၊ အသက်ကဖြင့် ငယ်ငယ်လေးနဲ့ ဟိုစိတ် ဒီစိတ်တွေ မထားနဲ့။ သတင်းကြားရင်တော့ မလွယ်ဘူး။ ကြပ်ကြပ်သတိထား"

ဇင့်ရဲ့ စကားရှည်ရှည်နှင့် ထင်ရာစွပ်ပြောမှုတို့ကြောင့် သားငယ်လေးရဲ့မျက်နှာက ပို၍ ရှုပ်လာကာ –

"ဟာဗျာ ... မမကြီးကလည်း သားမှာ ကြိုက်စရာ ဘယ်ရည်းစားမှမရှိဘူး။ ကြိုက်လည်း မကြိုက်ဘူး။ ဒီမှာ တစ်ယောက်တည်းရှိတဲ့ ကိုယ့်အစ်မကိုတောင် ချစ်လို့မဝတာ"

"သြော် ... ရှင်က ဒီလိုအပြောလေးတွေနဲ့ စားနေတယ်ပေါ့လေ။ ကျုပ်ကလည်း ဒီလိုအပြောလေးတွေကြောင့်ပဲ မမောနိုင်မပမ်းနိုင် ရှာဖွေနေရတာလေ"

ဇင့်ရဲ့ရွဲ့တဲ့တဲ့စကားကြောင့် သားငယ်လေးက ရယ်ကျဲကျဲနှင့်–





"ဟဲ ဟဲ ... မမကလည်း သားမှ ကျောင်းမပြီးသေးတာ။ သား ကျောင်းပြီးလို့ကတော့ မမကြီး ဟောဒီလိုဆိုဖာပေါ်မှာ အမိန့်သား ထိုင်စားနိုင်းမှာပေါ့"

"တော်ပါတော့ ... တော်ပါတော့၊ ကိုယ်လေကြွားရယ်။ ပြောမယ့်စကားတွေတောင် လမ်းကြောင်းချော်ကုန်ပြီ၊ ကဲ ... ပြော"

"ဟဲ ဟဲ ... ဟုတ်ပါရဲ့၊ အဲဒီကောင်နာမည်က ခွန်အားတဲ့။ သားတို့ သချ်ာကပဲ။ သား သူ့ကို တော်တော်ခင်တယ်။ ခွန်အားနဲ့ တွေ့ရင် မမကြီးတောင် ထူးခြားသလို ခံစားလိုက်ရလိမ့်မယ်။ သားတောင် သူနဲ့ပေါင်းပြီး အရင်လိုမဟုတ်တော့ဘူး။ အောင်သူတို့နဲ့ ပေါင်းရတာလည်း ခုလို အဆင်မပြေပါဘူးဗျာ"

"သြော် ... မင်းက သူငယ်ချင်းအသစ်တွေတွေ့လို့ အဟောင်းမေ့တာပေါ့လေ။ အောင်သူတို့ဆိုတာ မူလတန်းကျောင်းသားဘဝကတည်းက ပေါင်းလာကြတဲ့သူတွေ။ အတွင်းသိ အစင်းသိ။ ဒီခွန်အားဆိုတဲ့ ချာတိတ်ရဲ့အကြောင်းကို မမကြီးက ဘာမှတောင် သိသေးတာမဟုတ်ဘူး"

"မမကလည်း သားက မမကြီးရဲ့ မောင်ပဲဟာ။ ဘယ်တုန်းက အတွေးမှားဖူးလို့လဲ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ"

အဲဒီလိုနှင့်ပဲ ခွန်အားဆိုသည့် ချာတိတ်ကို မိတ်ဆက်ဖို့ ဖြစ်လာခဲ့ရလေသည်။ ဇင့်ဆီက ခွင့်ပြုချက်ရသည့်နောက်တစ်ရက်မှာပဲ သားငယ်လေးက ခွန်အားဆိုသည့် ချာတိတ်လေးကို အိမ်သို့ အလည်ခေါ်လာလေသည်။

"မမကြီး အိမ်ရှေ့မှာ ခွန်အား ရောက်နေပြီ"

"ဪ . . . အေး အေး"

မီးဖိုချောင်မှာ ချက်ရေး ပြုတ်ရေးအတွက် ပြင်ဆင်နေသော ဇော်ကို သားငယ်လေးက လာပြောခြင်းဖြစ်သည်။ ဇော် ခေါင်းညိတ်ပြပြီး အစာပလာတွေနှင့် နယ်ထားသော ကြက်သားပန်းကန်ကို သေချာအုပ်ကာ လက်ဆေးလိုက်သည်။

လက်သုတ်ပြီး အပြင်သို့ထွက်လာခဲ့စဉ် မနှစ်မြို့ခြင်းဆိုသော ဝေဒနာကိုလည်း တစ်ပြိုင်နက်တည်း ခံစားလိုက်ရပါသည်။

ဇော်နှင့် မျက်နှာချင်းဆိုင်အရပ်တွင် ထိုင်နေသော ကောင်လေးကို ဇော်က တန်းခနဲ တွေ့လိုက်ရသည်ကို။

ကြည့်စမ်းပါဦး။ ဆံပင်ရှည်ရှည်နှင့် ပုံစံက လမ်းသူရဲဆန်ဆန်။ အရပ်ကလည်း ကလန်ကလား။ ဝတ်ထားတဲ့ တီရှပ်အင်္ကျီ အနက်မှ ပါနေသော ပုံတွေကလည်း ကျက်သရေကင်းမဲ့သော အရိုးခေါင်းပုံတွေပါနေ၏။ ဂျင်းဘောင်းဘီကလည်း အပေါက်တွေ၊ ဗာရာဗရုပ္ပတွေလိုနှင့် ဘယ်လိုလဲကွယ်။

ဘာလဲ ဒါ သားငယ်လေးပြောတဲ့ ထူးခြားတဲ့ သူ့ရဲ့စတိုင်လ်တစ်ခုလား။ သူ့ရဲ့ ဝတ်စားဆင်ယင်မှုနှင့် သွင်ပြင်ပုံသဏ္ဌာန်ကို လုံးဝကြည့်မရချင်တော့ပေ။ ကိုယ့်မောင်အရင်းခေါက်ခေါက်သာဖြစ်လျှင် တုတ်နှင့် နှာနှာလေး ရိုက်ပစ်မိမည်ထင်သည်။

ဇော့်ရဲ့မျက်နှာတည့်တည်ကြီးကြောင့် အဲဒီကောင်လေးက မတ်တတ်ရပ်နေသည့်အနေအထားနှင့် သားငယ်လေးကို လှမ်းကြည့်လိုက်သည်။ သို့သော် ခဏလေးသာဖြစ်၏။ ပြီးတော့ အဲဒီချာတိတ်ရဲ့





မျက်လုံးတွေဟာ ဂျစ်တစ်တစ်မိုက်တီမိုက်ကန်းပုံစံ ပြန်ဖြစ်သွား၏။

သားငယ်လေးကလည်း မကြည်လင်သော ဇော့်ပုံစံကို ရိပ်မိကာ မျက်စိမျက်နှာပျက်နှင့်။

"မမကြီး"

လို့ သတိပေးသလို ခေါ်လေသည်။ ဇော်လည်း လူကြီးတစ်ယောက်အနေနှင့် မျက်နှာကို အနည်းငယ်ပြင်လိုက်ပြီး –

"ပြော"

"ဒါ . . . သားရဲ့သူငယ်ချင်း ခွန်အားဆိုတာလေ။ ခွန်အား ဒါ ငါ့ရဲ့အစ်မလေ၊ သံယောဇော်တဲ့"

"ဟုတ်ကဲ့ပါ မမ၊ မမကို ကျွန်တော် လူမမြင်ဖူးပေမယ့် ရင်းနှီးနေခဲ့တာတော့ ညီသစ်နဲ့ ခင်ကတည်းကပါ။ ညီသစ်စကားပြောရင် အမြဲတမ်း မမရဲ့အကြောင်း ပါနေတာလေ။ အဲဒါကြောင့် ကျွန်တော်လည်း မမကို ရင်းနှီးနေခဲ့တာပါ"

ဖျတ်ခနဲပြုံးပြီး ပြောလိုက်တဲ့ ချာတိတ်ရဲ့အပြုံးကြောင့် ဇော် မင်သက်အံ့ဩသွားမိသည်။

အပြုံးနှင့်အတူ ခွက်ဝင်သွားတဲ့ မေးနှင့် ချိုင့်ဝင်သွားတဲ့ ပါးချိုင့်ကြောင့် လူချောလေးဟု ပြော၍ ရနိုင်သည်။ မထူမပါးမျက်ခုံးနှင့် ခပ်စိုပ်စိုပ် မျက်တောင်တွေ ဝန်းရံနေသော မျက်ဝန်းတွေက ကြည်လင်၏။ နှာတံချွန်မြမြနှင့် တင်းသော နှုတ်ခမ်းတွေကြောင့် ချာတိတ်ဟာ ယောကျ်ားချောချောသူ တစ်ယောက်ရယ်ပါ။

"တွေ့ရတာ ဝမ်းသာပါတယ် ချာတိတ်"

ဇော့်ရဲ့ 'ချာတိတ်' ဆိုသည့် အခေါ်အဝေါ်ကြောင့် ရယ်မြူး

နိုပ်တွေ သန်းနေသော မျက်ဝန်းတို့သည် တဒင်္ဂအတွင်း အေးစက် ကျဉ်းမြောင်းသွားတာကိုလည်း ဇင့် မြင်မြင်အောင် မြင်လိုက်မိပါသည်။

ဇင့်က ဂရုမစိုက်သည့်ဟန်ဖြင့် ဆိုဖာမှာ ဝင်ထိုင်ပြီး –

"ကဲ ... ထိုင်၊ မင်းကိုတွေ့တော့ တို့တော်တော်လေး အံ့သြမိတယ်"

"ဗျာ"

ဇင့်အပြောကြောင့် သူ့ ခပ်ကြောင်ကြောင်ဖြစ်သွားဟန် တူသည်။ ဇင့်က သားငယ်လေးရဲ့မျက်နှာကို တစ်ချက် လှမ်းကြည့်ပြီး–

"တို့က တို့မောင်လေးရဲ့သူငယ်ချင်းဆိုတာ ဒီလိုပုံစံမှန်းခန့်မှန်းမထားဘူးကွဲ့"

"မမကြီး"

ဇင့်ကိုဟန့်တားသလိုနှင့် သားငယ်လေးက လှမ်းခေါ်သည်။ ဇင့်က လက်ကာပြရင်း –

"မင်း အသာနေစမ်း ညီညီသစ်။ မင်း မိတ်ဆက်ပေးမယ်ဆိုတဲ့ သူငယ်ချင်းကို မြင်လိုက်ကတည်းက မမကြီး တော်တော်အံ့သြမိတယ် ညီသစ်။ ဘယ့်နှယ် လူကြီးသူမနဲ့ မိတ်ဆက်ပေးမယ်ဆိုတာတောင် ဂျေလေဘီပုံစံနဲ့ ရောက်လာစရာအကြောင်း ရှိလို့လား။ ဒီလိုကောင်ကလေးနဲ့ ဘာလို့ မိတ်ဆက်ပေးရသလဲ စဉ်းတောင်မစဉ်းစားတတ်တော့ဘူး။ ကြည့်စမ်း၊ ဟောဒီကောင်လေးကို မင်းက ထူးဆန်းပါတယ်ဆိုတာကို မမ နားမလည်ဘူး။ တူသလား။ အောင်သူတို့နဲ့ ယှဉ်ကြည့်ပါဦး"

"မမ"





ထိုကောင်လေးရဲ့ခေါ်သံမှာ မခံမရပ်နိုင်သည့်အသံ။ ဇင့်ကလည်း အေးစက်စက် မျက်ဝန်းတွေနှင့် တုံ့ပြန်ကြည့်လိုက်ပါသည်။

ဇင့်မျက်ဝန်းတွေထဲမှာတော့ –

မင်း ငါ့စကားတွေကြောင့် သားငယ်လေးကို အခင်အမင်ပျက်တယ်ဆိုလည်း ကောင်းပါတယ် ချာတိတ်။ ငါ့မောင်လေးကို မင်းလို အကျင့်စရိုက်တွေမကူးဖို့ ငါ တားမြစ်တာ။ မင်းကိုပါ အဖျားရိုက်ထိခတ်သွားတယ်ဆိုရင်လည်း မတတ်နိုင်ဘူး။

"မမ လူတစ်ယောက်နဲ့တစ်ယောက်ရဲ့ ခင်ခင်မှုကြားမှာ ဒီလူကို ဒါကြောင့်မို့ ခင်၊ ဟိုလူကို ဟိုအကြောင်းနဲ့မို့ မခင်နဲ့လို့ တားမြစ်ပိတ်ပင်လို့ ရနိုင်သလား"

"----"

"စိတ်ချ၊ ကျွန်တော်ကိုယ်တိုင်က သူငယ်ချင်းပေါင်းရင် ရွေးချယ်ပြီးပဲ ပေါင်းတတ်တာ။ ကျွန်တော်ရွေးချယ်ပေါင်းထားတဲ့ သူငယ်ချင်းကို ဘယ်သူ့အတွက်နဲ့မှ အဆက်အသွယ်မဖြတ်ဘူး။ အဲဒါကို မမ ဘယ်လိုဥပဒေတွေနဲ့ တရားစွဲမလဲ။ ပြီးတော့ ကျွန်တော့်ကို သူများတွေနဲ့ မနှိုင်းစမ်းပါနဲ့။ ကျွန်တော့်ဘဝမှာ ကြောခံရတယ်ဆိုတာ မမနဲ့မှ ပထမဆုံးပဲရှိသေးတယ်။ ဒါပေမဲ့ ကျွန်တော် ကျေနပ်ပါတယ်။ ဝတ်ကျေတမ်းကျေ အသက်မပါတဲ့စကားလုံးတွေထက် စကားလုံးပေါင်းများစွာနဲ့ ညှော်ခံတာကိုပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး။ ဆောရီးညီသစ်၊ မမ ဘယ်လိုတားတား မင်းနဲ့ငါ့ရဲ့ ခင်မင်မှုကိုတော့ တားဆီးလို့ မရပါဘူး"

"ဟင်"

"တောက်"

သားငယ်လေးကို နှုတ်ဆက်ပြီး ဇော့်ကို အပြုံးနှင့်ကြည့်၍ လှည့်ထွက်သွားသောကြောင့် ဇော် ကျိတ်မနိုင်ခဲမရနှင့် တောက်ခေါက်လိုက်မိသည်။

သူက ကိုယ်ထက်တောင် ပညာသားပါပါနှင့် တိုက်ခိုက်သွားလိုက်တာ။ ကိုယ်တောင် မင်သက်အံ့သြစွာ ကျန်ခဲ့ရသည်။

"တောက် ... ပုံစံကိုက မိုက်တိမိုက်ကန်းနဲ့ တစ်စက်မှကို ကြည့်လို့မရဘူး"

ဇော့်ရဲ့အပြောကြောင့် သားငယ်လေးက ဖျတ်ခနဲ လှည့်ကြည့်ကာ -

"မမ သိပ်လွန်တယ်သိလား။ သားသူငယ်ချင်းကို အိမ်မှာခေါ်ပြီး ဇော်ကားလိုက်သလိုပဲ"

လှည့်ထွက်သွားသော သားငယ်လေးကို တစ်ချက် လှမ်းကြည့်ပြီး ဇော် ခပ်ငိုင်ငိုင် ကျန်ခဲ့သည်။ သားငယ်လေးပြောသလို ဇော် လွန်သွားသလား။ ဟင့်အင်း။ ဇော်မလွန်ပါ။ ဒါဟာ သားငယ်လေးကို ချစ်လွန်းလို့ ကာကွယ်တာပဲ။ ဘယ်သူတားနိုင်မလဲ။



## အခန်း (၂၇)

ဇော် ဒီနေ့ ဆိုင်သိမ်းတာနောက်ကျသဖြင့် ဘယ်မှ မဝင်ဖြစ်တော့ပေ။ ခါတိုင်းနေ့ရက်တွေဆိုလျှင် ဈေးသို့ဝင်ပြီး သားငယ်လေးကြိုက်တတ်သော အစားအသောက်ကလေးတွေ၊ အဝတ်အထည်လေးတွေ ဝယ်ဖြစ်သည်။ တစ်ခါတလေကျတော့လည်း အိမ်အတွက်လိုအပ်တာများ ဝယ်တတ်သည်။

"ဟင်"

"တီ တီ"

ဇော် ကားဟွန်းတီးပြီး ခြံတံခါးအပွင့်ကိုစောင့်ရင်း မျက်စိက အိမ်ရှေ့သို့ရောက်သွားသည်။ အိမ်ရှေ့စင်ဝင်အောက်တွင် ရပ်ထားသော ဒီတီဆိုင်ကယ်ကိုမြင်လိုက်သည်နှင့် မျက်မှောင်က အလိုလိုကုတ်မိသွားသည်။

တော်တော်အမှတ်သည်းခြေမရှိတဲ့ကောင်လေး။ နေနှင့်ဦး။ တွေ့မယ်ဟု ဇော် ကြိမ်းထားလိုက်သည်။

ဇော့်ပုံစံက အကျင့်ပုပ်၊ အကျင့်ယုတ်သော မိန်းမကြီး တစ်

ယောက်ရဲ့ပုံစံနှင့် တူနေပြီလား။ ဒါမှမဟုတ် ကိုယ်နှင့်အရွယ်မတူသော ချာတိတ်လေးနှင့် ပြိုင်ပြီး ရန်ဖြစ်ရအောင် မရင့်ကျက်သည့်ဟန် ပေါက်နေသလား။

ဟာ။

အိမ်ထဲသို့ ရောက်သောအခါ မြင်လိုက်ရသောမြင်ကွင်းကြောင့် ဇင့် မျက်လုံးတွေပြူးကာ ဒေါသထွက်လွန်းသဖြင့် ဘာသံမှကို ရုတ်တရက် မထွက်နိုင်ပေ။

ကြည့်ပါဦး။

တစ်အိမ်လုံးကို ရှုပ်ပွထားလိုက်တာ။ ဘယ်တုန်းကမှ သားငယ်လေးဟာ ဒီလို ပစ်စလက်ခတ်မနေတတ်တာကို သိနေသဖြင့် ဒေါသကထွက်ပြီးရင်း ထွက်လာရ၏။

ဂစ်တာသံ တဒေါင်ဒေါင်က ရောက်တတ်ရာရာ တီးခတ်နေပြီး နှုတ်ခမ်းဝါးကိုက်ညီမှုမရှိ၊ ပီယာဂိုသံ ချိုသာသောအသံလည်း မထွက်။ သံသေးသံကြောင်နှင့် ဆူညံပွက်လောရိုက်နေလေသည်။

တံခါးဝ၌ရပ်နေသော ဇင့်ကို မမြင်ကြဘဲ နှစ်ယောက်သား ဖြစ်ချင်တိုင်းဖြစ်နေကြ၏။

"ညီ ညီ သစ်"

ဇင့် သားငယ်လေးရဲ့နာမည်ကို တစ်လုံးချင်း အကျယ်ကြီး အော်ခေါ်ပစ်လိုက်၏။ ဇင့်ရဲ့အော်သံကြောင့် ဆူညံနေသောအသံတွေဟာ ရေနွေးပြင်းသက်လိုက်သော မီးတွေပမာ ဝုန်းခနဲ ငြိမ်သက်သွားတော့သည်။

ဒီတော့မှ သားငယ်လေးက အိမ်ပေါက်ဝတွင် ဆူပုပ်





တင်းမာသောမျက်နှာနှင့် ရပ်နေသော ဇင့်အနီးသို့ ကပျာကယာ တိုးကပ်လာကာ -

"ဟာ ... မမကြီး။ ဒီနေ့ စောက်ကျတယ်နော်"

သားငယ်လေးက ဇင့်ရဲ့ဒေါသကို လျော့ပြေသွားစေရန်အတွက် အရုပ်ပြေပြောလာသော်လည်း ဇင့် မကြားချင်သလိုနှင့် နားရွက်ကို ဆွဲလိမ်ကာ -

"လာစမ်း။ ကဲ ... နင်က ငါ့ကို ဘာအချိုးချိုးတာလဲ"

"အား နာတယ် မမကြီး"

"နာပါလေ့စေ၊ နာအောင်ဆွဲနေတာပဲ။ ငါမေးတာကို ဖြေစမ်းပါဦး။ ဒါ ဘာအချိုးချိုးနေတာလဲ"

"မဟုတ်တာ လုပ်နေတာမှ မဟုတ်တာ မမကြီးရာ။ ကိုယ့်အိမ်ထဲမှာ ကိုယ်တီးနေတာ ဘယ်သူ့ကိုမှ မထိခိုက်ပါဘူး"

"ထိခိုက်ခိုက် မထိခိုက်ခိုက် နင်တို့အသံတွေကြောင့် လူတွေ မပြောနဲ့ ကြွက်တွေတောင် နားမခံနိုင်လို့ တွင်းထဲကထွက်လာတော့မှာ မဟုတ်ဘူး"

ဇင့်အပြောကြောင့် ချာတိတ်က နှုတ်ခမ်းအတင်းစေ့ထားရာမှ ညှိုးငယ်သောသွားတန်းလေးတွေပေါ်အောင် ဖျတ်ခနဲ ပြုံးရယ်လိုက်သည်ကိုတွေ့ရ၏။

"တော်စမ်းကွာ၊ မင်း ငါ့ကိုလာမပြုံးပြစမ်းနဲ့"

"ဒီရဲ့အရှုပ်ထုပ်တွေကို ငါးမိနစ်အတွင်း ပြီးအောင်ရှင်း။ ငါ အခေါက ပြန်လာလို့ ရှင်းထားတာတွေ မပြီးသေးရင် နှစ်ယောက်စလုံး နာပြီသာမှတ်"

ဇွဲက ရာဇဝင်ပေးပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ ဇွဲ ကျောနောက်ဘက်တွင် –

"တို့မမကြီးတော့ ခိုးသွားပြီ"

"ဘာဖြစ်လဲ ဟိတ်ကောင်၊ မင်းအစ်မစိတ်ဆိုးတာ မင်းကို မဟုတ်ဘူး။ ငါ့ကိုကွ။ မယုံရင် သေချာကြည့်လိုက်။ မဟုတ်ရင် ခုန က နားရွက်ဆွဲချင်တာက ငါ့ကို ငါက သူစိမ်းဖြစ်နေလို့ မင်းကို ဆွဲသွားတာ မျက်နှာကြီးကလည်း ထန်လိုက်တာကွာ။ ငါတောင်"

ဇွဲ လှေကားရင်းရောက်တော့ ထိုကောင်လေးရဲ့စကားများကြောင့် နောက်ဘက်သို့ ဖြတ်ခနဲ လှည့်ကြည့်လိုက်သည်။

ဇွဲ့အကြည့်ကြောင့် ကောင်လေးက စကားကို အဆုံး မသတ်တော့ဘဲ ဇွဲကို "ဟဲ ဟဲ" ဟု ရယ်ပြလေသည်။ ဇွဲ မျက်စောင်းထိုး လှည့်ထွက်ခဲ့ပေမယ့် နှုတ်ခမ်းထက်၌ အပြုံးတချို့ ခိုတွဲလာသည်။

ပြီးတော့မှ ကိုယ့်ဘာသာကိုယ်မလုံမလဲ ရှက်လိုက်မိသည်။

ဘာကြောင့် ဒီကောင်လေးကို ကလေးဆန်ဆန် ပြုမူလိုက်မိသနည်း။ ဒီကောင်လေးကလည်း အရွယ်ငယ်ပေမယ့် ယောကျ်ားလေးပဲ အခြားသော ယောကျ်ားသားတွေလို ဥပေက္ခာများနှင့် ခပ်စိမ်းစိမ်း ဆက်ဆံပစ်လိုက်ပါလား။

ဘာအရိပ်မှထင်ကျန်မနေရစ်သော မျက်နှာသေကြီးနှင့် တုံ့ပြန်ပစ်လိုက်ပါလား။

အမှန်ဆို ဒါ သံယောဇဉ်ရဲ့ ပင်ကိုယ်စိတ်မှ မဟုတ်ပဲလေ။ သံယောဇဉ်ဆိုတဲ့ မိန်းမက ယောကျ်ားတွေကို ကြည့်တဲ့အကြည့်တွေမှ





ငံရေခဲတုံးတစ်ခုလိုပဲတဲ့။ ယောကျ်ားကြီးတချို့က တင်စားကြတာလေ။

ဇွဲ ကိုယ့်အတွေးကို ကိုယ် ခေါင်းယမ်းပစ်ကာ အဝတ်အစား လဲပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ စောစောတုန်းက ပွရှုပ်နေသော မြင်ကွင်းတို့သည် ရှင်းလင်းသပ်ရပ်သွားလေပြီ။ သူတို့တစ်တွေကိုတော့ မတွေ့ရတော့ပေ။

ဇွဲ ထမင်းစားခန်းထဲသို့ ဝင်လာရင်း –

"ဒေါ်ကြီးကြွယ် ဟိုကလေးတွေကော"

"အိမ်ရှေ့မှာပဲမဟုတ်လား မဇွဲရဲ့။ ဒေါ်ကြီးက အိမ်နောက်မှာပဲ အလုပ်လုပ်နေတာ။ သူတို့ဝင်လာတာကို မတွေ့သေးပေါင်။ ဘာဖြစ်လို့လဲ"

"ဩော် … ဘာမှမဟုတ်ပါဘူး။ မေးကြည့်တာပါ"

စိတ်ထဲ အလိုတော့ မကျချေ။

ခါတိုင်း ဇွဲ ဆိုင်ကပြန်လာပြီဆိုလျှင် သားငယ်လေးက ဇွဲရဲ့အနောက်မှာ တကောက်ကောက်လိုက်ကာ တီတီတာတာ စကားတွေဆိုတတ်သည်။

တတွတ်တွတ် စကားလိုက်ပြောလွန်းသဖြင့် နားညည်းဖွယ်ရာ ထင်စရာရှိသော်လည်း ဇွဲ့အတွက်တော့ တစ်ဦးတည်းသော သွေးသား သားငယ်လေးရဲ့စကားသံတို့က တေးသံသာများ ဖြစ်လေသည်။

ယခုတော့ ကိုယ့်အစ်မကို ရှိတယ်လို့တောင် မထင်ပါလား။ ကျေနပ်သောအတွေးတွေနှင့် ရှိနေရင်း ဇွဲ ထမင်းဝိုင်းပြင်နေသည်။

ထိုစဉ် –

"ဟာ . . . မမ ထမင်းစားတော့မယ်ပေါ့။ ကျွန်တော်လည်း စားမယ်လေ။ ဟော့ရောင် . . . ညီသစ်၊ မင်းလည်း ဝင်စားပါလား၊ တစ်ခါတည်း"

ကြည့်ဦး –

ဘယ်လောက်ထိအောင် ရိုက်ထုချင်စရာကောင်းသော စကားလုံးတွေလဲ။

ပြောပုံကတော့ အိမ်ရှင်ဇော်နှင့် သားငယ်လေးက ညှိ သည့်ကျနေတာပဲ။

ဇော် မျက်လုံးတွေကို ခပ်တင်းတင်း အမိန့်ပေးထားရသည်။ ဒီချာတိတ်ကို မျက်စောင်းမထိုးမိအောင်လို့ ဖြစ်သည်။ စားသောက်တော့လည်း သူ့အိမ် သူ့ယာ ကျသည့်နှယ် ဘယ်မှာ ရှက်ကိုးရှက်ကန်း ဖြစ်နေခဲ့လို့လဲ။

ဟိုတစ်နေ့က သူနှင့်ကိုယ့်ရဲ့ ဆက်ဆံရေးက မပြေမလည်နှင့် အဆုံးသတ်သွားတာကို သတိရမှ ရပါလေစ။

ချာတိတ်ပြန်သွားတော့ သားငယ်လေးက လျှောက်လဲချက်တွေ ပေးနေခဲ့သည်။

"မမကြီး"

"ဘာလဲ"

ဇော့် ခပ်တင်းတင်းထူးတော့ သားငယ်လေးက မျက်နှာလေး ငယ်ကျသွားသည်။ ဇော်ကို မရဲတရဲ မော့ကြည့်ကာ –

"သားကို စိတ်ဆိုးနေတာလား"

"ပြော် . . . အခုမှ လာမေးနေတယ်၊ စောသေးတယ်လို့





ထင်နေလား။ မလုပ်ခင်က မစဉ်းစားထားဘူးလား။ အဲဒီကောင်လေးကို ကြည့်မရပါဘူးလို့ မမကြီးပြောထားတာကို မင်း ဦးနှောက်ထဲ ထည့်မထားဘူး။ ပြီးတော့ မေးနေသေးတယ်။ စိတ်ဆိုးနေသလားတဲ့။ ဟွန့် . . . မင်းကို ကြည့်လို့မရတော့ဘူးနော် သားငယ်လေး"

ဇော်က ပြောလည်းပြော မတ်တတ်လည်း ထရပ်တော့ –

"ဟာ . . . နေပါဦး မမကြီးရယ်။ သား ရှင်းပြပါရစေဦး။ သား ရှင်းပြပြီးရင် မမကြီးတောင် ခွန်အားကို အရမ်းသနားသွားမှာ နော်"

ဇော်က သားငယ်လေးရဲ့ခေါင်းကို ခပ်ဖွဖွ ခေါက်ကာ ပြန်ထိုင်ရင်း –

"အောင်မယ် . . . ကျုပ်က ဘာကြောင့် အဲဒီကောင်လေးကို သနားရမှာလဲ ကိုယ်တော်"

"ဟား ဟား . . . ကျုပ် ကျုပ်လို့ မပြောစမ်းပါနဲ့ မမကြီးရယ်။ နားထဲ ကိုးလိုးကန့်လန့်နဲ့ သားရဲ့ရှေ့ တောသူမတစ်ယောက် ရောက်လာသလိုပဲ။ ဒီလိုမမကြီးရဲ့ သားတို့မှာ တိုင်ပင်စရာဆိုလို့ ဒီမောင်နှမ နှစ်ယောက် ရှိသေးတယ်။ ခွန်အားမှာက အဲဒီလိုမရှိဘူး။ သူက အဖေရှိပေမယ့် တစ်ယောက်တည်း အထီးကျန်နေရတာ။ သူ့အဖေက လည်း စီးပွားပဲကုန်းရှာနေတာ မမကြီးရဲ့။ သူ့ကိုလည်း သိပ် ဂရုမစိုက်ဘူးတဲ့။ သူကလေ သား မမကြီးရဲ့အကြောင်းကို အမြဲပြောပြောပြနေလို့ သူက မမကြီးကို ခင်ချင်နေတာ။ မမကြီးက မျက်နှာကြီး တည်တည်ကြီးလုပ်နေတော့ သူက အနေခက်တာပေါ့ မမကြီးရာ"

"အမယ်လေးတော် အနေခက်လို့သာ တော်တော့တယ်နော်။

မမြင်ဘူးလား။ စောစောတုန်းက စားသောက်နေတုန်းက သူ့အိမ် သူယာနဲ့ ကျုပ်တို့တောင် ပြန်ပေးရတော့မှာလိုလိုနဲ့''

ပြောလို့သာပြောလိုက်ရသည်။ သားငယ်လေးက မျက်နှာ ငယ်ငယ်လေးနှင့် ရှင်းပြနေတော့လည်း ဖဉ်က ချာတိတ်ကို သနားမိ သွားပြန်ရော။

သြော် ... သားငယ်လေး ပြောသလိုပါပဲ။ ကိုယ်တွေမှာက အရေးရယ်အကြောင်းရယ်ဆို တိုင်ပင်စရာ၊ ရင်ဖွင့်စရာ မောင်နှမ အဖော်တွေရှိသည်။

သူ့မှာက သားငယ်လေးပြောပုံအရဆိုလျှင် မကြာခင်မှာ တောင် မိတွေးရလာနိုင်သည့် အနေအထား။ မိတွေးနှင့်လင်ပါသား ဆိုတာက ဘယ်တုန်းက တည့်ခဲ့မှုလို့လဲ။ များသောအားဖြင့် မိထွေး ရှိသောအိမ်က ကလေးငယ်တွေက လိမ္မာသွားတာထက် ပျက်စီးသွား တာ ဆိုးသွမ်းနေတာက ပို၍များသည်။

ထို့ပြင် ကိုယ့်မောင်ကလည်း သူ့ကို တော်တော်ခင်နေတာကို ဖဉ်ရဲ့မျက်မြင်သက်သေပဲလေ။

ကိုယ့်မောင်က ကိုယ်တားလည်း ခင်မှာပဲဟု ပြောနေမှတော့ ဒီလူနဲ့ ခင်တာ မကြိုက်ပါဘူးတားနေလို့ကော ဘာထူးနိုင်မည်နည်း။

တော်ကြာ သားငယ်လေးက ငယ်ငယ်ရွယ်ရွယ်နှင့် တားကာ မှ ပို၍ ရွဲ့လုပ်တတ်သောလူငယ်။ တစ်ခုခုဖြစ်သွားလျှင် ဖဉ်ပဲ ရင်ကျိုး ရလိမ့်မည်။

အင်း ... ဘာပဲဖြစ်ဖြစ် အလိုက်အထိုက်နေ၍ ဟိုချာတိတ် ကောင်လေး လူကောင်းသူကောင်း ဟုတ်မဟုတ် စောင့်ကြည့်ရဦးမည်။





''နော် မမကြီး။ ခွန်အားက စိတ်ရင်းကောင်းပါတယ်များ။ သူက လူတွေကို အမြင်ကပ်တတ်လို့ အရွဲ့တိုက်ရင်း အခုလို ဂျစ်တစ်တစ် ဖြစ်သွားတာပါ။ စိတ်ရင်းအရမ်းကောင်းပါတယ်''

''ကဲ ... အဲဒါကို ထားစမ်းပါဦး''

''ဟင် ... ထားထားလို့မရပါဘူး မမကြီးရာ။ လက်ခံပေး မယ် မဟုတ်လားဟင်''

သားငယ်လေးက ဖဉ်မျက်နှာကို အားကိုးတကြီးနှင့် မော့ ကြည့်ကာ မေးလာရှာသည်။ ဖဉ်က မော့ကြည့်နေသော သားငယ် လေးရဲ့ မျက်နှာဆီမှ အကြည့်လွှဲလိုက်သည်။ ဖဉ် မတ်တတ်ရပ်တော့ သားငယ်လေးကလည်း ထပ်ကြပ်မကွာထရပ်လေသည်။

''ခင်ပါ၊ မခင်နဲ့လို့ မမကြီးတားလည်း သားငယ်လေးက နားထောင်မှာမှ မဟုတ်ဘဲ။ ဒါပေမဲ့ တရားလက်လွတ် ပျော်ကြ ကဲကြတာကိုတော့မဖြစ်စေနဲ့။ သူ့အကြောင်းလည်း မမကြီး ဘာမှ သိရသေးတာမဟုတ်ဘူး''

''ဟေး ... ခွန်အားသိရင် ဝမ်းသာမှာပဲ''

ပျော်ရွှင်စွာပြေးထွက်သွားသော သားငယ်လေးကို ကြည့်ပြီး ဖဉ် ပြုံးမိသည်။ သြော် တကယ့်ကလေးပမာပါလား။ တက္ကသိုလ် ကျောင်းသားတစ်ယောက်ပင်ဖြစ်လင့်ကစား အသိမကြွယ်သည့် ကလေးငယ်လေးလိုပါလား။

သြော် ... သားငယ်လေးရယ်။

# အခန်း (၂၈)

ဇော်ရဲ့ခွင့်ပြုချက်ရသည်နှင့် ကောင်လေးက ပို၍ ရဲတင်းလာသည်။ ဇော်တို့အိမ်ကို ဝင်ရောက်သွားလာပါများမှ ဇော်လည်း ဒီချာတိတ်ရဲ့အကြောင်း တော်တော်များများကို သိလာခဲ့ရတော့သည်။

ဒီတော့မှ သူဟာ ရှေ့တင်မသိသူတွေအဖို့ ရှုတ်ဆတ်ဆတ်မာကျောကျောနှင့် အမြင်ကတ်ဖွယ်ကောင်းသည်ဟုထင်ရသော်လည်း နောက်ကွယ်၌ အားငယ်တတ်သော ဝမ်းနည်းလွယ်သော ကောင်လေးတစ်ယောက်ဖြစ်မှန်း ဇော် ရိပ်မိသိရှိခဲ့ရသည်။

သူကလည်း ဇော့်ကို သားငယ်လေးနည်းတူ အစ်မတစ်ယောက်လို ဆိုးနွဲ့၊ ချွဲနွဲ့တတ်ခဲ့သည်။ အစတုန်းကတော့ မာရေကျောရေနှင့် အမြင်ကတ်စရာဟု ဇော် သတ်မှတ်ထားခဲ့သောကောင်လေးသည် ခုတော့လည်း သားငယ်လေးနည်းတူ ဇော် ဖေးမရသော၊ အားပေးရသော ကလေးငယ်တစ်ယောက်ဖြစ်လာသည်။

"ညီသစ်ဆို အရမ်းကဲကောင်းတယ် သိလား မမ"

တစ်ခါတစ်ခါ ဒီကောင်လေးက အဲဒီလို အမြဲ ဖောက်ဖောက်





ပြောတတ်သည်လေ။ သားငယ်လေးက တဟဲဟဲရယ်ရင်း –

"ဟော့ . . . ဘာဖြစ်လဲ၊ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲ ဆရာ။ မနာလိုတိုရှည်ဖြစ်မနေနဲ့ သိလား"

"မနာလိုတူးကွာ"

"အဲဒီမှာ ဖင်ဆောင့်ဆောင့်ပြီးငိုလေကွာ။ ဗြဲ ဗြဲ ဆိုပြီး"

"ဟဲ့ သားငယ်လေး . . . ကိုယ့်သူငယ်ချင်းကို ဘယ်လိုပြောတာလဲ။ ဒါ . . . အစ်မတစ်ယောက်ရဲ့ရှေ့မှာ ပြောရမယ့်စကားလား"

ဇော်က ဝင်ပြောသောအခါ ခွန်အားရဲ့မျက်နှာသည် ပြုံးဖြီးဖြီးဖြစ်လာကာ –

"ပြောတော့ မမရေ၊ ကျွန်တော်လည်း ဒီကောင်လေးကို ဆုံးမရပေါင်းများပြီ၊ ပြောလို့ကိုမရဘူး"

"အံမာ . . . ဟော့ရောင် မင်းက ဘာအသားယူတာလဲ၊ သေချင် လို့လား"

"ဟဲ့ ဟဲ့ ဟဲ့ . . . ဒီကလေးတွေ"

"ဟော့ရောင်"

"ဟား ဟား"

သားငယ်လေးက ခွန်အားကို အတင်းဝင်လုံးနေသဖြင့် ဇော်က မျက်လုံးတပြူးပြူးနှင့် ထိတ်လန့်နေရသလောက် သူတို့ကတော့ တဟီးဟီးနှင့် သဘောကျနေကြလေသည်။ သူတို့နှစ်ယောက်ပုံစံမှာ တကယ့်ညီအစ်ကိုရင်းတွေလို ဖြစ်နေသည်။

သြော် သားငယ်လေး အဖော်မင်မည်ဆိုလျှင်လည်း မင်စရာပင်။ မောင်နှမအဖော်အဲဖြစ် ဇော်က ရှိနေသော်လည်း ယောကျ်ားလေး

မဟုတ်သဖြင့် အစစအရာရာမှာ ဘယ်အပေါင်းအသင်း ဖြစ်နိုင်မည်နည်း။

ဒီချာတိတ်လေးရောက်လာမှပဲ ဇင့်တို့ရဲ့ အိမ်လေးသည် ယခင်ကထက်ပို၍ စိုပြေလာခဲ့သည်။ ဘယ်အချိန်ပဲဖြစ်ဖြစ် ဒီကောင်လေးရဲ့အသံကိုပဲ တစာစာ ကြားနေရတတ်သည်။

ချာတိတ်လေးကလည်း ဒီအိမ်မှာလာလည်လို့ ညနက်သွားလျှင် အိမ်မပြန်တော့တဲ့ သားငယ်လေးနှင့် အိပ်လိုက်တာကများသည်။ ဇင့်တို့အိမ်သည် သူ့အတွက် စားအိမ်သောက်အိမ် ဖြစ်နေသည်ဆိုလျှင်လည်း မမှားချေ။

ဟော အခုလည်း ဘာတွေဖြစ်လာကြသည်မသိ။ ဝုန်း ဝုန်း ဒိုင်း ဒိုင်း။ ဇင့်ကသာ မျက်လုံးပြူးမျက်ဆန်ပြူးနှင့်။

"ဟဲ့ ဟဲ့ . . . နေကြစမ်းပါဦး။ မင်းတို့ကလည်း ဆူဆူညံညံ အော်ကြီးဟစ်ကျယ်နဲ့ ဘာတွေဖြစ်လာကြတာလဲ"

ခွန်အားက မျက်နှာရှုပ်ပုပ်နှင့် သားငယ်လေးကို လက်သီးဆုပ်ပြတော့ သားငယ်လေးက နှာခေါင်းရှုံ့ပြီး ခွန်အားကို လျှာထုတ်ပြောင်ပြလေသည်။

"ဒီကောင်လေ မျက်နှာအရမ်းလုပ်တတ်တယ်သိလား မမ။ ကျောင်းရောက်ပြီဆိုရင် မမက သူ့ကို ဘယ်လောက်ထိ ဂရုစိုက်တယ်၊ အလိုလိုက်တာနဲ့ လိုက်ကြွားနေတာ။ အမြင်ကတ်စရာ တကယ်ကောင်းတယ်"

"ဟ . . . ဘာဖြစ်လဲကွ။ တကယ်လည်း မမက ငါ့ကို ဂရုမစိုက်လို့လား"





"စိုက်စိုက်ကွာ၊ အဲဒါ မင်းသိရင်ပြီးရော မဟုတ်လား။ လူတကာသိအောင် လိုက်ပြောစရာလိုလို့လား။ အခုတော့ ယောက်ျားကြီးတန်မယ့် သူများတွေကို လိုက်ကြွားနေတာ ကြွား"

တစ်ယောက်တစ်ခွန်းနှင့် ဖြစ်နေကြသော သားငယ်တို့ကို ကြည့်ကာ ဇင့်မှာ ရယ်လည်းရယ်ချင် စိတ်လည်းပျက်မိပါသည်။

"တော်ပါတော့၊ ဒီကလေးနှစ်ယောက်ဟာလေ မတွေ့နဲ့ တွေ့လိုက်ရင် တစ်ယောက်နဲ့တစ်ယောက် အနိုင်မခံ အရှုံးမပေးဘဲ စကားနိုင်လုနေလိုက်ကြတာ။ ဒီမှာ ခွန်အား၊ မင်းလည်း တို့အိမ်ရောက်ရင် တို့မောင်နည်းတူ မင်းကိုလည်း ဂရုစိုက်ပါတယ်နော်။ အဲဒါ ဘာအားငယ်စရာ၊ ဝမ်းနည်းစရာရှိလို့လဲကွ"

"ဟာ . . . မမကလည်း ဒါက မမအိမ်မှာကိုးဗျ။ ကျွန်တော့်အိမ်ကို ကျွန်တော်ပြန်ရောက်သွားပြီဆို အမြဲတမ်း ဖျင်းခြောက်ခြောက်နဲ့ ဒီကြားထဲ ဘိုးတော်က ကျိုင်ရှာသေးတယ် သိလား။ ကျောင်းပိတ်တာတောင် အိမ်မကပ်ဘူး။ အလကား၊ ဆန်ကုန်မြေလေး သုံးစားမရဘူး။ အသုံးမကျဘူးတဲ့ စုံနေတာပါပဲဗျာ။ ဘိုးတော်ပြောမှပဲ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် အသုံးမကျတော့မှန်း သိရတော့တယ်"

ဟန်ပါပါနှင့် ပြောနေသော ချာတိတ်ရဲ့ကျောပြင်ကို ဇင့် လှမ်းရိုက်ရင်း –

"ဘိုးတော်၊ ဘိုးတော်နဲ့ မပြောစမ်းပါနဲ့ဟယ်။ နားကြားပြင်းကတ်လာပြီ။ ပြီးတော့ ကိုယ့်အဖေကို ဘိုးတော်တဲ့ အဲဒီလိုခေါ်စရာလား။ ဟဲ့ . . . သားငယ်လေး မင်းကော မမကြီးကို ကွယ်ရာမှာ ဘွားတော်၊ ဘွားတော်လို့ ခေါ်နေသလား"

ဖဦ့ရဲ့စကားကြောင့် ခွန်အားက ခွီးခနဲရယ်ပြီး မတ်တတ်ထရပ်လေသည်။ သားငယ်လေးက မဲ့သောမျက်နှာထားနှင့် –

"ခေါ်စရာလား မမကြီးရာ။ သားတို့လို လူကောင်းသူကောင်းလေးတွေက သူမျှားတွေ ရိုင်းသလို လိုက်ရိုင်းစရာလား။ သားက လူလိမ္မာလေးနော်"

"ဟုတ်ပါ့ ... လိမ္မာလိုက်တာလွန်ပါရော။ လိမ် လိမ်ပြီး မာနေတာလေ"

"ဟဲ့"

ဖဦ့ရဲ့အော်သံကြောင့် သူတို့နှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သဘောကျစွာ ရယ်နေလေသည်။

ဖဦလည်း ပြုံးရယ်နေသူနှစ်ယောက်ကိုကြည့်၍ လိုက်ပြုံးမိပါသည်။ ဩော် တကယ့်ပီတိကလေးငယ်တွေလိုပါလား။

ဒီနေ့ ချာတိတ် ဖဦတို့အိမ်မလာတာ သုံးရက်လောက်ရှိပြီ။

"ဟဲ့ သားငယ်လေး ... ခွန်အား ဘာဖြစ်နေတာလဲ။ မလာတာ (၃) ရက်လောက်တောင်ရှိပြီ။ ဘာလဲ ... မင်းနဲ့ စကားများထားကြသလား"

"ဟာ ... စကားများစရာလား မမကြီးရဲ့။ ဟုတ်တယ်။ ဒီကောင် ကျောင်းလည်းမလာဘူး။ သားက သူ့အိမ်ကိုတော့ ရောက်ဖူးတယ်။ ဒါပေမဲ့ သူ့အဖေနဲ့ သိပ်အဆင်မပြေလို့ မသွားဘူး မမကြီးရဲ့"

"အင်း ... ဒီကောင်လေး နေမျှားမကောင်းဘူးလား မသိဘူး"

ဖဦက ထိုကဲ့သို့ ညည်းသောအခါ သားငယ်လေးက





ရယ်လေသည်။ ဖဦက မလုံမလဲနှင့် –

"ဟဲ့ ... မမကြီးပြောတဲ့ထဲမှာ ဘာရယ်စရာပါလို့လဲ၊ ကောင်စုတ်လေးရဲ့"

"မမကြီး ... မမကြီး"

"အံမယ် ... သံဝေဂရတဲ့လေသံနဲ့ ... ဟွန်း"

"ဟုတ်ပဲ့ တကယ့်ကို သံဝေဂရမိပါတယ်။ သားကိုကျတော့ မင်း အဲဒီကောင်လေးနဲ့ မပေါင်းနဲ့၊ မခေါ်နဲ့၊ ကြည့်မရဘူးလေး ဘာလေးနဲ့။ အခုကျတော့ စိတ်ပူနေပြီပေါ့လေ"

"အံမယ်"

ဖဦ မျက်နှာနီနီဖြင့် သားငယ်လေးရဲ့နားရွက်ကို ဆွဲလိမ်ပစ်ကာ –

"ဟဲ့ ... ငါက ကိုယ့်မောင်လို သဘောထားတာသိလား။ နေမကောင်းရင် သူ့မှာ ပြုစုစောင့်ရှောက်မယ့်လူမရှိမှာစိုးလို့ ပြောနေတာ"

"ကျွန်တော်ကလည်း သဘောရိုးပြောတာပါ မမကြီးရဲ့။ မကြီးဘာသာ ကွေ့ကွေ့ကောက်ကောက် လျှောက်တွေးနေတာ"

ချာတိတ်ရယ် ဟုတ်သလား။

သဒ္ဓါလွန်ရင် တွန့်သည်၊

ဝီရိယလွန်လျှင် စွံ့သည်၊

သမာဓိလွန်လျှင် ပုံ့သည်

ဆိုတော့ ငါ မင်းအပေါ်မှာ ဂရုစိုက်နေတာတွေက လွန်နေပြီလား မဖြစ်သင့်ပါဘူးနော်။ တကယ်ဆို မင်းက တို့မောင်လေးရဲ့

သူငယ်ချင်း။ တို့မောင်လေးအရွယ်ပဲဟာ။ တကယ်ဆို တို့က မင်းထက် လေးငါးနှစ်လောက်ကြီးတဲ့သူ။

ဇော် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ဖို့ အချက်ပေးခဲ့မိသည်။ သို့သော်လည်း နောက်တစ်ရက်မှာ ဇော့်ကို ရင်ခုန်အောင်ပြုစားမည့် အဖြစ်အပျက်ကလေးတစ်ခု ဖြစ်ပွားခဲ့သည်။

သားငယ်လေးက ကျောင်းသွားနေသည်။ ဇော်က ဆိုင်က အပြန် အိမ်မှာ စာအုပ်တစ်အုပ်ကို အေးအေးဆေးဆေး ဖတ်နေမိသည်။

ဆိုင်ကယ်လ်သံသဲ့သဲ့ကို ကြားလိုက်သလို ရှိသော်လည်း ထင်လို့ပါဟု ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်လိုက်စေမယ့် –

"မမ"

"ဟင်"

"ချာတိတ်"

တံခါးဝ၌ ပေါ်လာသော အရိပ်တစ်ခုနှင့် ခေါ်လာသော စကားသံကြောင့် ဇော့် နှုတ်မှ အသံထွက်သွားခဲ့သည်။ ကောင်လေးမုံ့က နွမ်းလျော့နေသည်။

"ဘယ်လိုဖြစ်တာလဲ ခွန်အားရယ်၊ မျက်နှာကလည်း ချောင်ကျသွားလိုက်တာ နေမကောင်းဘူးလား"

ဇော့်မေးခွန်းကြောင့် ကောင်လေးက လျော့ရဲရဲ့ပြုံးရင်း –

"ဟုတ်တယ် မမရဲ့။ ဟိုးတစ်နေ့ညက အနွေးထည်မဝတ်ဘဲ အိမ်ပြင်မှာ ထွက်ထိုင်ပြီး ဂစ်တာတီးနေတာ ညအတော်နက်သွားခဲ့တာ။ အိမ်ထဲရောက်တော့လည်း အနွေးထည်မဝတ်ဘဲ





ထိုးအိပ်ပစ်လိုက်တာ ဖျားသွားရော"

"ဖြစ်ရမယ် မင်းကတော့။ အခုကော နေကောင်းသွားပြီလား"

ချာတိတ်က ဆိုဖာပေါ်မှာ ဝင်ထိုင်ရင်း ခေါင်းယမ်းကာ –

"သိပ်မကောင်းသေးဘူး မမရဲ့၊ ကျွန်တော်က မမတို့ဆီ လာချင်နေတာ တစ်ပိုင်းကိုသေနေတာပဲ။ ဖေဖေက နေမကောင်းဘဲ ဘယ်မှမသွားရဘူးလို့ အမိန့်တွေ၊ ဘာတွေပေးတော့ စိတ်ကို တော်တော်ညစ်သွားတယ်။ တကယ်လို့ ဖျားတဲ့နေ့ကတည်းက မမတို့ဆီ ကျွန်တော်လာခွင့်ရရင် အဖျား ဒီလောက်တာရှည်မှာမဟုတ်ဘူး"

"အံမယ် . . . ဘာဆိုင်လို့တုံး"

"ဟုတ်တယ်လေ မမရဲ့၊ အခုကျတော့ အားလုံးကလည်း မျက်စိဒေါက်ထောက်ကြည့်နေကြတာ။ ဆေးကော မှန်မှန်သောက်ရဲ့လား။ အစားကောစားရဲ့လား။ ကိုယ့်ကိုယ်ကိုယ် အကျဉ်းသားလို့တောင် ထင်မိတယ်"

အခုတော့လည်း ကောင်လေးက ရယ်ဟာဟာနှင့် မျက်နှာ အနည်းငယ် ရွှင်လာသည်။ ဇော် သက်ပြင်းချလိုက်မိသည်။

ဟုတ်ရှာမည်။ သူက နဂိုကတည်းက လွတ်လွတ်လပ်လပ် နေတတ်သူဆိုတော့ တော်တော်လေး စိတ်ကျဉ်းကျပ်နေခဲ့ရမည်။

"ကဲ . . . မင်း ဘာစားချင်လဲ။ အိမ်မှာတော့ ခေါက်ဆွဲသုတ်စားကြတယ်။ မနက်တုန်းက သားငယ်လေးစားချင်တယ်ဆိုလို့ အဆင်သင့်ဖြစ်ထားတာ။ သူ ခဏနေ လာတော့မယ်လေ"

"ကောင်းတာပေါ့ မမရဲ့၊ စားမယ်လေ"

နေကောင်းနေသည့်အချိန်ဆို မငြင်းရှာဘူးနော်ဟု စနောက်လိုက်မိမှာမှန်သော်လည်း ယခုတော့ မစနောက်ဖြစ်တော့ပါ။

ဖဦးရှေ့က ဦးအောင် သူက ထမင်းစားခန်းထဲသို့ ဝင်သွားသဖြင့် ဖဦး ပခုံးတွန့်၍ ခေါင်းသာယမ်းလိုက်မိသည်။ ယခုတော့ ဖဦးတို့၏အိမ်လေးသည် သူ့အိမ်သူ့ယာနှယ် အားလုံး အသားကျလျက်ရှိနေသည်။

သူစားဖို့အတွက် တစ်ယောက်စာခေါက်ဆွဲသုတ်ပေးတော့လည်း –

"မမ ချဉ်ချဉ်စပ်စပ်လေး သုပ်ပေးနော်။ ဒါမှ ပိုပြီး ခံတွင်းတွေ့မှာ။ နံနံပင်မထည့်နဲ့ အနံ့မခံနိုင်ဘူး။ ဟင်းချိုလေးက ချိုလိုက်တာ။ ဟင်းချိုထဲ ငရုတ်ကောင်းမှုန့် ထပ်ထည့်ပေးဦးနော်"

"ဟဲ့ ကောင်လေး . . . ငါ ဘာလုပ်ရမလဲဆိုတာ နားလည်တယ်။ ဟော ဟိုနားမှာ ငြိမ်ငြိမ်ကလေး သွားထိုင်စောင့်နေရင် မကောင်းပေဘူးလား"

နောက်ဆုံး ဖဦးရဲ့ ရွဲ့တဲ့တဲ့စကားလုံးတွေကြောင့် ကောင်လေးက ရယ်ပြုံးပြီး ငြိမ်ထိုင်နေပါသည်။ သူ့ရှေ့ ခေါက်ဆွဲသုပ်ပန်းကန်ချပေးတော့လည်း –

"မမပါ တစ်ခါတည်း ဝင်စားပါလား မမရဲ့။ ညီသစ်ကို စောင့်မနေဘဲ တစ်ခါတလေ ကျွန်တော်နဲ့လည်း အတူတူ ဝင်စားလို့ရပါတယ်ဗျာ"

နူးညံ့သောအကြည့်အပြောတွေကြောင့် ကြည်လင်နေသော မျက်ဝန်းတွေကို တုံ့ပြန်မကြည့်ရဲဘဲ ဖဦး မျက်လွှာချလိုက်မိသည်က





ဘာကြောင့်ရယ်မသိ။ လူက ငြိမ်သက်သွားသည်နှင့် ရင်ဘတ်ထဲက နှလုံးခုန်သံကို တဒိတ်ဒိတ်နှင့် အတိုင်းသားကြားနေရသည်။

ဟင့်အင်း။ ဒါမဖြစ်သင့်ဘူးနော် သံယောဇဉ်။ ခွန်အားဆိုတာနှင့် ရင်ခုန်ရမယ့်လူ လုံးဝမဖြစ်ရဘူး။

"နော် မမ"

ရှောင်ထွက်သွားလျှင် သတ္တိနည်းရာကျနေမည်စိုးသဖြင့် ဖဦး သူ့ကိုမော့မကြည့်ဘဲ အသုပ်သုတ်ဖို့ပြင်နေလိုက်သည်။

စူးစူးစိုက်စိုက်ကြည့်နေသော အကြည့်တွေကြောင့် ခြေဖျားလက်ဖျားတွေ အေးစက်နေသည်။

ဟင့် အင်း။ မင်း အဲဒီလိုမကြည့်နဲ့ခွန်အား။ ငါ မင်းရဲ့ရှေ့မှာ ကျရှုံးတဲ့ သံယောဇဉ်မဖြစ်ချင်ဘူး။ ငါ့ကို အဲဒီလိုအကြည့်တွေနဲ့ ညှို့ယူဖို့မကြိုးစားနဲ့။ ဖဦး သုပ်ပြီးသော အသုပ်ပန်းကန်ကို သူ့ရှေ့တွင် ထိုးပေးကာ –

"ကုန်ရင် ထပ်ထည့်နော်။ တို့ကတော့ သားငယ်လေးလာမှပဲ စားတော့မယ်"

# အခန်း (၂၉)

ဂစ်တာတီးသံ တိုးတိုးလေးကြောင့် စာရင်းတွက်နေသော ဇင် ပြတင်းပေါက်တံခါးကိုဖွင့်ပြီး အိမ်ပြင်သို့ လှမ်းကြည့်လိုက်မိသည်။

ခြံထဲက ဒန်းလေးထက်မှာ ညီညီသစ်နှင့်ခွန်အောင်။ သီချင်းဆို သူကဆို ဂစ်တာတီးသူကတီးလိုက်၊ ရယ်လိုက်နှင့် ရှိနေသော သူတို့ နှစ်ယောက်ကိုကြည့်ပြီး ဇင် သက်ပြင်းချလိုက်မိသည်။

ညအခါ လကသာ၍ လေက ညင်သာစွာနှင့်တိုးတိုက် တိုက်ခတ်နေသဖြင့် လိုက်ကာစတို့က တလူးလူး တလွန့်လွန့် ရှိနေလေသည်။

ဘယ်တုန်းကမှ ကဗျာတွေကို နှစ်ခြိုက်ခြိုက်ကြီး မဖတ်ခဲ့ပေမယ့် ယခုတော့ မနက်က အမှတ်မထင် ဖတ်လိုက်မိသော ကဗျာတစ်ပုဒ်က အာရုံထဲတွင် စွဲထင်လို့နေသည်။

အင်းပေါ့လေ၊ ယခုချိန်က ကဗျာတစ်ပုဒ်ကို ခံစားလို့ အကောင်းဆုံးအချိန် ဖြစ်နေခဲ့သည်ကိုး။ ပြည့်ဝန်းဝန်းသာနေသော လမင်းကြီးက ချစ်စဖွယ် ငုံ့ကြည့်နေလေရဲ့။ နူးညံ့ညင်သာစွာ





တိုက်ခတ်နေသော လေညင်းလေးက သွဲ့ပျောင်းစွာ။ ဪ ကဗျာရဲ့ ခေါင်းစဉ်က ''ဘူတာရုံ'' လေးတဲ့။

## ''ဘူတာရုံ''

စောင့်ခဲ့တယ်
မဖြစ်နိုင်မှန်းသိသိကြီးနဲ့ စောင့်ခဲ့မိတာ
ပထမအမှား။
ထင်းအစိုတွေနဲ့ ရေနွေးအိုးတည်တော့
မီးခိုးတွေအူပြီး လေတွေကုန်ခဲ့ကြတာ
ဒုတိယအမှား။
စက်တင်ဘာမှာ
နောက်ထပ် ဘာအမှားမှ မလုပ်တော့ပါဘူးဆိုတဲ့
စကားလေးတစ်ခွန်းကို ကျေနပ်မိတာ
တတိယအမှား။
ငယ်ရွယ်သူတွေပဲ
ပုံပြင်တွေကြိုက်တတ်တယ်လို့ ထင်ခဲ့မိတာ
စတုတ္ထအမှား။
'ပြတင်းတံခါးတွေကို ဖွင့်ထားလိုက်
အိမ်ပျော်သွားရင်
အိမ်မက်ထဲကို လာခဲ့မယ်တဲ့'
ခေါင်းညိတ်ခဲ့မိတာ

ပဌမအမှား။
ဆဌမအမှား။
. . . . . . .
. . . . . .
အမှားဟာ
ရှည်လျားလွန်းတဲ့ ရထားကြီးတစ်စင်း ဖြစ်ခဲ့ပြီး
ငါတို့ကလည်း စီးနင်းခဲ့ကြတယ်။
အဲဒီမှာ
အမှားများစွာနဲ့ စတင်ဆုံဆည်းခဲ့ကြပြီး
ကမ္ဘာတစ်ပတ်ပျော်ရွှင်စွာ
လိုက်ပါသွားသတဲ့။
အမှန်တရားရယ်။

ရေးသူက ကဗျာဆရာနေညိုအောင် ဆိုပါလား။ သြော် . . . အမှားတွေ ကျူးလွန်မိတော့မလိုဖြစ်ခဲ့သော ဇော်ကို သတိပေးသည့် ကဗျာကိုများ ရေးလိုက်သလား ကဗျာဖန်တီးသူရယ်။

တကယ်ပါပဲ။ ဇော်ဟာ သူနဲ့ လုံးဝမဖြစ်သင့်မှန်းသိပါနှင့် စိတ်ကူးယဉ်စွာ လေထဲ တိုက်အိမ်ဆောက်မိတော့မလို ဖြစ်သွားခဲ့သည်။ မျှော်လင့်ခဲ့မိသည်၊ စောင့်စားခဲ့မိသည်၊ စိတ်ကူးယဉ်ခဲ့မိသည်။ ဒါတွေဟာ အမှားများစွာဖြစ်လာဖို့ရဲ့ အကြောင်းရင်းမြစ်တွေပဲလေ။ သြော် . . . ကံသိပေလို့ ဇော် အမှားကမ္ဘာထဲက ရုန်းထွက်နိုင်ခဲ့ပြီပဲနော်။ ဘယ်လောက်ပဲ ဆန္ဒတွေပြင်းပြပြနေ ဆန္ဒကို အသိတရားနှင့် ထိန်းချုပ်နိုင်ခဲ့သော ကိုယ့်ကိုယ်ကိုယ်တောင် ကျေးဇူးတင်ရမလို ဖြစ်သွားခဲ့၏။





"ခွန်အား မင်းဆိုကွာ"

သားငယ်လေးရဲ့စကားသံကြောင့် ဇော် အတွေးထဲက ရုန်းထွက်လိုက်သည်။ သားငယ်လေးက ခွန်အားကို သီချင်းဆိုရန် တိုက်တွန်းနေခြင်းဖြစ်သည်။

စောစောတုန်းက တစ်လျှောက်လုံး သီချင်းဆိုနေခဲ့သူမှာ သားငယ်လေးဖြစ်သည်။ ယခုတော့ သားငယ်လေးသည် ဇော် စိုးရိမ်ပူလောင်ခဲ့သော နွံ့တဲ့တဲ့ ကောင်လေး ဖြစ်မလာတာကိုပင် ကျေးဇူးတင်ရမလိုလို။ ဘယ်သူရှိရမလဲ ချာတိတ်ကိုပဲပေါ့နော်။

"ဟာ . . . မဆိုချင်ပါဘူးကွာ။ တီးပဲတီးမယ်၊ မင်းဆို"

"ဟာ . . . ဟေ့ရောင်ခွန်အား မရဘူးနော်။ ကိုယ့်တာသာတီးပြီးဆို၊ ငါပဲဆိုနေရတာ လည်ချောင်းကွဲပြီး သေတော့မယ်။ ဟေ့ရောင်မင်း ဒီနေ့ ဘာဖြစ်နေတာလဲကွ။ ခါတိုင်းဆို ဂစ်တာတီးဖို့ သီချင်းဆိုဖို့ဆို မင်းလောက်တက်ကြွနေတဲ့သူ တစ်ခါမှ မတွေ့ဖူးဘူး။ ခု ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး။ ပြော ဘယ်သီချင်းဆိုရမှာလဲ" -

"မင်း အာကာတို့ရဲ့ Birthday မှာဆိုတဲ့ အဆိုတော် တင်ဇာမော်ရဲ့သီချင်းလေ"

"ဟာ . . . မဆိုချင်ပါဘူးကွာ။ အဲဒီတုန်းက အဲဒီသီချင်းဆိုတာက အဲဒီချိန်မှာ ခံစားနေရလို့။ ခုချိန်မှာ အဲဒီရဲ့ခံစားချက်မျိုး ငါ့ဆီမှာ မရှိတော့ဘူး။ အဲဒီသီချင်းတော့ ဖြစ်မှာမဟုတ်ဘူး"

"အံမယ် . . . ပြောပုံက၊ နေပါဦး ခုကကော ဘာတွေခံစားနေရလို့လဲ"

သားငယ်လေးရဲ့မေးခွန်းနှင့် သူ့ရဲ့စကားသံတွေကို ကြားနေရသဖြင့် ဇွဲ့ရင်ခုန်သံတွေ မြန်သွားခဲ့သည်။ သူ ဘယ်လိုဖြေမလဲ။

သို့သော် ဇွဲ့ စိုးရိမ်နေသလို ဘာမှဖြစ်မလာခဲ့ပေ။

"ဟာကွာ ... မင်းကလည်း ဗန္ဓုလကျနေတာပဲ။ ရစ်လိုက်တာ။ နေဦး ... လမင်းနဲ့ကြယ်စင်များသီချင်းဆိုမယ်၊ ဘယ်လိုလဲရလား"

"ဆိုကြည့်ကွာ၊ ငါရတဲ့အပိုဒ်က ဝင်ဆိုမယ်"

နှစ်ယောက်သားရဲ့ စကားသံတိတ်သွားပြီး ဂစ်တာသံတိုးတိုးက စည်းချက်မှန်စွာ ထွက်ပေါ်လာသည်။ နောက် သူ့ရဲ့ အောင်မြင်လှတဲ့အသံက တည်ငြိမ်စွာထွက်ပေါ်လာသည်။

"နေရောင်ခြည်ရဲ့ အလင်းတန်းအောက်မှာနေ ×× အလင်းမတွေ့ရှိတဲ့ နှလုံးသားများ မောပန်းနွမ်းနယ်နေ"

ဇွဲ့ ခန်းစည်းစကို အသာလွှတ်ချကာ ပြတင်းပေါက်ကို ပိတ်လိုက်သည်။

တော်ပါပြီချာတိတ်ရယ်။ အိပ်ချိန်တန်ပါပြီ။ မင်းလည်း နေကောင်းတာမကြာသေးဘူး။

တို့စိတ်အရမ်းညစ်တယ်။ မင်းကိုလည်း မျက်နှာချင်းမဆိုင်ချင်ဘူးကွာ။

ခုကျတော့ ဇွဲ့ ချာတိတ်ကို အရင်တုန်းကလို သိပ်မရောတော့ပေ။ ဘာရယ်ညာရယ် ဖွင့်မပြောသေးပေမယ့် မိန်းကလေးတို့ရဲ့ တစ်အစ်သော ပညာအရ သူ ကိုယ့်ကိုယ် ဘယ်လိုခံစားနေရသလဲ ကောင်းစွာသိနေခဲ့သည်။





ကိုယ်နှင့်သူ့ရဲ့ကြားတွင် အသက်အရွယ်က ကွာခြားလွန်း၏။ တစ်ချိန်ကျရင် ပတ်ဝန်းကျင်ရဲ့ တိုက်ခိုက်လာနိုင်သော စကားတွေကို ရင်ဆိုင်ဖို့လည်း ဇွဲ့မှာ ခွန်အားမရှိပါ။

ခါတိုင်းဆိုလျှင် ဇွဲ့ ထမင်းဝိုင်းပြင်လျှင် ကောင်လေးက တစ်ဖက်တစ်လမ်းမှ ဝင်ကူညီပေးတတ်စမြဲ။

ယခုတော့ –

"မမ ကျွန်တော်လုပ်ပေးမယ်"

ဟုဆိုလျှင် ကမ်းလင့်လာသော လက်တစ်စုံကို ရှောင်ရှားကာ ...

"ရပါတယ် ခွန်အားရယ်၊ အေးအေးဆေးဆေး ထိုင်နေပါ။ ဒါတွေက မမလုပ်နေကျ အလုပ်တွေပဲ"

ကောင်လေး မျက်နှာပျက်သွားတာကို ဇွဲ့ သေသေချာချာ တွေ့မြင်လိုက်ရသည်။

မတတ်နိုင်တော့ဘူး ခွန်အားရယ်။

ထမင်းစားချိန် ဟင်းထည့်ပေးလျှင် သားငယ်လေးကို ထည့်ပေးသလို သူ့ကိုလည်း ထည့်ပေးနေကျ။ ယခုကျတော့ ကိုယ့်စောင့်ရှည်းစရာ စည်းမျဉ်းက တစ်ခုမကတော့ပေ။

"ခွန်အား ... ထည့်စားနော်"

ဟု ပါးစပ်ကပဲ ဖိတ်မန္တကပြုပြီး လက်ကတော့ သားငယ်လေးရဲ့ ပန်းကန်ထဲသို့သာ ဟင်းများခပ်ထည့်ပေးခဲ့မိသည်။

စောစောတုန်းက သူ့အသံတွေ တဝေဝေတဆာဆာ ရှိနေခဲ့သော ကောင်ကလေး။ ယခုကျတော့လည်း အသံတွေ တိတ်ခြင်းမလှ

တိတ်သွားခဲ့လေပြီ။

ဇင့် ဘာမှမသိချင်ယောင်ဆောင်ပြီး –

"ခွန်အား စားလို့မကောင်းဘူးလား"

"ကောင်းပါတယ် မမ"

ဇင့် မသိမသာ သက်ပြင်းချကာ ယခုလို အနေအထိုင် ဆင်ခြင်လိုက်ခြင်းက မှန်ပါတယ်ဟု ကိုယ့်ကိုယ်ကိုယ် ပြန်လည် အားပေးကာ ထမင်းကိုပဲ ခေါင်းငုံ့ရင်း စားမိသည်။

သူတို့နှစ်ယောက်ကတော့ စားသောက်ပြီး ထမင်းစားခန်းထဲက ထွက်သွားကြသည်။

ခဏကြာတော့ သူ ပြန်ဝင်လာသည်။

ထမင်းစားပွဲဝိုင်းပေါ်တွင် ကျန်နေရစ်ခဲ့သော ဆိုင်ကယ်သော့ကို ပြန်လာယူခြင်းဖြစ်သည်။ သူက ဇင့်ကို မကြည့်ပေမယ့် ဇင့်က သူ့ကို အမှတ်တမဲ့လိုလိုနှင့် လှည့်ကြည့်မိပါ၏။

ဘုရားရေ ... သူ သူ့ မျက်ရည်တွေ ဝဲနေပါလား။

ဇင့်ကို လုံးဝ နှုတ်ဆက်ခြင်းမရှိဘဲ ထမင်းစားခန်းထဲကနေ သူက ထွက်သွားသည်။ ဆိုင်ကယ်စက်သံရဲ့အောက်မှာ ဇင့်ရဲ့ နှလုံးသားတွေ ကျိုးကြေသွားသလို ခံစားလိုက်ရသည်။

စိတ်ညစ်လိုက်တာ ချာတိတ်ရာ။ မင်း လောကကြီး အကြောင်း၊ ပတ်ဝန်းကျင်အကြောင်း ဘာဆို ဘာမှကို နားမလည် ပါလား။

အရာရာမှာ စိတ်ခံစားချက်အတိုင်း လိုက်လို့မရဘူးဆိုတာ မင်း ဘယ်တော့မှ နားလည်မှာလဲ။





လောကကြီးမှာ ဖြစ်ချင်တာတစ်ခုတည်းကိုပဲ ကြည့်လို့မရဘူး ဆိုတာ တစ်နေ့နေ့တော့ မင်း နားလည်လာမှာပါ။

သားငယ်လေးက ထမင်းစားခန်းထဲ ဝင်လာသဖြင့် ဇင့် ပျက်ယွင်းနေသောမျက်နှာကို လျင်မြန်စွာပြင်လိုက်သည်။

"မမကြီးရေ ... ခွန်အားက နေမကောင်းချင်သလို ဖြစ်နေလို့ တဲ့ ပြန်သွားပြီ"

"အေးဘ်"

ဟုသာ ဇင့် တိုးတိုးရေရွတ်လိုက်မိပါသည်။

## အခန်း (၃၀)

သူ့ရဲ့ပူလောင်ခြင်းဝေဒနာတို့သည် အသစ်တစ်ဖန် ပြန်လည်ဖြစ်တည်လာပြန်လေပြီ။

ယခင်တုန်းကလည်း ထိုသို့ ခံစားခဲ့ရဖူးပါသည်။ ကိုယ့်ကို တစ်စုံတစ်ဦးက ဂရုမစိုက်သည့်အခါ အားလုံးကို နာကျည်းစွာ အရှုံးတိုက်ပစ်ချင်ခဲ့သည်။

သူ့ရဲ့ဘဝက မေတ္တာတရားဆိုတာ လက်ိုမျှော်၍ ငိုနေရသော ကလေးတစ်ယောက်ပမာ ဖြစ်ခဲ့ရသည်။ မေမေရှိစဉ်က ဂရုစိုက်ခဲ့သော ဖေဖေသည် ဘာကြောင့် ပြောင်းလဲသွားခဲ့ရတာလဲ။ သူလိုချင်တာ ငွေကြေးဥစ္စာတွေ မဟုတ်ဘူးဆိုတာ ဖေဖေ မသိတော့ဘူးလား။ သားတစ်ယောက်ရဲ့ရင်မှာ ဘာတွေကို တမ်းတပြီး ဘာတွေကို မလိုချင်ဘူးလဲဆိုတာ ဖေဖေ ဂရုမစိုက်ပေးတော့ဘူးလား။ သတိမထားမိတော့ဘူးလား။

ဘယ်အရာကိုမဆို နှစ်ခါတမ်းတစရာမလိုအောင် ရခဲ့တဲ့ ကလေးငယ်တစ်ယောက်ဟာ ...တမ်းတရသည့်အခြေအနေသို့





ရောက်ရလျှင် သူ အဲဒီအခြေအနေကို ဘယ်လိုပုံစံနှင့် ဖြတ်ကျော်ခဲ့သလဲ။

သူကတော့ ဘယ်လိုပုံစံနှင့် ဖြတ်ကျော်ရမည်နည်း။

ဖေဖေ ကျွန်တော့်ရဲ့ မနက်ဖြန်မှာ မျှော်လင့်ခြင်းပန်းတွေ မပွင့်တော့ဘူး။ မနက်ဖြန်ဆိုတာ မျှော်လင့်ချက်ဆိုရင် ကျွန်တော်က အခုပစ္စုပ္ပန်မှာတင် သေဆုံးနေတဲ့လူတစ်ယောက် ဖြစ်နေခဲ့ပါပြီ။

ဤကဲ့သို့ ကမ္ဘာလောကကို အရှုံးပေးလက်မြှောက်ခဲ့သော လူငယ်တစ်ယောက်ဟာ အရာရာကို အရှုံ့တိုက်ဖို့၊ ပတ်ဝန်းကျင်ကို ခါးစောင်းတင်ကာ မျက်စောင်းထိုးတတ်ဖို့လောက်သာ သိခဲ့ခြင်းက ဘယ်သူ့အပေါ်မှာ အဓိက တည်ရှိနေသလဲ။

ဆယ်တန်းကိုတောင် ကံသီလို့ အောင်တယ်ခေါ်မလား။ တစ်စတဲ့ဆရာမပဲ အိမ်ကအမျိုးသားနှင့် အဆင်ပြေလာ၍ စိတ်ကြည်လင်နေသဖြင့် အားလုံးအမှန်ပေးလိုက်၍လားမသိ။ အောင်ခဲ့ပါသည်။

အဲဒီအချိန်မှာ ဂုဏ်ထူးရဖို့အသာထား အောင်မှတ်စွန်းစွန်းလေးနှင့် အောင်ခဲ့ရခြင်းအပေါ်မှာလည်း သူ ရှက်ရွံ့ရကောင်းမှန်းသေိပါ။

တက္ကသိုလ်ကျောင်းသားဘဝသို့ အော်တိုမစ်တစ်ရောက်သည်နှင့် သူကိုယ်သူ လစ်ဘရယ်ဝါဒီဟုပင် သတ်မှတ်လိုက်တော့သည်။ အစွမ်းကုန်ကဲမည်၊ သောင်းကျန်းမည်။

သို့သော်

ညီညီသစ်ဆိုသည့် ပိုးဟပ်ဖြူကဲ့သို့ ဖြူဖျော့ဖျော့ကောင်လေးတစ်ယောက်နှင့် ခင်မင်ခွင့်ရလိုက်သည့်အချိန်တွင် သူ့ရဲ့ အတွေးအခေါ်

အယူအဆတို့သည် ပြောင်းလဲလာခဲ့သည်။

တကယ်တော့ ညီညီသစ်ဆိုတာ သူ့ကိုပြောင်းလဲသွားအောင် စွမ်းဆောင်နိုင်သူတစ်ယောက်တော့မဟုတ်ပေ။ သူကသာ ညီညီသစ်ရဲ့စကားတွေကို နားထောင်ရင်း ပြောင်းလဲမှန်းမသိ ပြောင်းလဲလာခဲ့ခြင်း ရယ်ပါ။

ညီသစ်စကားပြောလျှင် သူ့အစ်မရဲ့အကြောင်းမှာ အမြဲတမ်းမပါမပြီး ပါတတ်သည်။ ဘာလေးပဲပြောပြော၊ ဘာလေးပဲလုပ်လုပ် မမကြီးကလုပ်ပေးတာ၊ အဲဒါလုပ်ရင် မမကြီးကမကြိုက်ဘူး။ မမကြီးက သူ့အပေါ် ဘယ်လိုချစ်တာ ကြားရဖန်များလာသောအခါ အမြင်ကတ်ချင်လာသည်။ သို့သော် တကယ်ပဲ မမနှင့် တွေ့လိုက်ရသည့်အခါ ညီသစ်ကြွားနေတာမဟုတ်မှန်း လက်ခံမိသည်။

မမသည် တကယ်ပဲ အစ်မကြီးအမိအရာဟု ပြောရမလောက် ညီသစ်အပေါ် အလိုလိုက်၊ အချစ်ပိုခဲ့လေသည်။

သူကတော့ မမကို မြင်လိုက်ရသည့်အချိန်တွင် စိမ်းသက်မနေဘဲ နှစ်ပေါင်းများစွာက ခင်ခဲ့သူတစ်ယောက်လို ရင်းနှီးနွေးထွေးနေခဲ့သည်။

သို့သော် မမရဲ့ တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းသလို ပြုမူဆက်ဆံလိုက်ခြင်းအပေါ်မှာ သူ မခံမရပ်နိုင်လောက်အောင် ခံရခက်သွားခဲ့သည်။ မမနေရာမှာ အခြားလူတစ်ယောက်သာ ထိုသို့ ဆက်ဆံခဲ့လျှင် အကြီးအကျယ် ကွိုင်ရှာမည့်ကိန်းဖြစ်သော်လည်း သူ မမရှေ့မှ အရှုံးနှင့် တပ်ခေါက်လှည့်ထွက်ခဲ့သည်။

နောက်ပိုင်းတွင်တော့ မမလည်း သူ့အပေါ် မလိုလားရိပ်တွေ





မပြတော့ပေ။ ညီသစ်ကို ဂရုစိုက်သကဲ့သို့ သူ့ကိုလည်း ဂရုစိုက်ပါသည်။ အလိုလိုက်ပါသည်။

ထို့ပြင် မမက သူ့ရဲ့ တိုင်ပင်အားကိုးရသူတစ်ယောက်ပင်။ ဖေဖေနှင့်အိမ်မှာ ပြဿနာတက်ခဲ့ရပြီး ဆူခံထိရပြီးဆို သူ ရင်ဖွင့်ခဲ့ရသူမှာ မမသာဖြစ်သည်။

ကိုယ့်ရဲ့ ပျော်ရွှင်မှုကို မမကိုလည်း ပျော်ရွှင်စေချင်စိတ်ဖြင့် မျှဝေသလို၊ ကိုယ်ဝမ်းနည်းသည့်အခါတွင်လည်း မမအား ရင်ဖွင့်ချင်ကာ မမရဲ့ အားပေးစကား ဖေးမမှုများကို ခံယူချင်မိတာဟာ ဘာကြောင့်လဲ။

သို့သော် . . . ယခုတော့ မမ သူ့ကို ဘာလို့ စကားကောင်းကောင်းမပြောဘဲ ခပ်စိမ်းစိမ်းဆက်ဆံနေတာလဲ။ ဘာကြောင့် သူနှင့် မျက်နှာချင်းဆိုင်ရမှာ စိုးကြောက်သူနှယ် ရှောင်ဖယ်ရှောင်ဖယ် လုပ်နေတာလဲ။

မမရယ်၊ ကျွန်တော့်အပေါ် ဘာအကြောင်းပြချက်မှ မပေးဘဲ သစ်စိမ်းချိုး ချိုးနေတာ ဘာသဘောလဲ။

မမ စိတ်ဆိုးဒေါသဖြစ်စေမည့်ကိစ္စ ဘာတစ်ခုမှ ကျွန်တော် မလုပ်မိသေးတာတော့ သေချာပါတယ်။ ဘာကြောင့် ခုလို စိမ်းကားရက်တာလဲဗျာ။

"မမ ဒီနှစ်သင်္ကြန်မှာ ကျွန်တော်နဲ့ညီသစ် မန္တလေးကို သွားလည်ချင်တယ်"

တကယ်တော့ ဆတ်ဆတ်ဆော့ဆော့နှင့် ဒီရဲ့အဆိုကို တင်သွင်းသူကတော့ ခွန်အား ဖြစ်လေသည်။

ခွန်အားရဲ့စကားကြောင့် ဇွဲမှာ မျက်လုံးပြူးသွားကာ –

"ဘာပြောတယ်"

နှစ်ယောက်စလုံးက ဇွဲရဲ့မေးခွန်းကြောင့် ခေါင်းငြိမ့်တူညီတ်ကာ –

"ဟုတ်တယ် မမကြီးရဲ့။ သားတို့ကို ဒီနှစ် မန်းလေးသွားလည်ခွင့်ပေးနော်။ Chemistry က ဆောင်ရွှန်ကို မမကြီးသိတယ် မဟုတ်လား။ သားတစ်ခါက အိမ်ကိုခေါ်လာခဲ့ဖူးတယ်လေ"

"အင်း သိသားပဲ၊ အဲဒါဘာဖြစ်လဲ"

ဇွဲက မျက်နှာမပြုံးမရယ်ဖြင့် တုံးတိတိမေးလိုက်တော့ သားငယ်လေးက မျက်နှာကို ငါးရှူပြုံးပြုံးကာ –

"မမကြီးကလည်း အဲဒီဆောင်ရွှန်က မန္တလေးသားလေ။ အခု ကျောင်းပိတ်ရက် သူ မန္တလေးပြန်မှာ၊ သားတို့ကို သကြန်လာလည်ဖို့ ဖိတ်ခဲ့တာပျ။ မန်းသကြန်က အရမ်းစည်တယ်တဲ့။ ကျုံးရေ့မှာဆို စည်လွန်းလို့ ကားကြပ်လွန်းလို့ ကားတွေ ပိတ်မိပြီဆို ပြန်ထွက်ဖို့တောင် မလွယ်တော့ဘူးတဲ့"

"ဟ ညီသစ်၊ မင်းကလည်း သွားလည်ရဖို့ကိစ္စပြောရမှာကို သွားလည်ခွင့်မပေးအောင် ဘာတွေပြောနေတာလဲ"

ဒီကောင်ပြောနေပုံနှင့် မမကြီးက ပေးသွားပါလိမ့်မယ် အားကြီးကြီးဟု ခွန်အားတွေးရင်း မျက်မှောင်ကုတ်နေသော မမကြီးကို ပြုံးပြကာ –

"ဘာမှလွန်လွန်ကျူးကျူး မဖြစ်စေရဘူးလို့ ကျွန်တော်တို့ ကတိပေးပါတယ် မမကြီး"





"အမယ်လေး သွားခွင့်တောင်မပေးရသေးဘဲ ဘာတွေ ကတိလာပေးနေတာလဲ။ သွားခွင့် လုံးဝမပြုနိုင်ပါဘူး။ ဒီတောင်ကြီး မှာကော သကြန်က မစည်လို့လား။ မရှာပ်မရှိလို့ နယ်ကျော်သွားချင် နေတာလား။ မသွားရဘူးနော် ဒါပဲ"

ဇွဲရဲ့ ခပ်ပြတ်ပြတ်စကားကြောင့် နှစ်ယောက်စလုံး ရှုံ့မဲ့သွားကြကာ –

"မမရယ် . . . ဒါလေးပဲ"

ဇွဲ သူတို့စကားကို ဆုံးအောင်နားမထောင်ဘဲ မတ်တတ်ရပ် ကျောခိုင်းပြီး –

"မသွားရဘူးဆို မသွားရဘူး။ မင်းတို့ ဘာကတိတွေပေးပေး မပေးပေး သဘောမတူနိုင်ဘူး။ ဘယ်နှယ့်ဟယ်၊ အေး နောက်ထပ် ပြောရဲပြောကြည့်၊ တို့ကို အဆိုးမဆိုနဲ့။ တော်တော်ကို အတတ်စမ်း [illegible]ကြတယ်။ သကြန်မှာ ဘယ်နေရာပဲဖြစ်ဖြစ် အန္တရာယ်နဲ့ မလွတ်တာ [illegible]"

ရလဒ်တစ်ခုကတော့ ဇွဲ့ကို (၂) ယောက်သား တူညီစွာ [illegible]ကြခြင်းပင် ဖြစ်သည်။

သားငယ်လေးကလည်း ထမင်း ဟုတ်တိပတ်တိ မစား။ [illegible]ဟုတ်တိပတ်တိ မပြောဘဲ ခွန်အားကလည်း အိမ်ကို လုံးဝ [illegible]တော့ခြင်းပင် ဖြစ်သည်။

တစ်ခါတစ်ရံ ခဏတဖြုတ် သားငယ်လေးဆီလာလျှင်တောင် [illegible]ကို မခေါ်ချင်သလိုလို မပြောချင်သလိုလိုနှင့်။ သားငယ်လေးက [illegible] ဘာထူးသလဲ အလားတူပဲ။ အရပ်တုန်းက (၂) ယောက်သားခေါ်

စကားသံတွေနှင့် ရှုညံ့စိုပြေနေခဲ့သော အိမ်၊ ယခုကျတော့ သူတို့ နှစ်ယောက်တည်းသာ တွတ်ထိုးလျက် ဖျော့ကိုတော့ ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင်မထင်တော့ပေ။

ကြာလာတော့ တိတ်ဆိတ်ငြိမ်သက်လွန်းသော အနေအထားကို ဇော် မခံနိုင်စွာ။

“မင်းတို့တွေ ဘာလဲကွ၊ ဘာလဲ၊ ငါ့ကို တစ်သက်လုံး စကားမပြောဘူးလို့များ ဆုံးဖြတ်ထားကြသလား”

ခွန်အားက မုန်းချစ်စရာကောင်းလောက်အောင် ဆိုဖာပေါ်မှာ သက်သောင့်သက်သာ လှဲရင်း –

“ကျွန်တော်တို့က ဘာမှမပြောဘူးနော်။ မမဘာသာ အိုးမလုံ အုံပွင့်နေတာ”

“အံမယ် ... ပြောပုံက”

“ဟုတ်ပါတယ်၊ အရပ်ထဲကစကားပြောရရင်တော့ ရှင်တို့က ရဲစွေကိုး။ မမကြီးက သားတို့ရဲ့အုပ်ထိန်းသူ ဖြစ်နေတော့ လုပ်ပိုင်ခွင့်၊ ပြောပိုင်ခွင့်၊ တားပိုင်ခွင့်အာဏာက မမကြီးရဲ့ဆီမှာ အပြည့်ရှိတာကိုး”

“တောက်၊ ကြည့် ပြောပုံက အဲဒါ အစ်မတစ်ယောက်ကို ပြောရမယ့်စကားလား။ ခင်များအလှည့်ရောက်တုန်းတော့ လုပ်ထားပါ။ ကျုပ်တို့အလှည့်ရောက်ရင် သိမယ်လို့ တေးထားတယ်ပေါ့လေ”

“ဘာမှမဆိုင်လိုက်တာ မမရာ။ ကျွန်တော်တို့က အဲဒီလို တွေးဖို့မပြောနဲ့ စိတ်ကူးတောင်မရှိဘူးနော်။ မမကြီးကသာ မမကြီး လျှောက်ပြောပြီး ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက်ကို ငရဲပေးနေတာ”





“ဪ ဪ ... ကျွန်မက လွန်တယ်ပေါ့လေ။ ဟွန်း ... နှစ်ယောက်လုံးကို တစ်စက်လေးမှ ကြည့်လို့ကိုမရတော့ဘူး။ သွားပါပြီတဲ့။ မင်းတို့ (၂) ယောက်က ဘာနဲ့ သွားကြမှာတဲ့လဲ”

“ဟာ”

“ဟေး ... တကယ်နော် မမကြီး”

ကြည့်ကြပါလား။ စောစောတုန်းက သေတော့မလိုလိုရှုပ်နှင့် မကြည်မလင်ဖြစ်နေသူ (၂) ယောက်က တဟေးဟေး တဟားဟား အော်ကာ ဖျော့နားသို့ အပြိုင်အဆိုင် အလုအယက် တိုးကပ်ကာ ဝမ်းသာအားရ မေးလိုက်ပုံက ရိုက်သတ်ပစ်ဖို့ပင် ကောင်းနေသေးသည်။

ဇော်က (၂) ယောက်စလုံးကို မျက်စောင်းနာနာထိုးရင်း –

“သွားခိုင်းရတော့မှာပေါ့၊ မသွားခိုင်းရင် မင်းတို့က ငါ့ကို အခုပဲ ထသတ်တော့မယ့်ပုံနဲ့ ... ဟွန်း”

“ဟာ ... မမကလည်း၊ ဒီအစ်မလေးတစ်ယောက်တည်း ရှိတာ အဲဒီလို ဘာလို့လုပ်ရမှာလဲ။ အခု ကျွန်တော်တို့ သွားမှာက ဆိုင်ကယ်နဲ့”

“ဘုရားရေ ... မင်းတို့က တောင်ကြီးနဲ့မန္တလေးကို နီးနီးလေး မှတ်နေသလား။ ဆိုင်ကယ်နဲ့တော့မသွားရဘူး။ ကားလက်မှတ် ဖြတ်ပေးမယ်၊ ဟိုရောက်ရင် မင်းတို့သူငယ်ချင်းက ကားငှားမှာပဲဟာ”

“ဟာ ... မမကြီးကလည်း သားတို့က ကားနဲ့မလည်ဘူး။ ဆိုင်ကယ်နဲ့ပဲလည်မှာဗျ။ အစအဆုံး ခွင့်ပြုပြီးမှတော့ ဒါကိုမတားပါနဲ့တော့”

"ကျွတ် ... မင်းတို့ကွာ၊ ဖြစ်ချင်တာပဲ သိတယ်။ သဘော၊ မင်းတို့သဘော။ ပြီးတော့မှ ဘာဘာညာညာ လာမလုပ်နဲ့ လုံးဝ တာဝန်မယူဘူး"

"ဟေး ... ဒါကြောင့်၊ ကျွန်တော်တို့ မမက ချောနေတာ"

"တော်စမ်းပါ၊ မင်းတို့ ဒါနဲ့ပဲ ငါ့ကိုကပ်စားနေကြတာ"

ဒီရဲ့အကျိုးဆက်ဟာ မကောင်းသောအကျိုးဆက်တွေ ဖြစ်လာလိမ့်မယ်လို့ ဇော် ကြိုတင်သိခဲ့ရင် သူတို့ကို ဘာလို့ လွှတ်ခဲ့မိမှာလဲ။

"ဟော့ရောင် ညီသစ် ... သိပ်မမြန်နဲ့ကွ။ မင်းက လူလေး ကြည့်တော့ နွဲ့တွဲ့တွဲ့နဲ့ ဆိုင်ကယ်စီးကတော့ အသေကြမ်းတာပဲ။ ငါတောင် မင်းလောက်ထိ မြန်မြန်တစ်ခါမှ မစီးဖူးဘူး"

"ဒီလောက်တော့ မိုင်နာပါ ခွန်အားရာ၊ ဒီလမ်းနဲ့ ဒီလမ်း မျက်စိမှိတ်ပြီးတော့တောင် မောင်းလို့ရသေးတယ်"

"ဟ ... မင်းက မောင်းရဲပေမယ့် ငါကတော့ မလိုက်ရဲဘူး နော်။ ကြိုတော့ပြောထားပါရဲ့"

"ဟား ဟား ဟား"

ခွန်အားရဲ့ အထိတ်တလန့် စကားကြောင့် ညီညီသစ်က သဘောကျစွာ တဟားဟား အော်ရယ်လေသည်။

"မင်းကတော့ ပြောလေ ကဲလေပါလား ညီသစ်ရာ။ ကဲကွာ အဲနောက်ဘက်ကို လှည့်ကြည့် လှည့်ကြည့် လုပ်မနေနဲ့"

သူပြောလျှင်လည်း ပြောစရာပင်။ ညီသစ် ဆိုင်ကယ်မောင်းနေပုံက သူ့ကိုယ်သူ နိုင်ငံခြားအက်ရှင်ကားထဲက ဇာတ်လိုက်လိုလိုနှင့်၊





ဘေးဘီဝဲယာတို့၏ မြင်ကွင်းများသည် ဘာမှ သဲသဲကွဲကွဲမရှိဘဲ ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့လေသည်။

ကားတွေကို ပွတ်ကာ သီကာ ရှောင်ရင်း မောင်းနေသော ဆိုင်ကယ်၏ ပြေးလမ်းမှာ ဖြောင့်ဖြောင့်တန်းတန်း မရှိဘဲ တွန့်လိမ် ကွေးကောက်လျက် ရှိလေသည်။ နားထဲ၌ လေတိုးသံတဝီဝီကလည်း ဆူညံကျယ်လောင်လျက်ရှိသည်။

"ဟိတ်ကောင် ညီသစ် ... ငါတို့ကသာ လည်ဖို့လာနေတာ နော်၊ မမကတော့ အိမ်မှာတစ်ယောက်တည်း"

ခွန်အားရဲ့စကားကြောင့် ညီသစ် တွေဝေသွားကာ ခေါင်း ညိတ်လိုက်သည်။ နောက်ဘက်သို့လှည့်ကာ သူ့ကို တစ်စုံတစ်ရာ ပြောဖို့ပြင်လိုက်စဉ် –

"ဟာ ညီသစ် ... နောက်မလှည့်နဲ့။ ဟိုဘက်ဆွဲလှည့် ... လှည့်"

"ဂျိမ်း"

ခွန်အားရဲ့စကား မဆုံးလိုက်ချေ။ ညီသစ်က ဆိုင်ကယ်ရှေ့ ဘီရိုက်၊ နောက်ဘီရိုက် အားလုံး ဖျစ်ညှစ်လိုက်သဖြင့် ကုန်တင်ကား အောက်သို့ဝင်မည့် ဘေးမှ ကင်းဝေးသွားသည်။ သို့သော်လည်း တစ်ဖက် ပေ (၂၀) မြေနီလမ်းထက်မှ မောင်းလာသော မြေသယ် ကားကြီးဆီသို့ ဆိုင်ကယ်က ဦးတည်ပြေးဝင်သွားလေသည်။

"ဂျိန်း"

"ဒုန်း"

"အား"

အသံစုံတွေ ဆူညံပွက်လောရိုက်စွာ ထွက်သွားလေသည်။ ခွန်အားကတော့ တိုက်မိသည့်အရှိန်နှင့် လမ်းဘေးချုံတောထဲသို့ လွင့်စင်သွားကာ ဘာဆို ဘာမှ သတိမရတော့ပေ။

ညီညီသစ်ကတော့ ရှေ့မှမောင်းသူဖြစ်နေသဖြင့် ကားခေါင်းနှင့် ဆိုင်ကယ် ဝင်ဆောင့်ကာ ဆိုင်ကယ်က လွင့်စင်သွားပြီး ကတ္တရာလမ်းပေါ် အရှိန်နှင့်ရိုက်ကျသွားသည်။

ညီသစ်ကတော့ ကားမှန်ကွဲစတွေ မျက်နှာ၌ ပစ်စလက်ခတ် စင်သွားသည်။ နောက် အရှိန်နှင့်ပြန်ကျကာ ခေါင်းက ကျောက်တုံးတစ်တုံးနှင့်ရိုက်မိကာ သွေးတွေ ယိုစီးထွက်လာပုံက တဒင်္ဂအတွင်း အကျည်းတန်သော မြင်ကွင်းတစ်ခု အဖြစ်သို့။

❁



## အခန်း (၃၁)

သကြံနိနားနီးသဖြင့် ဆိုင်ကိုပိတ်ထားလိုက်သည်။ အိမ်မှာ တစ်ယောက်တည်းပဲ ရှိနေသဖြင့် ဇွဲ ပျင်းလှပါသည်။ ခါတိုင်းဆို ဟိုကလေး (၂) ယောက်ရှိနေသဖြင့် အိမ်က စိုပြေတဲ့အခါလည်း စိုပြေ အေးရတဲ့အခါလည်း အေးရနှင့် ပျော်စရာလည်းကောင်းသည်၊ စိတ်ညစ်စရာလည်းကောင်းသည်။

ခုတော့လည်း သူတို့လေးတွေရဲ့ အသံတွေကို လွမ်းလှပါသည်။ ဒီကလေးတွေ မန္တလေးရောက်ပြီလားမသိ။ ရောက်လျှင်တော့ ရောက်ရောက်ခြင်း အိမ်သို့ ဖုန်းဆက်ရန် မှာထားသည်။

ကောင်စုတ်ကလေးတွေ။

သူတို့အလိုပြည့်တော့ အစ်မတစ်ယောက်တည်း အိမ်မှာ ဘယ်လောက်ထိ ပျင်းရိအထီးကျန်ဆန်နေမလဲဆိုတာကို မတွေးပေးကြတော့ပေ။

တော်တော်ချစ်စရာကောင်းတဲ့ ခွေးစုတ်လေးတွေဟု ဇွဲ ချစ်စနိုး တွေးလိုက်သည်။

ခြော် ... ဘာလိုလိုနှင့် သားငယ်လေးတောင် အရွယ်ရောက်သော လူငယ်လေးတစ်ယောက် ဖြစ်နေပါပေါ့လား။

လွန်ခဲ့သောခြောက်နှစ်၊ သားငယ်လေးခြောက်တန်းဘဝ။ ဇော် ဆယ့်ခုနစ်နှစ်အရွယ် ကျောင်းသူဘဝမှာ သွေးပျက်ဖွယ်နေ့ရက်၊ သို့တည်းမဟုတ် သွေးစွန်းသွားသော နေ့ရက်တစ်ရက်ကြောင့် ဇော်တို့ မောင်နှမ (၂) ယောက်အတွက် ကမ္ဘာပျက်သွားခဲ့ရဖူးသည်။

ယခုတော့ အနယ်ထိုင်သည်မဟုတ်ပေမယ့် တစ်ခါတလေ အခက်အခဲ၊ အတိုက်အခံတွေကို ရင်ဆိုင်ရသည့်အခါ မေမေတို့ကို အရမ်းတမ်းတမိသည်။ ပြဿနာတွေကို မဖြေရှင်းနိုင်သည့်အခါမျိုးတွင် မေမေ့ရဲ့ရင်ခွင်ကို တောင့်တခဲ့မိသည်။

ခြော် ... ဇော့်အဖြစ်က လမင်းကိုလိုချင်လို့ ငိုနေသော ကလေးငယ်လိုဖြစ်နေပြီလား။ တကယ်ဆို ငါ့နောက်မှာ ငါ့ကိုမှီခိုနေတဲ့ မောင်ငယ်လေးတစ်ယောက်ရှိနေသည်ဟူသော အတွေးနှင့် စစ်သူကြီး တစ်ယောက်လို ရဲရင့်နေခဲ့ပေမယ့် ဇော်ဟာ အားနွဲ့သောမိန်းမတစ်ယောက်ပဲလေ။ တစ်ခါတလေ အခက်အခဲ အကျပ်အတည်းများဆီမှ လက်ပြောက်အရှုံးပေး ထွက်ပြေးချင်တာပေါ့လေ။

"ကလင် ကလင်"

ဟော။

အတွေးနှင့်ရှိနေဆဲတွင် ဖုန်းမြည်သံကြောင့် မျက်ခုံးပင့်သွားသည်။

ဟိုကောင်လေးရေတွေဆီကများလား။

အင်း ... အခုပဲ သူတို့အကြောင်း တွေးနေတာဆိုတော့





အသက်ရှည်ဦးမယ်။

"ဟယ်လို"

"------"

"ဟုတ်ပါတယ်ရှင်"

"------"

"ရှင်"

ကြားလိုက်ရသောစကားလုံးတွေကြောင့် ဇော့်လက်ထဲက ဖုန်းလေး လျှောခနဲပြုတ်ကျသွားသည်။ ပြူးကြောင်နေသော မျက်ဝန်းတို့က မယုံကြည်မှု၊ တုန်လှုပ်မှုတွေနှင့်။

မဟုတ်ဘူး ... မဟုတ်ဘူး။ မလှည့်စားပါနဲ့ ကံကြမ္မာရယ်။ ဒီလို ဆိုးဝါးလှတဲ့ အခြေအနေတစ်ခု ဒါမှမဟုတ် အကျိုးဆင့်ဖြစ်လို့ ပါဆိုတဲ့ ဖုန်းလေးတစ်ခုကို ဒုတိယမ္ဘ် လက်ခံဖြေကြားရလိမ့်မည်ဟု အိပ်မက်ထဲတောင် ယောင်၍မှ ထုတ်မမက်ခဲ့ပေ။

ဒါ ... ဒါပေမဲ့ ဒါဟာ အမှန်တရားမဟုတ်ဘူးဆိုတာကိုတော့ ဇော် ရဲရဲကြီး အာမမခံနိုင်ပေ။

အား ... ဟင့်အင်း။ ကလေးတွေ ဘာမှမဖြစ်စေရဘူး။ ဘာမှကြီးကြီးမားမား မဖြစ်စေရဘူး။

ယခုလေးတင် ဖေဖေနှင့်မေမေတို့ အကျိုးဆင့်ဖြစ်ခဲ့ဖူးသည့် နေ့လေးကို သတိရကာ စိတ်ထဲက တမ်းတမ်းတတ ဖြစ်နေဆဲမှာ ဇော် သိပ်ချစ်သောမောင်လေးတို့ကလည်း အကျိုးဆင့်ဖြစ်ရသည်။

ကံကြမ္မာကြီးရယ် တစ်ဆိတ် မလွန်လွန်းဘူးလားရှင်။ ကျွန်မ တို့မိသားစုတွေမှာ ဘယ်လို အကုသိုလ်ဆိုးတွေရှိနေလို့ ခုလို ရက်ရက်

ဖက်စက် ခွဲထုတ်ချင်နေရတာလဲ။

ကျွန်မမောင်လေးသာ တစ်ခုခုဖြစ်ကြည့်၊ ကံကြမ္မာဆိုတဲ့ အရာကို ကျွန်မ တစ်သက်လုံး မုန်းမိမယ်။ ဘယ်တော့မှ မျက်နှာ မပေးတတ်တဲ့ ကံကြမ္မာကို ကျွန်မ မကိုးကွယ်တော့ဘူး။

ဖဉ့်ပုံစံက ရူးကြောင်ကြောင်ဖြစ်နေပြီလားမသိ။ လွန်ခဲ့သော (၆) နှစ်လောက်တုန်းက မျက်ရည်လည်ရွဲနှင့် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိ ဖြစ်နေခဲ့သော ကောင်မလေးတစ်ယောက်။ ယခုတော့ အမျိုး သမီးကြီးတစ်ယောက်လို စိတ်တွေကို အတင်းတည်ငြိမ်အောင် စုစည်း ပြီး ဆေးရုံသို့ ရောက်အောင် ချီတက်ခဲ့ရသည်။

ဆေးရုံရှေ့ ကားရပ်မိသည်နှင့် လျင်မြန်စွာ ကားပေါ်မှ ဆင်း လာသည်။

လွန်ခဲ့သောနှစ်တွေကလို ပုံစံတူ အပြုအမူက ထပ်တူကျစွာ ဖြစ်တည်လာသည်။ ဖြတ်သန်းသွားလာနေသည့် သူနာပြုဆရာမ တစ်ယောက်ကို –

"ဆရာမ ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်တဲ့ လူနာတွေ ဘယ် ဘက်မှာလဲ၊ တစ်ချက်လောက် သိချင်လို့ပါ"

"ဪ ... ဒီလှေကားကနေ တက်သွားရင် ထောင့်ဆုံး အခန်းမှာပါ။ အခု ဆရာဝန်ကြီးလည်း ရှိနေပါတယ်"

"ဟုတ် ... ဟုတ်ကဲ့"

ဖဉ့် ကျွန်မမှာ မိန်းမပါပျသော အတွေးနှင့် အိမ်မြွှေတွေလည်း မဆယ်နိုင်၊ သိက္ခာတွေလည်း မဆယ်နိုင်တော့ဘဲ ဆေးရုံအပေါ်ထပ်သို့ အပြေးတစ်ပိုင်း တက်ခဲ့သည်။





"သားငယ်လေး၊ သားငယ်လေး"

"မိန်းကလေး သတိထားနော်"

ဆရာဝန်တွေကြားထဲမှာ သွေးအစွန်းစွန်းပုံစံနှင့်အဖြစ်ဆိုး စွာ မြင်လိုက်ရသော သားငယ်လေးကြောင့် ဖဉ့်ရဲ့စိတ်တွေကို ထိန်းချုပ် ခြင်းငှာ မတတ်နိုင်တော့ပေ။

သားငယ်လေးကို အတင်းဝင်ပွေ့ကာ တတွတ်တွတ် ခေါ်မိ တော့ ဆရာဝန်နှင့် သူနာပြုတို့က ဖဉ့်လက်ထဲကနေ သားငယ်လေးကို ဖြေယူကာ –

"ညီမ စိတ်ကိုထိန်းပါ"

"ဆရာ ဆရာ ... ကျွန်မမောင်လေး၊ ကျွန်မမောင်လေး"

"စိတ်အေးအေးထားပါ"

"ကျွန်မမောင်လေး ဘာမှဆိုးဆိုးရွားရွားတော့မဖြစ်ပါဘူး နော် ဆရာ၊ ဘာမှမဖြစ်ဘူးမလား"

အလောတကြီးမေးလိုက်သော ဖဉ့်ရဲ့ပုံစံက ပဏ္ဍာမြေလူး သည့် အခြေအနေထက် ဆိုးနေလေလားမသိ။ ဆရာဝန်တွေနှင့် သူနာပြုတွေက ဖဉ့်ရဲ့ပုံစံကိုကြည့်ပြီး ခေါင်းတယမ်းယမ်းဖြစ်နေသည်။

ဘယ်သူ့မျက်နှာမှာ သူ့မအတွက် ဘယ်လိုခံစားနေရသလဲ ဖတ်နေဖို့ ဖဉ့်၌ အချိန်မရှိပေ။ ဆရာဝန်ကြီးက ဖဉ့်ကို ကြင်နာသော လေသံနှင့်။

"သမီးရဲ့မောင်လေးက ဘယ်သူလဲ"

"ဟင်"

ဟုတ်ပါရဲ့၊ ဆရာဝန်ကြီးရဲ့စကားကြောင့် ဖဉ့် ခွန်အားကို

သတိရမိသည်။ ခွန်အား ... ခွန်အား။ သူ သူကော ဘယ်မှာလဲ။ သူကော ပြင်းပြင်းထန်ထန် ကြီးကြီးမားမား ခိုက်မိခဲ့လေသလား။

သွေးမတော်သားမစပ်သော်လည်း ရင်းနှီးခဲ့ဖူးသော အနေအထား။ တွယ်တာမိသော သံယောဇဉ်ကြိုးတွေကြောင့် ဇော် သူ့အတွက်လည်း စိုးရိမ်ကြီးစွာဖြင့် –

"ဒီ ဒီကလေးက ကျွန်မရဲ့မောင်ပါ ဆရာ။ နောက် နောက်တစ်ယောက်က ကျွန်မမောင်လေးရဲ့ သူငယ်ချင်းပါ။ အဲ အဲဒီကလေးကော အဲဒီကလေးကော ဘာတွေ ကြီးကြီးမားမား ဖြစ်သွားလဲဆရာ။ ကျွန်မမောင်လေးကော ဘာတွေဖြစ်သွားလဲ ဆရာ"

ဒဏ်ရာတွေနှင့် ငြိမ်သက်နေသော သားငယ်လေးကို ဇော် စိုးရိမ်တုန်လှုပ်စွာ မျက်ရည်လည်ရွဲနှင့် ကြည့်ပြီး မေးမိတော့ ဆရာဝန်ကြီးဆီမှ သက်ပြင်းချသံနှင့်အတူ –

"သမီး အဲဒီလောက်ထိ မစိုးရိမ်ပါနဲ့။ ဟိုသူငယ်လေးကတော့ ဘာမှ ကြီးကြီးမားမားတော့ ဖြစ်မသွားဘူး။ လက်တော့ကျိုးသွားတယ်။ ခုထက်ထိတော့ သတိမရသေးဘူး"

ဟင်။။

ဘာမှကြီးကြီးမားမား ထိခိုက်မှုမရှိဘူးဆိုသဖြင့် သူ့အတွက် စိုးရိမ်စိတ်များ လျော့နည်းသွားရပေမယ့် ကိုယ့်မောင်ရဲ့ကိုယ်မှာတော့ သွေးတွေ အလိမ့်လိမ့်၊ ပတ်တီးတွေ အထပ်ထပ်နှင့်ဆိုတော့ ဒီရဲ့ ပူပင်သောက ပို၍ကြီးပါသည်။

"ကျွန်မမောင်လေးကကော ကျွန်မ မောင်လေးကကော ဘယ်အခြေအနေအထိ ဖြစ်သွားလဲ၊ သိပါရစေ ဆရာရယ်။ ကျွန်မ





မောင်လေးလည်း သူ့လို ဘာမှ ဆိုးဆိုးရွားရွား မဖြစ်လောက်ဘူး မဟုတ်လား ဆရာ"

"သမီး ဘာမှမပူပါနဲ့ကွယ်၊ ဆရာတို့ အကောင်းဆုံး ဖြစ်အောင် လုပ်ပေးပါ့မယ် ဟုတ်လား"

"ဟင့်အင်း ... ဆရာ၊ ကျွန်မမောင်လေးရဲ့အခြေအနေကို အမှန်အတိုင်း သိချင်ပါတယ်။ သိပါရစေ"

"ဟင်း"

တတွတ်တွတ်နှင့် တောင်းဆိုနေသော ဇော့်ကိုကြည့်ပြီး ဆရာဝန်ကြီးက သက်ပြင်းချ၍ မျက်နှာလွှဲသွား၏။

ထို့ပြင် မပြောမပြီးမချင်း တတွတ်တွတ် မေးနေမည်ကို သိ၍လားမသိ။

"သမီးရဲ့မောင်လေး အခြေအနေကတော့ ဆိုးရွားတယ်လို့တော့ ပြောနိုင်ပါတယ်။ သူက မောင်းသူနေရာက ရှိနေတော့ တော်တော် ပြင်းပြင်းထန်ထန် ခံလိုက်ရပုံရတယ်။ မျက်လုံး အခြေအနေကတော့ မှန်ကွဲစတွေ စင်ထားတော့"

"ညီမ"

"ရ ... ရတယ်၊ ဆက် ... ဆက်ပြောပါ ဆရာ"

ဇော် ယိုင်ခနဲ ဖြစ်သွားစဉ် ဘေးနားတွင်ရှိနေသော သူနာပြုဆရာမလေးက ဇော့်ကို ဖေးမဖို့ ကြိုးစားသော်လည်း ဇော် လက်ကာပြကာ ဆရာဝန်ကြီးကိုပဲ ဆက်ပြောဖို့ တိုက်တွန်းလိုက်သည်။

မျက်လုံးတွေပြာဝေကုန်ကာ ကျဆင်းစရာ မျက်ရည်တွေတည်း ဘယ်ချောင်ဆီသို့ ပြေးကပ်ကုန်သလဲ မသိတော့ပေ။

''ခေါင်းကတော့ ကျောက်တုံးနဲ့ ပြင်းပြင်းထန်ထန် ခိုက်မိထားလေတော့ သူ သတိရမှသာ အခြေအနေကို ဆက်လက်စောင့်ရမှာပေါ့''

''အမယ်လေး . . . သား သားငယ်လေး''

အဆိုးရွားဆုံး အခြေအနေနှင့် ရင်ဆိုင်ရမယ့်သူက ဇော်ရဲ့မောင်လေးတစ်ယောက်ပဲလား။

နှစ်ယောက်တူတူသွားကြတာမှန်ပါရဲ့နှင့် ဇော်မောင်လေးမှာ ဒဏ်ရာအားလုံးကို ကိုယ်စားခံယူလိုက်ရခြင်းအပေါ် လုံးဝမကျေနပ်ပေ။

ဘာမှမဖြစ်ခဲ့ပါဘူးဆိုတဲ့ သူ့ကို ဇော် တူးတူးခါးခါး မုန်းတီးသွားခဲ့မိသည်။

ဒင်း ဂြိုဟ်မွှေလို့။ ကိုယ့်နေရပ်ဒေသထက် ကျော်လွန်ပြီး တခြားတစ်ရပ်တစ်ပါးဆီသို့ ခြေဆန့်ဖို့ ဒင်းပြောလို့။

ဇော့်သားငယ်လေးရဲ့အကြောင်းကို အစအဆုံး သိပါသည်။ အစ်မက ဒီလမ်းကိုမသွားနှင့်ဆိုလျှင် ပြောစကားကို နားထောင်ကာ ခြေကျုံးဖို့ မကြိုးစားသူ။ အခုတော့ ခွန်အားဆိုသည့်လူဆိုးနှင့် ပေါင်းကာ ဖွတ်ထိုးထွက်ချင်နေသူ။ ယခုတော့ –

ဇော် အံတင်းတင်းကြိတ်ကာ –

ခွန်အား . . . မင်းကို ကမ္ဘာကြေပေမယ့် ဥဒါန်းမကြေဘူး။ မင်းကို တစ်သက်လုံး မုန်းတယ်။ မမြင်ချင်ဘူး မုန်းတယ်။

ဇော် အတွေးတွေကို တိခနဲဖြတ်ချကာ ဆုံးဖြတ်ချက်တစ်ခုကို လျင်မြန်စွာ ချလိုက်သည်။ ခုချိန်မှာ ခွန်အားသတိပြန်ရလာလျှင်





အရင်လို ဂရုစိုက်ဖို့နေနေသာသာ သတ်ပစ်ချင်စိတ်ကိုတောင် မနည်းထိန်းထားရမည့်အနေအထားမို့ –

''ဆရာ''

''ပြောပါ သမီး''

''သမီးရဲ့မောင်လေးကို ရန်ကုန်ကိုပဲ ဒီနေ့လွှဲချင်ပါတယ်။ ဖြစ်နိုင်မလား ဆရာ''

''ဒါ သမီးရဲ့သဘောပါပဲ၊ ဆရာတို့ဘက်က စီစဉ်ပေးလို့ရပါတယ်။ ကောင်းတော့လည်း ကောင်းပါတယ်။ ဟိုမှာက စမ်းသပ်စရာပစ္စည်းကိရိယာတွေ ပိုစုံတာပေါ့ သမီးရယ်''

ဇော် ကိုယ့်ရဲ့ဆုံးဖြတ်ချက်အတွက် နောင်တမရချင်ပေ။ ဇော် ရှာဖွေထားသော ပစ္စည်းဥစ္စာအားလုံးနှင့် သားငယ်လေးရဲ့ အသက်ခန္ဓာကိုယ်ကို ရအောင်လဲလှယ်မည်။ သားငယ်လေး ဘာမှကို ဆိုးဆိုးရွားရွား မဖြစ်စေရ။

ဇော် ခွန်အားအတွက် စာတစ်စောင်ရေးပြီး ထားပေးခဲ့သည်။

ခွန်အား –

*မင်း ငါတို့မောင်နှမတွေနဲ့ ပတ်သက်ဖို့ လုံးဝမကြိုးစားပါနဲ့တော့။ မင်းရဲ့ဘဝမှာ သံယောဇဉ်နဲ့ ညီညီသစ်ကို ဖယ်ရှားလိုက်ပါ။ မင်းကို ငါမုန်းတယ် ခွန်အား။ ဒီဘဝမှာတင် မဟုတ်ဘူး ဘဝဆက်တိုင်းမှာ မင်းနဲ့မဆုံဆည်းပါရစေနဲ့လို့ ငါ ဘုရားမှာ အမြဲတမ်း တိုင်ဆုတောင်းမယ်။*

*မင်း ငါတို့မောင်နှမတွေကို ဒီလောက်ထိ ဒုက္ခပေးရရင် ကျေနပ်လိုက်ပါတော့။ မင်းနဲ့ငါတို့ မောင်နှမဟာ သုံးနဲ့လေးလို*

ကျောခိုင်းအနေအထားနဲ့ တစ်သက်လုံး ရှိနေပါစေတော့။ မျက်နှာချင်းဆိုင်ဖို့ ဘယ်တော့မှ မကြိုးစားပါနဲ့တော့။

ဘဝဆက်တိုင်း မုန်းနေမယ့်
သံယောဇဉ်

ထိုအချိန်ကစပြီး ဇဉ်သည် ခွန်အားဆိုသည့် ချာတိတ်ကို မုန်းပစ်လိုက်မိသည်။

နောက်ထပ် စမ်းသပ်တွေ့ရှိမှုများသည် ဇဉ်အတွက် သွေးပျက်စရာ အခြေအနေပင်။ ဘာတဲ့ သားငယ်လေးက ခေါင်းမှာ ပြင်းထန်စွာ ခိုက်မိမှုကြောင့် အတိတ်မေ့သွားခဲ့သည်တဲ့။

ဇဉ် နာကြည်းစွာ ရယ်မောလိုက်မိသည်။

ကောင်းတာပေါ့။ ငါ့မောင်လေး မျက်လုံးကွယ်နေတာကို ကုသလိုက်မယ်။ ဒါပေမဲ့ သူ အတိတ်မေ့နေတာကိုတော့ ငါ တယုတယ ထုပ်ပိုးသိမ်းဆည်းထားမယ် ခွန်အား။ သူ သတိရအောင် ငါ ဘယ်တော့မှ မကြိုးစားဘူး ခွန်အား။ အဲဒါ ဘာလို့လဲသိလား။ မင်းလိုလူကို သူ ဘယ်တော့မှ သတိမရတော့ရင် ငါ့ဘက်ကလည်း အနေသာကြီး။ ကြိုက်သမှ သိပ် သိပ်ကို ကြိုက်စရာကောင်းသည့် အနေအထားလေ။

ဝွတ်ဘိုင်။

❀



## အခန်း (၃၂)

ဇဉ်အပေါ်ထပ်မှာ အလုပ်ရှုပ်နေစဉ် အိမ်အောက်ထပ်၌ ကားရပ်သံကြားရသည်။

"ဟော"

သားငယ်လေးရဲ့အသံတစာစာကြောင့် သူ့ရဲ့သူငယ်ချင်းဆိုသူ ပါလာမှန်း ဇဉ် သဘောပေါက်တော့သည်။ ယခုချိန်မှာ သားငယ်လေး ဘာဟာလုပ်ပါ၊ ဘာလုပ်ရမည်ဟု ဇဉ် လမ်းညွှန်မပေးချင်တော့ပေ။

သားငယ်လေးဟာ အတိတ်ကိုမေ့လျော့နေတာကလွဲလျှင် လူကောင်းပကတိအသွင်ဖြစ်နေပြီမို့ ဇဉ်နဲ့ လမ်းညွှန်မှုများသည် အသုံးဝင်လိမ့်တော့မည် မထင်။

ယခုလည်း သူ့ရဲ့မိတ်ဆွေသူငယ်ချင်းတစ်ယောက်အား အိမ်သို့ အလည်ခေါ်လာချင်ပါသည်ဟု တောင်းဆိုသောအခါ ဇဉ်က ခေါ်မလာပါနဲ့ဟု မည်သို့တားရမည်နည်း။

ဒီတော့လည်း ခေါ်လာခဲ့ပါဟုသာ ခွင့်ပြုလိုက်ရပါသည်။

ကိုယ့်ကိုယ်ကိုယ် မပိုင်သောဘဝမှာ သူများကိုလည်း ထိန်းချုပ်၍ မရနိုင်ပေ။

"မင်းတို့အိမ်လေးက အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ်နဲ့ နေချင်စဖွယ်ပဲကွ"

"ဟင်"

ရင်းနှီးနေခဲ့ဖူးသောအသံကြောင့် ဖဲ့ရဲ့ခြေလှမ်းတွေ ရပ်တန့်လုနီးပါး ဖြစ်သွားခဲ့သည်။

ဘုရားရေ။

ခွန်အားများလား။

အေးဆေးစွာ လှမ်းနေသော ဖဲ့ရဲ့ခြေလှမ်းတို့သည် အောက်ထပ်ဆီသို့ လျင်မြန်စွာ ရွေ့လျားသွားခဲ့လေသည်။

"ငါ မမကြီးကို သွားခေါ်ခဲ့ဦးမယ်၊ ထိုင်ဦးကွာ"

"ရပါတယ် အေးဆေးပေါ့"

"သားငယ်လေး"

"ဟော . . . မမကြီး။ သားတောင် အခုပဲ မမကြီးကို လာခေါ်တော့မလို့ပဲ မမကြီး"

အပေါ်ထပ်သို့ လှမ်းလာသောသားငယ်လေးနှင့် ဖဲ့ လမ်းခုလတ်မှာ တွေ့ဆုံကြသည်။ ဖဲ့ ဧည့်ခန်းဆီသို့ မျက်လုံးဝေ့ရင်း–

"မင်းသူငယ်ချင်း ပါလာပြီလား"

"ဟုတ်ကဲ့ . . . ပါလာပါပြီ မမကြီး။ အောက်မှာစောင့်နေတယ်"

အသံတူ၊ နာမည်ချင်းဆင်တာပဲ ဖြစ်ပါစေ။ ဆွဲအားဆိုတာ





ခွန်အား ဘယ်လိုမှမဖြစ်နိုင်သလို ခွန်အားဆိုတာကလည်း ဆွဲအား မဖြစ်နိုင်ပေ။

သားငယ်လေးနှင့်အတူ ဧည့်ခန်းထဲသို့ လျှောက်လာစဉ် မတ်တတ်ရပ် စောင့်ကြည့်နေသူကို မြင်လိုက်ရစဉ် –

"ဟင်"

ဆံပင်ရှည်ရှည်နှင့် လေးထောင့်မျက်မှန်အကြည်လေး တပ်ဆင်ထားသော လူငယ်တစ်ယောက်။

ကောင်လေးရဲ့မျက်ဝန်းတွေက ပြာလွင်လွင်နှင့် ခွန်အားနှင့် ဆင်ချင်သလိုလို။

သို့သော် ကောင်လေး၏ ပါးပြင်ထက်၌ မှဲ့စိမ်းလေးရှိနေသည်။

ဖဲ့ကို တုန်လှုပ်သွားစေတာကတော့ သူ ဖဲ့ကို ပြုံးပြလိုက်သည့် အပြုံးတစ်ပွင့်ပင် ဖြစ်သည်။

ဘုရားရေ။

တိုက်ဆိုင်လွန်းစွာ တူနေပါလား။ သူ ခွန်အားနှင့် ညီအစ်ကိုတွေများ တော်နေမလား။ အို မဖြစ်နိုင်ပါဘူး။ ခွန်အားမှာ သွေးသားညီအစ်ကိုများနှင့် ဝမ်းကွဲညီအစ်ကိုတွေ ရှိတယ်လို့ပြောတာ တစ်ခါမှ မကြားဖူးပါဘူး။

သူ ပြုံးလိုက်သည့်အခါ ဖဲ့ တစ်ချိန်က စွဲလန်းနှစ်ခြိုက်ခဲ့ဖူးသော မေးချိုင့်လေးလည်းပါနေလျက်သား။ ဪ ကမ္ဘာကြီးက ကျဉ်းလွန်းပါသည်ဆိုသောစကားကို ဖဲ့ အမှန်တကယ် လက်ခံမိပါပြီ။

ညီသစ်က –

"မမကြီး လာလေ"

သားငယ်လေးရဲ့ခေါ်သံကြားမှ ဇော်ရဲ့အတွေးတို့ နယ်လွန်သွားမှန်း သဘောပေါက်လိုက်၏။

"ဪ . . . အေး အေး"

ဇော် ထိုင်ခုံထက်မှာ ဝင်ထိုင်ရင်း ဇော်ကို မရဲတရဲ တုံ့ပြန်ကြည့်နေသော ကောင်လေးအား –

"ထိုင်ပါကွယ်"

"မမကြီး သူက သားပြောပြောနေတဲ့ ဆွဲအားလေ။ ဆွဲအားဒါ ငါ့ရဲ့အစ်မ သံယောဇော်လေ"

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်မမ၊ မမကိုတော့ ကျွန်တော်က လူမမြင်ဖူးပေမယ့် ရင်းနှီးနေတာတော့ ညီသစ်နဲ့ ခင်ကတည်းကပါ။ ညီသစ် စကားပြောတိုင်း မမရဲ့အကြောင်း အမြဲပါနေတော့လေ"

ဟင် . . . ဒီအပြောတွေ၊ ဒီအပြောတွေ။ လွန်ခဲ့တဲ့ရှစ်နှစ်က ပြောခဲ့သော လူတစ်ယောက်ရဲ့အပြောတွေနဲ့ ဘာကြောင့် ထပ်တူကျနေရတာလဲ။ တကယ်ဆို မတူသင့်ပါဘူးနော်။ သူကသူ ဆွဲအားဆိုသူက အခြားတစ်ယောက်လေ။

"ဟုတ်လား . . . သားငယ်လေးကတော့ အဲဒီလိုပဲ မောင်ဆွဲအားရေ၊ အိမ်ပြင်ထွက်ရင်တော့ မမကြီးက ဘယ်လောက်အလိုလိုက်တာနဲ့ ကြွားမဆုံးရှိနေတာ။ အိမ်ထဲမှာဆို အစ်မစကား သိပ်နားမထောင်ချင်ဘူး"

ဇော်က သားငယ်လေးကို ပြုံး၍ကြည့်ရင်း ပြောတော့





သားငယ်လေးရဲ့မျက်နှာက စူပုပ်သွားပြီး –

"မမကြီးနော် . . . သား ဘယ်တုန်းက မမကြီးရဲ့စကားကို နားမထောင်ဘဲ နေဖူးလို့လဲ"

"ဟုတ်ပ။ (၈) ခါမှာဆို (၁၀) ခါလောက်ပဲ နားမထောင်တာကိုးနော်"

"ဟာ . . . မမကြီးကလည်းနော်၊ ပိုတောင်ဆိုးနေပြီ"

"ဟင်း ဟင်း"

"ဟား ဟား"

သားငယ်လေးရဲ့စူပုပ်ပုပ်မျက်နှာလေးက တကယ့်ဗီဘီကလေးငယ်တစ်ယောက်နှင့် တူနေသဖြင့် ဇော်တို့ (၂) ယောက်သဘောကျစွာ ရယ်လိုက်မိကြသည်။

"ဪ . . . သားငယ်လေး အနောက်ဘက်မှာ မမကြီးရေခဲသေတ္တာထဲမှာ အအေးဖြင်ထားတယ်၊ သားငယ်လေးရဲ့သူငယ်ချင်းအတွက် သွားယူခဲ့ပါလား"

"ဟာ . . . ရပါတယ် မမ"

"ဘယ်ဟုတ်မလဲကွဲ့၊ သွားလေ သားငယ်လေး"

သားငယ်လေး ထွက်သွားတာကို လှည့်ကြည့်ပြီးမှ ဇော်ရှေ့သို့ပြန်လှည့်လိုက်သည်။

ပညာတတ် စာကြိုးစားသူတစ်ယောက်ကဲ့သို့ ငြိမ်ငြိမ်ကုတ်ကုတ်လေးရှိနေသော ကောင်လေးသည် ဇော် တွေ့ခဲ့ဖူးသော ခွန်အားနှင့်တော့ အကွာကြီးကွာပါသည်။

ဇော်နှင့် စတင်တွေ့ဆုံခဲ့သော ခွန်အားသည် ဂျစ်ကန်ကန်

နိုင်ကာ ထောင့်မကျိုးသော၊ မုန်းစရာကောင်းသော ပုံစံနှင့် ခေါင့်ကြွားကြွားနိုင်လှပါသည်။

ယခု ဖဉ့်တွေ့မြင်နေရသော ကောင်လေးကတော့ မျက်လွှာချ ငြိမ်ထိုင်နေပုံက ရက်ရွံ့တတ်သော အပျိုမတစ်ယောက်နှင့်ပင် တူနေပါသေး၏။

"သားငယ်လေးနဲ့ခင်တာ တော်တော်ကြာပြီလား"

"ဗျာ ... မကြာသေးပါဘူး မမ"

ဖဉ့်ကို မရဲတရဲမော့ကြည့်ကာ လေးလေးစားစား ဖြေလိုက်သောကောင်လေးကို ဖဉ့် စူးစူးရဲရဲစိုက်ကြည့်ကာ –

"မောင်ဆွဲအားက ဒီရန်ကုန်ကပဲလား။ ဇာတိက ဘယ်ကလဲ"

"ကျွန်တော်ရဲ့ ဇာတိချက်မြှုပ်က ဒီရန်ကုန်ကပါပဲ မမ"

"ဩော် ... မိဘတွေကော ရှိသေးရဲ့လား"

"မရှိတော့ပါဘူး မမ"

ညှိုးငယ်သောမျက်နှာနှင့် မျက်လွှာချဖြေလိုက်ခြင်းကြောင့် ဖဉ့် သူမျှားရဲ့ ကိုယ်ရေးကိုယ်တာကို အရမ်းစပ်စုနေရာကျနေပြီလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးလိုက်ရသည်။

"ဩော် ... ဟုတ်လား။ ဆောရီးနော်"

"ရပါတယ် မမ၊ ကျွန်တော်က တစ်ဦးတည်းသော သားပါ။ မွေးချင်းညီအစ်ကိုမောင်နှမတွေ မရှိတော့ အဖော်အရမ်းမင်ပါတယ်။ ကျောင်းတက်တုန်းကတော့ ကျောင်းနေဘက် သူငယ်ချင်းတွေတော့ ရှိပါတယ်။ ဒါပေမဲ့ ... ကျောင်းပြီးသွားတော့ သူတို့ကလည်း သူတို့





အလုပ်ကို သူတို့လုပ်၊ ကိုယ်ကလည်း ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ တကူးတက တွေ့ဖို့မရှိတော့ဘူးလေ"

"ဩော် ... ဟုတ်လား။ အလုပ်လုပ်တယ်ဆိုတော့ ဘာအလုပ်တွေ လုပ်တာလဲ၊ ဩော် ... စပ်စုတယ်မထင်နဲ့နော်။ ဒီလိုပဲ အလုပ်လုပ်တယ်ဆိုတော့ မမက မေးကြည့်တာပါ"

အမှန်တော့ စပ်စုတာက စပ်စုတာပဲလေ။ သို့သော် ကိုယ့်ရဲ့ စပ်စုမှုကြီးက အရမ်းကြီးမသိသာစေဖို့အတွက် စကားပလ္လင်ခံလိုက်ခြင်းရယ်ပါ။

စကားပြောကြည့်တော့ သူဟာ ခွန်အားနှင့် ရုပ်ချင်း အသံချင်း ဆင်တာကလွဲ၍ ဘာမှမတူတာကို သတိထားမိပါသည်။

"ရပါတယ် မမ၊ ကျွန်တော် စာ နည်းနည်းပါးပါးရေးပါတယ်။ တခြားအလုပ်တော့ ခုလောလောဆယ် မလုပ်ဖြစ်သေးပါဘူး"

"စာရေးတယ် ဟုတ်လား။ အင်း မမလည်း ကျောင်းသူဘဝတုန်းကလောက်ပဲ စာဖတ်ဖြစ်တာဆိုတော့ ခုချိန်မှာ စာပေတွေ၊ စာအုပ်လောကတွေထဲ အဆက်အသွယ် လုံးလုံးကို ပြတ်နေတာဆိုတော့ နောက်သစ် စာရေးသူတွေကို မသိတော့ဘူး။ ဩော် အဲဒါ မင်းတို့နဲ့မဆိုင်ဘူးနော်။ စာမဖတ်နိုင်တော့တဲ့ မမတို့ရဲ့ အပြစ်လို့ ဆိုရမှာပဲ"

ကိုယ့်ရဲ့စကားလုံးက နောက်သစ်စာရေးဆရာတွေကို စော်ကားသလို ဖြစ်သွားသဖြင့် ဖဉ့် ကပျာကယာ ဖာထေးပြောလိုက်ပေမယ့် သူက ပြုံးကာ –

"ရပါတယ်၊ ကျွန်တော် နားလည်ပါတယ် မမ"

"ဘာတွေပြောနေကြတာလဲ မမကြီးရဲ့"

"ဩော် . . . သားငယ်လေး"

သားငယ်လေးက သူ့ရှေ့သို့ အအေးခွက်ချပေးရင်း မေးလေသည်။

"ကဲ . . . သူငယ်ချင်းနှစ်ယောက် စကားပြောကြဦး။ မမ ထမင်းဝိုင်းသွားပြင်လိုက်ဦးမယ်"

"ဟာ . . . မမ ရပါတယ်။ ကျွန်တော် စားပြီးမှ လာခဲ့တာပါ။ မစားတော့ပါဘူးခင်ဗျာ့"

"မရဘူး ဆွဲအား။ မင်းကလည်း တစ်ခါတလေလေး လာတာကို စားပြီးမှပြန်ရမယ်"

"ငါ တကယ်ပြောတာ ညီသစ်ရ။ ငါ စားပြီးမှ"

"ဘာမှမပြောနဲ့နော်၊ အိမ်ရှင်ရဲ့ ကမ်းလှမ်းချက်ကို ငြင်းရင် အဲဒီဧည့်သည်က ရိုင်းတယ်တဲ့နော် ဒါပဲ"

ခြေတကာကာ လက်တကာကာနှင့် ငြင်းနေသူအား ဇွဲ အနိုင်ပိုင်းပြောကာ ထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည်။ နောက်တက် ဆီမှ အားနာစွာ ငြင်းဆန်နေသည့်အသံကို ခပ်သဲ့သဲ့ ကြားလိုက်ရတော့ ဇွဲ ပြုံးမိသည်။

ပြီးတော့ သက်ပြင်းချမိသည်။ ဩော် . . . ခွန်အားနှင့် ကွာလေစွနော်။ ခွန်အားရဲ့ ရာဇဝင်မှာတော့ အဲဒီလို အားတုံ့အားနာ၊ ရှက်ကိုးရှက်ကန်း အမူအရာ ဖိုးစဉ်းမှမရှိတဲ့ သူကိုယ်သူ ယုံကြည်ချက်တွေနှင့် အမြဲတစေ ရဲရင့်နေခဲ့သည်။



## အခန်း (၃၃)

တကယ်တော့ ခွန်အားဟာ ယခုချိန်မှာ အနုပညာရှင် တစ်ယောက်ဖြစ်နေသည့်အတွက် ဟန်ဆောင်မှုပညာမှာ တစ်ဖက်ကမ်းခတ်အောင် တော်နေပြီဆိုတာ မမ မေ့လျော့နေခဲ့ဟန်တူသည်။

သူ့အတွက်ကတော့ ဝမ်းနည်းနေရင်တောင် ပျော်ရွှင်နေသလို လုပ်ဖို့ စိတ်ရှုပ်နေရင်တောင် ပေါ့ပါးနေသလို ဟန်ဆောင်ဖို့ဆိုတာ ထမင်းစားရေသောက်ဟုတောင် ပြော၍ရနေပြီ။

စိတ်မကောင်းတာတစ်ခုတော့ ရှိပါသည်။

မမကို လိမ်လည်မှုနှင့် ပြန်လည်ချဉ်းကပ်မိသလို ဖြစ်သွားခြင်းအပေါ်မှာတော့ စိတ်မကောင်းပါ။ "မမ" လို ဖြူစင်တဲ့ အမျိုးသမီးကို ဟန်ဆောင်လိမ်ညာမှုနှင့် မပတ်သက်ချင်ပါ။

သူ တန်ဖိုးထားလေးစားရသော အမျိုးသမီးကို သူကိုယ်တိုင်က လိမ်ညာနေမိသလို ဖြစ်ရ၏။

ဒါပေမဲ့ မမရယ် . . . ကျွန်တော့်မှာ အခြားရွေးချယ်စရာ နည်းလမ်း မရှိတော့လို့ပါ။

ခွန်အားအနေနဲ့ မမဆီကို ဘယ်လိုမှ ပြန်ရှဉ်းကပ်လို့မရနိုင်တာကို ကျွန်တော်သိနေပါတယ်။ လိမ်ညာနေရင်တောင် အဲဒါ ခဏတာပါပဲ။

မမက ညီသစ်ကို အတိတ်ပြန်သတိရမှာ သေမလောက်အောင် စိုးကြောက်နေပေမယ့် ကျွန်တော်ကတော့ ညီသစ် အတိတ်ကိုပြန်လည်သတိရအောင် တူးဆွရတော့မှာပဲ မမ။ ဘာကြောင့်လဲ၊ ရှင်းပါတယ်။ အခု ညီညီသစ်ရောက်ရှိနေတဲ့ဘဝဟာ အငှားခန္ဓာလို့ပြောလို့ရတဲ့ အတုအယောင်ဘဝပါ။

ဒါကို ထာဝရတည်မြဲပါစေတော့ရယ်လို့ မမ မျှော်လင့်ထားရင် အဲဒီမျှော်လင့်ချက်ဟာ မတရားတဲ့ မျှော်လင့်ချက်၊ အစွန်းရောက်တဲ့ မျှော်လင့်ချက်ပဲ ဖြစ်တော့မှာပေါ့။

လူဆိုတာ လက်ရှိပစ္စုပ္ပန်ကာလနဲ့ အနာဂတ်မှာပဲ ရပ်တည်နေလို့ မရပါဘူး။

"ဒီနေ့ဟာ မနေ့ကအတိတ်

မနက်ဖြန့်အတွက် အနာဂတ်"

ဆိုတဲ့ စကားလေးတောင် ရှိပါတယ်။ ပစ္စုပ္ပန်ဆိုတာ အတိတ်ကို အခြေခံပြီးမှ ရှိလာတာမို့ လူတစ်ယောက်ရဲ့အကြောင်းပြောပြီဆိုရင် သူ့ရဲ့အတိတ်နောက်ကြောင်းကို ချန်လှပ်ထားခဲ့လို့မှမရဘဲ မမရယ်။ ဘာကြောင့် မမသိပ်ချစ်တဲ့မောင်တစ်ယောက်အပေါ်မှာ မတရား လှပ်ထားခဲ့တာလဲ။

ချစ်တာတော့ ချစ်ပါ။ ဒါပေမဲ့ အဲဒီချစ်ခြင်းတွေမှာ စွန်းထင်းနေတဲ့ အတ္တတွေကတော့ အကျည်းတန်လွန်းပါတယ်။





တကယ်တော့ အတိတ်မှာ ကျွန်တော်လည်း မမှားခဲ့သလို ညီသစ်လည်း မမှားခဲ့ပါဘူး။ မမကသာ မမရဲ့အတ္တတွေနဲ့ ချစ်ခြင်းတရားကို လျစ်လျူရှုခဲ့တာပဲလေ။

"မင်းက သိပ်ကို ထူးဆန်းတဲ့ လူတစ်ယောက်ပဲနော် ဆွဲအား"

"ဘာကိုလဲကွ"

ရေရေရာရာမရှိဘဲ ပြောလိုက်သော ညီသစ်ရဲ့စကားကြောင့် သူ နားမလည်စွာ မေးခွန်းပြန်ထုတ်လိုက်သည်။

ယခုတော့ သူ့ရဲ့တိုက်ခန်းလေးဟာ ညီသစ်ရဲ့ နားခိုရာ ဖြစ်လာခဲ့ပါသည်။ ညီသစ်ရောက်လာခြင်းအတွက် သူ့တိုက်ခန်းတွင် စိုးလင်းတို့နှင့် အရင်လို သီချင်းမတိုက်ဖြစ်တော့ပေ။

ခုချိန်မှာ ညီသစ်အား သူ့ကို အဆိုတော်ခွန်အားအနေနှင့် မသိစေချင်သေးပေ။ အတိတ်ကို သတိမရသေးသော ညီသစ်က မမအား အမှန်အတိုင်း ပြောပြလိုက်လျှင် သူ့ရဲ့ရည်မှန်းချက်တို့ အထမြောက်တော့မည်မဟုတ်ပေ။

"ဩော် . . . ဘာရယ်တော့မသိဘူးကွာ။ ဒါပေမဲ့ မင်းကိုမြင်တိုင်း ငါ့စိတ်ထဲမှာ ဘယ်လိုမှန်းမသိဘူး။ ဟိုးရှေးရှေးဘဝတွေတုန်းက မင်းနဲ့ငါ ညီအစ်ကိုပဲ တော်ခဲ့သလား၊ ဆွေမျိုးပဲတော်ခဲ့သလားမသိဘူး။ အရမ်းရင်းနှီးနေတယ်လို့ ငါခံစားရတယ်"

"မင်းကလည်း ပြောတတ်ပ့ါ။ ဟုတ်တယ် ဘုရားဟောတရား တစ်ပုဒ်တောင်ရှိသေးတယ်။ တစ်လောကလုံးမှာရှိတဲ့လူတွေဟာ အဆင့်အတန်းခွဲလို့သာ ခွဲနေကြတာတဲ့။ ဒါပေမဲ့ . . . သူတို့ဟာ

ဘဝ ဘဝပေါင်းများစွာမှာတော့ ဆွေမျိုးတွေ တော်စပ်ခဲ့ကြတာပဲ တဲ့။ ဒါကြောင့် . . . မင်းနဲ့ငါ ဆွေမျိုးတော်ခဲ့မယ်ဆိုတာ ငါတော့ ခြွင်းချက်မရှိ လက်ခံတယ်ကွာ''

''ဩော် . . . အဲဒီလိုလည်း ရှိလားကွ''

ညီသစ်က မသိနားမလည်သည့် ကလေးတစ်ယောက်နှယ် သူ့ကို မော့မေးလေသည်။ ဒီချိန်မှာ ညီသစ်အား အတိတ်နှင့်ပတ်သက်၍ တူးဖော်၍ အကောင်းဆုံးအချိန်ပင် ဖြစ်လေသည်။

''မင်းနဲ့ငါ ခင်လာပြီဆိုပေမယ့် မင်း ငယ်ငယ်တုန်းက အကြောင်းတွေ ငါ မသိသေးဘူးကွ''

''ဟာ . . . လူတစ်ယောက်နဲ့တစ်ယောက် ခင်မင်တဲ့နေရာမှာ အဲဒါက လိုလို့လားကွ''

''လိုတယ်တော့ ဘယ်ဟုတ်မလဲကွာ။ ဒီလိုပဲ မေးတာပေါ့။ ငါ့ဆို ငယ်ငယ်တုန်းက တော်တော်ဆိုးတယ်တဲ့၊ ငါ့အမေက ပြန်ပြောပြတာလေ။ လိုချင်တဲ့ပစ္စည်းမရရင်ဆို ဖနောင့်နဲ့ သမံတလင်းကို ပွတ်ပွတ်ပြီး ငိုလို့ ခြေဖနောင့်တွေတောင် သွေးစို့တယ်ဆိုပဲ''

''ဟုတ်လား''

တအံ့တသြမေးရင်း မျက်မှောင်တဖြည်းဖြည်းကျုံ့သွားသော ညီသစ်ကို သူမ မသိမသာကြည့်လိုက်သည်။ တစ်စုံတစ်ရာကို နက်နက်နဲနဲ စဉ်းစားသလိုနှင့် 'ဟုတ်လား' ဟုမေးပြီး ဆက်မပြောတော့ပေ။

သူကသာ အားမလိုအားမရဖြစ်ရင်း နောက်ဆုံး မနေနိုင်တော့သည့်အဆုံး၌ –





''မင်းကော၊ မင်းရဲ့ငယ်ဘဝအကြောင်း ငါ့ကိုပြောပြစမ်းပါ။ ဒါပေမဲ့ မင်းကတော့ ငါ့လို ဆိုးမယ့်ပုံမပေါ်ပါဘူး။ ဟုတ်လား''

''ဟင် . . . ဟာ ငါတော့မမှတ်မိတော့ဘူး။ ဘယ်လိုလုပ်မှတ်မိတော့မလဲကွ၊ မင်းကလည်း မင်းကသာ မင်းအမေပြန်ပြောပြလို့ သိရတာလေ။ ငါကျတော့ မမကြီးပြောမှ သိရမှာလေ။ အေးကွာ နေဦး အိမ်ရောက်ရင်တော့ ငါ့မမကြီးကို သေချာပြန်မေးရဦးမယ်''

''မင်းကလည်း ကိုယ့်အကြောင်းကိုယ့်တာသာကိုယ် မပြောဘဲ သူများတစ်ဆင့်ခံ ပြန်ပြောနေရတာတော့ မမိုက်ပါဘူးကွာ''

''ငါက မင်းလိုမှ မှတ်ဉာဏ်မကောင်းတာကို ဆွဲအားရေး ဒါပေမဲ့ ငါမေ့တတ်တာလည်း လွန်ပါတယ်ကွာ။ မင်းပြောရင်လည်း ပြောစရာပါပဲ။ ငါ စဉ်းစားကြည့်တယ်၊ ဘယ်လိုမှကို စဉ်းစားလို့မရတာ''

သူ့ကို ထိုကဲ့သို့ပြောပြီး ညီသစ် အိမ်ပြန်သွားသည်။ ညီသစ် အိမ်သို့ပြန်ရောက်လျှင် သေချာပေါက် မေးလိမ့်မည်ဆိုတာ သူ သေချာသိနေခဲ့သည်။ ညီသစ် နောက်တစ်ခါ သူ့ဆီလာလည်လျှင်တော့ သတင်းထူးတစ်ခု ပါလာလိမ့်မည်ဟု သူ အသေအချာသိနေခဲ့သည်။

တကယ်ပဲ သူ ထင်သည့်အတိုင်းပင် နောက်ရက် ညီသစ် သူ့ဆီရောက်လာသောအခါ မျက်စိမျက်နှာပျက်ပျက် ဖြစ်နေလေသည်။

သူကသာ အခြေအနေကြည့်ပြီး ဘာမှမပြောဘဲ ညီသစ်ကို ငြိမ်သက်စွာကြည့်နေခဲ့သည်။ သူ မေးစရာ ဘာမှမလိုဘဲ ညီသစ်နှုတ်မှ ပြောကိုပြောလာလိမ့်မည်လို့ သူက ယုံကြည်နေတာကိုး။

"ငါ ငို့ရဲ့ငယ်ဘဝအကြောင်း မမကြီးကိုမေးကြည့်ပြီးပြီ ဆွဲအား။ ဒါပေမဲ့ ဘာလို့လဲမသိဘူး မမကြီးပြောသမျှစကားတွေဟာ ငါလိုချင်တဲ့ ငါစိတ်ထင်နေတဲ့ အဖြေတစ်ခုမှ မဟုတ်တာ ဘာကြောင့်လဲမသိဘူး ဆွဲအားရာ"

"ဘာလို့ အဲဒီလိုပြောနိုင်ရတာလဲကွ"

သူက ညီသစ်ဆီမှ စကားလုံးများထွက်ကျလာစေရန် လမ်းဖွင့်ပေးလိုက်သည်။ ညီသစ်၏မျက်နှာမှာ အတွေးတွေနှင့် ရှုပ်ထွေးနေပြီး ခေါင်းကို ခပ်သာသာယမ်းကာ –

"အဲဒီလိုတော့ ငါလည်း အတပ်မပြောတတ်ဘူး။ ဒါပေမဲ့ ငါ စဉ်းစားကြည့်တယ်။ ငါ မှတ်ဉာဏ်လည်းမချို့ယွင်းပါဘူး။ သူများတွေကျတော့ သူတို့တွေရဲ့အကြောင်းကို ရေရေရာရာ ပြောပြနိုင်ချိန်မှာ ငါကျတော့ ဘာလို့မပြောပြနိုင်ရတာလဲ။ ဘာလို့ သူများပြောမှ သိနေရတာလဲ။ အဲဒါကို ငါ စဉ်းစားလို့မတတ်ဘူးကွာ"

ဒီချိန်ဟာ ညီသစ်ရဲ့အတိတ်ကို ပြန်ဖော်လို့ရနိုင်မည့် အကောင်းဆုံးအခြေအနေတစ်ခုလာ။

"အဲဒါ ... ဘာကြောင့်လဲ မင်းမစဉ်းစားတတ်ပေမယ့် ငါစဉ်းစားတတ်တယ်"

"ဟင် ... ဘယ်လိုစဉ်းစားတတ်တာလဲ၊ ငို့ကို ပြောစမ်းပါ။ ဘာလို့ ငါ စဉ်းစားလို့မရဘဲ မင်းပဲ စဉ်းစားလို့ရတာလဲ"

ညီသစ်က သူ့အား အလောတကြီး မေးလေသည်။

"အဲဒါကို နောက်မှထားပါဦး။ အခု ငါ မင်းကို ပြောချင်တာတွေ စမ်းသပ်ချင်တာတွေ ရှိတယ်။ ဒါပေမဲ့ မင်း ဒီရဲ့အကြောင်း





ငါနဲ့ ခုပြောနေတဲ့အကြောင်းတွေနဲ့ ပတ်သက်ပြီး မမကို ဘာမှ ပြန်မပြောပါဘူးလို့ ကတိပေးရင် ငါပြောပြမယ်"

"ဟင် ... ဘယ်လို၊ မမကြီးက ဘယ်ကနေပါလာရတာလဲ။ ဘာလို့ မမကြီးကို မသိစေချင်ရတာလဲ။ ငါနဲ့ပတ်သက်တဲ့ကိစ္စတိုင်းကို မမကြီး မသိအောင် တစ်ခုမှ ဖုံးကွယ်မထားခဲ့ဖူးဘူး"

"အရင်တုန်းက မဖုံးကွယ်ခဲ့ဖူးဆိုတာ ထားလိုက်တော့။ အခုကိစ္စမှာတော့ မဖုံးကွယ်လို့မရဘူး။ အေး မင်းက မမကို ပြန်ပြောပြမယ်ဆိုရင်တော့ ငါက မင်းအတိတ်နဲ့ပတ်သက်ပြီး ဘာမှ ပြောပြမှာမဟုတ်ဘူး"

"ငို့ရဲ့အတိတ်၊ ဟာ ... စိတ်ဝင်စားစရာတော်တော်ကောင်းနေပြီ။ ကာယကံရှင်ငါက ငို့ရဲ့အတိတ်ကို မသိဘဲ သူစိမ်းတစ်ယောက်က သိနေတယ်ဆိုတော့ တော်တော်ထူးဆန်းတဲ့ကိစ္စပဲ"

ညီသစ်ရဲ့ပုံစံက တက်တက်ကြွကြွ ဖြစ်သွားလေသည်။

သူကလည်း ကတိမတောင်းမဖြစ်၍ တောင်းရခြင်းဖြစ်သည်။ "အတေးအမှတ်ကြီးလာသော" မမရဲ့အကြောင်းကို သိနေသဖြင့် ညီသစ် အတိတ်ကို ပြန်သတိမရမချင်း မမ သူ့ကို ခွန်အားအနေနှင့်သိသွား၍ လုံးဝမဖြစ်ပေ။

ဒီတစ်ခါဝေးရလျှင်တော့ နောက် ဘယ်တော့မှ ပြန်မဆုံသော ဝေးကွာခြင်းနည်းဖြင့် ဝေးကွာနိုင်ကြောင်း သူ ကောင်းကောင်းကြီး သဘောပေါက်မိပါသည်။

ယခင်ကတော့ သူနှင့်ဝေးရာသို့ ထွက်သွားရုံမျှသာ ဖြစ်ပြီး ယခုတစ်ခေါက်ဆိုလျှင် လူခြင်းဝေးရုံမက နှလုံးသားခြင်းပါ ဝေးအောင်

မမ ဆုံးဖြတ်လိုက်မှာကို သူ အစိုးထိတ်ဆုံး အကြောက်ရွံ့ဆုံးပါ။

ကိုအောင်သိမ်းဆိုတဲ့လူနှင့် မမရဲ့ပတ်သက်မှုလည်း သူ သိတန်သလောက် သိခဲ့ပြီးပြီ။ မမဘက်က ငြင်းနေပြီး တစ်ဖက်မှ မမကို အရမ်းလိုလားနေ၏။ တော်ကြာ သူ့ကိုမုန်းတီးနေသည့်စိတ်ဖြင့် တစ်ဖက်ကိုလက်ခံလိုက်လျှင် သူ ရင်ကျိုးရချည်ရဲ့။

မရယ်၊ မနဲ့ အမြန်ဆုံး နီးစပ်ချင်ပေမယ့် အခြေအနေတွေ မရှုပ်ထွေးအောင် အနေအထိုင် ဆင်ခြင်နေရတဲ့ ကျွန်တော့် ဘယ်လောက်ထိ အနေရ အထိုင်ရခက်နေသလဲ သိလား။ တကယ်တော့ မနဲ့ပြန်တွေ့လိုက်ရကတည်းက ခွန်အားအနေနဲ့ ဝင်လာပြီး မရှေ့မှာ ဒူးထောက်တောင်းပန်ချင်တဲ့သူပါ။ ကျွန်တော့်မှာအပြစ်မရှိပါဘူးလို့ ရဲရဲဝံ့ဝံ့ ပြောရဲပေမယ့် မက အပြစ်ရှိတယ်လို့ သတ်မှတ်ရင်လည်း ကျွန်တော် ကျေကျေနပ်နပ်ကြီး ခံယူဖို့အသင့် ရှိသူပါ။

ဒါပေမဲ့ . . . ခွင့်လွှတ်ခြင်းထက် ပို၍မုန်းတီးသော အမုန်းတရားကို ရနေမှာ ကြိုသိနေလို့ ခေါင်းငုံ့လက်လျှော့နောက်ဆုတ်ခဲ့ရသူပါ။

ညီသစ်ကို ဘာကြောင့် အတိတ်ပြန်သတိရအောင် ကျွန်တော် တူးဆွနေရသလဲ။ ရှင်းပါတယ်၊ ကျွန်တော်နဲ့မရဲ့အကြောင်းကို ဒီကောင်က ကောင်းကောင်းကြီးသိနေတဲ့သူလေ။ ကျွန်တော်တို့ (၂) ယောက်ကြားမှာ သူက အဓိက ဇာတ်လိုက်လို့တောင် ပြောလို့ရနေတော့ သူ အတိတ်ကို သတိပြန်မရလို့ ဘယ်ဖြစ်မလဲ။

"ငါ ကတိပေးတယ် ဆွဲအား။ ငါ မမကြီးကို လုံးဝ ပြန်မပြောပြဘူးလို့ ကတိပေးတယ်"





"မင်း ကတိပေးတယ်ဆိုပေမယ့် ငါက ဒီတိုင်းပြောပြလို့မရဘူး။ အဲဒီလိုပြောပြလို့လည်း မင်းယုံမှာမဟုတ်ဘူး။ ဒီတော့ မနက်ဖြန် မင်း မမကို အဆင်ပြေအောင်ကြည့်ပြောပြီး ငါ့ဆီလာခဲ့။ မင်းကို ငါ တစ်နေရာခေါ်သွားမယ်၊ အဲဒီလူကသာ မင်းရဲ့အတိတ်ကို ပြန်တူးဆွနိုင်လိမ့်မယ်လို့ ငါထင်တယ်။ ကဲကောင်းရင်ပေါ့ကွာ"

"ဘယ်လို"

✹

# အခန်း (၃၄)

"ဟုတ်တယ် မောင်ရင်၊ အခုက စမ်းသပ်ရုံပဲ စမ်းသပ်လို့ ရနိုင်မှာ။ တချို့လူတွေ အက်ဆီးဒင့်တစ်ခုခုဖြစ်ပြီး အတိတ်မေ့တယ်။ အဲဒီလိုအတိတ်မေ့တဲ့အခါ သူတို့ အက်ဆီးဒင့်ဖြစ်ခဲ့ဖူးတဲ့ ပုံစံမျိုး အလားတူဖြစ်ရပ်မျိုးကို တွေ့ကြုံလိုက်ရတဲ့အခါ ပြန်သတိရလာတာလည်း ရှိတယ်။ တချို့ကျတော့ သူတို့ဦးခေါင်းကို မတော်တဆ ပြန်ခိုက်မိလို့ ပြန်သတိရတာမျိုး အစရှိသဖြင့်ပေါ့"

"ဗျာ ... ကျွန်တော်က အတိတ်မေ့နေတဲ့လူ။ ဟုတ်လား ဒေါက်တာ။ မဖြစ်နိုင်တာဗျာ"

"ညီသစ် ... မင်း ဆရာပြောတာကို ဆုံးအောင်နားထောင်စမ်းပါ။ ငါက မင်းအကျိုးယုတ်အောင် လုပ်မယ့်သူလား"

ခါးခါးသီးသီးနှင့် ထပြောလိုက်သော ညီသစ်ရဲ့ပခုံးကို ဖိကာ သူပြောလိုက်သည်။

ညီသစ်အား အိပ်မွေ့ချခြင်းပညာဖြင့် အတိတ်ကို သတိရအောင် ပြန်လည်တူးဆွနိုင်မလားဆိုသော မျှော်လင့်ချက်ဖြင့် သူ





ခေါ်လာခြင်း ဖြစ်သည်။

နိုင်ငံခြားဇာတ်ကားတွေထဲမှာ ဤအိပ်မွေ့ချခြင်းပညာက တော်တော်လေးထိရောက်သဖြင့် စမ်းသပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်ခြင်း ရယ်ပါ။

"ဆွဲအား"

"သူငယ်ချင်း ... မင်း ဘာမှမစိုးရိမ်နဲ့။ မင်းလည်း ဘာမှ ဖြစ်စရာအကြောင်း မရှိဘူး။ စိတ်အေးအေးထား"

"ငါ ငါ စိတ်ထဲမှာတစ်မျိုးကြီးပဲ။ မင်း ဘာတွေ လုပ်နေသလဲဆိုတာတောင် ငါ နားမလည်တော့ဘူး"

"မကြာခင် မင်းနားလည်ကောင်း နားလည်လာနိုင်တော့မှာပါ။ ဆရာ စလို့ရပြီထင်တယ်"

"လူနာကို မေးကြည့်ပါဦး"

သူတို့နှစ်ယောက် စကားပြောနေတာကိုကြည့်နေသည့် ဆရာဝန်ကြီးအား သူပြောလိုက်သည်။ ဆရာဝန်ကြီးက ဝေခွဲမရသည့်ဟန်ဖြင့် ရိုးကုတ်ကုတ် ဖြစ်နေသော ညီသစ်အား ကြည့်၍ ပြောလေသည်။

မနေ့က ညီသစ်ပြန်သွားတော့ သူ့ရဲ့အသိဖြစ်သော ဤဆရာဝန်ကြီးအား ညီသစ်၏ နောက်ကြောင်းဇာတ်မြစ်နှင့် ပတ်သက်၍ သိသင့်သိထိုက်တာမျိုးကို သူလာပြောပြပြီးပါပြီ။

ဒါမှသာ လူနာကို အိပ်မွေ့ချသည့်အခါ မေးခွန်းများ မေးနိုင်မည်မဟုတ်လား။ ထို့ပြင် စိတ်ပျော့သောညီသစ်၊ အားနာတတ်သော ညီသစ်သည် ငြင်းမည်မဟုတ်ကြောင်း သူ အသေအချာသိနေသည်ကို။

"ဆရာတို့သဘောပါပဲ။ ကျွန်တော်က အစတုန်းက အတိတ်ကို သာမန်ကာလျှံကာ သဘောထားခဲ့ပေမယ့် ဆရာတို့ပြောနေပုံကို ကြည့်ပြီး ကျွန်တော့်ရဲ့အတိတ်အကြောင်း တော်တော်ကို စိတ်ဝင်စားနေပြီ"

"ကဲ ... ဟုတ်ပြီ၊ ဒါဆို ဟော ဟိုခုတင်ပေါ်မှာ လှဲနေပါ"

"ဆရာ"

"ဘာမှမစိုးရိမ်ပါနဲ့ ဟုတ်လား"

"ဆရာ ... ကျွန်တော်ကကော ဒီမှာပဲ စောင့်ရမလား"

"မဟုတ်ဘူး မောင်ခွန်အား။ အပြင်ကပဲ စောင့်ပါ။ ဘာမှ စိတ်မပူပါနဲ့၊ အားလုံးအဆင်ပြေသွားမှာပါ"

ဆရာဝန်က သူ့ကို နှစ်သိမ့်စကားပြောသည်။ သူ ခုတင်ထက်တွင်လှဲနေသော ညီသစ်ကို တစ်ချက်လှမ်းကြည့်ပြီး ဆေးခန်းရှေ့သို့ ထွက်လိုက်သည်။ ညီသစ်က သူ့ကို လှမ်းကြည့်နေသည်။ သူ အားပေးပြုံး ပြုံးပြလိုက်သည်။

ဆေးခန်းလေးက မှန်နှင့်ကာရံထားသဖြင့် အသံမကြားရသည်ကလွဲလျှင် အမူအရာ ပုံသဏ္ဌာန်အားလုံးကိုတော့ သေချာစွာ မြင်ရပါသည်။

"ကဲ မောင်ညီသစ် ... အသက်ကို ဖြည်းဖြည်းမှန်မှန် ရှူပါ။ ဘာကိုမှ မတွေးပါနဲ့"

"-----"

"ဟောဒီမှာ ဆရာ့လက်ထဲက ကိုင်ထားတဲ့ပစ္စည်းကို သေချာကြည့်ပါ။ သေချာကြည့်နော်"





ညီသစ်က ဆရာဝန်ခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း ပြုမူပါသည်။ သူ့မျက်စိရှေ့တွင် လှုပ်ခါယမ်းနေသည့်ပစ္စည်းကို မျက်လုံးက လိုက်ကြည့်နေပါသည်။

မျက်လုံးရှေ့တွင် ကြိုးဆွဲထားသည့် ချိန်သီးလေးသည် တောင်ဘက်ယမ်းခါလိုက်၊ မြောက်ဘက်ယမ်းခါလိုက်နှင့် မငြိမ်မသက် ရှိနေပါသည်။

ထိုယမ်းခါနေသည့် ချိန်သီးအား လိုက်ကြည့်ရင်း ကြည့်ရင်း မျက်လုံးတွေ လေးလာသည်၊ ညောင်းလာသည်။ အိပ်ချင်သလိုလို ဖြစ်သွားစဉ် -

"မောင်ရင့်နာမည် ဘယ်လိုခေါ်သလဲ"

"ညီညီသစ်ပါ"

"မောင်ရင့်မှာ အစ်မကြီးတစ်ယောက် ရှိတယ်နော်"

"ရှိပါတယ်၊ မမကြီးနာမည်က သံယောဇဉ်ပါ"

"မောင်ရင် ဘယ်ကိုသွားမလို့လဲ"

ဘယ်ကိုသွားမလို့လဲ၊ ဘယ်ကိုသွားမလို့လဲတဲ့။

မျက်စိထဲ၌ ယမ်းခါနေသော ချိန်သီးက ပျောက်ပျက်သွားသည်။ သူက အိပ်တစ်အိပ်တွင်ရောက်နေသည်။ သူ့ဘေးတွင် လူတစ်ယောက်။ ဘယ်သူလဲ၊ သားရေဂျာကင်အနက်နှင့် ဂျင်းဘောင်းဘီ ဝတ်ဆင်ထားသည့် လူတစ်ယောက်။ မျက်စိထဲမြင်ဖူးသလိုလို လူရှိနေသဖြင့် သေချာကြည့်နေမိသည်။

"ဆိုင်ကယ်ကိုလည်း အရမ်းမမောင်းကြနဲ့ဦးနော်။ ခွန်အား မမောင်းနဲ့၊ သားငယ်လေးပဲမောင်း။ ခွန်အားက ဆိုင်ကယ်စီးအရမ်း

ကြမ်းတယ်"

"မမကြီး"

ဟုတ်ပါတယ်။ အိမ်အပေါ်ထပ်မှဆင်းလာသူကတော့ မမကြီးပါပဲ။ မမကြီးက သူ့ဘေးနားကလူကိုမှာနေခြင်းဖြစ်ပါသည်။ သူ့ကိုတော့ ဘာစကားမှမပြောပါလား။

"ဒီချိန်ဆို မန္တလေးက အရမ်းပူတယ်။ နေကာပူ ရေကာအေးနဲ့ အပူတွေရှုပ်နေဦးမယ်။ ရေလည်းအရမ်းကြီး မကာစားကြနဲ့ဦးနော် ကြားလား"

"ဟုတ်ကဲ့ပါ မမကြီး"

"ဆရာ ... ကျွန်တော် မန္တလေးကိုသွားမလို့"

"ဟုတ်ပြီ ... ဆက်ပြောပါ"

နှုတ်က တစ်စုံတစ်ယောက်ကို လှမ်းပြောလိုက်သည်ဟု ထင်ပါသည်။ သို့သော် ဘယ်သူ့ကိုပြောလိုက်မိသလဲ သေချာမသိကွဲလိုက်။ ဓာဓာက ပျောက်သလိုလို ဖြစ်နေသော မြင်ကွင်းတို့သည် ပြန်လည်ကြည်လင်လာပြန်သည်။

ကိုယ်ပါဝင်နေသော ဇာတ်ကားကို ထိုင်ကြည့်နေရသူနှယ် သူနှင့်ခွန်အားဆိုသူတို့နှစ်ယောက် ဆိုင်ကယ်စီး၍သွားနေသည်ကို ရှင်းရှင်းလင်းလင်း မြင်နေရပြန်သည်။ သူတို့နှစ်ယောက်ပြောနေသော စကားသံတို့ကို ကြည်လင်ပြတ်သားစွာ ကြားနေရပြန်သည်။

"မန္တလေးရောက်ရင် ဂျွန်တို့က စောင့်နေမှာသေချာတယ် နော် ခွန်အား"

"သေချာပါတယ်ကွ။ မစောင့်တော့လည်း ဘာဖြစ်လဲ။





တည်းခိုခန်းမှာ တည်းပြီး (၂) ယောက်သား ဒီဆိုင်ကယ်နဲ့ပဲ လိုမ်ကြတာပေါ့"

"အေးပါ ... မင်းပါနေမှတော့ ငါကတော့ ဘာမှကိုစိတ်မပူတော့ဘူး။ အားပါးပါး လွတ်လပ်လိုက်တာကွာ"

"ငါတို့ကသာ အပျော်အပါးအလည်အပတ်အတွက် ထွက်လာတာ မမတော့ အိမ်မှာ တစ်ယောက်တည်းပျင်းနေတော့မှာနော်"

နောက်ဘက်မှာထိုင်၍ လိုက်လာသော ခွန်အားရဲ့စကားကြောင့် သူ တွေခနဲဖြစ်သွားသည်။

အိမ်မှာ လက်တပြပြနှင့် တစ်ယောက်တည်းကျန်ခဲ့သော မမကြီးကို ပြန်မြင်ယောင်တော့ စိတ်က အိမ်သို့ ပြန်၍လှည့်ပြေးသွားသည်။

"ဟာ ... ညီသစ်၊ နောက် နောက်မလှည့်နဲ့။ ဟိုဘက်ဆွဲလှည့်ဆွဲလေ"

"ဟာ"

"ဒုန်း"

"အား"

နောက်ဘက်ဆီမှ အလန့်တကြားသတိပေးသံကြောင့် သူ စိတ်နှင့်လူ ပြန်ကပ်ကာ ရှေ့သို့အလှည့် ဆိုင်ကယ်သည် ကားကြီးတစ်စီးဆီသို့ ပြေးဝင်သွားလေသည်။

ကမန်းကတန်း ဆိုင်ကယ်စက်ခေါင်းကို ဆွဲလှည့်လိုက်သော်လည်း အခြားတစ်ဖက်မှာတော့ လမ်းကြားမှထွက်လာသော မြေသယ်ကားဆီသို့ ဆိုင်ကယ်သည် ပစ်စလက်ခတ် ထိုးဝင်သွားလေသည်။

ပတ်ဝန်းကျင်၌ ဆူညံသံများဖြင့် လွှမ်းခြုံသွားလေတော့သည်။

"ခွန်အား"

ညီသစ် လှဲနေရာမှ ဆတ်ခနဲ ထထိုင်လိုက်သည်။ သူ့ဘေးတွင် ဂျူတီကုတ်အဖြူနှင့် မတ်တတ်ရပ်နေသော ဆရာဝန်တစ်ဦးကို ရှင်းလင်းပြတ်သားစွာ မြင်လိုက်ရပါသည်။

"ဆရာ ... ဆရာ၊ ကျွန်တော့်သူငယ်ချင်း၊ ကျွန်တော့်သူငယ်ချင်း ခွန်အား၊ သူ သူ ဘာဖြစ်သွားသေးလဲ ဆရာ"

ဆရာဝန်ရဲ့လက်တစ်ဖက်ကို စိုးရိမ်တကြီး လှမ်းကိုင်ပြီး မေးလိုက်မိသည်။ သူ့တစ်ကိုယ်လုံး ချွေးတွေနှင့် ရွှဲနစ်နေလေသည်။ ဆိုင်ကယ်နှင့်မြေသယ်ကား ပြင်းထန်စွာ တိုက်မိုက်လိုက်သံကို အကျယ်ကြီးကြားနေရသည်။

တကယ်ဆို အတော်ဆိုးရွားလွန်းသည့် အနေအထားမို့ သူ့ကိုယ်ပေါ်တွင် ချွေးတွေအစား သွေးတွေပဲရှိသင့်ပါသည်။ ပတ်တီးတွေပဲ ဖွေးဖွေးလှုပ်နေရမည်ကို ဘယ့်နှယ်ကြောင့် ချွေးတွေပဲ ရွှဲနေရတာလဲ။

"ဆရာ"

"မောင်ညီသစ် ... စိတ်ကို အေးအေးထားပြီး ပြန်တွေးနော်။ အဲဒါတွေက ကြာခဲ့ပြီလေ။ မောင်ရင့်သူငယ်ချင်းလည်း ရှိနေပါတယ်"

ဆရာဝန်ကြီးက သူ့ပခုံးကို ဖွဖွပုတ်ကာ သတိပေးလေသည်။ သူ့အကြည့်တို့သည် ဟိုဟိုဒီဒီ ရွေ့လျားသွားသည်။





"မောင်ရင့်အတိတ်နဲ့ပတ်သက်ပြီး အားလုံးကို သတိရပြီးလား။ မေ့နေသေးလား"

ဆရာဝန်ကြီးရဲ့မေးခွန်းကြောင့် သူ့ကိုယ်သူ ဇဝေဇဝါဖြစ်ကာ အပြန်အလှန် သုံးသပ်မိသည်။

"ကျွန်တော်က အတိတ်မေ့သွားတာယ် ဟုတ်လား ဆရာ"

"ဟုတ်ပါတယ်၊ ပြင်းထန်တဲ့ အက်ဆီးဒင့်တစ်ခုကြောင့် မောင်ရင့်အတိတ်ကို မေ့နေခဲ့ပါတယ်။ လွန်ခဲ့တဲ့ (၆) နှစ်ကပေါ့"

"ဗျာ ... ဒါဆို ဒါဆို ကျွန်တော် အတိတ်ကို မေ့နေခဲ့တာ (၆) နှစ်တောင်ရှိပြီ ဟုတ်လား ဆရာ။ ကျွန်တော့်အစ်မကော ကျွန်တော့်အစ်မ ဘယ်ရောက်နေလဲ။ ကျွန်တော့်သူငယ်ချင်းခွန်အားကော ဘာမှမဖြစ်တာ သေချာပါတယ်နော်"

"သေချာပါတယ်၊ ဟော ... ဟိုမှာတွေ့လား။ သူ မောင်ရင့်ကို စောင့်ကြည့်နေပါတယ်"

ဆရာဝန်ညွှန်ပြရာဆီသို့ ညီသစ် ကပျာကယာ လှမ်းကြည့်လိုက်သည်။ မှန်ခြားထားသည့် တစ်ဖက်တွင် သူ့တို့ကို ကြည့်နေသော ခွန်အားကို လှမ်းတွေ့လိုက်ရသဖြင့် သူ့ စိတ်တွေ အေးချမ်းသွားရသည်။

တော်ပါသေးရဲ့၊ ခွန်အား ဘာမှမဖြစ်၍ ဒီကောင်က ထိန်းမောင်။ ထိန်းမောင်းဟု နောက်ကနေ သတိအတန်တန်ပေးနေသည့်ကြားက အက်ဆီးဒင့်တစ်ခု ဖြစ်ခဲ့တာ မဟုတ်လား။ မမကြီးကော သူ့တို့ (၂) ယောက်အတွက် အရမ်းကြီးစိုးရိမ်စိတ်ပူနေမလား။

## အခန်း (၃၄)

ခွန်အား အပြင်မှာ တစ်ယောက်တည်း မငြိမ်မသက်ဖြစ်နေခဲ့သည်။ ညီသစ် အတိတ်ကိုပြန်လည်သတိရပါစေ။ ဤအိပ်မွေ့ချခြင်းနည်းနှင့် ညီသစ် သတိမရလျှင်တော့ သူနှင့်မမ ပြန်လည်နီးစပ်ဖို့ဆိုတာ အဝေးဆုံး ဖြစ်ပေလိမ့်မည်။

သူ့မှာ မီးဖွားနေသည့်ဇနီးကို စောင့်နေသည့်ခင်ပွန်း တစ်ယောက်လို ဂနာမငြိမ် ဖြစ်နေသည်ဟု ပုံနှိုင်းစဖွယ် ဖြစ်နေတော့သည်။

သူ ဆေးခန်းထဲသို့ ကြည့်လိုက် လမ်းလျှောက်လိုက် ရှိနေဆဲ အိပ်နေရာမှ ဝုန်းခနဲ ထထိုင်လိုက်သော ညီသစ်ကြောင့် မှန်အနီး ပြေး၍ တိုးကပ်သွားမိသည်။

ဘာတွေပြောနေသလဲ မကြားရသဖြင့် အားမလိုအားမရ ဖြစ်မိဆဲ။

"ကလင် ကလင်"

"----"

"ကလင် ကလင်"





"ဟာ ... ဒီဖုန်းကလည်း ရှုပ်လိုက်တာ"

ခွန်အား အဆက်မပြတ်မြည်နေသော ဖုန်းကို ငုံ့မကြည့်ဘဲ power off ပစ်လိုက်သည်။ ဒီချိန်မှာ အလုပ်ဖုန်းတွေ၊ ဘာတွေ ဂရုမစိုက်ချင်တော့ပေ။ ကြားအနှောင့်အယှက်တွေ ဘာကိုမှ အလိုမရှိပေ။

"ကလင် ကလင်"

"ဟာ ... ကွာ"

ကိုယ့်ဖုန်းက မမြည်လို့ နားအေးရမလားအောက်မေ့မသည်။ ညီသစ်ရဲ့ဖုန်းက မြည်လာခြင်းဖြစ်သည်။ ညီသစ်ရဲ့ဖုန်းကို သူက ယူထားပေးခြင်းဖြစ်သည်။

"ကလင် ကလင်"

ညီသစ်ရဲ့ဖုန်းကိုတော့ power off ၍မဖြစ်ပေ။ ညီသစ်ဆီကို ဖုန်းဆက်မည့်သူမှာ 'မ' ကလွဲ၍ အခြားသူမဖြစ်နိုင်ပေ။

ထို့ကြောင့် ဖုန်းကို ကမန်းကတန်းဖွင့်ကာ နားထောင်လိုက်သည်။

"ဟယ်လို"

"ငါမုန်းသိလို့ ဖုန်းကိုပိတ်ပစ်လိုက်တာလား ခွန်အား"

"ဟင် ... ဘာ"

အမျက်ဒေါသချောင်းချောင်းထွက်နေသည့် 'မ' ရဲ့ လေသံကြောင့် အစကတော့ အမှတ်တမဲ့ အံ့ဩရုံ 'ဟင်' ပဲ ထွက်သေးသော်လည်း နောက်ဆုံးမှ 'ခွန်အား' ဟုထည့်ခေါ်လိုက်သဖြင့် သူ တုန်လှုပ်သွားခဲ့သည်။

"မင်းက ငါ့ကို နလပိန်းတုံးမျှား အောက်မေ့နေသလား"

"မမ မမ ဘယ်လိုဖြစ်ပြီး"

အထစ်ထစ် အငေါ့ငေါ့ဖြစ်ကာ မေးချင်သည့်ကိစ္စဆီသို့ လိုရင်းမရောက်နိုင်ပေ။

မမ ဘယ်လိုဖြစ်ပြီး သိသွားခဲ့တာလဲ။

"ဘာလဲ ... သိပ်ကို အံ့ဩသွားသလား။ ဟုတ်လား။ မအံ့ဩစမ်းပါနဲ့။ ငါက မင်းတို့ထက်အရင် လောကကြီးမှာ ထမင်းစားလာခဲ့တဲ့သူပါ။ အခု ဘယ်မှာလဲ သားငယ်လေး၊ သားငယ်လေးကို ဖုန်းပေးလိုက်ပါ"

"မဖြစ်နိုင်ဘူး မမ"

"ဘာပြောတယ်"

စူးရှစွာ အော်လိုက်သံကြောင့် ဖုန်းခွက်ကို နားနှင့်ဝေးရာသို့ ကမန်းကတန်း ခွာလိုက်သည်။ မမ ဘယ်လောက်ထိ ဒေါသထွက်နေသလဲဆိုတာ လူမြင်စရာမလို၊ အသံနှင့်တောင် ခန့်မှန်း၍ရနိုင်လေသည်။

ဝနရဲ့ သီချင်းထဲမှာတော့ "ကျွန်တော်လို့ကောင်ဟာ အမုန်းနဲ့ပဲ ထိုက်တန်တယ်" လို့ ဆိုခဲ့ပေမယ့် မမကိုတော့ ကျွန်တော် မုန်းခွင့်မပေးနိုင်ဘူး။ မမမုန်းတဲ့အရပ်မှာ နေရတာ ကျွန်တော် ဘယ်လောက် ခံစားနေရတယ်မှတ်လို့လဲ။

"မဖြစ်နိုင်ဘူးဆိုတဲ့ စကား မင်းပြောစရာမလိုဘူး ခွန်အား။ မင်းဟာ လူလိမ်လူညာပဲ"

"လိမ်ညာမိတယ်ဆိုရင်တောင် မမနဲ့ ပြန်နီးစပ်ချင်လို့





လိမ်ညာမိတာ။ မမကိုချစ်လွန်းလို့ ညာမိတာပါ"

"ဘာ ... ချစ်တယ် ဟုတ်လား။ ဟား ဟား ... သာသာ တိုးတိုး လုပ်ပါဟာ။ မင်းပါးစပ်နဲ့ ချစ်တယ်ဆိုတဲ့စကား တန်လို့လား"

မမရဲ့ ရယ်သံနှင့် ခနဲ့ခနဲ့စကားကြောင့် သူ့ရင်ဘတ်ထဲတွင် အောင့်သက်သက်နှင့် နာကျည်းသွားရသော်လည်း ဖုန်းနှင့် အပြန်အလှန် ပြောနေရသဖြင့် ပြောရတာ အဆင်မပြေပေ။

သူ ဖုန်းကိုနားမှခွာပြီး ဆေးခန်းထဲသို့ တစ်ချက် လှမ်းကြည့်လိုက်သည်။ ဆရာဝန်နှင့် အပြန်အလှန်စကားပြောနေသော ညီသစ်ကို တွေ့ရသည်။

ညီသစ် အတိတ်ကို ပြန်လည်သတိရပါစေ။

"အခု ငါ လာခဲ့ရမလား။ မင်း ငါ့မောင်ကို ခေါ်ပြီး လာမလား ဒါပဲပြော"

"မမက ကျွန်တော်နေတဲ့နေရာကို သိလို့လား"

"ဟား ဟား ... ကိုယ့်ကိုယ်ကိုယ် လုံလုံခြုံခြုံထင်နေတယ်ပေါ့ လေ။ မင်းဆီ ငါ့မောင်လေး လာစကတည်းက ငါ နောက်ယောင်ခံ လိုက်ခဲ့ပြီးသား"

"ဩော်"

"ကြာပါတယ်၊ ငါ လာခဲ့မယ်"

"နေဦး မမ၊ ကျွန်တော်နဲ့ညီသစ် အိမ်မှာမဟုတ်ဘူး။ တခြား တစ်နေရာမှာ ရောက်နေပါတယ်။ မမ အိမ်ကပဲ စောင့်နေပါ။ ကျွန်တော်တို့ပဲလာခဲ့ပါ့မယ်။ ဒါပဲနော် မမ"

"ဟယ်လို ဟယ်လို"

ခွန်အား ပြောချင်တာပြောပြီး ဖုန်းကိုချပစ်လိုက်သည်။ မမကတော့ တစ်ဖက်မှာ ဘယ်လောက်ထိ ဒေါပွနေမလဲမသိ။ ပြန်ခေါ်လာမှာကိုသိသဖြင့် ဒီတစ်ခါတော့ ညီသစ်ရဲ့ဖုန်းပါ power off ပစ်လိုက်သည်။

မလေးမစားလုပ်တာမဟုတ်ပါဘူး မမရယ်။ အချိန်မတန်ခင် ပြောနေရရင် စကားလုံးတွေ ဖောင်းပွပြီး လိုရင်းမရောက်နိုင်ပါ။ နောက်တော့မှ မမစိတ်ဆိုးတယ်ဆို စိတ်ဆိုးမပြေမချင်း ချော့ပါ့မယ်။

သူ ဆေးခန်းထဲသို့ ပြန်လှမ်းကြည့်တော့ ဆရာဝန်က လက်မလှမ်းထောင်ပြသည်။ သူ ဝမ်းသာအားရဖြင့် ဆေးခန်းမှန်တံခါးကို တွန်းဖွင့်ကာ ဆေးခန်းထဲသို့ အပြေးတစ်ပိုင်း ဝင်လိုက်မိသည်။

"ဆရာ"

"အားလုံး အိုကေတယ်နော် ခွန်အား"

"ခွန်အား"

"ညီသစ် ... မင်း မင်းအတိတ်ကို သတိရပြီနော်။ အကုန်လုံး ပြန်မှတ်မိပြီနော်"

သူ စိတ်လှုပ်ရှားနေသည့်လေသံဖြင့် ညီသစ်အား မေးလိုက်သည်။ ညီသစ်က သူ့ရဲ့လက်ကို ခပ်တင်းတင်းဆုပ်ကာ ခေါင်းတဆတ်ဆတ် ညိတ်လေသည်။

"ငါ အားလုံးကို ပြန်သတိရပြီ။ မင်းရဲ့ ခွဲအားဟန်ဆောင်ပြီး လာပတ်သက်တာတွေကိုတောင် ပြန်မေ့မသွားဘူးမောင်"

"ဟာ"

"ဟုတ်တယ် ... ခွန်အား။ ဆရာတောင် အံ့သြနေတယ်။





အခုလေးတင် သူပြောပြနေတာတွေကိုနားထောင်ပြီး ယုံလိုက်ရတာပဲ"

"ဟာ ... ဒါဆို အမြတ်တောင်ထွက်သေးတယ်ပေါ့နော် ဆရာ"

"ကဲပါ ... အရှုံးအမြတ်တွက်မနေပါနဲ့။ ငါတို့သူငယ်ချင်း နှစ်ယောက်ဝေးနေကြရတာ နှစ်ပေါင်းများစွာရှိနေတာဆိုတော့ အေးအေးဆေးဆေး စကားပြောချင်တယ်ကွာ။ လာသွားကြရအောင်"

သူ့ဘာသာသူပြော၊ သူ့ဘာသာသူ ခုတင်ပေါ်ကဆင်းလိုက်သော ညီသစ်ကြောင့် သူ့ရဲ့ ပြုံးနေသောမျက်နှာ မဲ့သလို ဖြစ်သွားသည်။

မမ သူ့အပေါ် အမုန်းကြီးမုန်းနေသည့်အကြောင်းကိုတော့ ညီသစ် သိသေးပုံမပေါ်ချေ။

"နေဦး ... ညီသစ်"

ဆရာဝန်ကို နှုတ်ဆက်ပြီး သူတို့ထွက်ခဲ့ကြသည်။ ကားပေါ်မတက်ခင် သူ ညီသစ်ကို လှမ်းတားလိုက်သည်။ ကားတံခါးဆွဲဖွင့်နေသော ညီသစ်က ကားတံခါးကို ပြန်ပိတ်ကာ အမိုးခုံးပေါ်မှ ကျော်၍ သူ့ကို လှမ်းကြည့်လေသည်။

"ဘာလဲ ... ဘာကိစ္စရှိသေးလို့လဲ"

"ရှိသေးတယ် ညီသစ်။ ခုချိန်မှာ မမ ငါ့ကို စိစိညက်ညက် အမှုန့်ချေပစ်ချင်လောက်အောင် မုန်းနေတယ်ဆိုတာ မင်းသိလား"

"ဘယ်လို မမကြီးက ဘာလို့ မင်းကို"

❀

## အခန်း (၃၆)

ညည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဇော် ရင်တွေပူလာသည်။

ဒီအခုတစ်လော အမှုအရာတွေ ထူးခြားနေသော သားငယ် လေးကြောင့် မနေ့က သားငယ်လေး ဆွဲအားဆိုသူထံ သွားတော့ ဇော် နောက်ယောင်ခံလိုက်ခဲ့သည်။

နောက် စုံစမ်းကြည့်လိုက်တော့ ဇော် မရဲတရဲထင်ထားသော ထင်ကြေးလေးမှာ မှန်နေခဲ့သည်။ သူဟာ ဇော် သိပ်ကို မုန်းတီးပြီး ဘယ်တော့မှ မတွေ့ချင်တော့သော 'ခွန်အား' ဖြစ်နေသတဲ့လေ။

ခွန်အား ဆိုတာ သိလိုက်ရသည့်အချိန် ဇော့်ရဲ့ဦးခေါင်းတွေ အိုးထိန်းစက်ပမာ လည်ထွက်သွားရသည်။

ဘုရားရေ။

ဆွဲအားဆိုသည့်သူက ခွန်အား အယောင်ဆောင်ထားတဲ့သူ တဲ့လေ။ သူ ဘာရည်ရွယ်ချက်နဲ့ ဇော်တို့ဆီပြန်လာပြီး ပတ်သက်နေရ တာလဲ။ ဟိုးအရင်တုန်းကလည်း သူ့ကြောင့် ဇော်တို့မောင်နှမ (၂)





ယောက် ဒုက္ခတွေ၊ သောကတွေနှင့် မိတ်ဆွေဖွဲ့ခဲ့ရသည်။

ကံကောင်းထောက်မ၍ သားငယ်လေးမျှာ မျက်စိပြန်မြင် ခွင့် ရသည်မှာ မကြာသေးပေ။ ဒီတစ်ခေါက် နောက်ထပ် ဒုက္ခပေးလျှင် တော့ ဇော်တို့မောင်နှမ (၂) ယောက် နလံထူနိုင်တော့မည်မထင်။

ထို့ကြောင့် သားငယ်လေးထွက်သွားတာကို ခဏစောင့်ပြီး ဇော် သူ့ဆီဖုန်းခေါ်ခဲ့သည်။ သူက ဖုန်းကိုမကိုင်သည့်အပြင် စက်ပါ အပြီးပိတ်ပစ်ခဲ့သည်။ ချုပ်ထိန်းထားရသော ဇော့်ရဲ့ဒေါသတို့သည် လွင့်စင်ကုန်ရသည်။ သားငယ်လေးအား ဖုန်းဆက်ပြီး အခုချက်ချင်း ပြန်လာခဲ့ဟု ရာဇဩဇာပေးဖို့ရာ ဖုန်းကိုင်သူမှာ သူဖြစ်နေသည်။

အမှန်တော့ မင်းက ငါ့မောင်ဖုန်းကို ဘာလို့ ပိုင်စိုးပိုင်နင်း ကိုင်နေရသလဲ မေး၍ရသော်လည်း မမေးဖြစ်ပါ။ ထင်သည့်အတိုင်း သူ့နှုတ်မှ ဝန်ခံစကား ကြားရတော့လည်း နားက လက်မခံနိုင်ပေ။

ပြန်မဆုံချင်ပါဟု ဘယ်လိုပဲဆိုဆို ပြန်ဆုံရဖို့ ကံကြမ္မာကို သူက ဖန်တီးလိုက်မှာတော့ ဇော်ကလည်း လက်သင့်ခံရဲတော့မည် ပေါ့လေ။

"ဗူး ဝရော"

ခြံထဲသို့ မောင်းဝင်လာသောကားသံကြောင့် ဇော် တံခါးဝဆီ သို့ လှမ်းကြည့်ပြီး ခြေစုံရပ်လိုက်သည်။ ပူပင်သောကတွေနှင့်မို့ အေး အေးဆေးဆေး မထိုင်နိုင်ဘဲ လက်သီးနှစ်ဖက်ကို ကျစ်နေအောင် ဆုပ်ကိုင်ထားမိသည်။

"မမ"

"မမကြီး"

"မင်း ဘာလာလုပ်တာလဲ၊ ဘာအကြောင်းကိစ္စနဲ့မှ မင်းငါ့အိမ်ရိပ်ကို နင်းစရာမလိုဘူး ခွန်အား။ ရောက်လာတဲ့ညွှန်သည်တိုင်းကို ငါ ဖော်ဖော်ရွေရွေ ဆက်ဆံမိချင် ဆက်ဆံမိလိမ့်မယ်။ အဲဒီထဲမှာ မင်း ဘယ်တော့မှမပါစေရဘူး"

"မမကြီး"

"သားငယ်လေး … လာစမ်း။ သွား … အိမ်ထဲဝင်စမ်း"

ဝမ်းသာအားရခေါ်လိုက်သော သားငယ်လေးကို ဇင်ဒီတစ်ခါ နုံးနုံးညံ့ညံ့ ချော့ချော့မော့မော့ စကားမပြောနိုင်တော့ပေ။ လက်ညှိုးထိုးကာ အိမ်အပေါ်ထပ်သို့ ညွှန်ပြတော့ –

"မမကြီး … နေပါဦး။ သား ရှင်းပြပါရစေ။ သားရှင်းပြတာကို နားထောင်ပြီးမှ မမကြီး ဆုံးဖြတ်ချင်သလို ဆုံးဖြတ်ပါ"

"ဒီမှာ ညီညီသစ် … မင်းက သူနဲ့ငါ ပြောနေတဲ့ကိစ္စ ဘာနားလည်လို့ ဝင်ပြောနေရတာလဲ။ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ ဝင်မပါချင်စမ်းနဲ့"

"မပါလို့ မရတော့ဘူး မမ။ ဒီရဲဇာတ်လမ်းမှာ မမ ကျွန်တော့်ကို မုန်းတီးနေတဲ့ ကိစ္စနဲ့ပတ်သက်လို့ ဖြေရှင်းချက်ပေးနိုင်တဲ့သူ တစ်ယောက်ပဲရှိတယ်။ အဲဒီသူက ညီညီသစ်ပဲ"

"ဘာ … ဘာပြောတယ်"

"ဟုတ်ပါတယ် မမကြီး။ အခုပဲ သား အတိတ်ကို ပြန်သတိရလာပါပြီ"

"ဘာ … ဘယ်လို"

"မမ"





"မမကြီး"

မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် ဇင် ယိုင်ခနဲဖြစ်သွားသော ခွန်အားနှင့် ညီညီသစ်က ဇင့်အနားသို့ စိုးရိမ်တကြီးတိုးကပ်လာလေသည်။ ဇင် ပြူးကျယ်သောမျက်ဝန်းတွေနှင့် ခွန်အားအား စူးစူးဝါးဝါးကြည့်ကာ –

"မလာနဲ့၊ မင်း ငါ့နားကို ကပ်ဖို့မပြင်နဲ့ ခွန်အား။ မင်း ငါ မုန်းတီးနေတဲ့ကြားကနေ နောက်ထပ်မုန်းတီးစရာကိစ္စတစ်ခုကိုပါ ထပ်လုပ်လိုက်ပြန်ပြီ"

"ကျွန်တော် ဘာလုပ်မိလို့လဲ"

"ဘာလုပ်မိလို့လဲ ဟုတ်လား။ မေးမှ မေးတတ်ပလေ့နော်။ မင်းနဲ့ ပတ်သက်ခဲ့ဖူးတဲ့ ငါတို့မောင်နှမရဲ့ အတိတ်ကိုမေ့ချင်လို့ ငါမောင်လေးရဲ့အတိတ်ကို ငါကိုယ်တိုင်တောင် မတူးဆွခဲ့တာ။ တူးဆွဖို့ ဘယ်တော့မှ မစဉ်းစားခဲ့တာ မင်းက မရ ရအောင် ဖော်ထုတ်ခဲ့တယ်လေ"

"အဲဒါ မမ မတရားဘူးပဲ"

"ဟုတ်တယ် မမကြီး။ မမကြီး မတရားဘူးဗျာ။ လူတစ်ယောက်ဟာ အတိတ်ကိုမေ့နေပြီဆိုရင် ဘဝတစ်ပိုင်းသေနေသလိုပဲ။ အဲဒါကို သိသိကြီးနဲ့"

"သိသိကြီးနဲ့ ဘာဖြစ်လဲ ပြောစမ်းပါဦး။ သူစိမ်းအားကိုးနဲ့ ကိုယ့်အစ်မအရင်းခေါက်ခေါက်ကိုတော့ တစ်ခါမှ မအော်ဖူးဘဲ အော်နေတယ်ပေါ့လေ။ မုန်းလေ … မင်းအတိတ်ကို မေ့အောင် ငါက တရားခံဆိုတော့ ငါ့ကိုမုန်းပေါ့။ ဒီမှာ ညီညီသစ် … ငါ ဒီ

အခုလိုလုပ်နေတာတွေဟာ ငါ့ကိုယ်ကျိုးတစ်စက်မှမပါဘူး။ မင်းအတွက်ကြောင့်၊ မင်းကြောင့် ငါ လူဆိုးမကြီး လုပ်နေတာ၊ မင်း သဘောပေါက်လား"

"မမ"

တစ်ခါမှ မောင်တစ်ယောက်ရဲ့ နင်ပဲသေ မအော်ခံရဖူးသဖြင့် သားငယ်လေးအော်ပြောလိုက်ခြင်းကို ဇဦ မခံမရပ်နိုင်စွာ ပေါက်ကွဲမိသည်။

သူစိမ်းတစ်ယောက်အတွက်နှင့်များ အစ်မအရင်းခေါက်ခေါက်ကို ပြောနေပုံက မသိလျှင် အကြွေးလာတောင်းနေသည့် လူနှစ်ယောက်နှင့်ပင် တူနေသေးသည်။

ဇဦ မျက်ရည်လည်ရွဲနှင့် ဒိုပြောပြောနေတော့ ခွန်အား ရှေ့သို့ တိုးတက်လာကာ ခေါ်လေသည်။

"မခေါ်နဲ့"

ဟု ကျားနာမလေးတစ်ယောက်လို ကုန်းအော်လိုက်မိသည်။ သားငယ်လေးကို မယုံနိုင်သလို ကြည့်နေခြင်းကနေ သူ့ဆီသို့ အကြည့်ကူးပြောင်းကာ တံခါးဝဆီသို့ လက်ညှိုးညွှန်ပြရင်း –

"မင်း ထွက်သွား။ မင်း အခုထွက်သွားလိုက်တော့ ခွန်အား။ ငါတို့မောင်နှမ (၂) ယောက်ကိစ္စ ငါတို့ပဲ ရှင်းမယ်။ မင်း ဘာမှ ဝင်ပါစရာ မလိုဘူး။ အေး တစ်ခါတည်းပြောလိုက်မယ်၊ နောက်တစ်ခါ ငါတို့အိမ်ရိပ်ကိုမနင်းမိစေနဲ့"

"မမကြီး . . . သားရှင်းပြတာကို နားထောင်ပါဦးများ။ ဖြစ်ခဲ့တဲ့ အကြောင်းတရားတွေမှာ ခွန်အား အပြစ်ပါနေတယ်လို့ မမကြီး





ထင်နေပေမယ့် မမကြီးက ထင်ကြေးပေးရုံမို့ ဘာမှမဖြစ်သွားဘူး။ အထင်ခံလိုက်ရတဲ့လူက ဘယ်လောက်ခံရခက်နေမလဲ မမကြီး နားလည်လို့လား"

"အိုး . . . နားလည်စရာ ဘာအကြောင်းမှ မရှိဘူး။ ဒီမှာ ခွန်အား . . . မင်းဟာ ငါတို့မောင်နှမနှစ်ယောက်နဲ့ပတ်သက်ရင် ဘယ်တော့မှ မရိုးသားတဲ့လူ၊ အမြဲတမ်း ကလိမ်စေ့ငြမ်းဆင်နေတဲ့လူ။ လိမ်စရာမရှိရင်တောင် ကိုယ့်ပေါင်ကိုယ်ပြန်လိမ်နေမယ့်သူ"

"မမ"

ခွန်အား ဒီလောက်ထိ စကားတတ်လှစွာ သူ့မှာတိုးမဝင်သာအောင် ပြောနေသော မမကို ဘာမှမပြောတတ်။ မရှင်းပြတတ်တော့ဘဲ ထိုင်ငိုချင်စိတ် တကယ့်ကို ပေါက်သွားရသည်။

အမှန်တော့ ညီသစ်သာ အတိတ်မှ ပြန်လည်သတိရလျှင် သူနှင့် မမရဲ့ ကြားကောင်းစွာ ဝင်ရောက်စေ့စပ်ပေးနိုင်မည့်သူအဖြစ် သူ သတ်မှတ်ထားခဲ့သည်။ ယခုတော့ သူ့ရဲ့အထင်နှင့် အမြင်မှာ မှားယွင်းနေလေသည်။

"မမ . . . ကျွန်တော့်ကို အဲဒီလိုမပြောပါနဲ့။ ကျွန်တော် အခု မမတို့ကို လာပတ်သက်တာ ရိုးသားမှုမရှိဘူးဆိုရင်တောင် မမတို့ ထိခိုက်နစ်နာစေဆိုတဲ့ ရည်ရွယ်ချက် ကျွန်တော့်မှာ လုံးဝမရှိဘူး။ ညီသစ်ဖြစ်ခဲ့ရတယ်ဆိုတာကလည်း ကံစီမံရာအတိုင်းပဲ"

ဇဦ နားနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ခပ်တင်းတင်း ပိတ်ကာ

"ဘာကံစီမံရာလဲ၊ ဘာမှကံကိုဆွဲထည့်မနေနဲ့။ ရှင်းလည်း ရှင်းပြမနေနဲ့တော့။ မင်းရဲ့မျက်နှာကိုလည်း မမြင်ချင်ဘူး။ မင်းရဲ့အသံ

ကိုလည်း မကြားချင်ဘူး။ ထွက်သွား ငါ့ရဲ့အိမ်ထဲက ထွက်သွား''

ညီညီသစ်လည်း ကြားဝင်မပြောတတ်တော့ပေ။ သူ အမြဲတမ်း မြင်တွေ့ဖူးခဲ့သော မမကြီးနှင့် ယခုတွေ့မြင်နေရသော မမကြီးမှာ (၂) ယောက်ဖြစ်နေသည်။ ယခင်တုန်းက တွေ့ခဲ့ဖူးသော မမကြီးမှာ သူ့အပေါ် အလိုလိုက် အကြိုက်ဆောင်ရုံသာမက သူစိမ်းတွေနှင့် ပတ်သက်လျှင်လည်း အေးတီအေးစက်နှင့်သာ တုံ့ပြန်ခဲ့ပြီး ဒေါသအမျက်ထုတ်ပြတတ်ခဲ့သူ မဟုတ်ပေ။

ခက်ပါလား မမကြီးရယ်။

ခွန်အားကတော့ ဒီတစ်ခါ အလျှော့မပေးနိုင်တော့ပေ။ ဒီတစ်ခါ သူ အလျှော့ပေးအရှုံးပေးပြန်သွားလျှင် မမကြီးနှင့် တစ်သက်တာ ဝေးကြရမည်။ ထိုသို့ သူ လုံးဝအဖြစ်မခံနိုင်ပေ။

''မသွားနိုင်ဘူး မမ၊ မမ ကျွန်တော့်ကို မမုန်းပါဘူး။ အဲဒါကို ကျွန်တော်သိတယ်၊ ဟုတ်တယ် မဟုတ်လား။ မမ ကျွန်တော့်ကို တကယ်မုန်းတယ်ဆိုရင် မမ ကျွန်တော့်မျက်လုံးတည့်တည့်ကို စိုက်ကြည့်ပြီး မုန်းတယ်ပြောလိုက်စမ်းပါ။ ဒါဆိုရင် နောက်ထပ် မမဘယ်တော့မှ မတွေ့ချင်တော့တဲ့ ကျွန်တော့်ရဲ့မျက်နှာကို မတွေ့ရဖို့ ကျွန်တော် အာမခံတယ်''

မမျှော်လင့်ထားသောစကားကြောင့် ငိုရှိုက်နေသော ဇွဲတောင် တန့်သွားရသည်။ တုန်လှုပ်သွားရသည်။

ဖျတ်ခနဲ သူ့မျက်နှာကို လှည့်ကြည့်မိတော့ မျက်ရည်တွေဝိုင်းနေသော သူ့ရဲ့မျက်လုံးတွေကို ရင်ဆိုင်လိုက်ရသည်။

ဟင့်အင်း ခွန်အား။ မင်း ငါ့ကို အဲဒီလို အကျပ်မကိုင်နဲ့။





သို့သော် စိတ်နှင့်ဆန့်ကျင်စွာ ဇွဲ မျက်နှာကို တစ်ချက်တင်းလိုက်သည်။ ပါးပြင်ထက်၌ ပြိုဆင်းနေသော မျက်ရည်စများကိုဖြစ်သလို သုတ်ပစ်ကာ –

''မုန်းတယ် ခွန်အား။ မင်းကို ငါ မုန်းတယ်။ အခုမှ မုန်းတာမဟုတ်ဘူး။ အရင်ကတည်းက မင်းကို ငါမုန်းခဲ့တာ။ ဘယ်တော့ကမှလည်း မင်းကို ငါ မချစ်ခဲ့ဘူး။ ရပြီ မင်းသွားလို့ရပြီ''

''မမ''

ရပြီ သွားလို့ရပြီဟု ဇွဲက ပြောခဲ့ပေမယ့် တကယ်တမ်းသူနှင့်ဝေးရာသို့ ထွက်ပြေးခဲ့ရသူကတော့ ဇွဲပါပဲလေ။ တကယ်လို့သူ့ရှေ့မှာ ဆက်နေဖြစ်လျှင် ဇွဲ့ရဲ့အစစ်အမှန်ခံစားချက်တို့ကို သူတွေ့သွားနိုင်သည်။

သူတစ်ပါးကို လိမ်ညာရတာ လွယ်ကူသလောက် ကိုယ့်ကိုယ်ကိုယ် လိမ်ညာရတာ အခက်အခဲဆုံးဆိုတာ ယခုတော့ ဇွဲကောင်းကောင်းကြီး လက်ခံခဲ့မိပါပြီ။

## အခန်း (၃၇)

မနေ့တစ်နေ့ကနဲ့ ဒီနေ့ရဲ့အခြေအနေဟာ ယူပစ်လိုက်သလို ပြောင်းလဲသွားခဲ့သည်။ အရာရာတိုင်းဟာ ပုံမှန်အတိုင်း လည်ပတ်နေတာပါဟု ဇင် ဖွတ်ငြင်းပြီးပြောပစ်လိုက်ချင်သော်လည်း ပြောင်းလဲသွားသည့် အခြေအနေတစ်ခုကိုတော့ ဇင် လက်မခံချင်ဘဲ လက်ခံလိုက်ရပါသည်။

မနေ့က သူ ဘယ်လိုနည်း ဘယ်လိုပုံစံနှင့် အိမ်ကထွက်သွားသလဲ မသိရပေမယ့် သားငယ်လေးကတော့ ဇင့်ကို စကား ဟက်ဟက်ပက်ပက် မပြောတော့ချေ။

ကြာလာလျှင် သွေးအေးသွားမှာပါ။ အဆင်ပြေသွားမှာပါဟု ဇင် ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ရင်း နေ့ရက်တို့က တစ်ရက်ပြီးတစ်ရက် ဆိုင်ထွက်နေရသော်လည်း ဇင့်ပုံစံက အသက်မပါသော ကျောက်ရုပ်ကြီးနှင့်ပင် တူနေသေး၏။

''ဇင် နေမကောင်းဘူးလား။ ဇင့်ကိုကြည့်ရတာ တစ်မျိုးပဲ''





ဂရုတစိုက် မေးလာသူရှိသော်လည်း ဇင် လိုချင်တဲ့ ဂရုစိုက်မှုက သူ့ဆီကမှ မဟုတ်ဘဲကွယ်။

''ဇင် ဘာမှမဖြစ်ပါဘူး ကိုအောင်။ ဒီလိုပဲ ခုတစ်လော ဆိုင်အလုပ်တွေကော အိမ်အလုပ်တွေနဲ့ဆိုတော့''

ဇင့်ရဲ့အကြောင်းပြချက်က နိုင်လုံသလား မနိုင်လုံသလားဆိုတာ ဇင် မဆန်းစစ်ချင်တော့ပေ။ ကိုအောင်ကတော့ သူ့ရဲ့မူပိုင်ဟန်အတိုင်း ဇင့်ကို အဓိပ်တကြည့်ကြည့်နှင့် ရှိနေသူမို့။

''ညီလေးလည်း ကျန်းမာရေးကောင်းနေပြီပဲ ဇင်ရယ်။ ဘာလို့ တစ်ယောက်တည်း ဒီလောက်ထိ အပင်ပန်းခံနေရတာလဲ''

''ကျေးဇူးပါ ကိုအောင်ရယ်''

ကိုယ့်ဝမ်းနာ ကိုယ်သာသိမို့ ဖွင့်ဟပြောပြမနေချင်တော့ပေ။

သူလည်း ဇင်တို့အိမ်ကို လုံးဝ လုံးဝ ရောက်မလာတော့ပေ။ သားငယ်လေးနဲ့ အပြင်မှာ တွေ့ကြသေးလား။ မတွေ့ကြဖြစ်တော့ဘူးလားဆိုတာကိုလည်း ဇင် နောက်ယောင်ခံ မလိုက်ချင်တော့ပေ။

တကယ် သံယောဇဉ်ဆိုတဲ့မိန်းမက သူများတွေကိုလည်းလိမ်၊ ကိုယ့်ကိုယ်ကိုယ်လည်းလိမ်နေတာပဲလေ။ ကိုယ့်ကိုယ်ကိုယ်လိမ်တာတောင် သာမန်လိမ်ညာမှုမျိုး မဟုတ်ဘဲ အသည်းနှလုံး တစ်ခုလုံး အကြွေခံပြီး လိမ်နေခြင်းရယ်ပါ။

ပြောတုန်းက ပြောခဲ့ဆိုခဲ့ပြီးမှ ဘာလို့ ခုကျမှ ဝမ်းနည်းပက်လက် ဖြစ်နေရတာလဲ။ ဖြစ်မနေနဲ့တော့။ ဇာတ်လမ်းမှာ ကန့်လန့်ကာချသွားပြီးပြီ။ အခုကျမှ နေပါဦး ပြေးဆွဲနေလဲ အပိုပဲ။

ကိုယ်ဖြစ်ကိုယ်ခံ ကိုယ့်သောကနဲ့ကိုယ် နေလိုက်စမ်းပါ သံယောဇဉ်ရယ်ဟု ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်၊ ကိုယ့်ကိုယ်ကိုယ်ပဲ အားပေးနေရလေသည်။

"ဗူး"

အိမ်ရှေ့မှာ ကားရပ်သံကြောင့် ထမင်းစားခန်းထဲကနေ ဇင် လှမ်းကြည့်လိုက်တော့ ကားပေါ်ကနေ ဆင်းလာသော သားငယ်လေးကို တွေ့လိုက်ရသည်။ ခါတိုင်းဆို ဇင်နှင့် မျက်နှာချင်းဆိုင်ရမှာစိုးသဖြင့် အိမ်ပေါ်ထပ်သို့ တန်းတက်သွားတတ်သော သားငယ်လေးက ခုကျတော့ ဇင်ရှိရာ ထမင်းစားခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာသည်။

"သားငယ်လေး ... ဗိုက်ဆာနေပြီထင်တယ်။ မမကြီး ထမင်းခူးလိုက်ရတော့မလား"

"ကျွန်တော် မဆာသေးဘူး မမကြီး။ မမကြီးကို ကျွန်တော် ပြောစရာရှိလို့"

ဘယ်တုန်းကမှ 'ကျွန်တော်' ဟု မပြောတတ်ခဲ့သော သားငယ်လေး တစ်ပတ်နှစ်ပတ်အတွင်း ပြောင်းလဲသွားသည်။ ဇင့်ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရသော်လည်း –

"ပြောလေ၊ ဘာပြောမလို့လဲ"

ဇင့်ရှေ့တွင်ရှိသော စားမကုန်နိုင်သည့် ထမင်းပန်းကန်ကို ဘေးသို့ တွန်းရွှေ့ကာ ဇင် လမ်းဖွင့်ပေးလိုက်သည်။ အရင်တုန်းကဆို မောင်နှမ (၂) ယောက် ဘာပြောချင်ချင်။ ဦးတဲ့သူကပြောတတ်ပြီး ဘာမှ စကားပလ္လင်ခံနေစရာ မလိုပေ။





"ပြောစရာဆိုတာထက် မေးစရာပါ"

ဇင် ဘာမှမပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။ ဇင့်ကို သားငယ်လေးက မကြည့်ဘဲ မျက်နှာလွှဲကာ –

"မမကြီး ... တကယ်ပဲ ခွန်အားကို မချစ်ဘူးလား"

"ဟင်"

မထင်မှတ်ထားသော မေးခွန်းမို့ ဇင် ဟင်ခနဲဖြစ်ကာ ကိုယ်လည်း မတ်ခနဲ ဖြစ်သွားသည်။ သားငယ်လေးက မျက်နှာခပ်နီနီဖြင့်–

"တကယ်တော့ ကျွန်တော် ကြားမဝင်သင့်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်အပေါ် မောင်လိုသာမက သားလိုပါ ကျွေးမွေးစောင့်ရှောက်နေတဲ့ မမကြီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်နေတာကို ကျွန်တော် မကြည့်ရက်ဘူး မမကြီး"

"မမကြီးက စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေတယ်လို့ သားငယ်လေးက ဘာကြောင့်ပြောနိုင်ရတာလဲ"

"ခုချိန်မှာ မမကြီးရဲ့ မေးခွန်းကို ပြန်ဖြေဖို့ ကျွန်တော့်မှာ အချိန်မရှိပါဘူး မမကြီး။ ကျွန်တော်မေးတာပဲ ဖြေပါ"

ဇင် စားပွဲခုံကို လက်ညှိုးနဲ့ ခပ်သာသာခြစ်ရင်း ငြိမ်နေမိသည်။ ဇင် ခေါင်းကိုငုံ့ရင်း ငေးစားနေခြင်းရယ်ပါ။

စကားသံက ငြိမ်သွားပြီမို့ ခုချိန်မှာ ဖွင့်ဟဝန်ခံနေလျှင်လည်း အချိန်မဲ့ကာလလွဲ၍ ဘာလုပ်၍ ရနိုင်တော့မည်နည်း။

"ဒီမှာ"

ဇင့်ရဲ့ ငြိမ်သက်မှုကိုပဲ စိတ်မရှည်တာလားမသိ။ သားငယ်လေးက ဇင့်ရှေ့စားပွဲခုံပေါ်သို့ စာရွက် (၂) ရွက် ချပေးသည်။

ဇင့် ဘာမှမပြောသေးဘဲ ကောက်ယူကြည့်တော့ stage show လက်မှတ် ဖြစ်နေလေသည်။

"အဲဒါ ခွန်အားတို့အဖွဲ့ ဖျော်ဖြေမယ့် stage show ပွဲ လက်မှတ်ပဲ မမကြီး"

"ဒါတွေကို မမကြီးက ဘာလုပ်ရမှာလဲ"

ဇင့်က နားမလည်သည့်ဟန်နှင့် မော့မေးလိုက်၏။ သားငယ်လေးက ဇင့်ကိုကြည့်ပြီး ကျွတ်ခနဲ စုတ်သပ်ကာ –

"မမကြီး ဒါဟာ ကျွန်တော်နဲ့ မမကြီးအတွက် နောက်ဆုံး အခွင့်အရေးတစ်ခုလည်း ဖြစ်နိုင်တယ်နော်။ အဲဒါ ခွန်အားရဲ့ နောက်ဆုံး နှုတ်ဆက်တဲ့ပွဲလို့တောင် ပြောလို့ရတယ်။ အဲဒီပွဲအတွက်ရင် သူ နိုင်ငံခြား ပဲ သွားနေတော့မှာတဲ့"

"ဘာ ဘာရယ်"

ဇင့် အထိတ်ထိတ် အလန့်လန့်နှင့် မတ်တတ်ထရပ်လိုက်မိတဲ့ အထိ ဖြစ်သွားသည်။ သားငယ်လေးကတော့ ဇင့်ရဲ့မျက်နှာကို အေး အေးဆေးဆေးမော့ကြည့်ကာ –

"မမကြီးအတွက်တော့ မမြင်ချင်တော့တဲ့မျက်နှာ မမြင်ရ တော့ဘူးဆိုတော့ ကောင်းတာပေါ့"

"ဟင့်အင်း … မမကြီးကို အဲဒီလို မခနဲ့ပါနဲ့ သားငယ်လေး ရယ်။ မမကြီးလေ"

သူ့ကိုချစ်ပါတယ်ဆိုတဲ့စကား မောင်ငယ်တစ်ယောက်ကို မည်သည့်မျက်နှာမျိုးနှင့် ပြောရမည်နည်း။ ခွန်အား … မင်း အဲဒီလို ပြဿနာတစ်ခုကနေ ရှောင်ထွက်သွားတာကမှ တို့မောင်နှမ (၂)





ယောက်စလုံးကို ရက်စက်တာ။ မင်း အဲဒီလို လုပ်သွားကြည့် မင်းကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး။

ညက နက်သထက် နက်လာသည်။ ဇင့် သားငယ်လေးရဲ့ ဦးဆောင်မှုနောက်မှာ ခေါင်းငုံ့ငြိမ်သက်၍ ပါလာခဲ့သည်။

သားငယ်လေးကတော့ ဒီရဲ့ပွဲမှာ ခွန်အားကို တွေ့ခွင့်မရတော့ လျှင် နောက် သူ့ကိုတွေ့ဖို့ အခွင့်အလမ်း နည်းသွားပြီတဲ့။ တကယ်ပဲ အဲဒီလို ဆုံးဖြတ်လိုက်ပြီလား ခွန်အားရယ်။

သူ့ရဲ့ပရိသတ်က မနည်းလှပါ။ သူ့ကိုအားပေးသည့် ပရိသတ် ထဲတွင် နုတ်ခမ်းနီမလေးတွေက အများစုမို့ ဝန်တိုချင်လာသည်။

ပွဲထဲမှာ သူ့နာမည်ကို အော်ဟစ်ကာ ခုန်ပေါက်နေကြခြင်း မို့ ဆူညံနေသည်။ သူတို့ရဲ့စတိတ်ရှိုးပွဲတွင် တက်သစ်စ မော်ဒယ်တွိုင်း နှင့် မော်ဒယ်လ်ဂဲလ်မလေးက အစီအစဉ် တင်ဆက်သူတွေ လုပ်ကြ ပါသည်။ သားငယ်လေးက ဇင့်နားတိုးကပ်၍ အသံတိုးတိုးဖြင့်–

"မမကြီး ခု ခွန်အားရဲ့အလှည့်နော်။ သား ပြောထားတဲ့ အတိုင်းပဲနော်"

ဇင့် မျက်နှာနီနီဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ဩော် ဒီ မောင်ငယ်လည်း အစ်မကြီးရဲ့အချစ်ရေးမှာ မျက်နှာပူပူဖြင့် ကူညီနေရ သည်။ သူလည်း အနေခက်နေရှာမည်။

ဩော် … သူနှင့်ဇင့်ရဲ့အကြား မကြာခင်မှာ ပြေလည်တန် ကောင်းပါရဲ့နော်။

"ဖြောင်း ဖြောင်း"

"မင်္ဂလာပါ"

လက်ခုပ်သံတွေနှင့်အတူ ခွန်အားရဲ့ နှုတ်ဆက်သံကြောင့် ဇွဲ ဖျတ်ခနဲ လှမ်းကြည့်မိသည်။

ခွန်အားက အနက်ရောင်ဘောင်းဘီရှည်အပွနှင့် အဖြူရောင် တီရှပ်ရှည်ရှည်ကြီးကို တွဲဖက်ဝတ်ဆင်ထားသည်။ နက်မှောင်သော ဆံပင်တို့ကို ဂျဲလ်လိမ်းကာ ထောင်ထားသဖြင့် ရောင်စုံမီးရောင်တွေ ကြားမှာ တလက်လက် တောက်ပလျက်ရှိသည်။

"မင်္ဂလာပါ ပရိသတ်ကြီးခင်ဗျာ။ အခု ကျွန်တော်သီဆိုမယ့် သီချင်းကတော့ ကျွန်တော့်စီးရီး title ဖြစ်တဲ့ 'မိန်းမတစ်ယောက်ကို ချစ်မိတဲ့နောက်' ဆိုတဲ့ သီချင်းနဲ့ စတင်ဖျော်ဖြေချင်ပါတယ်"

"ဟေး"

"ရှီး ရှီး"

"ဖြောင်း ဖြောင်း"

လက်ခုပ်မှုတ်သံတွေ၊ လေချွန်သံတွေ၊ လက်ခုပ်တီးသံတွေ က ကွင်းတစ်ကွင်းလုံး ဆူညံလျှံထွက်သွားသည်။ ဘယ်တုန်းကမှ stage show ပွဲ သွားမကြည့်ဖူးသော ဇွဲအတွက်တော့ ထူးဆန်း သော မြင်ကွင်းတစ်ခုဖြစ်နေလေသည်။

သူ့ရဲ့အောင်မြင်မှုကို မျက်ဝါးထင်ထင် မြင်လိုက်ရသည့်အခါ သူ့အစား ဂုဏ်ယူမိပါသည်။

မင်းရဲ့အောင်မြင်မှုတွေ ဒီထက်မက များပြားပြီး အောင်မြင်မှု အမွန့်ရှည်တည်တံ့ပါစေ ခွန်အားရယ်။

တိတ်တိတ်ကလေးဆုတောင်းရင်း မျက်ရည်တို့ ရစ်ဝဲလာ သည်။ ဤမျက်ရည်တို့သည် သူနှင့်ပတ်သက်၍ နောက်ဆုံးကျရသော





မျက်ရည်တွေ ဖြစ်ခွင့်ရပါစေသော။

"အချစ်နဲ့ မိုးလင်းခဲ့တယ် ×× မောနင်း ×× အချစ်နဲ့ည အိပ်ခဲ့တယ် ×× ဂွတ်နိုက်"

မီးတွေ ဖျတ်ခနဲ လင်းထိန်သွားသောအခါ စောစောက ပရိသတ်ကို ကျောပေး၍ intro ဝင်နေသော ခွန်အား ရှေ့သို့ ပြန်လှည့် လာကာ သီချင်းကို မြူးကြွသွက်လက်စွာ သီဆိုနေလေသည်။

ရှည်လျားသော စာသားများကိုလည်း မမောနိုင် မပမ်းနိုင်စွာ တဒေါက်ဒေါက် ရွတ်သွားတာကို ကြည့်ရင်း ဇွဲမှာ တအံ့တဩ။

လူတွေကိုလိုက်ကြည့်တော့လည်း သူ့ရဲ့စာသားတွေ အောက် မှာ စီးမျောလို့။ ဘုရားရေ ... ဇွဲတော့ ရာစုနှစ် ဘယ်လောက်များများ မှာ ကျန်နေခဲ့တာလဲ။

သူများတွေ သီဆိုနေတာကြားတုန်းက ရန်ဖြစ်နေတာလား။ အကြေးတောင်းနေတာလားဟု မှတ်ချက်ချခဲ့ဖူးသော်လည်း ကိုယ့်ချစ် သူ သီဆိုနေတော့လည်း နားထောင်၍ ကောင်းသလိုလိုပါလား။

ဩော် ... လူတွေ လူတွေ၊ မျက်နှာ တယ်လိုက်ကြတာ ကိုး။

## အခန်း (၃၈)

"မမကြီး"

"ဟင်"

"သွားလိုက်တော့လေ"

"ဟင် . . . သွားရတော့မှာလား"

ဘေးနားကနေ တိုးတိုးလေး သတိပေးလိုက်သော သားငယ်လေးကြောင့် ဇော် အယောင်ယောင်အမှားမှားဖြင့် ပြန်မေးလိုက်မိသည်။ ဟုတ်ပါရဲ့၊ သီချင်းတစ်ပုဒ်ကတော့ ပြီးဆုံးသွားလေပြီ။

ဒီလူအုပ်ကြီးကြားကဖြတ်ပြီး ဇော် စင်ပေါ်သို့ တက်ရဲပါ့မလား။

"မမကြီး"

"အေး . . . အေးပါ"

ဇော် တွေဝေနေသဖြင့် သားငယ်လေးက နောက်မှ သတိထပ်ပေးနေပြန်သည်။

ဇော် ကတုန်ကယင်ဖြစ်သည်။ တစ်သက်နှင့်တစ်ကိုယ်





ဒီလိုကလေးဆန်သည့်အပြုအမူ မပြုမူခဲ့ဖူးသဖြင့် အနေရခက်၊ ရှက်ရွံ့နေမိသည်။

သို့သော် အခွင့်အရေးဆိုတာ (၂) ခါမလာဘူးဆိုတဲ့ စကားလေးလည်း ရှိနေတော့ ဇော် မတွေဝေရဲပေ။ ဒီအခါ သူနဲ့သာ ဝေးရရင် ဇော်တော့ ရင်ကွဲနာကျလို့ သေလေမလား။

ခွန်အား သီချင်းတစ်ပုဒ်ပြီးသောအခါ ရေပုလင်းကို တစ်ချက်မော့သောက်လိုက်သည်။ အောက်ဘက်မှာ ပရိသတ်တို့၏ အော်ဟစ်အားပေးမှုက ကျေနပ်စရာ။ ဒီလိုအချိန်မှာ အနားမှာ တစ်စုံတစ်ယောက်ရှိလျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။

ဟာ . . . မဖြစ်သေးပါဘူး။

သီချင်းဆိုနေသည့်အချိန်မှာ ပြင်ပသို့ အာရုံလွင့်၍ မဖြစ်ပေ။ သူ မျက်လုံးစုံမှိတ်ကာ ခေါင်းကို ခပ်ပြင်းပြင်း ခါယမ်းမိပါသည်။

မျက်လုံးကို ပြန်ဖွင့်လိုက်သောအခါ –

"ဟင်"

သူ့ရှိရာသို့ တရွေ့ရွေ့ တိုးကပ်လာသော အဖြူရိပ်လေးကို မြင်လိုက်ရသောအခါ သူ့မျက်လုံးတို့ ပြူးကျယ်သွားရသည်။

မမ . . .

စိတ်တွင်းမှ ကျယ်လောင်စွာ မြည်ဟီးသွားရသော်လည်း နှုတ်က ဘာစကားမှ ထွက်၍မရအောင် တဒင်္ဂ ဆွံ့အနေသည်။

မမ သူ့ရှိရာအရပ်သို့ ဘယ်လိုနည်းနှင့် ရောက်လာခဲ့တာလဲ။ တကယ် တကယ်ပဲ မမ အစစ်ပါနော်။ မယုံကြည်နိုင်မှုများစွာဖြင့် ကြောင်တောင်တောင် ရှိနေဆဲမှာ မမက သူ့ရဲ့ပခုံးတွင် ပတ်ထားသော

ပဝါဖြူလေးကို ချွတ်လိုက်သည်။

ထို့နောက် သူ့အနီးသို့ တိုးကပ်လာကာ သူ့ကို ရဲရဲတုံ့တုံ့ မကြည့်ဘဲ သူ့ပခုံးထက်တွင် ပဝါဖြူလေးကို လွှားတင်ပတ်ပေးရင်း –

"တို့ကြောင့် မင်း ဘယ်ကိုမှထွက်သွားစရာ မလိုဘူးနော် ခွန်အား။ တို့ရဲ့ဘဝဟာ မင်းပဲ"

"ဟာ"

"မမ"

မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် သူ နှုတ်ခမ်းအစုံ ပြုံးသွားစဉ် မမက စင်အောက်သို့ လှစ်ခနဲ ပြန်ဆင်းသွားသည်။

ခွန်အား ပျော်ရွှင်စွာနှင့် မမရဲ့နောက်သို့ လိုက်သွားမည်ပြင်စဉ် ဒုတိယတစ်ပုဒ်ရဲ့ တီးလုံးက စနေပြီဖြစ်သဖြင့် ခွန်အား မချင့်မရဲဖြစ်သွားသည်။

သီချင်းဆိုနေရင်း စင်အောက်သို့ လှမ်းကြည့်လိုက်တော့ သူ့ကို လက်ဝှေ့ယမ်းပြနေသော ညီသစ်ကို တွေ့မြင်လိုက်ရသည်။

ညီသစ်က လက်မထောင်ပြလိုက်သဖြင့် ရင်ထဲမှာ ငြိမ်းချမ်းရေး မီးပန်းများ တဖောက်ဖောက်နှင့် အသံမြည်နေလေသည်။

စတိတ်ရှိုးခန်းမ၏ အပြင်ဘက်တွင် ရောက်နေသော ဇဦးကတော့ တလက်လက် တောက်ပနေသော မိုးကောင်းကင်ထက်က ကြယ်ပွင့်လေးများကို ငေးကြည့်နေမိပါသည်။

ရင်ဘတ်ထဲမှာ မမုန်းတော့ပါဘူးနော်။ ချစ်ပါတယ်ဟု ဖွင့်ပြောစရာ ဘာမှမလိုဘဲ ငြိမ်းပြည့်စုံသွားခဲ့သည်။ သူ ရောက်လာလျှင်တော့ သူနှင့်ဝေးနေရချိန်က မုန်းပါတယ် တတွတ်တွတ်ပြောရင်း





မေ့ဖို့ခက်နေတဲ့အကြောင်း ဝန်ခံရမည်။ ထိုသို့ ဝန်ခံရခြင်းဟာ ရှက်ရွံ့စရာတစ်ခုမှ မဟုတ်ဘဲ။ ချစ်တဲ့သူကို ချစ်ပါတယ်လို့ ပြောတာ ရှက်ရွံ့စရာမဟုတ်သလို အချစ်ခံရတဲ့ဘဝကလည်း ဘယ်လောက်တောင် သာယာကြည်နူးဖို့ ကောင်းသလဲ။

ဪ ခုတော့ ဇဦးမှာ ချစ်တတ်တဲ့နှလုံးသားတစ်ခုကို ပွင့်လင်း မြင်သာစွာ လှစ်ဟပြခွင့်ရပြီပေါ့နော်။

"ဟော ဟိုမှာ ကြယ်တစ်ပွင့် ကြွေသွားပြီ"

ကောင်းကင်ထက်မှာ လင်းလက်သော အရောင်တစ္ဆူ ကြွေကျသွားတာကိုမြင်သည်နှင့် တစ်ပြိုင်နက် ဇဦး လက်နှစ်ဖက်ကို ကပျာကယာ ပူးယှက်ကာ မျက်လုံးမှိတ်ပြီး –

"အရှင်ဘုရား . . . တပည့်တော်မနဲ့ခွန်အား အမုန်းတွေကင်းဝေးတဲ့အရပ်မှာပဲ ထာဝရ နေထိုင်သွားရပါ၏။ ဘယ်တော့မှ လက်တွဲမဖြုတ်ပါရစေနဲ့ ဘုရား"

ဇဦး မျက်စိမှိတ်ကာ ဆုတောင်းနေစဉ် လက်နှစ်ဖက်ကို နူးညံ့နွေးထွေးသော လက်တစ်စုံက ဆုပ်ကိုင်လာခြင်းကြောင့် မျက်လုံးကို ဖျတ်ခနဲ ဖွင့်ကြည့်တော့ –

"ဟင် . . . ခွန်အား"

"မ"

ဇဦးကိုပြုံး၍ ငုံ့ကြည့်နေသော ခွန်အားကို တွေ့လိုက်ရသည်။

"ခွန်အား . . . မင်း ဘာလို့ထွက်လာတာလဲ၊ ပွဲက မပြီးသေးဘူး မဟုတ်လား။ တော်ကြာ သူများတွေ တစ်မျိုးထင်သွားရင် မကောင်းဘူးနော်"

"ဘာမကောင်းစရာရှိလို့လဲ။ နောက်လည်း ကြေညာရမယ့်ကိစ္စပဲဟာ။ ဒီတစ်ခါတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်တော့ဘူး။ မကျွန်တော့်နားက ထွက်သွားမှာစိုးလို့"

"တို့လည်း မင်းကို ဘယ်မှ ထွက်မသွားနိုင်းတော့ပါဘူး ခွန်အားရယ်။ ပြောမိတဲ့စကားအတွက်ပဲ တို့ နောင်တရလို့မဆုံး ဖြစ်နေတာပါ"

ခွန်အားက ဘာမှမပြောဘဲ ပြုံးနေလေသည်။ ပြီးတော့ သူက ဇင် ပတ်ပေးခဲ့သည့် ပဝါဖြူလေးကို ဇင့်လက်နှင့် သူ့ရဲ့လက်မှာ ပူးချည်ပြီး သဘောကျစွာ ပြုံးရယ်နေလေသည်။

ချစ်ခြင်းတရားတွေနှင့် နူးညံ့နေသော သူ့ရဲ့မျက်နှာကိုတော့ ငေးရင်း ရင်ခုန်သံတို့က ပူနွေးလာသည်။

တော်ပါသေးရဲ့။ သူမရဲ့မိုက်မဲမှုကြောင့် ဝေးကွာရတော့မလို ဖြစ်သွားခဲ့တာ။

"ဘာလို့ ကျွန်တော့်ကို အဲဒီလောက် စိုက်ကြည့်နေရတာလဲ မ။ ကျွန်တော် အနေရခက်လာပြီနော်"

"ဟင်း . . . မင်းနော်"

သူ့ရဲ့စကားကြောင့် ဇင် ရှက်ရွံ့သွားကာ သူ့ကိုကျောခိုင်းလိုက်မိသည်။ ကိုယ့်ရင်ထဲက တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံကို သူကြားသွားမှာ စိုးရွံ့မိသည်။ တိတ်ဆိတ်မှုကြီးစိုးလွှမ်းသော အနေအထားကို အနေရခက်သဖြင့် သူ့ဘက်သို့ ပြန်လှည့်ကြည့်မိတော့ သူက ဇင့်ကို ခုထက်ထိ စိုက်ကြည့်နေဆဲပင်ဖြစ်သည်။

ဇင်က မသိသလိုလုပ်ရင်း –





"ဒါနဲ့ မင်း ဒီရဲ့ Live show ပြီးရင် နိုင်ငံခြားအပြီးထွက်တော့မှာဆို"

"ဗျာ"

ခွန်အား အံ့ဩသွားသည်။ သူ နိုင်ငံခြားပွဲတစ်ပွဲတော့ သွားဆိုဖို့ရှိသည်။ နိုင်ငံခြားမှာ အပြီးသွားနေဖို့ မဟုတ်ပါ။ ဒီရဲ့သတင်းများက မမဆီက ဘယ်လိုလုပ်ပြီး ရောက်တာလဲ၊ သြော် ညီသစ်ရဲ့မျက်နှာကို မြင်ယောင်တော့ သူ စိတ်ထဲမှ ကြိတ်ပြုံးကာ –

"ဟုတ်တယ်လေ၊ မမုန်းတဲ့အရပ်မှာ ကျွန်တော်မှ မနေချင်တာ"

"ဒါကြောင့် တို့နဲ့ဝေးရာကို ပြေးမယ်ပေါ့လေ"

"အဲဒါကတော့ မရယ်"

"တကယ်တော့ တို့လည်းလေ"

ဇင် ရှေ့ဆက်မပြောရဲတော့သဖြင့် သူ့ကို ကျောခိုင်းလိုက်မိပြန်သည်။

ရှက်လိုက်တာ၊ ကိုယ်ကပဲ သူ့ကို ကျွန်မ ရှင့်ကို ချစ်ပါတယ်လို့ စပြောမိတော့မလို ဖြစ်သွားသည်။

ခွန်အားက ပြုံးပြီး သူမနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် တိုးရွှေ့ပြီး –

"ဆက်ပြောလေ မ"

"အိုး . . . ပြောစရာလားလို့"

"ပြောစရာပဲလေ၊ လူဆိုတာ ကိုယ်ပြောလိုက်တဲ့စကား တစ်ခွန်းကို တာဝန်ယူရတယ်ဆို။ မရဲ့စကားမှ မဆုံးသေးတာ။

ဆုံးအောင်ပြောဖို့ တာဝန်ယူလေ''

ကိုယ့်စကားနှင့်ကိုယ့်ကို ချည်တုပ်ပြောနေသူအား ချစ်မျက်စောင်းထိုးကာ –

''ဟွန့် ... ဒါမျိုးဆို တတ်တယ်နော်''

ခွန်အားက ရယ်ကျဲကျဲဖြင့် ဇင့်ပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ရင်ခွင်ထဲ ဆွဲသွင်းဖို့ပြင်သောအခါ ဇင် ရုက်ရုက်နှင့် သူ့ရဲ့လက်တွေကို ဆွဲဖယ်ကာ –

''ဟင့်အင်း ... လွှတ်ကွာ။ တို့ မနေတတ်ဘူးနော်''

''လွှတ်စေချင်ရင် ဖြေလေ''

''ပြော် ... ရှင်က ကျွန်မကို ရှင့်ကို ကျွန်မ ချစ်နေမိပါတယ် ရှင်လို့ စပြောတာကို ကြားချင်နေသလား။ ယောကျ်ားလေးဘက်က ဘာမှမပြောသေးဘဲ ကျွန်မဘက်က လမ်းစဖွင့်ပေးရအောင် ကျွန်မကိုရီးယားကားလည်း မကြိုက်ဘူး။ မိန်းမရေးလည်း မဖျက်နိုင်ဘူးနော်''

''မ,ကတော့လေ ... တကယ်ပဲ။ ခုထက်ထိ ကျွန်တော့်အပေါ် မာနတွေထားနေတုန်းပဲနော်။ ဟုတ်ပါပြီ၊ ထုံးစံကို ကျွန်တော်ကလည်း မဖျက်ပါဘူး။ မ,ဘက်က စပြောလို့လည်း ကျွန်တော့်ဘက်က အထင်သေးမှာ မဟုတ်ပါဘူး''

''အမယ်လေး ... ရှင် နစ်နာနေဦးမယ်''

ဇင်က သူ့ရင်ဘတ်ကို လက်သီးနှင့်ခပ်ဖွဖွထုကာ မျက်စောင်းထိုး၍ ပြောလိုက်သည်။ သူက ဇင့်ရဲ့လက်နှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ရင်း –





''တကယ်ပါ မရယ်။ ကျွန်တော့်ရဲ့ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေလိုပဲ။ မက ကျွန်တော့်ဘဝအတွက် မရှိမဖြစ် အရေးပါတဲ့သူပါ။ မကို ကျွန်တော် ဟိုးငယ်ငယ်လေး စတွေ့ကတည်းက ချစ်ခဲ့တာပါ။ နောက်ဘဝဆိုတာ ရှိခဲ့ရင်တောင် ဒီဘဝမှာ ဘွတ်ကင်လုပ်သွားချင်တယ်''

''သွား၊ တော်တော် ပေါက်တတ်ကရပြောနေ''

''မရဘူးနော် မ။ ကျွန်တော်ရဲ့အလှည့်ပြီးပြီ၊ ပြော မ အလှည့်''

''မေးစရာလိုလိုလား ခွန်အားရယ်။ တို့ဘဝမှာ မင်းက အချစ်ဦး၊ မင်းက အချစ်ဆုံး၊ မုန်းပါတယ်ပြောထွက်လို့ ရပေမယ့် မေ့ဖို့ကတော့ အခက်ခဲဆုံးပါပဲ ခွန်အားရယ်''

''မရယ်''

ခွန်အားက ဇင့်ရဲ့နဖူးထက် ချစ်မြတ်နိုးစွာ အနမ်းတစ်ပွင့်ကို ခြွေချလိုက်စဉ် –

''ဟေ့ ကတ် ကတ် ... အဲဒါ ဒီရဲ့အခန်းမှာ မပါဘူးနော်''

''ဟင်''

''အို''

သူတို့နှစ်ဦး လှည့်ကြည့်လိုက်သောအခါ စိုးလင်း၊ ဝေယံ၊ ညီညီသစ်တို့ရဲ့ မျက်နှာကို ပြုံးဖြီးဖြီးတွေ မြင်လိုက်ရသည်။

ဇင် သားငယ်လေးရဲ့အပြုံးကြောင့် မလုံမလဲဖြစ်ကာ ထွက်ပြေးဖို့ ကြံရွယ်သော်လည်း ဇင်နှင့်သူ့ရဲ့လက်မှာ ပဝါဖြင့် ချည်ထားသဖြင့် တင်းခနဲ ဖြစ်သွားသည်။

ဖဲ့ မထူးတော့သည့်အဆုံး ခွန်အားရဲ့ရင်ခွင်ထဲ ပြန်လည်နိုဝင်ကာ နီရဲနေသော မျက်နှာကို ကွယ်ဝှက်ထားလိုက်မိတော့သည်။

ခွန်အားက ခပ်တိုးတိုး ရယ်မောကာ ဇွဲ့ခါးလေးကို ဖက်ကာ ခေါင်းလေးထက်မှာ ပါးပြင်နှင့်ဖိကပ်ပြလိုက်၏။ စိုးလင်း၊ ဝေယံနှင့် ညီသစ်တို့က –

"အမယ်လေး ရှက်စရာကြီးဗျာ"

ဆိုပြီး ကျောခိုင်းပြေးလေသည်။

❁

လောကကြီးမှာ မုန်းလိုက်တာဟု ပြောဖို့လွယ်သလောက် တကယ့် မေ့ပစ်လိုက်ဖို့ဆိုတဲ့ အရာကတော့ အခက်ခဲဆုံးပါပဲ။ မယုံရင် မေ့ကြည့်လိုက်လေ။ တစ်ယောက်ယောက်ကိုပေါ့။

**လှိုင်းကြာဖြူ (လားရှိုး)**